7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၁၆)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူး ၊ (ဇွန် ၂၆ ၊ ၂၀၁၃)



ရန်ကုန်မြို့လယ်တစ်နေရာတွင် ကမ္ဘာလှည့်ခရီးသွားနှစ်ဦးကို ဇွန် ၂၄ရက်ကတွေ့ရစဉ်    ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အနာဂတ်မရေရာသည့် မြန်မာ့ခရီးသွားလုပ်ငန်း

အောင်သူရ

## ဟိုတယ်အခန်းခဈေးကြီးသည်ဟု နာမည်ကြီးသော မြန်မာနိုင်ငံတွင် လာမည့်ခရီးသွားရာသီအတွက် ကမ္ဘာလှည့်ခရီးသွားများ၏ အခန်းကြိုတင်မှာယူမှုလျော့နည်းနေ

လာမည့် ခရီးသွားရာသီအတွက် ခရီးစဉ်များရောင်းချရာတွင် စိတ်ဝင်စားသူနည်းပါးနေပြီး ဝယ်ယူသူ နည်းပါးနေကြောင်း ခရီးသွားကုမ္ပဏီများထံမှ သတင်းရရှိ သည်။

"မြန်မာပြည်ဆိုတော်ပါပြီ။ ဈေးကြီးတယ်ပဲပြောနေကြတယ်"ဟုမြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က ပြောသည်။ ထို့ကြောင့် ၂၀၁၂ဇွန်လသို့ ရောက်ရှိလာသော်လည်း လာမည့်ခရီးသွားရာသီ (၂၀၁၃ အောက်တိုဘာမှ ၂၀၁၄ ဧပြီ ကာလအထိ) အတွက် နှစ်စဉ် ရောင်းချနေကြသော အုပ်စုလိုက်ခရီးစဉ်များမှာ ယခုအချိန်အထိ မရောင်းချရသေးကြောင်း Nature Dream ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ မစပယ်အောင်က ပြောသည်။

စာ(၁၈)သို့

# အချိန်များပြီးဒေါ်လာဈေး တက်သောအခါ

အောင်သူရ၊ ပြည်သိမ်း၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ဇွန်- ၂၄

တစ်လကျော်အတွင်း အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းမှာ ၁၇ ရာခိုင်နှုန်း ခန့်တက်လာခဲ့ပါသည်။ ထိုပမာဏမှာ မြန်မာနိုင်ငံ၏ ငွေလဲနှုန်း ဈေးကွက်သမိုင်းတွင် တစ်လအတွင်း ဈေးအပြောင်းအလဲအမြင့်ဆုံး စံချိန်ဖြစ်သည်။ အာရှစီးပွားရေးပျက်ကပ်ဖြစ်ခဲ့သော ၁၉၉၇ ခုနှစ်က တစ်နှစ်အတွင်းငွေလဲနှုန်းမှာ ၃၄ ရာခိုင်နှုန်းတက်ခဲ့ပြီး ထိုပမာဏမှာ အမြင့်ဆုံးဖြစ်ခဲ့သော ပမာဏဖြစ်ခဲ့သည်။

၂၀၁၃ ဧပြီလဒုတိယအပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၈၆၀ကျပ်သာရှိခဲ့ရာမှ မေ ၂၄ ရက်ပြင်ပဈေးကွက်တွင် ၉၈၀ ကျပ်ထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ တစ်လအတွင်း တစ်ဒေါ်လာ ၁၂၀ကျပ် တက်ခဲ့ခြင်းဖြစ်သည်။

စာ(၈)သို့



# ငွေစက္ကူအတုကို ဘယ်လိုထိန်းချုပ်မလဲ

ပြည်သိမ်း၊ သန်းဒွေး

ငွေစက္ကူအတုများ ပြည်တွင်း၌ ပျံ့နှံ့လာမှုကိုတားဆီးရန် နိုင်ငံတော်အစိုးရမှ စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်သင့်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားသည်။

ငွေစက္ကူအတုများပြည်တွင်း၌ ပျံ့နှံ့မှုများလာပါက ကျပ်ငွေအပေါ် လူထု၏ ယုံကြည်မှုလျော့နည်းသွားပြီး စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲများကြုံတွေ့လာနိုင်ကြောင်း နိုင်ငံတော်သမ္မတ၏ လူမှုစီးပွားအကြံပေးကောင်စီဝင် စီမံခန့်ခွဲရေးပညာရှင် ဒေါက်တာ အောင်ထွန်းသက်ကပြောကြားသည်။

သတင်းအပြည့်အစုံ-စာ(၃)သို့

# အစွန်းရောက် အမျိုးသားရေးဝါဒီများ ခေါင်းထောင်လျှင် ဒီမိုကရေစီပြိုလဲနိုင်ဟု ပညာရှင်သတိပေး

မင်းဟိန်းကျော်

ရန်ကုန်၊ဇွန်-၂၄

အစွန်းရောက် အမျိုးသားရေးဝါဒီများ ခေါင်းထောင်ထလာပါက မြန်မာပြည် အသွင်ကူးပြောင်းရေး ဖြစ်စဉ်သည် ယခုထက်ပိုမိုဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပြီး ဒီမိုကရေစီ ပြိုလဲကျဆုံးမှုကို ရင်ဆိုင်ရနိုင်ကြောင်း ဇွန်လ ၂၂ရက်က ရန်ကုန်မြို့ရှိ ဖွံ့ဖြိုးရေးမဏ္ဍိုင်တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့အသွင်ကူးပြောင်းရေးနှင့် စိန်ခေါ်မှုများ ဆွေးနွေးပွဲ၌ ချက်သမ္မတနိုင်ငံရှိ Educational Initiatices မှ အသွင်ကူးပြောင်းရေးကာလများကို လေ့လာသည့် ပညာရှင် Mr. Igor Belazevic က သတိပေးပြောကြားသည်။ လူမျိုးစွဲ၊ ဘာသာစွဲများနှင့် ပတ်သက်၍ ပြင်းထန်သော အမျိုးသားဝါဒကို အသုံးပြုကာ လူနည်းစုနှင့် လူများစုအကြား အမုန်းတရားများကို ထည့်သွင်းလျက် အသိဉာဏ် အမှောင်ချခြင်းမျိုးကို လုပ်ဆောင်ရာမှတစ်ဆင့် အသွင်ကူးပြောင်းမှုကို ရပ်တန့်စေပြီး အရေခြုံဒီမိုကရေစီစနစ်ကိုဖြစ်ပေါ်လာနိုင်ကြောင်း အထက်ပါပညာရှင်က ပြောသည်။

စာ(၂၄)သို့




CNC
RAIN COAT
ENVIRONMENT FRIENDLY
POCKET MAP
INTERIOR VIEW
www.cncmenwear.com/ www.facebook.com/cnc1999


SONY
make.believe
XPERIA
Sony Smartphone
မိုးရေထဲ ဖုန်းရေစိုမှာ ပူစရာမလိုသည့်အပြင် . . .
အကြမ်းခံနိုင်မှု အကောင်းဆုံး . . . Sony Smart Phone
Xperia™ Z
• Screen Size 5"
• Internal memory 16 GB, 2 GB RAM
• 13.1 MP
• Bravia Engine 2
• Android Os, V4.1.2 to V4.2 (Jelly Bean)
• Quad-core 1.5 GHZ Krait, Andreno 320
• Micro SD, up to 64 GB
Xperia™ V
• Screen Size 4.3"
• Internal memory 8 GB, 1 GB RAM
• 13 MP
• Bravia Engine 2
• Dual -core 1.5 GHZ Krait
• Andreno 225
• Micro SD, up to 32 GB
• Android Os, V 4.1.2 (Jelly Bean)
NEW MODEL
Xperia™ ZR
• 4.55" 1280x720 pixels
• Mobile BRAVIA® Engine 2
• 13MP fast capture camera with Full HD
• Exmor RS for mobile and HDR video
• Dust and waterproof (IP55 / IP58)
• Android 4.1 (Jelly Bean)
• Qualcomm quad-core processor 1.5GHz
• RAM 2GB (Flash up to 8GB)
• Expansion Slot: Micro SD Card up to 32GB
Xperia™ Go
• Screen Size 3.5"
• Internal memory 8 GB, 512 MB RAM
• 5 MP, 3D Sweep Panorama
• Bravia Engine
• Dual -core 1 GHZ Cortex A9, mali 400
• Micro SD, up to 32 GB
• Android Os, V 4.1.2 (Jelly Bean)
Xperia™ Tablet Z
• Screen Size 10.1"
• Internal memory 16 GB, 2 GB RAM
• 8 MP, HD Movie
• Bravia Engine 2
• Quad-core 1.5 GHZ Krait, Andreno 320
• Micro SD, up to 64 GB
• Android Os, V 4.1.2 (Jelly Bean)
TMW Enterprise Limited
YANGON : 01-245311, 01-546006, 01-401416, 01-398566, 09-8601862, 09-73098118, 01-8100343~4
MANDALAY : 02-72580~4, 09-91008417
NAY PYI TAW : 067-420791, 067-420966
TAUNGGYI : 081-2122857, 081-200571
အမြို့မြို့ အနယ်နယ်ရှိ Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
1 YEAR WARRANTY

# ငွေစက္ကူအတုထိန်းချုပ်ရန် အထူးစစ်ဆင်ရေး တစ်ရပ်လိုအပ်နေ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း၊ သန်းဌေး**

ငွေစက္ကူအတုများ ပြည်တွင်း၌ ပျံ့နှံ့လာမှုကိုတားဆီးရန် နိုင်ငံတော်အစိုးရနေဖြင့် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်သင့်ကြောင်းစီးပွားရေးပညာရှင်များက ပြောကြား သည်။

ငွေစက္ကူအတုများပြည်တွင်း၌ ပျံ့နှံ့မှုများလာပါက ကျပ်ငွေအပေါ် လူထု၏ယုံကြည်မှုလျော့နည်းသွားပြီး စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲများကြုံတွေ့လာနိုင်ကြောင်း နိုင်ငံတော်သမ္မတ၏ လူမှုစီးပွားအကြံပေးကောင်စီဝင် စီမံခန့်ခွဲရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

“ဘယ်ကလာတယ်ဆိုတာကို အကြောင်းအရင်းရှာပြီး ထိထိရောက်ရောက်အရေးယူဆောင်ရွက်ဖို့အရေးကြီးတယ်”ဟု စီးပွားရေးပညာရှင်ဦးလှမောင်ကလည်း ပြောသည်။

ငါးထောင်တန်အတုနှင့်သက်ဆိုင်သောသတင်းများ ယခုနှစ်နှစ်ပိုင်းအတွင်း ပိုအတွေ့များလာသည်။ကျပ်ငါးထောင်တန်၊ တစ်သောင်းကျပ်တန်အတုများကို ပြုလုပ်ရာတွင် ပုံသဏ္ဍာန်မျိုးစုံနှင့် ပြုလုပ်ကြပြီး ရောင်စုံမိတ္တူကူးစက်ဖြင့်ပြုလုပ်ပါက သိသာထင်ရှားစွာခွဲခြားနိုင်သည်။ သို့သော် အဆင့်မြင့်စက်ကြီးများဖြင့်ထုတ်လုပ်ထားပါက ငွေစက္ကူအစစ်အတုခွဲခြားသည့်ဌာနမှ ကျွမ်းကျင်သူများကသာ သိနိုင်ကြောင်း မှုခင်းစုံစမ်းရေးဌာန (CID)မှ အငြိမ်းစားရဲမှူးတစ်ဦးက ရှင်းပြသည်။

“ထိုင်းနိုင်ငံက ဝင်လာတဲ့ငါး ထောင်တန်အတုတွေကိုတော့ ခဏခဏ ဖမ်းမိတယ်။ ဟိုအရင်တုန်းကလည်း တော်တော်များများမိဖူးတယ်”ဟု နေပြည်တော်မှ မှုခင်းစုံစမ်းရေးဌာနအောက်ရှိ ငွေအတုစစ်ဆေးရေးဌာနမှ ရဲအရာရှိတစ်ဦးကပြောသည်။

ထိုင်းနိုင်ငံနယ်စပ်မှ ဝင်လာသော ငါးထောင်တန်ငွေအတုများကို နယ်စပ်များနှင့် မြို့ပေါ်တွင် မကြာခဏဖမ်းမိပြီး ရန်ကုန်မြို့ပေါ်တွင် ငါးထောင်တန်အတုရွက်ရေအများဆုံးတစ်ရာဝန်းကျင်အထိဖမ်းမိဖူးကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ထိုင်းနိုင်ငံနယ်စပ်၌သာမက တရုတ်နိုင်ငံနယ်စပ်မှလည်း ငါးထောင်တန်အတုဝင်ရောက်မှုများရှိခဲ့သည်။ ယခုနှစ်ဧပြီ ၂၈ရက်တွင် ဖားကန့်မှ ကျောက်စိမ်းများဝယ်ယူရန် ငါးထောင်ကျပ်တန် အတု ၉၇၇ ရွက်(၄၈သိန်းကျော်)နှင့် ဧပြီ ၁၂ရက်က အရွက်ရေခြောက်ထောင်(သိန်း၃၀၀)ကျပ်နှင့် တစ်သောင်းကျပ်တန် ၁,၀၆၅ရွက်(၁၀၆သိန်းကျော်)တို့ကိုမြစ်ကြီးနားမြို့တွင်ဖမ်းဆီးမိခဲ့သည်။

ထို့အပြင် ဖားကန့်မြို့နယ်နေသူတစ်ဦးက ငါးထောင်ကျပ်တန် အရွက် ၈၀၀ကို ပခုက္ကူဘဏ်ခွဲသို့ လွှဲရာတွင် ငါးထောင်တန်အတုအရွက် ၅၀(တန်ဖိုးနှစ်သိန်းခွဲကျပ်)ကို ဘဏ်မန်နေဂျာနှင့်ပူးပေါင်းစစ်ဆေးတွေ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ဖော်ပြထားသည်။

ထားဝယ်မြို့နယ်၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတွင်လည်း မေ ၂၁ရက်ကမြန်မာငွေစက္ကူအတုကျပ်တစ်ထောင်တန်အရွက်တစ်ရာနှင့်ငါးရာကျပ်တန် ၁၉၄ရွက်တို့ကို စစ်ဆေးတွေ့ရပြီး ထိုင်းနိုင်ငံသားနှင့် ထိုင်းနိုင်ငံသူနှစ်ဦးကို ထားဝယ်မြို့မရဲစခန်းတွင်(ပ)၁၈၂/၂၀၁၃ ပြစ်မှုပုဒ်မ ၄၈၉(က)(ခ)(ဂ) တို့ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

၎င်းငွေအတုများနှင့် ဆက်စပ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှော်ဘီမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အင်းစိန်မြို့နယ်တို့တွင် ငွေစက္ကူတုများဖမ်းဆီးမိခဲ့သည်။မှော်ဘီမြို့နယ်တွင် နွားအရောင်းအဝယ်ပြုလုပ်ရာ၌ ငါးထောင်ကျပ်တန်အတုများပါဝင်လာခြင်း၊ အင်းစိန်မြို့နယ်တွင်သစ်ဝယ်ယူရာ၌လည်း ငွေစက္ကူအတုများပါဝင်လာခြင်းဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကားပွဲစားခပေးရာမှ အတုများပါဝင်လာခြင်းဖြစ်ပြီး အရေးယူဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

“ငွေစက္ကူအတုဖမ်းမိရင်မီးခိုးကြွက်လျှောက်လိုက်ဖို့လိုတယ်။ ဒါကနိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စိန်ခေါ်မှုပဲ”ဟု ဦးလှမောင်ကဆိုသည်။

အစိုးရက ဖမ်းဆီးရမိပါက မူရင်းဒေသကိုမဖြစ်မနေဖော်ထုတ်အရေးယူရန်လိုအပ်ကြောင်း ကချင်ပြည်နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူ ကပြောကြားသည်။

“ဒါက ဘယ်မှာလုပ်တယ်ဆိုတာ နိုင်ငံတော်အနေနဲ့ လေ့လာစစ်ဆေးရမယ်။ ဟိုဘက်နိုင်ငံမှာလုပ်တယ်ဆိုရင်လည်း နှစ်နိုင်ငံစကားပြောသင့်ပြောရမယ်”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ငွေအတုအစစ်ခွဲခြားရန်ခွဲခြားနည်းများကို နိုင်ငံတော်ဗဟိုဘဏ်မှလည်းမကြာခဏထုတ်ပြန်ပေးသင့်ကြောင်း စီးပွားရေးပညာရှင်များကဆိုသည်။ ဗဟိုဘဏ်အနေဖြင့် ငွေစက္ကူတုများတွေ့ရှိပါက သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍အရေးယူမှုများရှိကြောင်း မြန်မာနိုင်ငံဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

“တစ်ရွက်တလေပါလာရင်တော့ သုံးမရအောင် ထက်ပိုင်းဖြပြီး စာရင်းနဲ့တကွပြန်ပေးမယ်။ ဆယ်ရွက် ၁၅ ရွက်ပါလာပြီဆိုရင်တော့ သက်ဆိုင်ရာရဲတပ်ဖွဲ့ကို အကြောင်းကြားပြီး အရေးယူမှုတွေရှိတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ငွေစက္ကူအတုများနှင့် ပတ်သက်၍ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)မှ အရာရှိနှစ်ဦးပါဝင်ပတ်သက်မှုများရှိသည့်အတွက် တစ်ဦးကို စစ်ဆေးအရေးယူနေကြောင်း ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယစစ်ဦးစီးချုပ်ဗိုလ်ချုပ်ဂွမ်မော်ကပြောကြားဖူးသည်။ ၎င်းအရာရှိနှစ်ဦးမှာ တရုတ်နိုင်ငံရှိငွေအတုထုတ်လုပ်သည့်လုပ်ငန်းတွင် ရှယ်ယာဝင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောသည်။

“စုံစမ်းစစ်ဆေးမှုတွေလုပ်နေပါတယ်။ မကြာခင်မှာအရေးယူမှုတွေလုပ်ပါမယ်”ဟု ဗိုလ်ချုပ်ဂွမ်မော်ကငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီး မေ၃၀ရက်တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**စာမျက်နှာ( ၂၄)သို့**

## ကမ္ဘာ့ခရီးသွားဆု ဆန်ခါတင်စာရင်းတွင် မြန်မာနိုင်ငံမှ ထိပ်တန်းဟိုတယ်များပါဝင်

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၂၄**

ကမ္ဘာ့ခရီးသွားဆု(၂၀၁၃)အတွက် တစ်နိုင်ငံချင်းစီအလိုက် ဆန်ခါတင်စာရင်းထွက်ရှိလာရာ မြန်မာနိုင်ငံမှ ထိပ်တန်းဟိုတယ်များ ပါဝင်လာသည်။

မြန်မာ့ထိပ်တန်းစီးပွားရေးဟိုတယ်(Myanmar's Leading Bussiness Hotel 2013)ဆုဆန်ခါတင်စာရင်းတွင် ချက်ထရီယမ်ဟိုတယ်၊ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၊ ဆီဒိုးနားဟိုတယ်(ရန်ကုန်)နှင့်ကုန်သည်ကြီးများဟိုတယ်တို့ပါဝင်သည်။

မြန်မာထိပ်တန်းဟိုတယ်ဆုဆန်ခါတင်စာရင်း (Myanmar's Leading Hotel 2013) တွင် ချက်ထရီယမ်ဟိုတယ်၊ မန္တလေးရှိ The Red Canal Mandalay၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၊Ma-ndalay Hill Resort၊ ဆီဒိုးနားဟိုတယ်(ရန်ကုန်)၊ The Governor's Residence, The Strand Hotel တို့ပါဝင်သည်။

မြန်မာထိပ်တန်းအပန်းဖြေဟိုတယ်ဆု(Myanmar's Lead-ing Resort 2013) ဆန်ခါတင်စာရင်းတွင်မန္တလေးမှThe Red Canal၊ အင်းလျားလိတ်ဟိုတယ်၊ Manda-lay Hill Resort၊ ငွေဆောင်ရှိ MyanmarTreasure Beach Resort၊ ဆီဒိုးနားဟိုတယ်(မန္တလေး)နှင့် The Strand Hotel တို့ ပါဝင်သည်။



*ကမ်းနားလမ်းရှိ The Strand ဟိုတယ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါ ဆန်ခါတင်စာရင်းများကို ကမ္ဘာ့ခရီးသွားဆုရွေးချယ်ရေးအဖွဲ့က www.worldtravel-awards.com/nominess/2013/Myanmarwebsite တွင် တရားဝင်ဖော်ပြထားသည်။ ကမ္ဘာ့ခရီးသွားဆု ရွေးချယ်ခြင်းမှာ နှစ်ဆယ်ကြိမ်မြောက်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများက မဲပေးရွေးချယ်၍ နှစ်စဉ်ဆုချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

## မလေးရှားသို့ အလုပ်သမားစေလွှတ်ရန် ခွင့်မပြုသေး

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်-၂၄**

မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားများ ပြန်လည်စေလွှတ်ရန် အေဂျင်စီများအားခွင့်ပြုရန် အစီအစဉ်မရှိသေးကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် မေလကုန်ပိုင်းက မလေးရှားနိုင်ငံအတွင်း မြန်မာအလုပ်သမားများ အကြမ်းဖက်ခံရမှုတို့ကြောင့် မြန်မာအစိုးရမှ မလေးရှားနိုင်ငံသို့မြန်မာအလုပ်သမား စေလွှတ်မှုကို ဇွန်လ ၁၃ ရက်က စ၍ ဆိုင်းငံ့ထားခဲ့သည်။

“ဟိုက ပြန်လာတဲ့သူတွေရဲ့ အခြေအနေကို ကြည့်ပြီးတော့မှ ခွင့်ပြုပေးဖို့ ပြန်စဉ်းစားမှာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မလေးရှားနိုင်ငံအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမားတစ်ထောင်ကျော်ခန့် ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

CRIME မှုခင်းသတင်း CORNER

## ကျောင်းဆရာမတစ်ဦးအပါအဝင် အမျိုးသမီးခြောက်ဦး ဖဲရိုက်၍ အဖမ်းခံရဟုဆို

**သန်းငွေး**

**ရန်ကုန်၊ ဇွန်-၂၃**

ဖဲဝိုင်းတစ်ဝိုင်းကို ရဲဝင်ဖမ်းရာတွင် မင်္ဂလာဒုံမြို့နယ်မှ အလယ်တန်းပြ ကျောင်းဆရာမတစ်ဦးအပါအဝင် မြို့နယ်ကျော်ကာ ချိန်း၍ဖဲဝိုင်း လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဇွန် ၂၂ရက် ညနေ ၄နာရီ ၄၅ မိနစ်အချိန်တွင် သတင်းရရှိခဲ့သောကြောင့် မြောက်ဥက္ကလာပမြို့နယ်ရဲမှူး၏ လောင်းကစားအိမ် ရှာဖွေဖမ်းဆီးခွင့်ဝရမ်းအမှတ် ၄၀/၁၃ ဖြင့် ရဲတပ်ဖွဲ့ဝင်များက အမှတ်(၁)ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း ရဲမှတ်တမ်းတွင်ဖော်ပြထားသည်။

အိမ်၏အပေါ်ထပ်ရှေ့ခန်းတွင် မင်္ဂလာဒုံမြို့နယ်မှ နယ်ကျော်ကာ လာရောက်ချိန်းဆို ဖဲကစားနေကြသော ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သူအမျိုးသားတစ်ဦးနှင့် မင်္ဂလာဒုံမြို့နယ်၊ အထက-၂ မှ အလယ်တန်းပြကျောင်းဆရာမတစ်ဦးအပါအဝင် အမျိုးသမီးခြောက်ဦး တို့အား ဖဲချပ်များ၊ ဖဲကစားရာတွင်အသုံးပြုသော ပစ္စည်းများနှင့် လောင်းကြေးငွေ ၅၀,၁၀၀ ကျပ်ကို သိမ်းဆည်းရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကျောင်းဆရာမသည် အသက် ၅၈ နှစ် အရွယ်ရှိပြီဟု မှတ်တမ်းတွင် ဖော်ပြထားသည်။

"ဖဲဝိုင်းဝင်ဖမ်းတာ ကျောင်းဆရာမတစ်ယောက်ကိုပါ ဖမ်းမိ

**စာမျက်နှာ(၈)သို့**

# ဈေးအများစု အရောင်းအဝယ်မကောင်း

**အိမွန်ကျော်၊ ဟေမာနင်း**

**ရန်ကုန်၊ ဇွန်-၂၂**

မိုးတွင်းကာလ ကျောင်းဖွင့်ရာသီရောက်ရှိလာခြင်းနှင့် ယခုလတ်တလောတွင် ဒေါ်လာဈေးမငြိမ်သက်မှုကြောင့် စားသောက်ကုန် လူသုံးကုန်ဈေးနှုန်းများ မြင့်တက်လာပြီး ရန်ကုန်မြို့ရှိဈေးကြီးများ၌ အရောင်းအဝယ်အေးသည်ဟု ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

စားသောက်ကုန်ပစ္စည်းများ လက်လီ၊ လက်ကားရောင်းချပေးနေသောညောင်ပင်လေးဈေးတွင် မိုးဦးကျကျောင်းဖွင့်ရာသီဖြစ်၍ အရောင်းအဝယ်ပုံမှန်အနေအထားသာရှိပြီး နယ်စပ်မှတင်သွင်းသော ထိုင်းနိုင်ငံထုတ်၊ တရုတ်နိုင်ငံထုတ် ပစ္စည်းများ ဒေါ်လာဈေးမငြိမ်သက်မှုကြောင့် ဈေးနှုန်းအတက်အကျများနေကြောင်း အချို့ကပြောသည်။

"မိုးတွင်းဆိုတော့ ကောင်းတစ်ရက်၊ မကောင်းတစ်ရက်ပဲ။ ကျောင်းဖွင့်ရာသီလည်းရောက်နေတော့ ပိုဆိုးတယ်။ ငွေဈေးကြောင့် ဈေးနှုန်းကတော့ တော်တော်မငြိမ်တာ"ဟု ကုန်မျိုးစုံရောင်းချသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့အတွင်း အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ လက်လီလက်ကားဝယ်ယူမှုများသော ယုဇနပလာဇာတွင် ကျောင်းဖွင့်ရာသီမရောက်မီသာ ကျောင်းသုံးပစ္စည်းအချို့အရောင်းအဝယ်ကောင်းခဲ့ပြီး ယခုမိုးတွင်းကာလသို့ ရောက်ရှိချိန်တွင် အရောင်းအဝယ် ပြန်အေးသွားကြောင်း သတင်းရရှိသည်။

"အရောင်းအဝယ်က တော်တော်အေးတယ်။ မိုးတွင်း၊ ကျောင်းဖွင့်ရာသီဆိုတော့ ကိုယ်တင်မဟုတ်ဘူး။ တခြားလူတွေလည်း အေးကြတာပဲ"ဟု အိတ်မျိုးစုံရောင်းချသူတစ်ဦးကပြောသည်။

နယ်ပေါင်းစုံမှ ဝယ်ယူမှုများသော မင်္ဂလာဈေးတွင် ပဋိပက္ခများဖြစ်ပွားခဲ့သောရခိုင်၊ မိတ္ထီလာ၊ လားရှိုးမှ ဖောက်သည်အများစုရှိသော ကုန်သည်အချို့မှာ အဆိုပါဂယက်ကြောင့် အနည်းငယ်အရောင်းအဝယ်အေးသွားသည်။

မင်္ဂလာဈေးရှိဈေးသည် အများစုမှာလည်း မိုးဦးကျရာသီကြောင့် အရောင်းအဝယ်ပါးလျက်ရှိသည်။

"မိတ္ထီလာ၊ ရခိုင်၊ ဥက္ကံက သူတို့ပြန်လည်ထူထောင်မှုလုပ်နေတာကြောင့်ပါ။ ကျန်တာပါးတာကတော့ ပုံမှန်အတိုင်းပါပဲ။ ရိုးရိုးပါ" ဟု မင်္ဂလာဈေးရှိအထည်ရောင်းချသူ ဦးလှသိန်းကပြောသည်။



**ယုဇနပလာဇာကိုတွေ့ရစဉ်** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အလှူမင်္ဂလာပွဲများတွင် ဧည့်ခံကျွေးမွေးလေ့ရှိသော ဒံပေါက်ရောင်းအားမှာ ဆန်၊ ဆီအစရှိသော ကုန်ကြမ်းဈေးနှုန်းတက်၍ အနည်းငယ်ဈေးမြင့်သောကြောင့် အရောင်းပါးကြောင်း ဒံပေါက်ဆိုင်များမှ သတင်းရရှိသည်။

"ဒံပေါက်ဈေးကွက်က ဒီအတိုင်းပဲ ကုန်ဈေးနှုန်းမကျရင် ဒီအတိုင်းပဲသွားမှာ ဘာသာရေးပြဿနာတွေနဲ့တော့ သိပ်မဆိုင်ဘူး။ ကုန်ကြမ်းဈေးနှုန်းကျရင် ပိုကောင်းမယ်"ဟု ရွှေညောင်ပင်ဒံပေါက်မှ တာဝန်ရှိသူကပြောသည်။

သို့သော်လည်း ရခိုင်ပဋိပက္ခများ၊ မိတ္ထီလာပဋိပက္ခများဖြစ်ပွားပြီးချိန်များတွင် ရောင်းအားအနည်းငယ်ကျဆင်းသွားကြောင်း ကြက်လျှာစွန်းဒံပေါက်ဆိုင်မှ တာဝန်ရှိသူကပြောသည်။

ယခုအချိန်အခါသည် ကုန်ပစ္စည်းဈေးနှုန်းအပြောင်းအလဲမြန်ဆန်ခြင်းနှင့် မိုးရာသီဖြစ်၍ ဈေးများရှိဆိုင်တိုင်းလိုလိုအရောင်းအဝယ်အေးသည်ဟုသတင်းရရှိသည်။



# Life

7 DAY NEWS JOURNAL

Vol.12, No.16 • JUNE 26 , 2013




## ပညာပေးရန်လိုလာသည့် အိမ်တွင်းအကြမ်းဖက်မှုများ

စာ(၂၀)သို့

# ထေရဝါဒဗုဒ္ဓဘာသာ

**ခွန်းဆင့်သူသူ**

ဗုဒ္ဓဘာသာဆိုတာ ကမ္ဘာမှာ အသန့်ရှင်းဆုံး ဘာသာလို့ မှတ်ကျောက်တင်ခြင်းခံရတော့ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ ကျွန်မတို့ကံကောင်းလှပါတယ်။

ငယ်ငယ်ကနွေရာသီကျောင်းပိတ်ရက်ရှည်တွေမှာ အဘိုးရှိရာရွာကို သွားရရင် ကျွန်မတို့ ကလေးတွေ သိပ်ပျော်ပါတယ်။ ရန်ကုန်မှာ အိမ်ပေါ်က ဆင်းလိုက်ရင် ကားလမ်းမရောက်နေတော့ မြေကြီးထဲဆင်းဆော့ဖို့ အခွင့်အရေးက ကျေးလက်တောရွာရောက်မှပဲ ရတာလေ။ ကျွန်မရဲ့ အဘိုးက ရွာလူကြီး၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ လယ်သမားကြီး တစ်ဦးပါ။ ပင်စင်ယူပြီးကတည်းက ဘာသာရေးအလုပ်ကို တစိုက်မတ်မတ်လုပ်နိုင်ပြီး အဘိုးရဲ့ဘဝက ငြိမ်းချမ်းပါတယ်။ နံနက်တိုင်းလေးနာရီထ၊ ဘုရားရှိခိုး၊ တရားထိုင်ပြီးရင် နံနက်စာစား၊ ခြောက်နာရီဆို လယ်ထဲကိုသွား၊ တဲစောင့်လင်မယားနဲ့ အလုပ်သမားတွေကို စီမံခန့်ခွဲ၊ ကိုယ်တိုင်ဝင်လုပ်ချင်လုပ်၊ တစ်နေကုန် လယ်ထဲမှာ နေပြီး ညနေလယ်သိမ်းချိန်၊ မှောင်ရီပျိုးစ ညီအစ်ကိုမသိတသိ အချိန်ကျမှ ရွာထဲက အိမ်ကို ပြန်လာပါတယ်။ ဒါက အဘိုးရဲ့ တစ်နေ့တာ လှုပ်ရှားမှု အချိန်ဇယားပါ။

နွေရာသီမှာ ကျွန်မတို့ မြေးတွေ ရောက်လာပြီဆို အဘိုးအတွက် တာဝန်တွေ ပိုလာပါတော့တယ်။ အဘွားချက်ပြုတ်ပေးလိုက်တဲ့ ထမင်းချိုင့်ကြီးကို ဆွဲပြီး ကျွန်မတို့ကို လယ်ထဲခေါ်သွားပါတယ်။ ကျွန်မတို့ကို "ရန်ကုန်သူတွေ၊ ထမင်းဘယ်ကရသလဲ သိအောင်၊ လယ်သမားဘဝကို သိအောင် လယ်ထဲဆင်းရမယ်" ဆိုပြီး ကျွန်မတို့ ကလေးတွေနဲ့ တန်တဲ့ အလုပ်ကို လုပ်ခိုင်းပါတယ်။ စပါးသယ်၊ ကောက်သင်းကောက်၊ ပေါင်းသင် စသည်ဖြင့်ပေါ့။



ရွာက ဘုန်းကြီးကျောင်းမှာ သင်္ကြန်တွင်း တရားစခန်းဖွင့်ဖို့ အဘိုးကစပြီး ကမကထပြုဆောင်ရွက်ခဲ့တာပါ။ သင်္ကြန်မှာ ကျွန်မတို့ကလေးတွေကို ရေမဆော့ခိုင်းဘဲ ဥပုသ်စောင့်စေပါတယ်။ တစ်နေကုန်ဘုန်းကြီးကျောင်းမှာ တရားစခန်းဝင်သူတွေ၊ ဥပုသ်စောင့်သူတွေနဲ့အတူတူ၊ ကျွန်မတို့ ကလေးတွေလည်းတရားထိုင်၊တရားနာရပါတယ်။ တရားဘယ်လိုထိုင်ရတယ်ဆိုတာ အဘိုးက သင်ပြပေးပါတယ်။ ကျွန်မတို့တွေလည်း လူကြီးတွေနည်းတူ တရားထိုင် ပေမယ့် ဆယ်မိနစ်လောက်ပါပဲ။ တစ်ယောက်လက် တစ်ယောက်ကုတ်၊ အလျှိုအလျှိုကျောင်းပေါ်က ဆင်းပြီး ကျောင်းထောင့်တစ်နေရာမှာ သွားဆော့ကြတာပါပဲ။ အခုချိန်ထိ သင်္ကြန်ဆို လျှောက်မလည်တတ်ဘဲ ဘုန်းကြီးကျောင်း သွားတတ်တဲ့အကျင့်က ငယ်ငယ်ကတည်းက ရခဲ့တာပါ။

သင်္ကြန်ဆို တရားစခန်းဝင်ဖို့ပဲ ဆန္ဒရှိတာမို့ မဟာစည်တရားစခန်း၊ မိုးကုတ် တရားစခန်းတွေကိုအလျဉ်းသင့်သလိုဝင်ပြီးတရားအားထုတ်ဖြစ်ပါတယ်။ အကျင့်တစ်ခုလို စွဲမြဲနေလို့သာ တရားစခန်းဝင်ဖြစ်နေပေမယ့် တရားထိုင်၊တရားနာရတာ မပျင်းမရိပေမယ့်တရားထိုင်ချိန်တွေမှာ ထိထိမိမိ မထိုင်နိုင်ပါဘူး။

**စာမျက်နှာ(၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

စာမျက်နှာ(၅)မှ

## ထေရဝါဒဗုဒ္ဓဘာသာ

ဝေဒနာ တက်လာရင် ကြာကြာ သည်းမခံနိုင်ဘဲ ဟိုဘက်ဒီဘက် က္ကရိယာပုတ်ပြင်ထိုင်လိုက်တာ ပါပဲ။ လူကလည်း မငြိမ်သလို၊ စိတ်ကလည်း သမာဓိမတည်နိုင်ပါဘူး။

တရားစ ထိုင်ထိုင်ချင်း ဝင်လေသိ၊ ထွက်လေသိ မှတ်နေရင်း ဆယ်မိနစ်လောက် အကြာမှာ တော့ စိတ်တွေက ကျောင်းရောက်လိုက်၊ အိမ်ရောက်လိုက်၊ သီချင်းတွေဆီရောက်၊ ကြည့်ခဲ့တဲ့ ရုပ်ရှင်တွေ အကြောင်းရောက်နဲ့ ဂနာမငြိမ် တော့ပါဘူး။ သတိရမိချိန်မှာ ဟိုဟိုဒီဒီရောက်နေတဲ့စိတ်ကိုပြန်ခေါ်၊ နှာသီးဖျားဆီပို့၊ ဝင်လေထွက်လေ ပြန်မှတ်နဲ့ သမာဓိထူထောင်နေတာနဲ့ပဲ ဝိပဿနာအဆင့်ဆီ မရောက်နိုင်ဘဲ အချိန်စေ့သွားတော့ တာပါပဲ။

တရားနာချိန်တွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဆရာတော် ဆယ်ခွန်းလောက်ပြောတဲ့ ထဲက နှစ်ခွန်းလောက်ပဲ အမှတ်ထင်ထင်ဖြစ်မိ၊ ကျန်တဲ့အချိန်တွေကတော့ စိတ်သွားရာမျောပါနေတာက များပါတယ်။ အဲဒီလို အချိန်တန်ရင် တရားစခန်းသာပြီးသွားတာ။ တကယ့်တရားအစစ်နဲ့ကတော့ မထိခလုတ်၊ ထိခလုတ်နဲ့ ဝေးနေသေးတာပါ။ ဒါပေမဲ့ ကျောက်တုံးအချင်းချင်းကြိမ်ဖန်များစွာ ပွတ်တိုက်ရင် မီးပွင့်လာသလိုပါပဲ။ တရားဓမ္မနဲ့ ကြိမ်ဖန်များစွာ ထိတွေ့ဖန်များလာတော့၊ အရွယ်ကလေးကလည်း ရလာတော့ တရားအသိတွေ တိုးတိုးလာ တော့တာပါပဲ။ တကယ်လုပ်ပြီး တကယ်အကျိုးရှိချင်လာတယ်။

တကယ်လုပ်ပြီး တကယ် အကျိုးရှိအောင်၊ တရားနာချိန်တွေမှာ စိတ်ပျံ့လွင့်မနေဘဲ ဆရာတော်ဟောတဲ့ စကားလုံးတိုင်း၊ စကားလုံးတိုင်းကို ခြေရာကောက်သလို အမှတ်ထင်ထင် လေ့လာမှတ်သားမိလာ။ တရားထိုင်ချိန်မှာလည်း အာနာပါန ဝင်လေထွက်လေ ရှုနေရာကနေ ဝေဒနာတက်လာတော့ သမာဓိဖြုတ်ပြီး ဝေဒနာလေးကို ကိုယ်နဲ့မဆိုင်သလို၊ ကိုယ်နာပေမယ့် စိတ်မနာအောင် ကျင့်ကြံ ကြိုးစားမိလာ၊ စိတ်သတ်သတ်၊ ကိုယ်သတ်သတ် ခွဲခြားမြင်လာအောင် အားထုတ်ရတာ ပျော်လာတော့ ဩော် ငါတစ်သက်လုံး တရားစခန်းတွေဝင်လာတာယောဂီမဖြစ်ဘဲ ယောပလီဖြစ်ခဲ့တာပါလား။ အခုမှပဲ မဟာကုသိုလ်စိတ်နဲ့ တရားဓမ္မစစ်ကို ကျင့်ကြံပွားများနိုင်တာပါလားလို့ ကိုယ့်ကိုယ်ကိုယ် သံဝေဂရမိပါတော့တယ်။

တရားတွေနာ၊ တရားတွေပွားလာမှပဲ တရားရဲ့အဆီအနှစ်တွေကို ထဲထဲဝင်ဝင် နားလည်သိရှိလာခဲ့ပြီး အရင်တုန်းက အမည်ခံဗုဒ္ဓဘာသာ၊ မိရိုးဖလားဗုဒ္ဓဘာသာဖြစ်ခဲ့ပါလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆင်ခြင်မိပါတယ်။ အရင်တုန်းက အဘွားတို့၊ အမေတို့ ခိုင်းတဲ့အတိုင်း၊ စာမေးပွဲအောင်အောင်၊ စျေးရောင်းကောင်းအောင်၊ မနဲ့လေးလည်း ဘဲဥဆက်ခဲ့၊ အိမ်တွင်းဖခင်ကြီးလည်း ယပ်ခတ်ခဲ့၊ ကိုယ်တော်တို့လည်း ဖောင်းတော်ဆက်ခဲ့နဲ့ ကိုယ်အဖြစ်က သရဏဂုံပျက်ခဲ့တာကိုမသိနားမလည်ခဲ့ဘူးလေ။

အခုကျမှ ဆရာတော်၊ သံဃာတော်တွေ ဆုံးမ၊ ဟောဖော်ညွှန်ကြားချက်တွေကို သေချာနာယူနိုင်ခဲ့လို့ မိုးကုတ်ဆရာတော်ဘုရားကြီး တရားခွေတွေကို သေချာနာခံမှတ်သားမိလို့၊ ဒီလိုအသိတွေ ရှိလာပြီး မိစ္ဆာဒိဋ္ဌိအယူတွေကို ပယ်သတ်နိုင်ခဲ့တာ။

ဟိုတုန်းကတည်းက တရားတွေကို သေချာနာယူမှတ်သားခဲ့မိဖို့ ကောင်းတာလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိပါတယ်။

အဲဒီလိုတရားစစ်၊ တရားမှန်တွေကို ခံစားသိမြင်နားလည်လာတော့ တစ်ချိန်က ဝေဝေဝါးဝါး ဗုဒ္ဓဘာသာအဖြစ်ကနေ ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်ကြိုးစားအားထုတ်နေမိရင်းက တရားဓမ္မကို မွေ့လျော်အောင်၊ လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆွဲတင်ပေးခဲ့တဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ အဘိုးရဲ့ ကျေးဇူးတွေကို အထူးသတိရနေမိပါတော့တယ်။

မြတ်ဗုဒ္ဓရဲ့ တရားအဆီအနှစ်တွေ နှလုံးသားမှာ ကိန်းအောင်းစိမ့်ဝင်နေတဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ် အမျိုးသမီးတစ်ယောက်အတွက်တော့ ဘယ်မျိုးစောင့်ဥပဒေ၊ ဘယ်အမျိုးသားရေးဝါဒနဲ့မှ ထိန်းကျောင်းစည်းကြပ်နေစရာ မလိုပါဘူးလေ။

## ဒိုင်ခွဲလေး ချက်ကြရအောင်

ဝိုက်ဖီ



### အင်ဥဆီပြန်

အလုပ်ရှုပ်တဲ့ အင်ဥဟင်းကို ဝိုက်ဖီက ဒီတစ်ပတ် ဆီပြန်ဟင်းလေး ချက်ထားပါတယ်။

အင်ဥ၊ ကိုင်းခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းတို့ပဲလိုပါတယ်။

ပထမဆုံး အင်ဥကို သေသေ ချာချာဆေးကြောသန့်စင်ပါမယ်။ ပြီးရင် အလယ်ကနေ ထက်ခြမ်းလှီးပါမယ်။

ကြက်သွန်ဖြူ၊ နီကို ကိုင်းခရမ်းချဉ်သီးလေးနဲ့ ဆီသတ်ပါမယ်။ ငရုတ်သီးစိမ်းထောင်းထည့်ပါ။ ပြီးရင်တော့ ခုနလှီးထားတဲ့ အင်ဥထည့် ဆီသတ်ပါမယ်။ အင်ဥနူးအောင် ရေနည်းနည်း ထည့်ပြီး အုပ်ထားပါ။ နူးပြီးဆီပြန်သွားပြီ ဆိုရင်တော့ အင်ဥဆီပြန်အစပ် ဟင်းတစ်ခွက်ရပါပြီ။




7 DAY DAILY
INSIGHT, IN DEPTH & INDEPENDENCE
City Mart Supermarket
Ocean SUPERCENTER

အိမ်အရောက်ပို့ မှာယူနိုင်ပါသည်။

တစ်စောင်လျှင် ၁၈၀ ကျပ် တည်းသာ

| | |
|---|---|
| ၁ လ ၄၅၀၀ ကျပ် | ၃ လ ၁၃၅၀၀ ကျပ် |
| ၂၅ စောင် | ၇၅ စောင် |

City Mart Supermarket များနှင့် Ocean Supercenter များရှိ Customer Service Counter များ၌ Subscription Card များတွင် လိပ်စာအပြည့်အစုံဖြည့်သွင်းပြီး အိမ်အရောက်ပို့ မှာယူနိုင်ပါသည်။



# မင်္ဂလာရှိသော ဝတ္ထုလေးများ

ဝင်းနော်

ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ ရေးဖွဲ့ခဲ့ကြသော စာပေအမျိုးအစားများစွာရှိခဲ့ပြီဖြစ်သည်။ ချစ်ခြင်းကို ရယူမှု၊ ပေးဆပ်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ စသည်ဖြင့် မျိုးစုံအဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ အချို့ကလည်း စစ်နှင့်အချစ်မှာ မတရားတာမရှိသူဆိုကြသည်။ စစ်မှန်သောအချစ်သည် ဖြောင့်ဖြူးမှုမရှိဟုဆိုဟုလည်း မရှား၊ အချစ်အတွက် ဆိုလျှင် အရာရာစွန့်ရဲကြသူများမှာလည်း မနည်းလှ၊ ထိုအထဲတွင် အချစ်အတွက် ထီးနန်းစွန့်ခဲ့သော အင်္ဂလန်ဘုရင်သည် ထိပ်ဆုံးမှာ ရှိမည်ထင်သည်။ ပြောင်းလဲလာသော လူမှုစီးပွားရေးနှင့် နည်းပညာတိုးတက်လာမှုများကြောင့် ချစ်ခြင်းနှင့် ပတ်သက်သော ခံယူချက်များလည်းပြောင်းလဲလာကြသည်။ တွက်ချက်ချစ်ခြင်း၊ စီးပွားရေးအချစ်၊ ဈေးကွက်အခြေပြုအချစ်၊ စသည်စသည်ဖြင့် ပေါ်ပေါက်လာခဲ့သည်။ သေချာသည် အချက်မှာ လူသားများတည်ရှိနေသမျှ အချစ်နှင့် ပတ်သက်သော ရေးဖွဲ့မှုများ၊ အဓိပ္ပာယ် ဖွင့်ဆိုမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။

သင်္ကြန်ရုံးပိတ်ရက်များ အတွင်း စာအုပ်စင် ရှင်းလင်းရင်း စာအုပ်အဟောင်းလေးများ ပြန်လည်ဖတ်ရှုဖြစ်သည်။ ထိုအထဲတွင် ချစ်ခြင်းနှင့် ပတ်သက်သော ဝတ္ထုလေး နှစ်ပုဒ်မှာ ရင်ကို ကြည်နူးမှုဖြစ်စေသည်။ အမှန်တော့ ထိုဝတ္ထုတိုလေးများမှာ မိမိအကြိမ်ကြိမ်ဖတ်ရှုပြီးဖြစ်သည်။ ဖတ်တိုင်းလည်း စိတ်ကြည်နူးမှု၊ ပီတိဖြစ်မှု၊ သိင်္ဂါရရသကို ပေးစွမ်းနိုင်သော ဝတ္ထုလေးများလည်းဖြစ်သည်။ ပထမဆုံးမျှဝေခံစားလိုသည့် ဝတ္ထုတိုလေးမှာ စာရေးဆရာ ရဲသျှမ်းရေးသားထားသော "အိပ်စက်ရင်ခုန်"ဟူသော ဝတ္ထုလေးဖြစ်သည်။ ဝတ္ထုလေး၏ ဖွဲ့စည်းမှုမှာ မဆန်းလှ။ ကျောင်းဆရာမလေးနှင့် ရထားလက်မှတ်စစ်ဝန်ထမ်းလေးတို့၏ သာမန်အိမ်ထောင်ရေးမေတ္တာဖွဲ့သာဖြစ်သည်။ သို့သော်တင်ပြထားပုံမှာ အလွန်ပင်ချစ်စရာကောင်းလှသည်။ ဆရာမလေးမှာ မိမိအလုပ်ကို ကြိုးစားလုပ်ကိုင်သူဖြစ်ပြီး ဆရာမကြီးအပါအဝင်လုပ်ဖော်ကိုင်ဖက်များ၏ လေးစားမှုကို ခံရသူဖြစ်သည်။ သို့သော် ဆရာမလေးမှာ ညစဉ်ဆက်အိပ်ရေးပျက်ပါက မူးဝေပြီး တစ်ခါတစ်ရံလဲကျတတ်သည်။ သူ့ခင်ပွန်းမှာ လော်ကယ်ရထားလက်မှတ်စစ်ဖြစ်သည်။ လော်ကယ်ရထားတို့၏ ထုံးစံအတိုင်းအချိန်မတော် သန်းခေါင်သန်းလွဲမှ အိမ်ပြန်ရောက်သူဖြစ်သည်။ နံနက် တစ်နာရီမှ နှစ်နာရီမှာ ၎င်း၏ အိမ်ပြန်ချိန်ဖြစ်သည်။

၎င်းတို့နှစ်ဦး၏ အပြန်အလှန် စာနာ ထောက်ထားပုံကို ဆရာရဲသျှမ်းရေးဖွဲ့ထားသည်မှာ အလွန်လှပသည်။ ခင်ပွန်းဖြစ်သူ ပြန်လာချိန်တိုင်း ကိုယ်တိုင်တံခါးဖွင့်ပေးလိုသည့် ဆရာမလေး ကို ၎င်း၏ခင်ပွန်းက အိပ်ရေးဝဝအိပ်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေချင်သည်။ "တစ်ညလုံးလက်မှတ်လိုက်စစ်၊ တွဲတွေကို မှောင်မှောင်မည်းမည်းထဲမှာ ကျော်လွှား သွားလာနေရတဲ့ ယောက်ျားကို အိမ်သူကျွန်မက မကြိုရတော့ဘူးလား"ဟု ဆရာမလေး၏ အမေးက ကြည်နူးစရာကောင်းလှသည်။ တစ်ရက်ဆရာမလေးအိပ်ရာမှနိုးလာတော့ နံနက် ခြောက်နာရီခွဲနေပြီ၊ ကပျာကယာ အိမ်ရှေ့ထွက်လိုက်တော့ ဝင်းတံခါးရှေ့မှာ သူ၏ ခင်ပွန်း "ရထားသိပ်နောက်ကျတာပဲကွာ။ ကိုယ်အခုပဲရောက်တယ်။ အိပ်ရေးဝတယ်နော်"ဟု အပြုံးနှင့် နှုတ်ဆက်သည်။ နောက်ရက် နောက်ရက်တွေမှာလည်း နံနက်ခြောက်နာရီဝန်းကျင်ခန့် မှ ပဲပြန်ရောက်သည်။ ဆရာမလေး စိုးရိမ်စပြုလာသည်။ သူချစ်ရသော ခင်ပွန်းမှာအခြား အိပ်စက်စရာနေရာတစ်ခုရှိနေပြီလား။

ခြံဝင်းထဲတံမြက်စည်းလှဲရင်း ဆေးလိပ်ပြာမှုန့်များနှင့် စီးကရက်အစီခံလေးများတွေ့မိသည်။ ဟိုအရင် ၃၊ ၄ရက်လောက်ကတည်း ကတွေ့မိသည်ကို သတိထားမိသည်။ သူ့ခင်ပွန်းမရှိ ခိုက်ခြံမှာ တစ်ယောက်ယောက်များ ရောက်နေသလား ကြောက်စိတ်များဝင်လာမိသည်။ အိမ်ပေါ်ပြန်ရောက်တော့ အိမ်ရှေ့ဆက်တီခုံလေးပေါ်မှာနှစ်ခြိုက်စွာ အိပ်ပျော်နေသော သူမ၏ခင်ပွန်း၊ မှတ်စုစာအုပ်လေးက အောက်မှာကျလျက်၊ မှတ်စုစာအုပ်လေးကို ဖွင့်ကြည့်လိုက်တော့ဒီနေ့ရထား ဆိုက်ချိန် နံနက် သုံးနာရီ ။ မနေ့က တစ်နာရီ။ ဟိုတစ်နေ့က နှစ်နာရီ။ ရထားဆိုက်ချိန်နှင့် သူအိမ်ပြန်ချိန် မနက် ခြောက်နာရီကြားမှာ သူ ဘယ်ရောက်နေလဲ။ ဘာလုပ်နေလဲ။ အတွေးများက ဆောက်တည်ရာ မရဖြစ်သွားသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသူအားလည်း နှိုးပြီး မမေးရက်။

တစ်ညတွင်တော့ ကျောင်းသားများ၏ အဖြေလွှာများ စစ်ရင်း နာရီကြည့်လိုက်တော့ မနက်နှစ်နာရီ၊ အိမ်ရှေ့မှာ တယောက်ယောက်ရောက်နေသလို ခံစားမိ၍ တုတ်ကိုဆွဲကာ အားတင်းရင်း အိမ်ရှေ့ထွက်ခဲ့သည်။ ထင်သည့်အတိုင်း လူတစ်ယောက် ခြံစည်းရိုးကို မှီရင်း ထိုင်နေသည်။ ကြောက်စိတ်ကို ဖွတ်ချေဖျက်၊ တုတ်ကို ခပ်တင်းတင်းဆုပ်ကိုင်လျက် ခြံတံခါးဝဆီ ဖြေးညင်းစွာ လျှောက်ပြီး ရှင်ဘယ်သူလဲဟု ပြတ်သားတင်းမာစွာ မေးလိုက်သည်။ ထိုင်နေသူက ထိတ်လန့်စွာ ခုန်ထရင်း သူမရှိရာလှည့်ကြည့်လိုက်တော့ သူမချစ်ရသော ခင်ပွန်း၊ စီးကရက်လေး ပါးစပ်မှာခဲလျက် ခြေရင်း၌လည်း ဆေးလိပ်ပြာမှုန့်လေးများ အစီခံလေးများ ပြန့်ကျဲလျက်၊ ဆရာမလေးမှာ ဝင်းတံခါးကို အမြန်ဖွင့်ပြီး ခင်ပွန်းဖြစ်သူထံ အပြေးလေးဆီးကြိုရင်း ဆရာရဲသျှမ်းက ဝတ္ထုလေးကို အဆုံးသတ်ထားသည်။ ဝတ္ထုလေး ဆုံးသွားတော့ ကြည့်နူးချမ်းမြေ့စွာဖြင့် ရင်မှာ တလှပ်လှပ် ကျန်ရစ်သည်။ ချစ်သူဇနီးမောင်နှံနှစ်ဦးအကြား အပြန်အလှန် ထားသောညှာတာစိတ်၊ မြတ်နိုးစိတ်က အားကျစရာ၊ နှစ်သက်စရာ ကောင်းလှသည်။ စာရေးသူ၏ အရေးအသားကောင်းမွန်မှု၊ တင်ပြပုံလှပမှုတို့က ရိုးစင်းသောဇာတ်လမ်းလေးကိုပင် ကြည်နူးဆွတ်ပျံ့ဖွယ်ခံစားမှုကိုပေးနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

နောက်ထပ်တစ်ပုဒ်မှာဆရာမင်းလူ၏ "လမ်းဖြတ်ကူးသည့် နှလုံးသား"ဝတ္ထုတိုလေးဖြစ်သည်။ ဇာတ်လမ်းမှာ ရေခဲရေရောင်းသော ကောင်လေး မောင်စုနှင့် ကိတ်မုန့်ရောင်းသော ကောင်မလေးမတူးတို့အကြောင်း ဖြစ်သည်။ ဘာမျှမဆန်း၊ ပကာသနမပါ ၊တကယ့်အခြေခံလူတန်းစားများ၏ ဇာတ်လမ်းလေး။ မောင်စုတွင် မိဘမရှိ၊ ရုပ်ရည်အားဖြင့်လည်းမသားနား၊မည်းမည်းပိန်ပိန်၊ အင်္ကျီမှာလည်း အဖာအထေးများနှင့်။ မတူးကရော၊ ထူးမခြားနားပင်၊ ရုပ်ရည်မှာ ခါးမရှိ၊ ဝမ်းဗိုက်နည်းနည်းထူ၏။ သို့သော် မဝ၊ သူ၏ ဆံထုံးမှာ တမာသီးထက်တော့ကြီးသည်။ သွားများမှာ မညီမညာ၊ သွားမတိုက်သောကြောင့် သွားအရင်းပိုင်းမှာ အဝါရောင်ဖြစ်နေသည်။ သို့သော် မောင်စုအတွက်တော့ ပုလဲလုံးလေးများကို ရွှေကွပ်ထားသည်ဟု ထင်မိသည်။ မောင်စုထက်သာသည်မှာ မတူးတွင် အမေရှိသည်။ တောမှာနေသည်။

မောင်စုသည်ပိုက်ဆံ၏တန်ဖိုးကို သိပြီး အလွန်နှမြောတတ်သည်။ သို့သော်မတူးနှင့်ပတ်သက်ရင်းတော့ ချွင်းချက်ဖြစ်သည်။ တစ်ခွက်လျှင် တစ်ဆယ့်ငါးပြားတန်သော ရေခဲရေကို မတူးသည် တစ်နေ့သုံးခွက်အလကားသောက်သည်။ သို့သော် သူရောင်းသော ကိတ်မုန့်ကိုမူ မောင်စုအား တစ်ခါမျှမကျွေး။ သို့သော်မောင်တူးကျေနပ်သည်။ အကြောင်းမှာ မောင်စုသည်မတူးကိုချစ်နေသောကြောင့်ဖြစ်သည်။ ဆရာမင်းလူက မောင်စုနှင့် မတူးတို့၏ သံယောဇဉ်ကို သိမ်မွေ့စွာဆက်လက်ဖော်ပြသွားသည်။ "မတူး ငါ့ပိုက်ဆံ တစ်ကျပ်ကောက်ရတယ်။ ဘာစားမလဲ။ ငါဝယ်ကျွေးမယ်""ငါလား လေဟာပြင်ဈေးက ခေါက်ဆွဲကြော်စားချင်တယ်။ ပြီးတော့ ဖာလူဒါလည်း သောက်ချင်တယ်" "ဟာ အဲသလောက်ကြီးတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ပိုက်ဆံက တစ်ကျပ်တည်းရယ်" "ဒါဆိုလည်း နင်ရော ငါရော စားလို့ရအောင် မုန့်ဟင်းခါးတစ်ကျပ်ဖိုး သွားဝယ်ပြီး နှစ်ယောက် အတူတူစားမယ်" "မောင်စု ဒီနေ့ ငါ့မွေးနေ့ နင်ဘာစားမလဲ" "ငါဒံပေါက်စားချင်တယ်""အဲဒါတော့မတတ်နိုင်ဘူး။ နင်ရော ငါရောစားလို့ရအောင် မုန့်ဟင်းခါးတစ်ကျပ်ဖိုး သွားဝယ်ပြီး နှစ်ယောက်အတူတူစားမယ်" စသည့် အပြန်အလှန်ပြောဆိုမှုလေးများသည် ရိုးစင်းစွာဖြင့် လှပနေပြီး ကြည်နူးမှုကို ပေးစွမ်းနိုင်သည့် အရေးအဖွဲ့များဖြစ်သည်။

တစ်ရက်တွင် မတူးရွာပြန်သွားသည်။ အမေအသည်းအသန်ဖြစ်၍ဟု အကြောင်းကြားသောကြောင့် ဖြစ်သည်။ မတူးမရှိသော ရန်ကုန်မြို့သည် မောင်စုအတွက်တော့ ဗလာဖြစ်နေသည်။ သူ့ရေခဲရေကို အလကားသောက်မည့်သူ မရှိတော့သည့်တိုင် မောင်စုဝမ်းမသာနိုင်။ တစ်ရက်တော့ မောင်စုသတင်းတစ်ခုကြားသည်။ မတူးကို သူတို့ရွာက ကုန်စုံဆိုင်ပိုင်ရှင်နှင့် ပေးစားတော့မည်တဲ့။ လက်ထဲတွင် ကိုင်ထားသော ရေခဲတုံးကြီး လွတ်ကျသွားသည်။ ရေခဲတုံးလေးများ အစိတ်စိတ် အမြွာမြွာ ကွဲသွားသည့်နည်းတူ မောင်စုရင်သည်လည်းထပ်တူထပ်မျှကြေကွဲလျက်။ မတူးရွာမှပြန်ရောက်နေကြောင်း သတင်း ကြားကြားချင်း မတူးတို့အိမ်သို့ မောင်စုအပြေးသွားသည်။ မတူးနှင့် တွေ့တော့ ဘာပြောရမှန်း မသိ။ မတူးက ရှင်းပြသည်။ သူ လက်မထပ်ဖြစ်သည့် အကြောင်း၊ လက်မထပ်နိုင်သောကြောင့် ထွက်ပြေးလာကြောင်း ပြောပြသည်။ မောင်စုအတွက်တော့ ကမ္ဘာကြီးသည် လှပလျက်။ မတူး ရွာမပြန်ခင် မပြောလိုက်ရသော သူ့ခံစားမှုကိုဖွင့်ထုတ်လိုက်သည်။ "နင်သွားတုန်းက ငါသိပ်လွမ်းတာပဲ" မတူးက ပြန်ပြောသည်။ "ငါလည်း ဒီလိုပါပဲ"သူ တို့ နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြသည်။

ချစ်သူဖြစ်သည့် အထိမ်းအမှတ်အနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့မှာ လျှောက်လည်ကြသည်။ တန်ဆောင်တိုင်ပွဲသည် စည်ကားလျက်။ အမှတ်တရအနေဖြင့် တစ်ခုခုလုပ်ရန်အကြံရသည်။ စာရေးသူက လှပစွာရေးဖွဲ့ပြသွားသည်။ မောင်စုက ချစ်သူဖြစ်သည့် အထိမ်းအမှတ်အနေဖြင့် ဆေးမင်ကြောင်ထိုးမည်ဟု ပြောသည်။ မတူးက "နင်နာမှာပေါ့"၊ "မနာပါဘူး ယောကျာ်းပဲ""မြွေရုပ်ထိုးမယ်၊ ကြောက်စရာကြီး၊ အသည်းပုံမြားစိုက်၊ နိမိတ်မကောင်းဘူး၊ မောင်စုဆုံးဖြတ်လိုက်သည်။ ရှုပ်ပါတယ် ဟာစာတန်းပဲထိုးတော့မယ်"ဆေးမင်ကြောင်ထိုးသောအဘိုးကြီးစိတ်မရှည်တော့။ "ကဲပြော ဘာထိုးမှာလဲ" မောင်စုနှင့် မတူးတို့ ချစ်သူ စဖြစ်သောနေ့အထိမ်းအမှတ် အနေဖြင့် သူ့လက်တွင်ထိုးမည့် စာတန်းကလေးကို ပြောလိုက်သည်။

စာမျက်နှာ(၃၂)သို့

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

## ၂၀၁၃ ဇွန် ၂၆မှ ဇူလိုင် ၂ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့မှာ မုတ်သုံလေ အားအသင့်အတင့်မှ ကောင်း နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အားအနည်း ငယ်သာ ရှိနိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာ အပူပိုင်း မုန်တိုင်းတစ်ခုဖြစ်ပေါ်နိုင်ပြီး မြောက်အနောက်ယွန်းယွန်း ဘက်ကို ဦးတည်ရွေ့လျားနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၅ ပေမှ ၇ပေ၊ မြစ်ဝကျွန်းပေါ် မုတ္တမကွေ့နဲ့ မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်းလွန် ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတွေမှာ ၃၃ ဒီဂရီစင်တီဂရိတ်မှ ၃၇ ဒီဂရီစင်တီဂရိတ်နဲ့ ရန်ကုန်တိုင်း၊ နေပြည်တော်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ချင်းပြည်နယ်တို့မှာ ၂၇ ဒီဂရီစင်တီဂရိတ်မှ ၃၂ ဒီဂရီစင်တီဂရိတ် ရှိနိုင်ပါသည်။

### ခရမ်းလွန်ရောင်ခြည်အခြေအနေ

စစကိုင်းတိုင်း၊ မန္တလေးတိုင်းတို့မှာ UV index တန်ဖိုး ၇ အထိသာရှိနိုင်ပြီး ကျန်ဒေသတွေမှာ UV index တန်ဖိုးများ ၅-၆ ခန့်သာ ရှိနိုင်ပါတယ်။

### မိုးတိမ်တောင်အခြေအနေ

ချင်းပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့မှာ မိုးတိမ် တောင်များ အများဆုံးဖြစ်ထွန်းနိုင်ပြီး ဖြစ်ရန်သေချာမှု ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းရှိနိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ မိုးတိမ်တောင်များ ဖြစ်ရန် သေချာမှု ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ချင်းပြည်နယ်တွင် နေရာကွက်ကျားနဲ့ ကျန်ဒေသတွေမှာနေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးရွာသွန်းနိုင်ပါတယ်။ ရခိုင် ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ မိုးကြီးနိုင်ပါတယ်။ ရွာရန် ရာနှုန်း ၈၀ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။

ဒေါက်တာထွန်းလွင် (MCCW)

စာ(၄)မှ

## ကျောင်းဆရာမတစ်ဦးအပါအဝင် အမျိုးသမီး ခြောက်ဦး ဖဲရိုက်၍ အဖမ်းခံရ

တာဟုတ်ပါတယ်။ ကျွန်တော်တို့ဆီမှာ အခုလိုဖဲဝိုင်းကျိတ်ဝိုင်းတွေ မရှိပါဘူး။ တစ်ခါတလေ သတင်းရရင်အခုလိုမျိုးဝရမ်းနဲ့ဖမ်းပါတယ်။ နှစ်လုံး၊ သုံးလုံးကတော့မကြာမကြာမိပါတယ်”ဟု မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တာဝန်ကျရဲအရာရှိတစ်ဦးက 7Day Daily ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့ကြောင့်အိမ်ရှင်အမျိုးသ မီးအပါအဝင်ခုနစ်ယောက်လုံးအား လောင်းကစားပုဒ်မ ၁၃(က)/ ၁၄(က)အရ အရေးယူပေးရန် မြောက်ဥက္ကလာပမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ကာ တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။




ရန်ကုန်မြို့ရှိ ငွေလဲကောင်တာတစ်ခုကိုတွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မျက်နှာဖုံးမှ

# အချိန်မှားပြီး ဒေါ်လာဈေးတက်သောအခါ

ထိုကဲ့သို့ ငွေဈေးတက်လာသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသောကုန်ပစ္စည်းဈေးနှုန်းများလည်း ဈေးတက်လာခဲ့သည်။ ငွေဈေးတက်သောကာလအတွင်း မြန်မာနိုင်ငံသို့အဓိကတင်သွင်းနေသော ပစ္စည်းမှာ ဓာတ်မြေဩဇာဖြစ်နေကြောင်း မူဆယ်မြို့အခြေစိုက်ပို့ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်နေသူ ကိုနိုင်ဝင်းကပြောသည်။

ထို့ကြောင့် ယခုအချိန်ဈေးတက်ခြင်းသည် သာမန်ပြည်သူများထက် ကုန်လှောင်ထားသူများနှင့် ငွေကြေးကစားသူများသာ အကျိုးရှိသည်ဟု လုပ်ငန်းရှင်များကဆိုသည်။

ကြိုရောင်း၊ ကြိုဝယ်လုပ်တဲ့သူတွေလောက်ပဲ အကျိုးရှိတယ်”ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ကိုနိုင်ဝင်းကပြောသည်။

“ဒီအချိန်ငွေဈေးတက်တာတော့ စားသုံးသူတွေပဲ ဈေးကြီးကြီးပေးဝယ်စားရတာ၊ ပို့စရာကုန်ကအရမ်းနည်းပြီး သွင်းကုန်ကများတဲ့ အတွက် အခြေခံလူတန်းစားပဲ ထိခိုက်တယ်”ဟု ငွေလဲနှုန်း တက်ရန် တစိုက်မတ်မတ်တောင်းဆိုခဲ့သော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကဆိုသည်။

မြန်မာနိုင်ငံ၏ အဓိက လယ်ယာထွက်ကုန်ဖြစ်သော ဆန်မှာ ဈေးနှုန်းမကိုက်သဖြင့် ပြည်ပသို့ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုကိုပင် ရပ်ဆိုင်းထားရသည်။ ပဲမျိုးစုံမှာလည်း ဈေးမကိုက်သဖြင့် ပြည်ပသို့ တင်ပို့မှုများ သိသိသာသာကျဆင်းနေသည်။

ဧပြီလဆန်းမှ မေလကုန်ဝန်းကျင်အထိ နှစ်လတာကုန်သွယ်မှုတွင် ပို့ကုန်ထက်သွင်းကုန်က အမေရိကန်ဒေါ်လာသန်း၆၀၀ ပိုများနေခဲ့သည်။

အဆိုပါနှစ်လအတွင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းတစ်ထောင်ကျော်ရှိပြီး သွင်းကုန်တန်ဖိုးမှာ သန်းတစ်ထောင့်ခြောက်ရာကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြုစုထားသော စာရင်းဇယားများတွင် ဖော်ပြထားသည်။

“ဒီငွေလဲနှုန်းက ပြီးခဲ့တဲ့ နွေရာသီမှာသာဖြစ်ရင် အများကြီး အဆင်ပြေတာပေါ့။ အခုချိန်ကျတော့ အလုပ်တွေက သိပ်မကောင်းတော့ဘူး။ အချိန်ပိုလည်း မရှိတော့ဘူး”ဟု ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အလုပ်လုပ်နေသူ ကိုမျိုးကြီးက ပြောသည်။

မြန်မာဘဏ္ဍာရေးနှစ်စပိုင်းဖြစ်သော ဧပြီလလယ်မှစ၍ ငွေလဲနှုန်းတက်လာခြင်းမှာ ဝယ်လိုအားနှင့်ရောင်းလိုအားမမျှ၍ ဈေးတက်လာခြင်းဖြစ်ကြောင်း အများစုက ပြောဆိုကြသည်။ အစိုးရမှ ဘတ်ဂျက်အသုံးစရိတ်အတွက် လိုအပ်သော မြန်မာငွေများ ရိုက်ထုတ်နေသဖြင့် ဈေးတက်လာခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။ ထို့အပြင် အမေရိကန်ဒေါ်လာ တန်ဖိုးတက်လာခြင်းမှာ အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

ထို့အပြင် ယခုနှစ်တွင် တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် တစ်ဧကလျှင် ကျပ်တစ်သိန်း ထုတ်ချေးမည်ဖြစ်ပြီး ထိုအတွက် လိုအပ်သည့်မြန်မာကျပ်ငွေ ၁၄၀၀ ဘီလီယံအတွက် ငွေစက္ကူများ ရိုက်ထုတ်ရနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

သို့သော်ယခုတက်လာသော ငွေလဲနှုန်းပမာဏမှာ ယခင် စစ်အစိုးရလက်ထက်ကရှိခဲ့သောငွေလဲနှုန်းနှင့် နှိုင်းယှဉ်ပါက နည်းနေသေးသည်။ ဦးသိန်းစိန်အစိုးရမတက်ခင် ၂၀၀၉ခုနှစ်ထိ တစ်ဒေါ်လာလျှင် ကျပ်တစ်ထောင်ကျော်ခဲ့သော်လည်း ၂၀၁၀ ခုနှစ်မှာစ၍ ဈေးကျခဲ့ပြီး တစ်ဒေါ်လာလျှင် ၇၀၀ ကျပ်အောက်သို့ပင် ရောက်ရှိခဲ့သည်။

ထို့ကြောင့် ပို့ကုန်လုပ်ငန်းများနှင့် စိုက်ပျိုးထုတ်လုပ်သူများအထိနာခဲ့သဖြင့် ဦးသိန်းစိန်အစိုးရကငွေဈေးတက်ရန် ဆေးမြီးတိုများအသုံးပြုခဲ့သည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ (IMF)နှင့် ဟားဗတ်တက္ကသိုလ် မှ ပညာရှင်များကလည်းအမေရိကန် တစ်ဒေါ်လာလျှင် ၁၀၀၀ ကျပ်ဝန်းကျင်ရှိသင့်သည်ဟု အကြံပြုထားကြသည်။ ထို့ကြောင့် အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းအား ဈေးအမျိုးမျိုးဖြစ်နေခြင်းကိုဖျက်သိမ်းကာထိန်းကျောင်းငွေလဲနှုန်းရှင်ကို ၂၀၁၂ဧပြီလဆန်းမှစ၍ တစ်ဒေါ်လာ ၈၁၈ ကျပ် ဖြင့် စတင်သတ်မှတ်ခဲ့သည်။

ငွေလဲနှုန်းတက်ခြင်းမှာ တောင်သူလယ်သမားများ စပါးပေါ်ချိန် ပဲပေါ်ချိန်နှင့် ရေထွက်ပစ္စည်းများထွက်ချိန်ဖြစ်သောပွင့်လင်းကာလတွင် ဈေးတက်လျှင် လူများစုအတွက် အကျိုးရှိပေလိမ့်မည်။

“ဒီအချိန်ဈေးတက်ပြီး ငြိမ်နေရင် ပြဿနာသိပ်မရှိဘူး။ သီးနှံ တွေပေါ်တဲ့အချိန် နိုဝင်ဘာ၊ ဒီဇင်ဘာမှာ ဈေးပြန်ကျသွားရင် တောင်သူတွေအတွက် အများကြီး နစ်နာမယ်”ဟုပြည်ပသို့ဆန်တင်ပို့နေသည့်ပို့ကုန်လုပ်ငန်းရှင် ကိုမျိုးသူရအေးကပြောသည်။

လုပ်ငန်းရှင်အများစုက ဒေါ်လာတန်ဖိုးအတက်အကျမြန်နေခြင်းထက် ဈေးငြိမ်နေခြင်းမှာ လုပ်ကိုင်ရ၍ ပိုမိုအဆင်ပြေကြောင်း ပြောသည်။

မြန်မာနိုင်ငံလူဦးရေ၏ အများဆုံးဖြစ်သော တောင်သူများမှာ ဒေါ်လာဈေးအတက်ဖြင့် ဝယ်ယူထားသော သွင်းအားစု များ မဖြစ်မနေဝယ်ယူသုံးစွဲနေရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ကုန်ပစ္စည်းများဈေးတက်သွားသည်။ ကုန်ပစ္စည်းများမှာ အလွယ်တကူဈေးပြန်မကျဘဲ တက်ဈေးနှင့် သာရောင်းဝယ်ကျသည်။

“လတ်တလော မြန်မာပြည်အနေအထားက ဒေါ်လာ ပိုက်ပြီးဝင်လာသူတွေများနေချိန်ဖြစ် နေတာကြောင့် အခြားနိုင်ငံများ နှင့်မတူပဲ မြန်မာငွေပိုထုတ်ပေးနေရတဲ့ အနေအထားလည်းဖြစ်နေတဲ့အတွက် သတိထားဆောင်ရွက်သင့်တယ်”ဟု နိုင်ငံတကာစီးပွားရေး အကြံပေးဦးကျော်မြင့် က ပြောသည်။

ကချင်မ
ကချင် သစ်မွှေး ရောင်းဝယ်ရေး
သစ်မွှေး မျိုးစေ့နှင့် ပျိုးပင်
များ နံ့သာနီ၊ နံ့သာဖြူ မျိုးစေ့များကိုလည်း
ဝယ်ယူရရှိနိုင်ပါသည်။
ဖုန်း-၀၉ ၄၂၀၀၃၁၈၁၇

# Health

7DAY NEWS JOURNAL

Vol.12, No.16 • JUNE 26 , 2013


## မားစ်ဗိုင်းရပ်စ်ကြောင့် ဆော်ဒီတွင် ၃၃ ဦးမြောက်လူနာ သေဆုံး

**ရီယာ့ဒ်၊ ဇွန်-၂၂**

ဆော်ဒီအာရေဗီးယားနိုင်ငံတွင် ဆားစ်ရောဂါနှင့်ဆင်တူသော မားစ်ဗိုင်းရပ်စ်ကြောင့် သက်ကြီးရွယ်အိုတစ်ဦး သေဆုံးသွားခဲ့ရာ ယင်းမှာ နိုင်ငံတွင် ထိုရောဂါကြောင့် သေဆုံးရသည့် ၃၃ ဦးမြောက်လူနာဖြစ်ခဲ့ကြောင်း ဆော်ဒီကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။




သေဆုံးသူအဘိုးအိုမှာ အသက် (၈၁)နှစ်အရွယ်ရှိပြီး Coronavirus ဟုခေါ်သော အဆိုပါ ဆားစ်ရောဂါနှင့် ဆင်တူသည့် MERS ဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်းအများဆုံးဖြစ်နေရာ နိုင်ငံအရှေ့ပိုင်းပြည်နယ်မှ ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၂၁ ရက်က ကြေညာချက်တွင် အဆိုပါ သေဆုံးသူအဘိုးအိုနှင့် ထိတွေ့ဖူးသူ (၄၁) နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် ကင်ဆာရောဂါဖြစ်နေသူ(၃၂)နှစ်အရွယ် အမျိုးသားတစ်ဦးတို့မှာလည်း ထိုဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ပြောသည်။

ဝန်ကြီးဌာနက ယခုအခါ နိုင်ငံတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရမှုပေါင်း ၅၅ မှုရှိကာ ယင်းမှ ၃၃ ဦးမှာ သေဆုံးခဲ့ရကြောင်း ကြေညာထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း "အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ" Middle East Respiratory Syndrome (MERS)မားစ်ရောဂါဟု အတိုအကောက်ခေါ်ဝေါ်သော ဗိုင်းရပ်စ်ကိုဓာတ်ခွဲခန်းတွင် ရောဂါရှိကြောင်းစမ်းသပ်တွေ့ရှိရသူ လူနာဦးရေမှာ ၆၄ ဦးရှိပြီးသေဆုံးသူဦးရေမှာကမ္ဘာတစ်ဝန်းတွင် ၃၈ ဦး ရှိထားကြောင်း တနင်္လာနေ့က ကြေညာခဲ့သည်။

ဆားစ်ရောဂါ SARS မှာ ၂၀၀၃ ခုနှစ်က တရုတ်ပြည်မှ လူသို့ကူးစက်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်ခုဖြစ်ခဲ့ပြီး အာရှနိုင်ငံများတွင် လူ ၈၀၀ ခန့်သေဆုံးခဲ့ရဖူးသည်။ ယခုမားစ်ရောဂါမှာလည်း အဆုတ်ကို ထိခိုက်ပြီး ဗိုင်းရပ်စ်ဝင်သော လူနာမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းဆိုင်ရာရောဂါလက္ခဏာများခံစားရပြီး ကျောက်ကပ်ပျက်စီးမှုများလည်း ဖြစ်နိုင်သည်။ —Ref: AFP

## အိတ်ချ်အိုင်ဗီပိုး ကြိုတင်ကာကွယ်ခြင်းဖြင့် လိင်ပိုင်းဆိုင်ရာရောဂါပိုးကူးစက်ခံရမှုများ လျော့နည်းလာ

**တိုရန်တို၊ ဇွန်-၁၇**

အိတ်ချ်အိုင်ဗီပိုးကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်များသည် လိင်ပိုင်းဆိုင်ရာကူးစက်ရောဂါများဖြစ်ပွားမှုနှုန်းကို လျော့နည်းစေသည်ဟု တိုရန်တိုတက္ကသိုလ်သုတေသနပညာရှင်များက ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် လိင်အလုပ်သမ ငါးသိန်းပါဝင်သော အိတ်ချ်အိုင်ဗီပိုးကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ် ၈၆၈ ခုကို ၁၉၉၅ မှ ၂၀၀၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

သုတေသနပညာရှင်များသည် အိတ်ချ်အိုင်ဗီပိုးကူးစက်မှုများ ဆက်လက်ဖြန့်ဝေနိုင်သော အမျိုးသားများနှင့်ပတ်သက်မှုရှိသည့်လိင်အလုပ်သမများကြောင့် ကြိုတင်ကာကွယ်တားဆီးရေး၏ ထိရောက်မှုကို စစ်ဆေးခဲ့ကြောင်းနှင့် အိတ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုးသည် လိင်လုပ်သားများနှင့် ပျော်ပါးသူမှတစ်ဆင့် အမျိုးသားများ၊ ၎င်းတို့၏ ဇနီးသည်များနှင့် အခြားလိင်ဆက်ဆံသူများကိုကူးစက်ခံရကြောင်း သိရသည်။

ကြိုတင် ကာကွယ်တားဆီးရေးအစီအစဉ်များအရ လိင်အလုပ်သမများနှင့် ၎င်းတို့၏ ဖောက်သည်များကို ကွန်ဒုံးများ စီစဉ်ပေးပြီး လိင်ပိုင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုများကိုလည်း ကုသပေးသည်။ အဆိုပါအစီအစဉ်ကြောင့် ၂၀၀၃ မှ ၂၀၀၈ ခုနှစ် အတွင်း ကိုယ်ဝန်ဆောင် အမျိုးသမီးများ၌ အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရမှု ၄၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကာလသားရောဂါဖြစ်ပွားမှုနှုန်းမှာ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟုဗြိတိန်ဆေးပညာဂျာနယ်တွင် ဖော်ပြသည်။ -UPI

## ကျန်းမာရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်နှင့် 3MDG မှ အကူအညီရရှိ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၂၂**

မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများတွင် နည်းပညာနှင့် ငွေကြေး ထောက်ပံ့ရန် ကမ္ဘာ့ဘဏ်နှင့်ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့ (3MDG)တို့သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း ဇွန် ၁၈ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသဘောတူညီချက်အရ ကျန်းမာရေးဝန်ကြီးဌာနသို့ နည်းပညာဆိုင်ရာ အကြံဉာဏ်အပါအဝင်လုပ်ငန်းပိုင်းဆိုင်ရာခြုံငုံသုံးသပ်မှုများနှင့် လိုအပ်သည့် ငွေကြေး ထောက်ပံ့မှုအကူအညီများဖြင့် ပိုမိုခိုင်မာသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တည်ဆောက်နိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုလုပ်ငန်းများအတွက် 3MDGမှအမေရိကန်ဒေါ်လာ ၂ဒသမ ၃ သန်း ခွင့်ပြုလိုက်ကြောင်း 3MDG ၏ ဒါရိုက်တာ ဒေါက်တာ Sender က ပြောသည်။

"အတူပူးတွဲလုပ်ကိုင်မယ့် ကမ္ဘာ့ဘဏ်ကနိုင်ငံတကာအတွေ့အကြုံတွေနဲ့ လက်တွေ့အသုံးချနိုင်မယ့် ဗဟုသုတတွေပြည့်ဝတဲ့အတွက် မြန်မာနိုင်ငံရဲ့ ကျန်းမာရေး စနစ်ကောင်းမွန်လာပြီးလူအားလုံး ကျန်းမာစွာနဲ့ သက်တမ်းရှည်လာစေဖို့ ဆောင်ရွက်နိုင်မှာပါ" ဟုဒေါက်တာပေါလ်ဆန်ဒါက ဆက်လက်ပြောသည်။

သဘောတူလက်မှတ်ကို 3MDG ၏ ဒါရိုက်တာနှင့် World Bank ၏ဌာနကိုယ်စားလှယ်တို့က မေလ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

3MDG သည်မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊အိတ်ချ်အိုင်ဗီ၊ တီဘီနှင့်ငှက်ဖျားရောဂါများအတွက် ထောက်ပံ့ခြင်းများအပြင် ကျေးလက်ဒေသများတွင် နေထိုင်သူများအတွက် မြို့ပြနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိစေရန် ဆောင်ရွက်နေသည့် ရန်ပုံငွေအဖွဲ့ဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် နိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်ငွေကြေးထောက်ပံ့ခြင်း၊ ကျန်းမာရေးဌာနများ၏ လုပ်ငန်းများအား ခြုံငုံသုံးသပ်စီစစ်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်များဖြင့် ကျေးလက်နှင့် မြို့ပြကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိစေရန်၊ ငွေကြေးချို့တဲ့သူများပါ တတ်နိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် စသည်တို့အား နိုင်ငံအများအပြားတွင် ကူညီခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။







7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ဆေးယဉ်ငှက်ဖျားရောဂါ ထိန်းချုပ်ရေးအတွက် Global Fund က ကန်ဒေါ်လာ သိန်း ၄၀ ချပေး

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၂၂**

မဲခေါင်ဒေသနိုင်ငံများအတွင်း ဆေးယဉ်ငှက်ဖျားရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရန် မြန်မာနိုင်ငံအား သုံးနှစ်စာလုပ်ငန်းများအတွက် Global Fund က အမေရိကန်ဒေါ်လာ သိန်း ၄၀ ချထားပေးခဲ့ကြောင်း သတင်းရရှိသည်။

လာအို၊ထိုင်း၊ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံများတွင် ဒေသဆိုင်ရာ အာတီမီစီနင်း ဆေးဝါးယဉ်ပါးမှုကို ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်၍ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်တွင် ငှက်ဖျားရောဂါပိုး ထိန်းချုပ်ရေး အစီအစဉ်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း နေပြည်တော်ရှိငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ သတင်းရရှိသည်။

မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ အဝင်အထွက်နေရာများတွင်သာမက ရွှေ့ပြောင်းလုပ်သားများရှိရာ ဒေသများနှင့် ဝေးလံခေါင်သီသည့်နေရာများတွင်ပါ ငှက်ဖျားအမြန်စစ်ကိရိယာများ တပ်ဆင်ပြီး စစ်ဆေးခြင်းများနှင့် ရောဂါဖြစ်ပွားပါက ချက်ချင်းကုသခြင်းများ၊ ငှက်ဖျားရောဂါရှိနေသူများ ဆေးဝါးရယူလိုပါက ထိုင်း-မြန်မာမည်သည့်ဆေးပေးခန်းများတွင်မဆို ဆေးဝါးရယူနိုင်ရန် နှစ်နိုင်ငံအစိုးရများ ညှိနှိုင်းမှုများလည်းဆောင်ရွက်ထားပြီးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများပိုမိုတိုးမြှင့်လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

"အဲဒီဒေသတွေမှာဖျားတယ်ဆိုတာနဲ့ ငှက်ဖျားရောဂါကို အမြန်ဆုံးစစ်ဆေးကုသနိုင်အောင်လုပ်မယ်"ဟုငှက်ဖျားရောဂါတိုက်ဖျက်ရေးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာသောင်းလှိုင်က ပြောသည်။

ငှက်ဖျားဆေးယဉ်ပါးမှုထိန်းချုပ်ရေးဇုန် (၁) အဖြစ် သတ်မှတ်ထားသည့် တနင်္သာရီတိုင်းရှိ မြို့နယ်သုံးမြို့နယ်၏ ဆေးဆိုင်များကို ဆေးသုတေသနဦးစီးဌာနမှ သုတေသနပြုလုပ်ခဲ့ရာ ၃၅ ရာခိုင်နှုန်းကျော်သည် ငှက်ဖျား ဘာကြောင့်ဖြစ်မှန်းမသိကြဘဲ ကျန် ၇၀ ရာခိုင်နှုန်းကျော်မှာလည်း ငှက်ဖျားရောဂါကို မည်သို့ကုသရမှန်းမသိဘဲ ဆေးဝါးများပေးနေကြောင်း သိရသည်။

Global Fund ၏ မြန်မာနိုင်ငံရှိငှက်ဖျားအပါအဝင် ရောဂါသုံးမျိုးအတွက် တိုးမြှင့်ရန်ပုံငွေမှ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ သန်း ၇၀ ကျော် ရရှိထားပြီး မဲခေါင်ဒေသနိုင်ငံများအတွင်း ဆေးယဉ်ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် သန်း ၄၀ ရရှိထားသဖြင့် ၂၀၁၆ အထိ ငှက်ဖျားရောဂါလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် အကူအညီရရှိထားသည်။




# လာမည့်နှစ်တွင် ကိုရီးယားမှ ကင်ဆာစင်တာလာရောက်ဖွင့်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဇွန်- ၂၂**

ပြည်တွင်းတွင်လာမည့်နှစ်အတွင်း ကိုရီးယားနိုင်ငံမှ ကင်ဆာစင်တာလာရောက်ဖွင့်လှစ်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

၂၀၁၄ တွင် ကင်ဆာစင်တာဖွင့်လှစ်နိုင်ရန် ကိုရီးယား-မြန်မာနှစ်နိုင်ငံကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ဆွေးနွေးမှုများဆောင်ရွက်နေပြီး အဆိုပါစင်တာတွင် ကင်ဆာရောဂါကုသခြင်းများသာမက ကင်ဆာရောဂါစစ်ဆေးခြင်းများလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကိုရီးယားနိုင်ငံ SAM Medical Center ဥက္ကဋ္ဌက ပြောသည်။

"ဒီမှာရှိတဲ့ ဆေးရုံတွေနဲ့ ပူးပေါင်းလုပ်ကိုင်ဖြစ်မလား။ ဒါမှမဟုတ် သီးသန့်ပဲလုပ်ဖြစ်မလား တော့မသေချာသေးပါဘူး။ ညှိနှိုင်းမှုတွေတော့လုပ်နေပါတယ်"ဟုအထက်ပါဥက္ကဋ္ဌ က ပြောသည်။

ကင်ဆာစင်တာလာရောက်ဖွင့်လှစ်ပါကနိုင်ငံခြားသားဆရာဝန်များအပြင် မြန်မာပြည်တွင်းရှိ ဆရာဝန်များကိုပါ ခန့်ထားမည်ဖြစ်ပြီး နှစ်အနည်းငယ်ကြာလာပါကပြည်တွင်းရှိဆရာဝန်များဖြင့်သာ ဆက်လက်လုပ်ကိုင်ရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိတွင်လည်း အခြားပြည်ပနိုင်ငံများမှ စင်တာဖွင့်လှစ်ကုသခြင်းအပြင်ပြည်တွင်းရှိအထူးကု ဆေးရုံများ၊ ဆေးခန်းများတွင် အချို့သော ရောဂါများ ကုသခြင်းအတွက် နိုင်ငံခြားသား ဆရာဝန်များအား ဖိတ်ခေါ်ကုသခြင်းများ အောင်ရွက်နေသည်။

ကင်ဆာရောဂါသည် ကြိုတင် ကာကွယ်နိုင်သည့် ရောဂါတစ်ခုလည်းဖြစ်ပြီး ရောဂါကြိုတင်စစ်ဆေးနိုင်သည့် ခေတ်မီစက်ပစ္စည်းများဖြင့် ကြိုတင်စစ်ဆေးခြင်းများလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

# အမေရိကန်တွင် အပူရှိန်ကြောင့် အသက်ဆုံးရှုံးမှုများလာ

**အတ္တလန်တာ၊ ဇွန် - ၂၂**

အမေရိကန်နိုင်ငံတွင် အပူရှိန်ကြောင့် အသက်ဆုံးရှုံးမှုများလာပြီး ၂၀၁၂ခုနှစ် အတွင်း အပူလွန်ကဲမှုဒဏ်ခံရသောကြောင့် ပြည်နယ်လေးပြည်နယ်၌ သီတင်းပတ်နှစ်ပတ်အတွင်း လူ ၃၂ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်ဖက်ဒရယ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

မေရီလန်း၊ အိုဟိုင်းယိုး၊ ဗာဂျီးနီးယားနှင့် အနောက်ဗာဂျီးနီးယားပြည်နယ်များတွင် ၂၀၁၂ ခုနှစ် အတွင်း အသက်ဆုံးရှုံးမှုများမှာ ၁၉၉၉ ခုနှစ်နှင့်အလားတူ သီတင်းပတ်ကာလ အသက်ဆုံးရှုံးမှုထက် သေဆုံးမှုလေးဆပိုများလာခြင်းဖြစ်သည်ဟု အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ (CDC)၏ လေ့လာမှုက ဖော်ပြသည်။

"အပူလိုင်းကြောင့်ဘယ်သူမှ အသက်မဆုံးရှုံးသင့်ပါဘူး။ ဒါပေမဲ့လည်း အပူရှိန်လွန်ကဲမှုကြောင့် အသက်ဆုံးရှုံးမှုဟာ အခြားရာသီဥတုအခြေအနေတွေထက် အဖြစ်ပိုများပါတယ်"ဟု CDC ၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ အပူရှိန်လွန်ကဲမှုမှနေ၍ ခန္ဓာကိုယ်အပူချိန်မြင့်မားလာကာ ဦးနှောက်နှင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်စီးနိုင်ပြီး အသက်ပင်ဆုံးရှုံးနိုင်ကြောင်း ကန်အစီရင်ခံစာကဆိုထားပြီး အပူချိန်လွန်ကဲပါကခန္ဓာကိုယ်က စနစ်တကျပြန်လည်ထိန်းချုပ်ညှိနှိုင်းမှုလုပ်ဆောင်ရန်မလွယ်ကူကြောင်းဖော်ပြသည်။

ယင်းအတွက် မိမိတို့ဧရိယာအပူရှိန်သတိပေးချက်များကို သတိပြုရန် လိုအပ်ပြီး အပူချိန်လွန်ကဲမှုကြောင့် ဖြစ်ပေါ်သော ကြွက်သားများ တင်းကျပ်ခြင်း၊ ချွေးထွက်ခြင်း ၊ နှလုံးခုန်မြန်လာခြင်း၊ အော့အန်ချင်သလိုဖြစ်ခြင်းနှင့် မူးမေ့ခြင်းစသော လက္ခဏာများကို သတိထားစောင့်ကြည့်သင်သည်ဟု ကန် CDC က အကြံပြုထားသည်။ —Ref: UPF

Regional
7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# မန္တလေးလမ်းမများရှိ ပစ္စည်းများ ညအချိန်မတော် ဖျက်ဆီးမှုများရှိနေ

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၂၂**

မန္တလေးမြို့ညပိုင်းအချိန်များတွင် မြို့စည်ပင်သာယာရေးအတွက် အသုံးပြုထားသော ပစ္စည်းများ ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

တစ်ခုလျှင် ၈၅၀၀ ကျပ်ခန့် တန်သော ထိုင်းနိုင်ငံထုတ် Road Bollard ခေါ် လမ်းလယ်တိုင်များ ၁၅ သိန်းဖိုးခန့် ဖျက်ဆီးခံရခြင်း၊ တစ်သိန်းခြောက်သောင်း ငါးထောင်ခန့်တန်ဖိုးရှိသော ယာဉ်ကြောခွဲအမှတ်အသား ဆိုင်းဘုတ်အခိုးခံရခြင်း၊ ကာလတန်ဖိုး ငါးသိန်းခန့်တန်သော သတိပေးအချက်ပြမီး Yellow Flash များ သုံးကြိမ်တိုင် ရိုက်ခွဲခံရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းလမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အပြင် သိပ္ပံလမ်းတွင် လမ်းလယ်ကျွန်း၌ စိုက်ပျိုးပေးထားသော တစ်ပင်လျှင် ကိုးသောင်းခန့်တန်သည့် အာဆီယံသပြေပင် ကိုးပင်လည်း အခိုးခံခဲ့ရကြောင်း ပန်းဥယျာဉ်နှင့် ကစားကွင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဖျက်ဆီးခံရတာ အကြိမ်ရေကို မရေနိုင်တော့ဘူး။ အခွန်ထမ်းနေတဲ့ ပြည်သူတွေရဲ့ ပိုက်ဆံတွေနဲ့ ဝယ်ထားတဲ့ ပစ္စည်းတွေဆိုတာ နားလည်ဖို့ကောင်းတယ်" ဟု လမ်းတံတားဌာန တာဝန်ရှိသူက ပြောသည်။ ထို့အပြင် လမ်းလယ်ကွန်ကရစ်ပေါ် ကားဘီးတစ်ဘီးစတန့်ထွင်ကာ တင်မောင်းသည့်အတွက် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နန်းမြို့ကျုံးဘေးရှိ စည်ပင်သာယာအမှိုက်ပုံးများကိုလည်း ရိုက်ခွဲခြင်း၊ ဘီယာပုလင်းခွံများ ရိုက်ခွဲထားခြင်းများလည်း ပြုလုပ်နေကြကြောင်း မန္တလေးစည်ပင်တာဝန်ရှိသူအချို့က ပြောသည်။

"အဲဒီလိုကောင်တွေက အချိန်မတော်ရင် လုပ်တာများတယ်။ မိရင် ဖမ်းဆီးအရေးယူပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ လှည့်ကင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ရဲကင်းများဖြင့်လည်းကောင်း၊ အချို့နေရာများတွင် အရပ်ဝတ်ဖြင့်လည်းကောင်း ညဘက်လုံခြုံရေးတာဝန်ယူပေးနေကြောင်း သတင်းရရှိသည်။



မန္တလေးမြို့ ကျုံးအနီး လမ်းပိုင်းတစ်နေရာ

ဓာတ်ပုံ-အားမာန်

# ရာသီဥတုပူပြင်းသောကြောင့် မင်းကင်းမြို့နယ်တွင် စာသင်ကျောင်းအချို့ စာသင်ချိန်ပြောင်းလဲ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၂**

ကလေးခရိုင်၊ မင်းကင်းမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း အပူချိန် မြင့်တက်လာသဖြင့် စာသင်ကျောင်းအချို့တွင် စာသင်ချိန်ပြောင်းလဲသင်ကြားခဲ့ကြောင်းမင်းကင်းမြို့ဒေသခံကျောင်းသားမိဘများကပြောသည်။

"အခုရာသီက တော်တော်ဆိုးတယ်။ အပူရှိန်က နေ့ဆိုတော်တော်ပူတယ်။ စာသင်ကျောင်းတွေလည်း ပုံမှန်ထက်စောတက်ပြီး နေပူချိန်မှာ ကျောင်းဆင်းတဲ့စနစ်ပြောင်းသွားတယ်။ စိုက်ပျိုးလုပ်ငန်းတွေမှာလည်း အပူရှိန်ကြောင့် အပင်တွေ ခြောက်ကုန်ပြီ" ဟု မင်းကင်းမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မင်းကင်းမြို့နယ် ပညာရေးဝန်ထမ်းတစ်ဦးကို ဆက်သွယ်မေးမြန်းခဲ့ရာ "မင်းကင်းမြို့ပေါ်က စာသင်ကျောင်းတွေက ကျောင်းသားကျောင်းသူတွေ ကျန်းမာရေးအတွက် ဇွန် ၁၉ ရက်က စပြီး ၁၁ နာရီခွဲအထိ အချိန်ပြောင်းသင်ကြားနေပါတယ်"ဟု ပြောသည်။




# မန္တလေး လျှပ်စစ်မီးဖြန့်ဝေရေး အလှည့်ကျစနစ်ပြန်ဖြစ်

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၂၂**

မန္တလေးတွင် ယနေ့ဇွန် ၂၂ရက်မှစတင်ကာ ၂၄ နာရီ လျှပ်စစ်မီးမပေးနိုင်တော့ဘဲ အလှည့်ကျစနစ်ပြန်ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

ရေရရှိမှု များလာသောကြောင့် မန္တလေးတိုင်းဒေသကြီးတွင် ဇွန် ၁၂ ရက်မှ စတင်ကာ ၂၄ နာရီအချိန်ပြည့် လျှပ်စစ်မီးပေးသည့်အစီအစဉ်ပြန်လည်စတင်ခဲ့သော်လည်း ရက်သတ္တပတ်တစ်ပတ်ကျော်သာ ပေးဝေနိုင်ခဲ့ပြီး အလှည့်ကျစနစ် ပြန်ဖြစ်ခဲ့သည်။ ယခင်ကဲ့သို့ နံနက် ၅ နာရီမှ ညနေ ၅ နာရီအတွင်း နှစ်ပိုင်းခွဲကာ လေးနာရီ အလှည့်ကျ မီးပေးစနစ်ကို ပြန်ကျင့်သုံးတော့မည်ဖြစ်ကြောင်း တိုင်းလျှပ်စစ် ဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အလွန်ဆုံး ဒီလကုန်ထိပါပဲ"ဟုမန္တလေးတိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီးဒေါက်တာမြင့်ကြူက ပြောသည်။

၂၄ နာရီမီးပေးမည်ဟုဆိုစဉ်က မန္တလေးမြို့နေရာအချို့ လျှပ်စစ်မီး အချိန်ပြည့် မရသည့် ရပ်ကွက်များလည်း ရှိကြောင်း၊ လာလျှင်လည်းမကြာခဏပြတ်တောက်ခြင်းများ ကြုံတွေ့ရကြောင်း ယင်းရပ်ကွက်များတွင် နေထိုင်သူအချို့က ပြောသည်။

"ကျွန်တော်တို့ဘက်မှာတော့ ၂၄ နာရီပေးတာ သုံးရက်ပဲ ရလိုက်တယ်။ နောက်ရက်တွေ အရင်လိုပဲပြန်ဖြစ်သွားတယ်"ဟု ချမ်းမြသာစည်မြို့နယ်နေ အမျိုးသားတစ်ဦးက ပြောသည်။

ညပိုင်းအချိန်များကိုမူ လျှပ်စစ်မီး ပေးထားမည်ဖြစ်ကြောင်း တိုင်းလျှပ်စစ်ဖြန့်ဖြူးရေးဌာနမှ သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ချောက်မြို့နယ်အတွင်း ကျေးရွာနှစ်ရွာ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးခွင့်ရ

**မျိုးမင်းဦး**

**ချောက်၊ ဇွန်-၂၂**

မကွေးတိုင်းဒေသကြီး၊ချောက်မြို့နယ်၊ တောင်ပလူကျေးရွာနှင့် ဝက်ဘာကျေးရွာတို့တွင် ဆိုလာစနစ်ဖြင့် ဇွန်လ ၁၇ ရက်နေ့မှစ၍ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိခဲ့ကြောင်း ကျေးရွာဒေသခံများက ပြောသည်။

"အရင်တုန်းက ရွာဦးကျောင်းက တစ်အိမ်ကိုမီးချောင်းတချောင်း ပေးထားတယ်။ စက်သုံးဆီအခက်အခဲကြောင့် နေ့တိုင်းတော့ မီးသုံးစွဲခွင့်မရဘူး။ တစ်ပတ်ကိုတစ်ရက်နှစ်ရက်ပေါ့။ ဘုရားမီးလည်းပေးရ၊ ကျောင်းအတွက်ရောဆိုတော့ မလုံလောက်ဘူး" ဟု ချောက်မြို့နယ် တောင်ပလူကျေးရွာ ရပ်မိရပ်ဖ ဦးညိုလှကပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်စပ်ရေးရာဝန်ကြီးဌာန ကြီးကြပ်စီစဉ်မှုဖြင့် အောင်မြန်မာသမဝါယမအသင်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော Solar Home Lighting System ဖြင့် ချောက်မြို့နယ်အတွင်း ဝက်ဘာကျေးရွာတွင်အိမ်ခြေ ၂၇၅လုံးနှင့် တောင်ပလူကျေးရွာတွင် အိမ်ခြေ ၁၂၆ လုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲခွင့် ရရှိပြီဖြစ်ကြောင်း သိရှိရသည်။ တောင်ပလူကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲ ခွင့် မရရှိသောနေအိမ်၃၄လုံးကိုအောင်မြန်မာသမဝါယမအသင်းမှ ဆိုလာစနစ်ပစ္စည်းတန်ဖိုး၏ ထက်ဝက်နှုန်းထားဖြင့် ထောက်ပံ့ခဲ့၍ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိခဲ့ကြောင်း သိရှိရသည်။

နယ်စပ်ရေးရာဝန်ကြီး ဌာန၏ ကြီးကြပ်မှုဖြင့် ပခန်းငယ်-ကျောက်ရဲကျေးလက်ဖွံ့ဖြိုးရေးလမ်းကိုဖောက်လုပ်ခဲ့သောကြောင့် ချောက်မြို့နယ်အတွင်း တောင်ပလူကျေးရွာနှင့် ဝက်ဘာကျေးရွာတို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည့်နောက်ပိုင်းဆိုလာစနစ်ဖြင့် လျှပ်စစ် မီးသုံးစွဲခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများကပြောသည်။



ကျောက္ကာတောင်ရွာ စိုက်ကွင်း ထနောင်းဝန်းစံပြကျေးရွာအနီး ယာမြေပေါ်ရှိ အဆောက်အဦများ

ဓာတ်ပုံ- မျိုးမင်းဦး

# လယ်မြေပေါ် အဆောက်အအုံဆောက်လုပ်ခွင့်မရှိ ဥပဒေကြောင့် ထနောင်းဝန်းရွာအနီး နေအိမ်နှင့် ကြက်ခြံများ အခက်ကြုံဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၃**

မုံရွာမြို့နယ်၊ ကျောက္ကာတောင်ကျေးရွာစိုက်ကွင်းအတွင်း လယ်ယာမြေများအပေါ် လူနေ အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခြင်းမရှိစေရ ဥပဒေအရ သက်ဆိုင်ရာ ကျောက္ကာတောင်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထနောင်းဝန်းကျေးရွာအနီးရှိ လူနေအိမ်နှင့် ကြက်ခြံများကို ဇူလိုင်လအတွင်း ဖယ်ရှားခိုင်းသည့်အတွက် လူနေ အိမ်နှင့် ကြက်ခြံပိုင်ရှင်များ အခက်အခဲကြုံတွေ့ရကြောင်း ဒေသခံများကပြောသည်။

"ရွာထဲမှာ အသားစားကြက်ကမွေးလို့မရဘူး။ ဒါကြောင့် ရွာအပြင်ထွက်မွေးတာပါ။ ပထမ အသုတ်တစ်လခွဲမွေးပြီးလို့ ဒုတိယအသုတ်ပြန်မွေးမယ်လုပ်တုန်း ခြံဆောက်ခွင့် မရှိဘူး၊ ဖယ်ရှားရမယ်ဆိုပြီး အကြောင်းကြားစာရောက်လာတယ်။ ဒီနေရာက ဘိုးဘွားပိုင်အမွေရတဲ့ မြေလေးမှာလာမွေးတာပါ။ အခြားမြေမရှိလို့ အသားစားကြက်မွေးဖို့အခက်အခဲဖြစ်နေပါတယ်။ ရွာထဲမှာအသားစားကြက်မွေးခွင့် မရှိဘူး။ ဥစားကြက်သာမွေးရမယ်ဆိုတော့ အသားစားကြက်ခြံလေးတွေအတွက် နေရာတစ်နေရာတော့ သတ်မှတ်ပေးစေချင်ပါတယ်"ဟု ထနောင်းဝန်းကျေးရွာ အသားစားကြက်မွေးမြူရေးလုပ်ငန်းရှင်ကို အောင်မျိုးလွင်က ပြောသည်။

"ဒီနှစ်ဆန်းပိုင်းမှာ လမ်းမြေ ချဲ့လို့ လမ်းနဲ့ မလွတ်လို့ဆိုပြီး အိမ်ဖယ်ရတယ်။ အခုဒီအိမ်လေးဆောက်ထားတာ မကြာသေးပါဘူး။ မြေက ဒသမသုံးဆယ်ဝန်းကျင်ကို ဆယ်သိန်းနဲ့ ဝယ်နေတာပါ။ အခု ဆောက်ထားတဲ့ အိမ်လေးကို ဖယ်ခိုင်းနေပြီ။ အခြားပြောင်းစရာမြေလည်း မရှိတော့ခက်ပြီ။ ရွာထဲ ပြောင်းရအောင်ကလည်း ရွာထဲမြေက တစ်ကွက်ကို သိန်း ၆၀ ကျော်နေပြီဆိုတော့ မဝယ်နိုင်ဘူး။ သက်ဆိုင်ရာကို အတတ်နိုင်ဆုံးတော့ အသနားခံရမှာပဲ"ဟု ထနောင်းဝန်းကျေးရွာအနီး ကျောက္ကာတောင်ရွာစိုက်ကွင်းအတွင်း နေထိုင်သူ ဦးမေ့ကပြောကြားသည်။

မုံရွာမြို့နယ်၊ ကျောက္ကာတောင် ကျေးရွာအုပ်စုကွင်း အမှတ်၄၁၄၅လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်နေထိုင်မှုနှင့် ပတ်သက်၍ လူနေအိမ်သုံးလုံး၊ အသားစားကြက်မွေးမြူရေး ကြက်ခြံ နှစ်ခြံကိုလာမည့်ဇူလိုင်၅ရက်နောက်ဆုံးထား ဖယ်ရှားပေးရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ်ကျောက္ကာတောင်ရွာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှသတိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ- မျိုးမင်းဦး

# ချောက်မြို့နယ်အတွင်း ရှေးဟောင်းစေတီတော် ပြန်လည်ပြုပြင်ရန် တစ်အိမ်ထောင် ကျောက်ပြားအချပ် ငါးဆယ်လှူဒါန်း

**မျိုးမင်းဦး**

**ချောက်၊ ဇွန်-၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်း ဆင်းရဲနွမ်းပါးသောကျေးရွာငါးရွာအနက် တစ်ရွာအပါအဝင်ဖြစ်သည့် ထန်းပင်ချောင်းကျေးရွာရှေးဟောင်းစေတီတော်တစ်ဆူပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် ဒေသခံများကငွေအင်အားမတတ်နိုင်သဖြင့်လုပ်အားဒါနအဖြစ် တစ်အိမ်ထောင်ကျောက်ပြားအချပ် (၅၀)စီသွားရောက်လှူဒါန်းခဲ့ကြောင်းထန်းပင်ချောင်းဒေသခံများက ပြောသည်။

"ချောက်မြို့နယ်အတွင်း ရေလုပ်ငန်းသာလုပ်ကိုင်စားသောက်ခဲ့ရပြီး ဆင်းရဲနွမ်းပါးတဲ့ရွာအဖြစ် သတ်မှတ်ခံရတာ၊ ရွာပတ်ပတ်လည်ချောင်းတွေဝန်းရံနေတော့ လမ်းပန်းဆက်သွယ်ရေးမကောင်းတာလည်းတယ်။ ထန်းပင်ချောင်းကျေးရွာ ရှေးဟောင်းစေတီဖြစ်တဲ့ ဒက္ခိဏာရုံ မြတ်စွာဘုရား စေတီတော် အုတ်တံတိုင်းတွေ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကစပြီး ပြိုကျလာတာ ပြန်ပြင်ဖို့တောင် ပလူရွာဦးကျောင်း ဆရာတော်က ဆောင်ရွက်နေတယ်။ ထန်းပင်ချောင်းရွာက ငွေမရှိပေမယ့် သဒ္ဓါတရားကောင်းတယ်။ ငွေမလှူနိုင်ပေမယ့် တစ်အိမ်ထောင် ကျောက်ပြား အချပ် (၅၀)စီလှူမယ်ဆိုပြီးမြစ်ထဲ၊ ချောင်းထဲကကျောက်တွေကို ဇွန်လလယ်ရက်ပိုင်းက သွားရောက်လှူဒါန်းကြတယ်" ဟု ချောက်မြို့နယ်ထန်းပင်ချောင်းကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောကြားခဲ့သည်။

ချောက်မြို့နယ်၊ ထန်းပင်ချောင်းကျေးရွာ ဒက္ခိဏာရုံ မြတ်စွာဘုရား သာသနိကအဆောက်အအုံများ နှစ်ပေါင်းများစွာတည်ရှိခဲ့ပြီးလေဒဏ်မိုးဒဏ်များကြောင့်ပျက်စီးမှုများရှိခဲ့သဖြင့်ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် ချောက်မြို့နယ်တောင်ပလူကျေးရွာ ရွာဦးကျောင်းဆရာတော် ဥူးစန္ဒိမာက ဆောင်ရွက်လျက်ရှိသည်။

လေဒဏ် မိုးဒဏ်ကြောင့် ပြိုကျပျက်စီး သွားသောဒက္ခိဏာရုံမြတ်စွာဘုရား အုတ်တံတိုင်း ၁၅ ခန်းကို စတင်ပြင်ဆင်နေပြီး တစ်ခန်းလျှင် ကာလတန်ဖိုးကျပ်ရှစ်သောင်းခန့်ကုန်ကျမည်ဖြစ်သည်။ အဆိုပါအုတ်တံတိုင်းပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် ထန်းပင်ချောင်းကျေးရွာ ဒေသခံများကတစ်အိမ်ထောင်လျှင် ကျောက်ချပ် (၅၀) နှုန်းဖြင့်ဇွန်လအတွင်း လုပ်အားဒါနလှူဒါန်းကြခြင်းဖြစ်သည်။

# ရေဆိုးမြောင်းအတွင်း ရေငုပ်ငါးဖမ်းသူတစ်ဦး ရေနစ်သေဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၃**

ရေဦးမြို့၊ ရေဦးမြောင်းမတော် သရက်တပင် ရေဆိုးမြောင်း အမှတ်(၁)အတွင်း ရေငုပ် ငါးဖမ်းသူတစ်ဦး ဇွန် ၁၉ ရက်နံနက် ၁၀ နာရီတွင် ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရေဦးမြို့ဒေသခံများထံမှ သိရှိရသည်။ သေဆုံးသူ ရေဦးမြို့နေ မောင်ကျော်မှာရေဦးမြောင်းမတော် သရက်တပင် ရေဆိုးမြောင်း အမှတ်(၁) အတွင်း ရေငုပ်၍ ငါးဖမ်းစဉ်ရေနစ်မြုပ်သေဆုံးခဲ့ပြီး၊ဇွန် ၂၀ ရက် ညနေ ၆ နာရီတွင် သေဆုံးသူ၏ အလောင်းကိုတွေ့ရှိခဲ့သည်။ ရေငုပ်ငါး ဖမ်းစဉ် ရေနစ်မြုပ်သေဆုံးခြင်းနှင့် ပတ်သက်၍ ရေဦးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ် (၆/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများ အရသိရှိရသည်။

# ကားနှင့်ဆိုင်ကယ်စီးနင်းသည့် သံဃာများကို အရေးယူ

ညီညီဇော်

မန္တလေး၊ ဇွန် - ၂၃

မန္တလေးမြို့ပေါ် မြို့နယ်တစ်ခုဖြစ်သော ချမ်းအေးသာစံမြို့နယ်တွင် ရဟန်း၊ သာမဏေများ ကားနှင့်ဆိုင်ကယ်ကိုယ်တိုင်စီးနင်းမောင်းနှင်ခြင်းကို ဖမ်းဆီး အရေးယူတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အများအမြင်မှာလည်း မတင့်တယ်ဘူး။ ဘုန်းကြီးနဲ့လူယာဉ်တိုက်မှု ဖြစ်ပြီဆိုရင်လည်း ရှင်းရခက်တယ်။ ဒါကြောင့် ကနေ့စဖမ်းတယ်။ နောက်နေ့တွေလည်း မီးပွိုင့်တို့ဘာတို့ကနေကိုစောင့်ဖမ်းမယ်" ဟု ချမ်းအေးသာစံမြို့နယ် မြို့နယ်သံဃာ့နာယကအဖွဲ့မှ ဆရာတော်တစ်ပါးက ဇွန် ၂၃ ရက်တွင်မိန့်ကြားသည်။ ဇွန် ၂၃ ရက် မွန်းလွဲတစ်နာရီ ၃၀ မိနစ် အချိန်ခန့်က ချမ်းအေးသာစံမြို့နယ် ၈၉ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိမိုးကောင်းကျောင်းတိုက် အရှေ့ပေါက်တွင် ဆပ်ဖ်ကားတစ်စီးကို ၁၅ နှစ်အရွယ် ကိုရင်တစ်ပါးက မောင်းနှင်လာ၍ မြို့နယ်သံဃာ့နာယကရုံးသို့ခေါ်ကာ ကိုရင်များ၊ ဦးပဉ္စင်းများနှင့် ၎င်းကိုယ်တိုင်ပါ မောင်းနှင်ခြင်းမပြုရန် ကတိဝန်ခံချက်ရေးထိုးစေခဲ့ကာ ယင်းကားကို နောက်တစ်ကြိမ် ဖမ်းမိပါက သက်ဆိုင်ရာသို့အပ်နှံခံရမည်ဟု သတိပေးခဲ့ကြောင်း၊ ဦးဆောင် ဖမ်းဆီးခဲ့သည့် ချမ်းအေးသာစံမြို့နယ်၊ မြို့နယ် သံဃာ့နာယကအဖွဲ့ လက်အောက်ရှိ သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့မှ ဆရာတော်က မိန့်ကြားသည်။

ချမ်းအေးသာစံမြို့နယ် သံဃာ့နာယက အဖွဲ့သည် သံဃာတော်နှင့် သီလရှင်များ အများအမြင်တွင် မတင့်တယ်သည့်အပြုအမူများ ပြုလုပ်နေပါက ဖမ်းဆီးစစ်ဆေးအရေးယူမှုများ ပြုလုပ်လေ့ရှိသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုးရုံးမှ တာဝန်ရှိသူ တစ်ဦးက "ဆရာတော်တွေက ပြစ်မှုကျူးလွန်တဲ့ သံဃာတွေကို လူဝတ်လဲစေပြီး အရေးယူပေးဖို့ လာအပ်တာတွေရှိတယ်။ ပြစ်မှုကျူးလွန်တဲ့အတိုင်း အရေးယူပါတယ်" ဟုပြောသည်။ ဈေး၊ ကားဂိတ်၊ ဘူတာ၊ လူစည်ကားရာနေရာများတွင် အလှူခံခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ကိုယ်တိုင်မောင်းနှင် စီးနင်းခြင်း၊ ပွဲလမ်းသဘင်များ၊ ဘောလုံးပွဲများ၊ တီဗီရုံများတွင် ကြည့်ရှုခြင်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် နေ့လွဲ ညစာစားသုံးခြင်း၊ ကျောင်းတိုက် အုတ်တံတိုင်းအနီး ဈေးဆိုင်၊ ဆိုင်ခန်းများ ဖွင့်လှစ်ခြင်းမှာ သာသနာတော်နှင့်မအပ်စပ်သည့်အပြင် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေပုဒ်မ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၉၅-က)များအရပါ ပြစ်မှုဒဏ်များငြိစွန်းနေပါသဖြင့် ရဟန်း၊ သာမဏေ၊ သီလရှင်များ ရှောင်ကြဉ်ကြရန်နှင့် မလိုက်နာပါက မြို့နယ် သံဃာ့နာယကအဖွဲ့က သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့များဖြင့် မဖြစ်မနေအရေးယူရန် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်သည်။

# လူသေဆုံးစေခဲ့သည့် ခွင့်ပြုချက်မဲ့ လျှပ်စစ်မီး သွယ်တန်းမှုကိုပြစ်မှုပုဒ်မ ၃၀၄-ကဖြင့် အမှုဖွင့်

မောင်တာ

မန္တလေး၊ ဇွန် - ၂၃

လူတစ်ဦးဓာတ်လိုက်သေဆုံးရာမှ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်မီးကြိုးသွယ်တန်းကြောင်း စစ်ဆေးတွေ့ရသဖြင့် ပြစ်မှုပုဒ်မ ၃၀၄-ကဖြင့် အမှုဖွင့်တရားစွဲရသော ဖြစ်စဉ်တစ်ခု ဇွန် ၂၂ရက်က မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ်၌ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဇွန် ၁၂ရက်က ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်နေ အမျိုးသားတစ်ဦးသည် နေအိမ်ဝင်းထရံ၌အဝတ်လှမ်းစဉ်ယင်းအပေါ်တွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးဖြင့် ထိခိုက်မိပြီး ဓာတ်လိုက်သေဆုံးခဲ့သောကြောင့် ထိုလျှပ်စစ်ကြိုးသွယ်တန်းသူကို သီးခြားအမှုဖွင့်ထားခြင်းဖြစ်သည်။

ထိုအမှုကိုပုသိမ်ကြီးမြို့မ ရဲစခန်းမှသေမှုသေခင်းအမှတ်စဉ် ၁၂/၂၀၁၃ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ရာ သေဆုံးသူမှာဓမ္မတာ အတိုင်းသေဆုံးခြင်းမဟုတ်ဘဲ ခွင့်ပြုချက်မဲ့သွယ်တန်းထားသော ကြိုးနှင့်ထိတွေ့ကာ ဓာတ်လိုက်သေဆုံးခြင်းဖြစ်သည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့်ခွင့်ပြုချက်မဲ့ လျှပ်စစ်ကြိုးသွယ်တန်းသူကိုပေ့ါလျော့စွာ ပြုလုပ်မှုကြောင့် မတော်တဆသေဆုံးစေမှုဖြင့် ပုသိမ်ကြီးမြို့မရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၀၄-ကဖြင့် ပြောင်းလဲ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ခွင့်ပြုချက်မဲ့ လျှပ်စစ်မီးသွယ်တန်းအသုံးပြုလျှင် သက်ဆိုင်ရာ လျှပ်စစ်ဌာနအရေးယူခြင်းခံနိုင်ရသလို ယင်းလျှပ်စစ်ဓာတ်ကြိုးဖြင့် တစ်စုံတစ်ဦးထိခိုက်သေဆုံးမှုဖြစ်လျှင်လည်းထပ်မံအရေးယူခံရမည်ဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

# ဒုတိယအကြိမ်မြောက် အစိုးရဓမ္မာစရိယစာအောင် သံဃာတော်နှင့် သီလရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

မျိုးမင်းဦး

မုံရွာ၊ ဇွန် - ၂၃

မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဂေါပက အဖွဲ့မှ ဦးဆောင်၍ ဒုတိယအကြိမ် မြောက် စာအောင် သံဃာတော်များနှင့် သီလရှင်များ ဂုဏ်ပြုပူဇော်ပွဲကို လာမည့် (ဝါခေါင်လပြည့်နေ့) ဩဂုတ် ၂၁ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း ဆုတောင်းပြည့် ဘုရားကြီး ဂေါပကအဖွဲ့ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

အစိုးရဓမ္မာစရိယ စာအောင် သံဃာတော်များနှင့် သီလရှင်များ ပထမအကြိမ် ပူဇော်ပွဲကို ပြီးခဲ့သည့် နှစ်အတွင်း ကျင်းပခဲ့ရာ စာအောင် သံဃာ ၁၇၆ ပါးအား ပူဇော်ခဲ့ပြီး ယခုနှစ်တွင်စာအောင်သံဃာ ၂၀၀ ဝန်းကျင် ပူဇော်ရန် စီစဉ်ထားကြောင်း ဆုတောင်းပြည့်ဘုရားကြီး ဂေါပကဖွဲ့ တာဝန်ရှိသူများ ပြောပြချက်အရ သိရှိရသည်။

အစိုးရဓမ္မာ စရိယအောင် သံဃာတော်များနှင့် သီလရှင်များ ပူဇော်ပွဲအတွက် တစ်ပါးလျှင်ကျပ်နှစ်သောင်းငါးထောင်နှုန်းဖြင့် လှူဒါန်းမည်ဖြစ်ပြီး မည်သူမဆို တတ်စွမ်းသရွေ့ လှူဒါန်းနိုင်ရန် ဆုတောင်းပြည့်ဘုရားကြီးဂေါပကရုံးခန်းတွင် အလှူခံဌာန ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

## မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့ ပထမအကြိမ်သက်ကြီးပူဇော်ပွဲကျင်းပ

မျိုးမင်းဦး

မုံရွာ၊ ဇွန် - ၂၃

မုံရွာမြို့သမိုင်းဝင် ဆုတောင်းပြည့် ဘုရားကြီး ဂေါပကအဖွဲ့ ပထမအကြိမ်သက်ကြီးပူဇော်ပွဲကို ဇွန် ၂၃ ရက် နံနက် ၈ နာရီအချိန်တွင် ဆုတောင်းပြည့်ဘုရားကြီး ဂေါပက အဖွဲ့ရုံးခန်း၌ ကျင်းပခဲ့သည်။

"ဒီနေ့နယုန်လပြည့်နေ့ဆိုတော့ ဆုတောင်းပြည့်ဘုရားကြီးမှာ ဝေယျာဝစ္စဆောင်ရွက်ခဲ့ကြတဲ့ အသက် ၇၅ နှစ်အထက် ကန်တော့ခံပုဂ္ဂိုလ်ကိုးဦးကို ပူဇော်ကန်တော့ခဲ့ပါတယ်" ဟု ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ဝင် ဦးကျော်ဌေးက ပြောကြားခဲ့သည်။

# သတ္တဌာနသို့ တစ်ဦး ကျပ် ၇၀၀ နှုန်းဖြင့် ယာဉ်လိုင်းစတင်ပြေးဆွဲ

သန်းထူး

နေပြည်တော်၊ ဇွန် - ၂၃

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဗုဒ္ဓဂယာဟု လူသိများသော သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့ ပျဉ်းမနားမြို့မှ ခရီးသည်တစ်ဦးလျှင် ကျပ် ၇၀၀ နှုန်းဖြင့် ဇွန် ၂၂ ရက်မှစတင်ကာ ယာဉ်လိုင်းပြေးဆွဲနေကြောင်း နေပြည်တော် မော်တော်ယာဉ်လိုင်း ပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(မြို့တွင်း) မှ တာဝန်ရှိသူက ပြောကြားသည်။

"တော်ဝင်၊ ရွှေမြို့တော်၊ အားမာန်သစ် ယာဉ်လိုင်းတွေက သူ့ဂိတ်တွေကနေသူ ပြေးဆွဲပေးမှာပေ့ါ။ နှုန်းထားက အားလုံးအတူတူပါပဲ" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။

မဟာဗောဓိစေတီတော် ထီးတော်တင်ပြီးနောက်ပိုင်း ဘုရားဖူးများ သွားလာမှုများလာသည့်အတွက် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

မိသားစုလိုက် သွားရောက်ဖူးမြော်လိုသူများအတွက် မထသ (မြို့တွင်း) က စင်းလုံးငှားယာဉ် စီစဉ်ပေးမည်ဖြစ်ပြီး လူ ၂၀ ဆန့်သော ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကာ ပျမ်းမျှအားဖြင့် ကားငှားခ ကျပ်လေးသောင်းလျာထားကြောင်း သိရသည်။

မြို့တွင်း ယာဉ်လိုင်းများ ပြေးဆွဲသည့်အတွက် ပျဉ်းမနားမြို့၊ ဘောဂသီရိ ကားဝင်း၊ နေပြည်တော် မြို့မဈေးနှင့် တပ်ကုန်းမြို့များမှနေ၍လည်း လိုင်းကားဖြင့် သွားရောက်ဖူးမြော်နိုင်မည်ဖြစ်သည်။

ပျဉ်းမနားမြို့မှ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်သို့ ဆိုင်ကယ် ကယ်ရီဖြင့် သွားရောက်ဖူးမြော်ပါက အသွားအပြန် အနည်းဆုံး ကျပ် ၆,၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း မြို့ခံ ဆိုင်ကယ်ကယ်ရီ ပြေးဆွဲသူ အချို့က ပြောကြားသည်။

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလု၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-26222, 09-6504900

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဉ်လေးမည်၊ သံဝေဇနိယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်" ဟူသော
ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး – သီရိလင်္ကာ (စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (မြဘုရား)
စရိတ်ငြိမ်း(၁၂.၅)သိန်း ။ ထွက်ခွာမည့်နေ့ –၁၅.၈.၂၀၁၃
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ - နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ - နီပေါ) → ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)
၂၀၁၃–၁၄ခုနှစ် ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်များကို (၂၇-၉-၂၀၁၃)မှ ဧပြီလကုန်အထိ
ထွက်ခွာမည် ဖြစ်၍ စရံငွေ (၁)သိန်းဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။
နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်
(၁.၇.၁၃)မှ(၃၁.၇.၁၃)အတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ဦးချင်း လိုက်ပါလျှင်
(၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း
ဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် သူတော်စင်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့
☎ ၀၁ - ၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉ - ၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉ - ၄၇၂၂၂၀၈၅၊ ၀၉ - ၄၇၂၂၂၀၈၆၊ ၀၉ - ၄၀၁ ၇၄၄၄၀၄ ၊ ၀၉ - ၄၂၀ ၂၁၇၂၅၁

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# တမူးခရိုင်ခမ်းပတ်မြို့နယ်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲခွင့်ရ


လျှပ်စစ်မီးအတွက် ဆိုလာပြားများ တပ်ဆင်ရန် ပြင်ဆင်နေကြစဉ်

ဓာတ်ပုံ- မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ- ဇွန်-၂၃**

တမူးခရိုင်၊ ခမ်းပတ်မြို့နယ်၊ ရွာသာကျေးရွာတွင် ဇွန် ၁၉ ရက်က ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ကျေးရွာဒေသခံများက ပြောသည်။

"အရင်တုန်းက လျှပ်စစ်မီးဆိုတာ အိမ်တိုင်းမသုံးနိုင်ဘူး။ အခုဆိုလာစနစ်ကြောင့် အိမ်တိုင်းနီးပါးမီးအလင်းရပြီ။ ဘုန်းကြီးကျောင်းမှာလည်း မီးလင်းနေပြီ" ဟု ခမ်းပတ်မြို့နယ် ရွာသာကျေးရွာရပ်မိရပ်ဖ တစ်ဦးက ဆက်သွယ်ပြောကြားသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် အောင်မြန်မာသမဝါယမ အသင်းမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တမူးခရိုင်၊ ခမ်းပတ်မြို့နယ်၊ ရွာသာကျေးရွာတွင် နေအိမ် ၈၇ အိမ်၊ ဘုန်းတော်ကြီးတစ်ကျောင်းကို Solar Home Lighting System ဖြင့် ဇွန်လ ၁၉ ရက်တွင် လျှပ်စစ်မီးသုံးစွဲခွင့်ရရှိခဲ့ကြောင်း ခမ်းပတ်မြို့နယ်၊ ရွာသာကျေးရွာ အုပ်ချုပ်ရေးမှူးက အတည်ပြု ပြောကြားသည်။

# မြဝတီမှ ဝင်လာသော နိုင်ငံခြားဧည့်သည်များအတွက် ထွက်ခွာဗီဇာ လေဆိပ်များတွင် ထုတ်ပေးတော့မည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၂၂**

မြဝတီ-မဲဆောက်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသောနိုင်ငံခြားသားဧည့်သည်များကို အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ပြန်လည်ထွက်ခွာခွင့် ဗီဇာအား လာမည့်ခရီးသွားရာသီတွင်ထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

"နယ်စပ်ဂိတ်ပေါက်ကနေဝင်လာတဲ့ဧည့်သည်တွေကိုတခြားပြည်နယ်နဲ့တိုင်းအသီးသီးကနေပြန်လည်ထွက်ခွင့်ရအောင် မွန်ပြည်နယ်အစိုးရ၊ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေတယ်။ လာမယ့် ခရီးသွားရာသီမှာစပြီး အကောင်အထည်ဖော်တော့မှာပါ" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နယ်စပ်မြို့များကိုဖြတ်၍ ခရီးသွားလာခွင့်ကို လာမည့်ခရီးသွားရာသီတွင် စတင်နိုင်မည်ဖြစ်ပြီး မြဝတီ-မဲဆောက်မှတစ်ဆင့်မွန်ပြည်နယ်၊ ကရင်ပြည်နယ်သို့ သွားလာခွင့်သာမက အပြည်ပြည်ဆိုင်ရာလေဆိပ်မှပြန်လည်ထွက်ခွာခွင့်ဗီဇာရရှိပါက မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းအနေဖြင့် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးကပြောသည်။

"ဒီနယ်စပ်ဂိတ်ကိုဖွင့်ပေးနေပါပြီ။ ဒါပေမဲ့ ရန်ကုန်ကနေ ပြန်ထွက်ခွင့်တော့ မရသေးဘူး။ ကျွန်တော်တို့အသင်းအနေနဲ့လည်း ဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဒီကိစ္စကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့ လုပ်နေပါပြီ။ ညှိနှိုင်းမှုတွေက အားလုံးပြီးစီးသလောက်ရှိပါပြီ"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

# တောင်ကြီးတွင် နိုင်ငံတကာပညာရေး စုံညီပွဲတော်နှင့် လူငယ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**နေလင်းသိုက်**

**တောင်ကြီး၊ ဇွန်-၂၃**

တတိယမြောက်နိုင်ငံတကာပညာရေး စုံညီပွဲတော်နှင့် ၂၀ ရာစုလူငယ်များ၏ တတ်မြောက်ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲကို ဇွန် ၂၃ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"တောင်ကြီးမြို့ပေါ်ကပညာတတ်လူငယ်လူရွယ်တွေအတွက် ရည်ရွယ်ပြီး အခုလို ပြပွဲပြုလုပ်ကျင်းပပေးတာဖြစ်ပါတယ်" ဟု MSI မှ ပွဲစီစဉ်သည့် မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်က ပြောသည်။

တောင်ကြီးမြို့တွင်ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် လာရောက်ပြသစဉ်က လူစိတ်ဝင်စားမှု နည်းပါးခဲ့သည်ဟု ဆိုသည်။

လူငယ် ၃၀၀ ခန့် တက်ရောက်လာခဲ့ကြပြီး မိမိစိတ်ဝင်စားသည့် ဘာသာရပ်နှင့် တက္ကသိုလ်နှင့် တက္ကသိုလ်အလိုက် မေးမြန်းဆွေးနွေးခဲ့ကြပြီး တက္ကသိုလ် ၁၂ ခုမှကိုယ်စားလှယ်များလာရောက်ခဲ့ကြသည်။

"နိုင်ငံခြားတက္ကသိုလ် သွားတက်ဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီပြပွဲလေး ကိုစိတ်ဝင်စားလို့ လာတက်ဖြစ်တာပါ"ဟု ယခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ သုံးဘာသာ ဂုဏ်ထူးရှင် ပြည့်စိုးဟိန်းက ပြောသည်။

"နိုင်ငံခြားမှာပညာသင်ဖို့အရင်ကတည်းကစိတ်ကူးထားတာရှိပြီးသားပါ။ ဒီပွဲမှာလည်း မေးမြန်းချက်အားလုံးကို အသေးစိတ်ဖြေကြားပေးပါတယ်"ဟု တက္ကသိုလ်ဝင်တန်းအောင်မြင်သူတစ်ဦးက ပြောသည်။

ဇွန် ၂၀ ရက်က ရန်ကုန်မြို့ ဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်တွင်ကျင်းပခဲ့ပြီး ဇွန် ၂၂ ရက်က မန္တလေးမြို့ ဟိုတယ်မန္တလေးတွင် ကျင်းပခဲ့ကာ ယခုတတိယအကြိမ်ပြပွဲကို တောင်ကြီးမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ရှစ်လေးလုံး ငွေရတုအထိမ်းအမှတ်
သတင်းမှတ်စုများနှင့် ကိုယ်တွေ့ဓာတ်ပုံမှတ်တမ်းများ
ဓနစ်တစ်ခုကို တော်လှန်ခြင်း (သို့မဟုတ်) သမိုင်းဝင်
ဒီမိုကရေစီအရေးတော်ပုံ
၂၅၀၀ိ/-
ဓာတ်ပုံ သတင်းထောက်
သာဉာဏ်(ရန်ကင်း)
၈၈အရေးအခင်းတွင် ပါဝင်ခဲ့သော သတင်းသမားတစ်ဦး၏ ကိုယ်တိုင်ရိုက်ကူးခဲ့သော ဓာတ်ပုံ မှတ်တမ်းပေါင်း မြောက်မြားစွာနှင့်အတူ ...
မဇ္ဈိမစာပေ-အမှတ်(၂၃၇)၊၃၉လမ်း(ထက်)၊ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅ ၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

" မြန်မာနိုင်ငံရဲ့ အပြောင်းအလဲတွေမှာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်အောင် စီးပွားရေးနဲ့ ပတ်သက်တဲ့ ဘယ်လိုဘာသာရပ်တွေကို လေ့လာသင်ယူသင့်ပါသလဲ "
CRÖWN EDUCATION LEARNING CENTER
စင်္ကာပူမှာသင်ယူပြီးမြန်မာနိုင်ငံမှာလည်းအလုပ်အကိုင်အခွင့်အလမ်းကောင်းတွေရရှိနိုင်မယ့်....
- Banking, Securities & Investment Management, Financial Management ဘာသာရပ်များအကြောင်း
- "MBA နဲ့ MSc" , "ACCA နဲ့ CIMA", "LCCI နဲ့ ABE"ဘာတွေကွဲပြားလဲ၊ ဘာကို သင်သင့်သလဲ
- INTERNATIONAL BUSINESS ဘာသာရပ်သင်ယူထားသူတွေအတွက် ဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းတွေရှိလာနိုင်လဲ
- မြန်မာနိုင်ငံမှာ လေ့လာသင်ယူသွားမယ်ဆိုရင် ABE, LCCI, ACCA, Diploma in Business ဘာသာရပ်တွေမှာ ဘယ်လို ဒီပလိုမာ Certificate တွေက ပိုသင့်တော်မလဲ၊ အသုံးဝင်မလဲစတဲ့ အချက်တွေအပြင် -----

Date : June 28, 2013 (FRIDAY)
Time : 10:00 a.m - 12:00 noon
Venue : CROWN Education LEARNING CENTER
ပထမဆုံးကျောင်းအပ်နှံမည့်ကျောင်းသား(၅)ဦးအတွက်
STUDY GRANT S$1000
Application Fee Waive
01 527 838 - 09 732 732 77- 09 732 56 965

# Education

7 DAY NEWS JOURNAL

Vol.12, No.16 • JUNE 26 , 2013


## ကိုယ်ပိုင်ကျောင်းလေးကျောင်းနှင့် စင်ကာပူကောလိပ်တို့ ပူးပေါင်းဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၂၂**

ပြည်တွင်းရှိ ကိုယ်ပိုင်ကျောင်းလေးကျောင်းနှင့် စင်ကာပူနိုင်ငံရှိ Shelton College International တို့သည် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ဇွန်လဒုတိယပတ်၌ နားလည်မှု စာချွန် လွှာ(MOU)လက်မှတ်ရေးထိုးခဲ့သည်။

ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှု စာချွန်လွှာအရ ဆရာ၊ ဆရာမ၊ ဝန်ထမ်းနှင့် ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန် ဖလှယ်ခြင်း၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

“စင်ကာပူက ပုဂ္ဂလိကကောလိပ်က ပြည်တွင်းက ကိုယ်ပိုင်ကျောင်းတွေကို လာရောက်ချိတ်ဆက်နေတာပါ။ ကျွန်တော်တို့ဆီလည်း ရောက်လာတယ်။ ဒါပေမဲ့ ပညာရေးဝန်ကြီးဌာနက ဘယ်လိုသဘောထား ရှိမယ်ဆိုတာ မသိတာကတစ်ကြောင်းနဲ့ မချိတ်ဆက်ဖြစ်လိုက်ဘူး”ဟု ကိုယ်ပိုင်ကျောင်းတည်ထောင်ထားသူတစ်ဦးက ပြောသည်။ လက်ရှိစင်ကာပူပုဂ္ဂလိကကောလိပ်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသော ပြည်တွင်းကိုယ်ပိုင် ကျောင်းများမှာ မန္တလေးမြို့ရှိ KMC ကိုယ်ပိုင်ကျောင်း၊ ရန်ကုန်မြို့ရှိACA ကိုယ်ပိုင်ကျောင်း၊နေပြည်တော်ရှိပညာ့ပန်းတိုင် ကိုယ်ပိုင်ကျောင်းနှင့် ကျောင်းကုန်းမြို့ရှိ ကံ့ကော်မြိုင် ကိုယ်ပိုင်ကျောင်းတို့ဖြစ်သည်။

ကိုယ်ပိုင်ကျောင်းများ အနေဖြင့် ပြည်ပကောလိပ်တစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်ပထမဆုံးအကြိမ်ဖြစ်ပြီး နိုင်ငံတကာကောလိပ်များထံမှ အတွေ့အကြုံကောင်းများရရှိနိုင်သလို အဆိုပါကောလိပ်အနေဖြင့်ကိုယ်ပိုင်ကျောင်းမှ ကျောင်းသားများကို ဈေးကွက်ရှာဖွေသည့်သဘောရှိနိုင်ကြောင်း နိုင်ငံတကာပညာရေး ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကျောင်းများကို လွန်ခဲ့သည့်ပညာသင်နှစ်တွင် စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သောကျောင်းမဖြစ်စေရန်၊ နိုင်ငံခြားအဖွဲ့အစည်းမှ ဦးစီးတည်ထောင်သော(သို့မဟုတ်)ထိုအဖွဲ့အစည်း၏ အကူအညီဖြင့် တည်ထောင်သော ကျောင်းမဖြစ်စေရန်နှင့် သာသနာပြုကျောင်း မဖြစ်စေရန် သတ်မှတ်ထားသည်။

ထို့ပြင် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများအနေဖြင့် တစ်ဦးတည်းက တည်ထောင်ဖွင့်လှစ်လိုပါက မြန်မာနိုင်ငံသားဖြစ်ရန်၊ အဖွဲ့အစည်းက တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံသားဖြစ်ရန် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

## အခြေခံပညာ ဆရာ၊ ဆရာမများ ရာထူးတိုးပုံစံ ပြောင်းလဲရန် ဆွေးနွေးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၂၀**

အခြေခံပညာကျောင်းများတွင် သက်ဆိုင်ရာအတန်းအလိုက် ကျွမ်းကျင်ဆရာ၊ဆရာမများ ဆုံးရှုံးနေခြင်းကြောင့် ဆရာ၊ ဆရာမများ၏ ရာထူးတိုးမှုပုံစံကို ပြောင်းလဲသွားရန် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပညာရှင်များ ဆွေးနွေးနေကြောင်း သတင်းရရှိသည်။

လက်ရှိအချိန်၌ဆရာ၊ဆရာမများအား မူလတန်းပြမှ အလယ်တန်းပြ၊အလယ်တန်းပြမှ အထက်တန်းပြသို့ အဆင့်ဆင့်ရာထူး တိုးမြှင့်မှုစနစ်ကြောင့် မူလတန်းအဆင့်ပညာရေးတွင် လုပ်သက်ရင့်၊ အတွေ့အကြုံများသော အရည်အသွေးရှိဆရာ၊ဆရာမများ ယုတ်လျော့နေကြောင်း သိရသည်။

ထို့ကြောင့် ဆရာ၊ ဆရာမများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်တစ်ခုစီအတွက် သင်ကြားရေးဆိုင်ရာ စာတွေ့(ဘွဲ့)၊ လက်တွေ့ကျွမ်းကျင်မှုနှင့် လုပ်သက်အပေါ် မူတည်ပြီး အဆင့်တစ်ခုအတွင်း ပညာရှင်အဆင့် (၁)၊(၂)၊(၃) ဟူ၍ ရာထူးတိုးပေးခြင်း စနစ်ကို ကျင့်သုံးဆောင်ရွက်ရန် မြန်မာနိုင်ငံ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ပညာရှင်များက ဆွေးနွေး၍ အတည်ပြုခဲ့ကြသည်။

“ရာထူးတိုး ပုံစံပြောင်းမယ်ဆိုရင် စာမေးပွဲစိစစ်တဲ့ စနစ်ထားပေးမယ်ဆိုရင် ပိုကောင်းပါမယ်။ တချို့ဆရာ၊ ဆရာမ တွေက လုပ်သက်နဲ့ အတွေ့အကြုံရင့်နေပေမယ့် ကျွမ်းကျင်မှုမရှိတာတွေ ရှိနေတယ်။ လစာတိုးမြှင့်တာကတော့ လုပ်သက်အလိုက် တွက်ချက်ပြီးလည်း တိုးပေးစေချင်တယ်”ဟု ပဲခူးမြို့နယ်မှ အလယ်တန်းပြဆရာမတစ်ဦးက ဆိုသည်။

လက်ရှိအခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၏ လစာသည် ရှားပါးစရိတ်အပါအဝင် မူလတန်းအဆင့်အတွက် ကျပ်ကိုးသောင်းကျော်၊ အလယ်တန်းအတွက် ကျပ်တစ်သိန်းကျော်နှင့် အထက်တန်းအတွက် တစ်သိန်းတစ်သောင်းခန့် ရရှိနေသည်။

ခေတ်စနစ် အခြေအနေများကြောင့် ဆရာ၊ ဆရာမအများစုသည် လစာဝင်ငွေထက် ပိုမိုရရှိသော ဝိုင်းကျူရှင်ကို အားပြုသော အလေ့အထများ ပပျောက်သွားရန် လိုအပ်နေကြောင်း မြန်မာနိုင်ငံ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာ သုံးသပ်ရေးဆွေးနွေးပွဲတွင် ပညာရှင်များက ထောက်ပြခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ဘက်စုံပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရန် သုတေသနများပြုလုပ်ခြင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်နေခြင်းဖြစ်ပြီး ၎င်းရလဒ်များကို လွှတ်တော်နှင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ရန်ကုန်တက္ကသိုလ်တွင် သင်တန်း ၁၁ ခုဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၂၂**

ရန်ကုန်တက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (HRD)အစီအစဉ်ဖြင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည့် သင်တန်း၁၁ခုထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မနုဿဗေဒနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးဆိုင်ရာအသုံးချမှု (Applied Anthropology and Community Development)၊ အခြေခံစာကြည့်တိုက်နည်းပညာ (Basic Library Technical Service)၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှု (Myanmar History and Culture)၊ အာဆီယံလေ့လာမှု(ASEAN Studies)၊ နိုင်ငံရေးသိပ္ပံ(Political Science)၊ ကျင့်ဝတ်ဆိုင်ရာအသုံးချမှု(Applied Ethic)၊ အပင်တစ်ရှူးမျိုးပွားမှု(Plant Tissue Culture)၊ အဆင့်မြင့်အီလက်ထရွန်နစ်(Advanced Electronic)၊ အစားအသောက်နည်းပညာ(Food Technology) ၊ အလှကုန်နည်းပညာ(Cosmetic Technology) နှင့် အလှမွေးငါးမွေးမြူမှု(Ornamental Fish Keeping) သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်နေခြင်းဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်ဆိုင်ရာစာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

ရန်ကုန်တက္ကသိုလ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး(HRD)အစီစဉ်ဖြင့် လက်ရှိဆောင်ရွက်နေသော ဘွဲ့လွန်ဒီပလိုမာသင်တန်း ခြောက်ခုနှင့် မဟာဘွဲ့သင်တန်း သုံးခုကို ဆက်လက်ဖွင့်မည်ဖြစ်သလို အထက်ပါသင်တန်းများကိုတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်သည်ယခုပညာသင်နှစ်မှစ၍ ထူးချွန်ကျောင်းသားများကို ဘွဲ့ကြိုသင်တန်းမှ ပါရဂူဘွဲ့ရရှိသည်အထိ လေ့ကျင့်ပျိုးထောင်သွားရန် ကြေညာထားပြီး အခြားသင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။




# မင်္ဂလာပါ မြန်မာ ...

## ကျွန်ုပ်တို့က *MTN* ပါ။ သင်တို့ကို ကမ္ဘာကြီးနဲ့ ချိတ်ဆက်ပေးဖို့ အခုလိုအရောက်လာခဲ့တာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် တောင်အာဖရိကတွင် စတင်မွေးဖွားခဲ့တဲ့ ကမ္ဘာ့မိုဘိုင်း ကြေးနန်းဆက်သွယ်ရေး ကုမ္ပဏီ ဖြစ်ပါသည်။ ထွန်းသစ်စ ဈေးကွက်ဖြစ်သည့် တောင်အာဖရိကတွင် ၁၉၉၄ ခုနှစ်တွင် ကျွန်ုပ်တို့၏ ကွန်ယက်ချိတ်ဆက်မှုကို စတင်ခဲ့ပါသည်။ တောင်အာဖရိကနှင့် မြန်မာတွင် တူညီမှု အချို့ရှိပါသည်။ *MTN* သည် နိုင်ငံ ၂၂ နိုင်ငံ တွင် သုံးစွဲသူ သန်း ၂၀၀ နီးပါးကို ချိတ်ဆက်ဝန်ဆောင်မှု ပေးနေပါသည်။

နိုင်ငံသစ်တစ်ခုတွင် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုစတင်သည့်အခါတိုင်းတွင် အဆိုပါနိုင်ငံ၊ ပြည်သူများနှင့် ပြည်တွင်းစီးပွားရေးအတွက် ကျွန်ုပ်တို့နှင့်အတူ ရေရှည် တည်တံ့သော စစ်မှန်သော အသွင်ပြောင်း လဲမှု ကို တပါတည်း ယူဆောင်သွားလေ့ရှိသည်။ မြန်မာနိုင်ငံအတွက်လည်း အလားတူ ဆောင်ရွက် ပေးချင်ပါသည်။ ကျွန်ုပ်တို့ယူဆောင်လာမည့်အကျိုးကျေးဇူးများအတွက်လည်း ယုံကြည်မှုအပြည့်အဝ ရှိပါသည်။

*MTN* သည် စစ်မှန်သော ကုန်ပစ္စည်းပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှုကြောင့် နိုင်ငံပေါင်းများစွာတွင် ဦးဆောင်နေသည့် မိုဘိုင်းအော်ပရေတာ ဖြစ်လာခဲ့သည်။ သုံးစွဲသူများ၏ လိုလားချက်များသည် တစ်နိုင်ငံ နှင့် တစ်နိုင်ငံ ကွဲပြားခြားနားသည်ကို နားလည်သဘောပေါက်သဖြင့် ဈေးကွက်တစ်ခု ချင်းစီ၏ လိုလားတောင်းဆိုမှုများကို မှန်ကန်စွာ သဘောပေါက်စေရန် ကျွန်ုပ်တို့ ကြိုးစား အားထုတ်ပါသည်။

ထို့ကြောင့် သုံးစွဲသူများ၏ ဘဝနေထိုင်မှုပုံစံကို တန်ဖိုးဖြည့်စွက်ပေးမည့်၊ သုံးစွဲသူများအတွက် အမှန်တကယ် လိုအပ်သည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေး၊ ဆောင်ရွက်ပေး ပါသည်။ ကမ္ဘာနှင့် အဝှမ်းတွင် ဝန်ဆောင်မှုများပေးနေသဖြင့် *MTN* သည် သက်ဆိုင်ရာ နိုင်ငံမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပါသည်။ ပြည်သူများနှင့် ၎င်းတို့၏ အလားအလာများအတွက် ရင်းနှီးမြှုပ်နှံပါသည်။

*MTN* တွင် နိုင်ငံပေါင်း ၅၀ မှ ဝန်ထမ်းများခန့်အပ်ထားပြီး၊ ၎င်းတို့သည် အချိန်ကွာခြားချက် ဇုန်အမျိုးမျိုး ကို ဖြတ်သန်း၍ ကျွန်ုပ်တို့၏ သုံးစွဲသူတစ်ဦးချင်းစီအတွက် ရဲရင့်သစ်လွင်သောဒစ်ဂျစ်တယ်ကမ္ဘာကို ဖန်တီးယူဆောင်ပေးနိုင်ရန် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက် နေသည့် နိုင်ငံများတွင် သဘောကျနှစ်သက်ခံရသည့် အလုပ်ရှင်ဖြစ်ခွင့်ရသည့်အတွက် အလွန် ဂုဏ်ယူမိပါသည်။

ကျွန်ုပ်တို့သည် ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုပေးနေသည့်အပြင် အမျိုးမျိုးကွဲပြားသော ဝန်ထမ်းအင်အားစုများနှင့် အတူ ခိုင်ခံ့အားကောင်းသော ဖောင်ဒေးရှင်းတစ်ခုတည်ထောင်ရန် လိုအပ်သည်။ *MTN* သည် လူတစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ပေးပြီး၊ ကမ္ဘာနှင့် လည်းကောင်း အာဖရိက မှသည် အာရှသို့ လည်းကောင်း ချိတ်ဆက်ပေးသည်။ ဤအကြောင်းပြချက်သည် ကျွန်ုပ်တို့ တည်ရှိနေရသည့် အကြောင်းအရင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီအရွယ်အစားကြီးမားခြင်းကြောင့် အကျိုးကျေးဇူးကောင်းတစ်ခုမှာ လူသားဘဝ ပိုမိုတိုးတက် ကောင်းမွန် မြင့်မားရေးအတွက် ပြောင်းလဲမှု ယူဆောင်ပေးနိုင်သော အနေအထား ကောင်းတစ်ခု ဖြစ်သည်။ *MTN* သည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး နှင့် အင်တာပရိုက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် ဖောင်ဒေးရှင်း ၁၅ ခု ကို စီမံခန့်ခွဲလျက် ရှိသည်။

*MTN* သည် တောင်အာဖရိကတွင်စတင်ပြီး ကမ္ဘာ့နိုင်ငံများနှင့် ၎င်းတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အသွင်ပြောင်းလဲမှုတို့၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများကို ကျွန်ုပ်တို့ ချစ်မြတ်နိုးပါသည်။ တောက်ပသည့်မြန်မာ့အနာဂတ် ဖော်ဆောင်ရေးတွင်လည်း တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်လိုပါသည်။

Please visit us at *www.mtn.com*

***everywhere you go***

# မလေးရှားပြန် အလုပ်လျှောက်ထားသူများကို ခေါ်ယူသူမရှိသေး

အေးမြတ်သူ

ရန်ကုန်၊ ဇွန်-၂၄

ပြည်တွင်းလုပ်ငန်းရှင်များက မလေးရှားပြန် မြန်မာအလုပ်သမားများကို အလုပ်ခန့်ထားရန် တရားဝင်အလုပ်ခေါ်ဆိုထားခြင်း မရှိသေးကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံမှပြန်လာ၍ ပြည်တွင်း၌အလုပ်လုပ်လိုသူများ၏ အလုပ်လျှောက်လွှာများကို လက်ခံနေရာ လျှောက်လွှာစတင်လက်ခံရရှိသည့်အချိန်မှစ၍ ဇွန် ၂၃ ရက်အထိမလေးရှားပြန် အလုပ်သမား ၃၈၀ ဦးလာရောက်လျှောက်ထားသည်။ ၎င်းလျှောက်ထားသူများတွင် မလေးရှားမှ ပြန်လာသူများအပြင် ပြည်တွင်းမှအလုပ်သမား ၁၅ဦးလည်း ပါဝင်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

အလုပ်သမားဝန်ကြီးဌာနက ဇွန် ၁၉ ရက်မှစ၍ မလေးရှားနိုင်ငံမှ ပဋိပက္ခကြောင့် ပြည်တွင်းသို့ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားအလုပ်အကိုင်ရရှိရန် လုပ်ငန်းရှင်များနှင့် ဆွေးနွေးနေကြောင်း သတင်းရရှိသည်။ သို့သော်လုပ်ငန်းရှင်များ အနေဖြင့် ဆွေးနွေးလျက်ရှိပြီး တရားဝင်လုပ်သားခေါ်ဆိုခြင်းမရှိသေးကြောင်း သတင်းရရှိသည်။



*မလေးရှားနိုင်ငံမှ ပြန်လာသူအချို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"အခုလောလောဆယ်တော့ ဆက်သွယ်ထားတာမရှိသေးဘူး။ လာဆွေးနွေးတဲ့ သဘောလောက်ပဲရှိသေးတယ်။ များသောအားဖြင့် စက်မှုဇုန်ထဲက အထည်ချုပ်လုပ်ငန်းရှင်တို့၊ ဆောက်လုပ်ရေး လုပ်ငန်းက လုပ်ငန်းရှင်တွေလောက်ပဲ ဆွေးနွေးထားသေးတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မလေးရှားနိုင်ငံမှ အကြမ်းဖက်ပဋိပက္ခဖြစ်ပွားခဲ့မှုကြောင့် ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမား တစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

# မလေးရှားကုန်စိမ်းဒိုင်လုပ်ငန်း မြန်မာဒုက္ခသည်များနေရာယူ

ခင်မေဇော်

ကွာလာလမ်ပူ၊ ဇွန်-၂၃

မလေးရှားနိုင်ငံရောက် မြန်မာဒုက္ခသည်များ(UNHCRကတ်ကိုင်ဆောင်ထားသူများ) လုပ်ငန်းလုပ်ခွင့်မရှိသော်လည်း ဆီလန်ဂေါနှင့် ကွာလာလမ်ပူမှ ဈေးများတွင်ဟင်းသီးဟင်းရွက်များ ရောင်းချနေကြကြောင်း သတင်းရရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲနှင့်လူဝင်မှုတို့အနေဖြင့် မြန်မာဒုက္ခသည်များနှင့် ပတ်သက်၍ တင်းတင်းကျပ်ကျပ်ကိုင်တွယ်ပေးရန်မလေးရှား ဟင်းသီးဟင်းရွက်လက်ကားအသင်းက တိုင်ကြားလိုက်သည်။ ၎င်းတို့အနက် အချို့သည် အခြားဒုက္ခသည်များကိုပင် ငှားရမ်းလုပ်ကိုင်စေသည် ဟု ဘဏ္ဍာရေးမှူးချောင်တက်ကွန်က ဆိုသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပေးထားသော ဒုက္ခသည်ကတ်ပြားကိုင်ဆောင်သူရာနှင့်ချီပြီး ကုန်အရောင်းဒိုင်များတွင် လုပ်ကိုင်နေကြသည်ဟု ၎င်းကပြောဆိုသည်။ အခြားနေရာများရှိ ကုန်စိမ်းဒိုင်များတွင်လည်း တရားမဝင်ရောင်းဝယ်မှုများရှိနေကြသော်လည်း ကလန်ဗယ်လီတွင်သာ ပြဿနာများ ပျံ့နှံ့ဖြစ်ပွားနေသည်ဟုလည်း ဆိုသည်။

ဤလုပ်ရပ်များကြောင့် ကုန်စိမ်းဒိုင်ဖွင့်ထားသော အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းတွင် နစ်နာမှုရှိလာကြောင်း၊ မြန်မာဒုက္ခသည်များက စိုက်ပျိုးသူများထံမှ တိုက်ရိုက်ရယူရောင်းချနေသည့်အတွက် မလေးရှားကုန်စိမ်းဒိုင်အဖွဲ့အမြတ်ငွေ၏ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ရသည်ဟု ဆိုသည်။ အချို့ဒုက္ခသည်များသည် အလုပ်ရှင်များဖြစ်လာပြီး UNHCR က ၎င်းတို့အတွက် တတိယနိုင်ငံသို့ပို့ရန်စီစဉ်ခြင်းကိုပင် ငြင်းဆိုကြကြောင်း သူက ဆိုသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောဆိုချက်အရမြန်မာဒုက္ခသည်များသည် ကိုယ်ပိုင်စီးပွားရေးလုပ်ခွင့်မရှိဘဲ အကူလုပ်သားများအဖြစ်သာ လုပ်ခွင့်ရှိသည်ဟု သတ်မှတ်ထားသည်။


## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

နယ်ဟိုတယ်အတွက်ဧည့်ကြို(ကျား/မ) အလိုရှိသည်။
ဖုန်း-၀၉-၄၂၈၃၃၃၇၈၀

---

**AMAZING ONE HOTEL MART**
1.Marketing Manager (M/F-1)
2.Marketing Staff (M-1)
No. 137, University Avenue Road, Kamayut Township,Yangon.
Ph: (95-1) 502236

---

၁။ Internet & E-mail ကျား/မ(၂) ဦး
၂။ စာရင်းကိုင် ကျား/မ(၂)ဦး
၃။ Driver ကျား (၂)ဦး
အမှတ်(C-၁၂၂)၊ဟိန္ဒားလမ်း၊တောင်ဒဂုံစက်မှုဇုန်(၃)၊တောင်ဒဂုံမြို့နယ်။
ဖုန်း-၀၉-၅၁၁၃၃၁၂

---

၁။ P2 Game+Computer ဆိုင်အကူ ကျား (၁) ဦး၊ တရုတ်နီ 3 KW မီးစက်ကျွမ်းကျင်စွာ နှိုးနိုင်ရမည်။
ဖုန်း-၀၉-၄၂၂၅၁၅၀၉၅

---

**King Group Construction Co.Ltd**
1. Site Engineer M/F (2) Posts
2. Marketing M/F (4) Posts
3. လက်သမားလုပ်ငန်း ကျွမ်းကျင်လုပ်သားများ။
No.C-66, ပိတောက်ဝါ(၉)လမ်း၊FMI City အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၆၀၃၀၉၁

---

A+ Hardware, Network သင်ကြားနိုင်သူ (ကျား/မ-၂)ဦး၊ LCCI I,II သင်ကြားနိုင်သူ (ကျား/မ -၂) ဦး၊ MYOB & Auto Count Computer သင်ကြားနိုင်သူ (ကျား/မ -၂) ဦး။
အမှတ်- ၃၅၆၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းထိပ်။
ဖုန်း-၂၅၃၂၉၃

---

Supervisor (ကျား-၅ ဦး)၊ အသက် (၂၅-၃၅)နှစ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အထွေထွေဝန်ထမ်း(ကျား-၁၀ ဦး)၊ အသက် (၂၀-၃၅)နှစ်။ ယာဉ်မောင်း (ကျွမ်းကျင်) (ကျား-၂ ဦး)၊ အသက် (၂၅-၄၀)နှစ်။ အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း-၀၉-၇၃၀၂၇၇၃၃

---

**Dear Mr/Ms The Wheel Travel & Tours**
1. Office Staff (F-1 Post)
အမှတ်-၈၂ဘီ၊ မြေညီထပ်၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၃၂၂၁၂

---

Media တွင် တာဝန်ထမ်းဆောင်ရန် ဈေးကွက်ရှာဖွေသူများ အလိုရှိသည်။ အချိန်ပိုင်းအလုပ်ဖြစ်သည်။
mascotmedia.mm@gmail.com
PH: 09-42004703

---

၁။ Copywriter ကျား/မ(၁) ဦး
No.(59), Hlaing Myin Moe Lane-2, Kan Road, Hlaing Township, Yangon.
Ph: 01-507102

---

မန်နေဂျာ (ကျား-၁ ဦး)၊ ကြီးကြပ်ရေးမှူး (ကျား- ၁ ဦး)၊ ကြေးအိုးဆရာ (ကျား-၁ ဦး)၊ Cashier (မ- ၁ ဦး)။ အမှတ်စဉ်အားလုံးအတွက် အချိန်ပြည့်နေနိုင်ရမည်။ နယ်မှလာသူ ဦးစားပေးမည်။ အမှတ်(၄၈/၅၇)၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၃၈၈၄၈

---

**Naing Lin- Air Con**
Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကျွမ်းကျင်စွာပြုပြင်နိုင်သူများ အလိုရှိသည်။ အမှတ်-၁၇၈၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း-၀၉-၅၀၉၅၉၁၆

---

**'စေတနာ'အထွေထွေဝန်ဆောင်မှု**
Office Staff, Computer ရ ကျား/မ (၅) ဦး၊ Computer Operator ဘွဲ့ရ ကျား/မ(၅) ဦး၊ Site Engineer AutoCAD 2D, 3D ရ ကျား/မ (၅) ဦး။
အမှတ်-၁၈၇ (ခ)၊ ပထပ်၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်။

---

**E@sy Net Internet Cafe**
အင်တာနက်ဆိုင်တွင် အကူဝန်ထမ်း ကျား (၂) ဦး အမြန်အလိုရှိသည်။
ဖုန်း-၀၁-၃၈၈၁၂၉

---

(1) Image Diplomacy (iD)
If interested please send your CV to myanmar@imagediplomacy.com

---

Tour Manager တစ်ဦး အမြန်အလိုရှိသည်။ ဖုန်း-၀၁-၃၈၃၆၆၅

---

**Stationary Shop**
၁။ Cashier မ (၁) ဦး
၂။ စာရင်းကိုင် (LCCI III) မ(၁) ဦး
နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန်။
ဖုန်း-၀၁-၄၀၁၄၀၅

---

Air-Con ကျွမ်းကျင် (၅) ဦး
ဖုန်း-၀၉-၇၃၁၇၀၁၆၈

---

Marina Residence ၏ Hibiscuz Aromathery & Health Massages တွင်အမျိုးသမီးဝန်ထမ်း(၂)ဦးအလိုရှိသည်။ အမှတ်-၈၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။ဖုန်း-၀၁၆၅၀၆၅၁

---

ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး(၃)နှစ် ရှိရမည်။ ရုံးကား/လစာ ညှိနှိုင်း။
ဖုန်း-၀၁-၅၄၁၂၂၅

---

စက်ချုပ်ကျွမ်းကျင် (မ- ၃ ဦး)၊ ကျွမ်းကျင်မှုအပေါ် မူတည်၍ ပေးနှုန်းညှိနှိုင်းပေးမည်။
ဖုန်း-၀၉-၄၃၀၆၅၈၁၂

---

**စေတနာအထွေထွေဝန်ဆောင်မှု**
Accountant (LCCI-III) မ(၅) ဦး
Marketing ကျား/မ(၅)ဦး
အရောင်း နေ/စားငြိမ်း ကျား/မ (၅) ဦး
ယာဉ်မောင်း/ကားမျိုးစုံ ကျား(၃) ဦး
အမှတ်- ၁၈၇(ခ)၊ ပထပ်၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်။

---

ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ ယာဉ်မောင်းကျွမ်းကျင်ရမည်။ အင်္ဂလိပ်စကားပြော အနည်းငယ်နားလည် ပြန်ပြောနိုင်ရမည်။ လစာကောင်းမည်။
ဖုန်း-၀၁-၅၅၃၇၇၉

---

**ဂရင်းလိ(ဖ်) ဖြန့်ချိရေး**
အရောင်းကြီးကြပ်ရေးမှူး (ကျား-၁၊ မ-၁) ဦး၊ အရောင်းမြှင့်တင်ရေးဝန်ထမ်း(ကျား-၂၊မ-၃)ဦး၊ အရောင်းဝန်ထမ်း (ကျား- ၂၊ မ-၂)ဦး၊ အရောင်းအကူ ဝန်ထမ်း (ကျား- ၂၊ မ- ၂) ဦး။ အဆိုင်အမှတ်-C-45၊ ဒုတိယထပ်၊ ရွှေပြည့်စုံဈေး၊ မင်္ဂလာဈေးကြီးအတွင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၉-၅၀၁၆၃၂၈

---

Driver M(2) Posts
၁။ ကားသေး/ကြီး ၁ ဦး
၂။ အိမ်စီးကား ၁ ဦး
D9, Kabar Aye Villa. Mayangone Township, Yangon. Ph: 655829

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

မျက်နှာဖုံးမှ

# အနာဂတ်မရေရာသည့် မြန်မာ့ခရီးသွားလုပ်ငန်း



ဓာတ်ပုံ - ကျော်ဇင်သန်း

ကမ္ဘာ့စီးပွားရေးဖိုရမ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အာဆီယံထိပ်သီးအစည်းအဝေးများကြောင့် သံတမန်များ၊ အားကစားသမားများ၊ စီးပွားရေးသမားများကြောင့်၊ ၂၀၁၃-၂၀၁၄ တွင် နိုင်ငံခြားသား လာရောက်မှုမှာ သိသိသာသာ လျော့မသွားနိုင်သော်လည်း ကမ္ဘာလှည့်ခရီးသွား လာရောက်မှုမှာ လာမည့် ရာသီတွင် လျော့သွားဖွယ်ရှိသည်။

ဦးသိန်းစိန်အစိုးရတက်လာပြီးနောက် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ၊ နိုင်ငံတကာ သံတမန်များနှင့် စီးပွားရေးလုပ်ငန်းရှင်များလာရောက်မှုမြင့်တက်လာပြီး ဟိုတယ်အခန်းခများမှာ ဈေးတက်လာခဲ့သည်။

ပြီးခဲ့သည့် ၂နှစ်နှင့် နှိုင်းယှဉ်လျှင် ဟိုတယ်အခန်းခ ဈေးနှုန်းများ သုံးဆခန့်တက်သွားပြီး ဒေသတွင်းနိုင်ငံများတွင် ဈေးအကြီးဆုံး နိုင်ငံဖြစ်လာခဲ့သည်။ အထူးသဖြင့် ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်များ၏ အခန်းခဈေးနှုန်းများမှာ သိသိသာသာ ဈေးတက်သွားခဲ့ပြီး ဟိုတယ်အခန်းရရန်ပင် မလွယ်ကူသော အခြေအနေထိ ဖြစ်လာသည်။

“ဟိုတယ်တွေက ဈေးကြီး၊ Guide (ဧည့်လမ်းညွှန်)တွေကလည်းဈေးကြီး၊ ဝင်ကြေးတွေကမြင့်၊ အခန်းကလည်းမရဆိုတော့ ဒီနှစ်ဆို ရောင်းချင်စိတ်တောင် မရှိပါဘူး” ဟု 7 Day ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မဒါလီက ပြောသည်။

ထို့အပြင် ဟိုတယ်များက တည်းခိုရန်အတွက် အခန်းမှာယူစဉ်ကပင် ကြိုတင်ငွေပေးချေရမည့် ပေါ်လစီ ကျင့်သုံးလာကြသဖြင့် ခရီးသွား ကုမ္ပဏီများအနေဖြင့် ခရီးစဉ်များချရန် ပိုမိုခက်ခဲလာသည်ဟု ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောကြားသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မတည်းခိုဖြစ်ပါက မှာယူထားသော အခန်းအတွက် ပေးချေထားရသည့် စရန်ငွေကို ပြန်မအမ်းပါ (Non-Refund)ဟု ဟိုတယ်နှင့် ခရီးသွား ကုမ္ပဏီများကြား ချုပ်ဆိုထားသော စာချုပ်များတွင် ပါရှိလာသည်။

“ဘွတ်ကင်တင်ထားတဲ့ အခန်းကိုရက်ပေါင်း၆၀ အတွင်း၊ရက်ပေါင်း ၉၀ အတွင်း Cancel (ဖျက်သိမ်း)လုပ်လည်း စရန်ကပြန်မရဘူး”ဟု ခရီးသွားကုမ္ပဏီတစ်ခုမှ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးက ပြောသည်။

ပုံမှန်အားဖြင့် နိုင်ငံတကာ ဟိုတယ်များတွင် ၄၅ ရက်မတိုင်မီ မှာယူထားသော အခန်းကို ပြန်လည် ဖျက်သိမ်းပါက ငွေကြေး တစ်စုံတစ်ရာမပေးရဘဲ ဂျာမနီနိုင်ငံတွင် ခရီးစဉ်မတိုင်မီ တစ်လကြို၍ ခရီးစဉ်ဖျက်သိမ်းပါက ငွေကြေးတစ်စုံတစ်ရာမပေးရချေ။ ပြည်ပနိုင်ငံများရှိခရီးသွားကုမ္ပဏီများက မြန်မာနိုင်ငံအတွက် ခရီးစဉ်များရောင်းချရာတွင် အနည်းဆုံးခြောက်လ၊ တစ်နှစ်ကြိုရောင်းချကြသည်။

ထို့ကြောင့်ပင် ခရီးသွားများ လာရောက်မှုနည်းသော ယခုနှစ်မေလအတွင်း ကမ္ဘာ့လှည့် ခရီးသည်များ ဝင်ရောက်မှုများလျော့နည်းနေသည်။

“ဒီနှစ်မိုးရာသီက မနှစ်ကထက်နည်းတယ်။ လာမယ့်ရာသီအတွက်ကသိပ်မရှိသေးဘူး”ဟု ပုဂံဒေသရှိသိရိပစ္စယာဟိုတယ်မှ ဈေးကွက်မန်နေဂျာ မစုစုခိုင်က ပြောသည်။

ထို့အပြင် ဧည့်သည် ရရှိမှုနည်း ပါးသဖြင့် ဂျာမနီအခြေစိုက် Condo လေကြောင်းလိုင်းနှင့် ဟောင်ကောင်အခြေစိုက် EVA လေ ကြောင်းလိုင်းများမှ မြန်မာနိုင်ငံသို့ ပျံသန်းသော ခရီးစဉ်များ ရပ်နားထားခဲ့ကြသည်။

> ပြီးခဲ့သည့် ၂နှစ်နှင့် နှိုင်းယှဉ်လျှင် ဟိုတယ်အခန်းခ ဈေးနှုန်းများမှာ သုံးဆခန့်တက်သွားပြီး ဒေသတွင်း နိုင်ငံများတွင် ဈေးအကြီးဆုံး နိုင်ငံဖြစ်လာခဲ့သည်။ အထူးသဖြင့် ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်များ၏ အခန်းခဈေးနှုန်းများမှာ သိသိသာသာဈေးတက်သွားခဲ့ပြီး ဟိုတယ်အခန်း ရရန်ပင် မလွယ်ကူသောအခြေအနေထိ ဖြစ်လာခဲ့သည်။

“အစ်မတို့လည်း Connection Flight တွေရှိလို့တော်နေသေးတယ်”ဟု စင်ကာပူမှ မြန်မာနိုင်ငံသို့ ပျံသန်းနေသော Silk Air လေကြောင်းလိုင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

သို့သော် အစိုးရက ပြုစုထားသော စာရင်းများအရ ယခုနှစ်မေလအတွင်း ရန်ကုန်လေဆိပ်သို့ ဧည့်သည် ဝင်ရောက်မှုမှာ ယမန်နှစ်ကထက် ၄၀ ရာခိုင်နှုန်း ပိုများခဲ့သည်။

ထို့အပြင် ၂၀၁၁ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသည်ဝင်ရောက်မှုမှာ နှစ်စဉ်မြင့်တက်လာခဲ့ပြီး နှစ်စဉ် ၃၀ ရာခိုင်နှုန်းခန့် တိုးလာခဲ့၍ ပြီးခဲ့သည့် နှစ်တွင် ရန်ကုန်လေဆိပ် ဝင်ပေါက်မှ နိုင်ငံခြားသား ခြောက်သိန်းခန့်ဝင်ရောက်ခဲ့သည်။

ထို့ကြောင့် လိုအပ်လျက်ရှိသော ဟိုတယ်အခန်းများ တိုးချဲ့ရန်အတွက် ဟိုတယ်အသစ်များ တိုးချဲ့တည်ဆောက်လာကြသည်။ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ Novotel Hotel Center , Point Hotel၊ Amara Rose Hotelတို့ဖွင့်ရန်ပြင်ဆင်နေပြီး ဟိုတယ်အခန်းပေါင်း ၈၀၀ ကျော် တိုးလာမည်ဖြစ်သည်။

အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း ဟိုတယ်အခန်းပေါင်း ၄၀၀၀ ခန့်ရရှိရန် မြန်မာနိုင်ငံအနှံ့ အပြားတွင်စီမံကိန်းများအကောင်အထည်ဖော်လျက်ရှိသည်။

“ဟိုတယ်အသစ်တွေဖွင့်လာရင်တော့ အခြေအနေကောင်းလာနိုင်တယ်။ အပြိုင်အဆိုင်ဖြစ်လာရင်တော့ ဈေးတွေလည်းဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးတွေဖြစ်လာလိမ့်မယ်”ဟု 7 Day ခရီးသွားကုမ္ပဏီမှ မဒါလီက ပြောသည်။

ဟိုတယ်အခန်းခဈေးနှုန်းများကြီးကာ ဟိုတယ်များ၏ ဝန်ဆောင်မှု နိုင်ငံတကာ အဆင့်မမီကြသေးသော်လည်း မြန်မာနိုင်ငံ အခြေအနေမှာ နိုင်ငံတကာမှာ သံတမန်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှု များနေသဖြင့် နိုင်ငံခြားသားများ ဝင်ရောက်မှုမှာ ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ဝင်ရောက်မှုလျော့မသွားနိုင်ဘဲ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုသာ လျော့ကျသွားနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များကခန့်မှန်းကြသည်။

မကြာသေးမီက နေပြည်တော်တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် လက်ရှိနေပြည်တော်တွင်ကျင်းပနေသောကျောက်မျက်ရတနာပြပွဲများကြောင့် နေပြည်တော်တွင် ဟိုတယ်အခန်းများ ဈေးနှစ်ဆခန့် မြင့်တက်သွားပြီး ဟိုတယ်များတွင်လည်း ဧည့်သည် အပြည့်အလျှံ ရရှိနေကြသည်။

ထို့အပြင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်ရန်ကုန်-နေပြည်တော် မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် အရှေ့တောင်အာရှအားကစားပွဲများ ပြုလုပ်မည်ဖြစ်သဖြင့် ထိုကာလအတွက် ဟိုတယ်များ အခန်းပြည့်နီးပါး ရရှိထားကြသည်။

အလားတူ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူမည့် ၂၀၁၄ တွင် အာဆီယံထိပ်သီးအစည်းအဝေးအပြင် ဆက်စပ်အစည်းအဝေးများကြောင့် ရန်ကုန်နှင့်နေပြည်တော်ဟိုတယ်များတွင်မူ နိုင်ငံတကာသံတမန်ဧည့်သည်များ ထပ်မံရရှိကြဦးမည်ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်မြို့နှင့် နေပြည်တော်မြို့များတွင် ဧည့်သည်ဝင်ရောက်မှုများ လျော့နည်းမသွားနိုင်သော်လည်း “ပုံမှန်ကတော့ ကျသွားမှာမဟုတ်ဘူး။ ရေရှည်မှာတော့ အပန်းဖြေလေ့လာရေးခရီးစဉ်တွေကတော့ နှေးသွားနိုင်တယ်။ ရှိပြီးသားဈေးကွက်ရှယ်ယာကျသွားနိုင်တယ်”ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က သုံးသပ်သည်။

သို့သော် အခြေခံလူတန်းစားများနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို မှီခိုလုပ်ကိုင်နေသူများအတွက် ကမ္ဘာလှည့်ခရီးသွားများကသာ များစွာအထောက်အကူပြုနိုင်သည်။

TRADEMARK CAUTION
F.Hoffmann-La Roche AG a company incorporated in Switzerland at 124, Grenzacherstrasse,4070 Basel, Switzerland is the Owner and Sole Proprietors of the following Trademark :

GAZYVA

Reg. No. 4/5319/2013
In respect of : Pharmaceutical preparations.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 951371990 26 June 2013

ဝန်ထမ်းအလိုရှိသည်

1) Assistant Editor F (1 )Post
2) Editorial Staff F (1 )Post
3) DTP Operator M/F (1 )Post

- အသက်(၁၈)နှစ်မှ (၂၅) နှစ်အတွင်း ရှိသူဖြစ်ရမည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။
- ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။
- အမှတ်စဉ်(၁)နှင့်(၂) အတွက် လျှောက်ထားသူများသည် ဖက်ရှင်နှင့် အလှအပဆိုင်ရာများကိုစိတ်ပါဝင်စားပြီး စာမူများရေးသားနိုင်သူဖြစ်ရမည်။
- အမှတ်စဉ် (၃) အတွက် Microsoft Excel၊ Adobe Pagemake၊ Indesign ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်းအထောက်အထား မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

မြန်မာပီးပဲလ်မဂ္ဂဇင်း

အခန်းအမှတ်(G-12)၊ မြေညီထပ်၊တိုက်(B)၊ Diamond Centre၊ အမှတ်(၄၉၇) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း:၅၂၃၉၁၁~၁၈

# ပြုပြင်ပြောင်းလဲမှု အခြေခံလူတန်းစား မခံစားရသေး

ချစ်ဝိုင်း၊ ဖွဲ့မာန်

ရန်ကုန်၊ဇွန်- ၂၄

စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းလာခဲ့သည်မှာ ၂နှစ်ခွဲ ခန့်ရှိပြီဖြစ်သော်လည်း နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အခြေခံလူတန်းစားများ မခံစားရသေးကြောင်း ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးရပ်ကွက်များမှ အခြေခံ လူတန်းစားများက ပြောသည်။

“စစ်တပ်အုပ်ချုပ်တုန်းကလည်း ထမင်းသုံးနပ်မစားခဲ့ရဘူး။ အခုလည်း ထမင်းသုံးနပ်မစားရဘူး။ ဘယ်သူပဲ အုပ်ချုပ်နေပါစေ ဘာမှ မပြောင်းလဲဘူး။ အခုဖြစ်နေတဲ့ပြဿနာတွေကိုလည်း စိတ်မဝင်စားဘူး”ဟု တောင်ဥက္ကလာပမြို့နယ်တွင် ငှက်ပျောသီး ရောင်းသူဒေါ်တင်တင်ဝင်းကပြောသည်။

မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုလျှော့ချရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော်လည်း အမှန်တကယ်လိုအပ်နေသော အောက်ခြေအဆင့်ထိ မရောက်သေးဘဲ အခြေခံလူတန်းစားများ စားဝတ်နေရေး ကိုသာ အဓိကပြဿနာတစ်ရပ်အနေဖြင့် ဖြေရှင်းနေရသည်။

“စစ်တပ်လည်း ဒီပုံစံ၊ သမ္မတလည်း ဒီပုံစံပဲ။ ပြောင်းလဲသွားတာတစ်ခုမှ မရှိဘူး။ အခုဆိုရင် လိုင်စင်မဲ့ဆိုက်ကားတွေပေါ်လာတော့ တစ်နေ့ကို သုံးထောင်ရဖို့ မနည်းရှာနေရတယ်”ဟု တောင်ဥက္ကလာပမြို့နယ်အနေးယာဉ် လုပ်သားကိုမျိုးက သူ၏အမြင်ကို ပြောသည်။

မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်ပေါ်ခဲ့သော အချိန်ကာလ၌ အခြေခံလူတန်းစားများအနေဖြင့် မိမိတို့၏ ဘဝများကိုတိုးတက်လာစေရန် အစိုးရသစ်မှ များစွာအကူအညီထောက်ပံ့မှုများပေးရန် လိုလားကြပြီး ယခုအချိန်ထိ ထောက်ပံ့မှုတစ်စုံတစ်ရာမရသေးကြောင်း အခြေခံ လူတန်းစားများကပြောသည်။

“သမ္မတလက်ထက်ရောက်ပြီး ဒီမိုကရေစီခေတ်ရောက်မှပဲ နေစရာမြေမရှိဖြစ်တော့တယ်။ စစ်အစိုးရလက်ထက်တုန်းက အာဏာရှိတဲ့ သူတွေကို လစာပေးပြီး နေရင်ရတယ်။ အခုတော့ သောင်ပြင်မှာ လွှတ်တဲ့ ခွေးလိုပဲ။ အကြီးမားဆုံးပြောင်းလဲမှုကတော့ နေစရာမရှိ၊ စားစရာမရှိ ဒုက္ခရောက်တာ ပိုဆိုးလာတယ်”ဟု လှိုင်သာယာတွင် ကျူးကျော်တဲများမှ ရွှေ့ပြောင်းခံရသူတစ်ဦးက ပြောကြားသည်။

အစိုးရသစ် တက်လာပြီးနောက်ပိုင်းတွင် အစိုးရဝန်ထမ်းများ လစာတိုးပေးခြင်း၊ အခြေခံလုပ်ခလစာများ သတ်မှတ်ပေးခြင်းတို့ကို ဆောက်ရွက်ခဲ့သည်။ ထိုသို့ တိုးပေးရာတွင် ပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်နေသောအခြေခံလူတန်းစားများ၏ လုပ်ခမှာ တိုးမလာသည့်အတွက် အခြေခံလူတန်းစားမှာ ကြီးမြင့်လာသောကုန်ဈေးနှုန်းကြား ပိုမိုရုန်းကန်နေရသည်ဟုရင်းတို့ကဆိုသည်။

“အရင်အစိုးရတုန်းကလည်း ဒီလစာပဲ။ အခုလည်း ဒီလစာပဲ။ ဘာမှမကွာဘူး။ အလုပ်ချိန်ကလည်းအတူတူပဲ။ ထမင်းနပ် မှန်ရုံစားနေရလို့တော်သေးတယ်”ဟု လှိုင်သာယာအထည်ချုပ်စက်ရုံတွင်လုပ်ကိုင်နေသော အမျိုးသမီးတစ်ဦးကပြောသည်။

“တကယ်တော့ ကျွန်တော်ထင်ထားတာက အစိုးရသစ်တက်ရင် ကျွန်တော်တို့ မိသားစုဘဝတိုးတက်လာနိုင်တယ်လို့။ အခုတော့ အရင်အစိုးရလက်ထက်အတိုင်းပဲ။ တစ်နေ့လုပ်ခကို ဘာဖြစ်လို့ ညာဖြစ်လို့ဆိုပြီးဖြတ်တယ်။ လုပ်ငန်းခွင်မှာ ထိခိုက်မှု ရှိခဲ့ရင်လည်း ပိုင်ရှင်ကတော့သိန်းနဲ့ချီပြီး လျော်ပါရဲ့၊ ကျွန်တော်တို့လက်ထဲရောက်တော့ သောင်းဂဏန်းလောက်ပဲရတယ်”ဟု ရွှေပြည်သာမြို့နယ်မှ ပန်းရံလုပ်ငန်းလုပ်ကိုင်သော ကိုကျော်စွာက ပြောသည်။

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍအဆင့်မြှင့်တင်နိုင်ရန် ကြိုးစားဆောင်ရွက်နေပြီး အစိုးရက မူလတန်း အဆင့်ကို အခမဲ့ပညာရေးအဖြစ် သတ်မှတ်ပေးထားသော်လည်း အခမဲ့မူလတန်းပညာသင်ကြားနိုင်ရန် အခြေအနေမရှိသော ကလေးငယ်များလည်း ရှိနေဆဲဖြစ်သည်။

အဆိုပါကလေးများသည် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် အိမ်ဖော်များအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြပြီး မိသားစု၏ စားဝတ်နေရေးအခက်အခဲကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့မှုများ ပြုလုပ်နေရပါသည်။

“အခြေခံလူတန်းစားတွေမှာ ပြောင်းလဲတာတစ်ခုမှ မရှိသေးဘူး။ ကားဈေးကျတာတွေ၊ ဖုန်းတွေဈေးလျှော့ပေးပေမယ့်လည်း သူ တို့အတွက် ဘာမှအသုံးမဝင်ဘူး။ အရေးကြီးတာက စားဝတ်နေရေးပဲ။ အစိုးရကဒါကိုဖြေရှင်းပေးနိုင်မှရမယ်”ဟု တောင်ဥက္ကလာပမြို့နယ်တွင် ဖိနပ်လုပ်ငန်းလုပ်ကိုင်နေသောဦးပီတာကပြောကြားသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇွန်(၂၂)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 560,000 |
| Panasonic(LCD) | 32SC4S | 260,000 |
| Sony (LCD) | 35BX | 265,000 |
| Sony (LED) | 32EX33 | 315,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | RA20F17 | 175,000 |
| Hitachi | 190W | 235,000 |
| Panasonic | NR.BT224 | 235,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP | 240,000 |
| Mitsubishi | 1.0HP | 245,000 |
| Samsung | 1.0HP | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၂၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၃၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၈၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၈၅-၂၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၂၂)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၉,၅၀၀-၁၀,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၇၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၇၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၁၀၀ |

ဇွန်(၂၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun(16) | 814 | 870 | 870 | 900 |
| Jun(17) | 814 | 870 | 870 | 900 |
| Jun(18) | 814 | 870 | 870 | 900 |
| Jun(19) | 814 | 870 | 870 | 900 |
| Jun(20) | 814 | 870 | 870 | 900 |
| Jun(21) | 814 | 870 | 870 | 900 |
| Jun(22) | 814 | 870 | 870 | 900 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i3 1.8 GHz, 4 GBx2 DDR3, 500GB HDD, 14" | 533,000 |
| IntelCore i5 1.8 GHz, 4 GB DDR3, 1 TB HDD, 14" | 696,000 |
| Intel Core i5 1.7 GHz, 8GB DDR3, 500GB HDD+8GBSSD, HD, 14" | 820,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 950,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 548,000 |
| Intel Core i5 2.5 GHz, 2GB DDR3, 500GB HDD, 1GBVGAHD, 14" | 606,000 |
| Intel Core i5 2.6 GHz, 4GB DDR3, 500GB HDD, "15.6" | 654,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750GB HDD, 17.3" | 1107,000 |
| **ASUS** | |
| Intel Core i3 2.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 495,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 750GB HDD, 14" | 629,000 |
| Intel Core i5 1.8 GHz,6GB DDR3,750GB HDD+SSD,24GB,15.6" | 848,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 500GB HDD, 14" | 934,000 |

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ပညာပေးရန်လိုလာသည့် အိမ်တွင်းအကြမ်းဖက်မှုများ

ခင်မေဇော်



**အမျိုးသမီးများအား အိမ်တွင်းအကြမ်းဖျက်မှုကို သရုပ်ဖော်ဓာတ်ပုံရိုက်ကူးထားစဉ်**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟုဆိုလိုက်လျှင်အများအားဖြင့် ပြင်ပအကြမ်းဖက်မှုကိုသာ သတိပြုမိလေ့ရှိပြီး အိမ်တွင်း အကြမ်းဖက်မှုကို အများက လျှော့လျှော့ပေါ့ပေါ့တွေးကြမြင်ကြလေ့ရှိကြသည်။ အိမ်ထောင်ရေး၊ မိသားစု အရေး၊ အတွင်းရေးဟု ဆိုတတ်ကြသည်။ သို့သော် ခန္ဓာကိုယ်ကိုအကြမ်းဖက်မှုပါလာချိန်တွင်တော့ အိမ်တွင်းရေး သက်သက်ဟု မဆိုနိုင်တော့ပါ။ အမှန်စင်စစ် အိမ်တွင်းအကြမ်းဖက်မှုသည် လူမှုအဖွဲ့အစည်း တစ်ရပ်လုံးကို အတော်ပင်ခြိမ်းခြောက်နေသော အခြေအနေကိုရောက်နေသည်။

အမျိုးသမီး ၁၀၀ အသတ်ခံရလျှင် ၎င်းတို့ထဲမှ ၃၈ ဦးသည် သူတို့၏ခင်ပွန်းသည်များ၊ အတူနေ (သို့မဟုတ်) အတူမနေသည့် ကျွမ်းဝင်ပတ်သက်ခဲ့သည့် အမျိုးသားဖော်များက သတ်ဖြတ်ခြင်းဖြစ်ကြောင်း နောက်ဆုံးထုတ်ပြန်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာက ဖော်ပြလိုက်သည်။ နိုင်ငံပေါင်း ၈၁ နိုင်ငံကိုလေ့လာပြီး ပထမဆုံးအကြိမ်ထုတ်ပြန်ခဲ့သော အစီရင်ခံစာလည်း ဖြစ်သည်။

၎င်းတို့ထဲတွင် အရှေ့တောင် အာရှဒေသက အမျိုးသားများက ၎င်းတို့ရဲ့ ဇနီးမယား၊ သမီးရည်းစားများအပေါ် အကြမ်းဖက်မှုအများဆုံးဟု အစီရင်ခံစာက ဖော်ပြသည်။

အရှေ့တောင်အာရှဟု ဆိုရာတွင် မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အရှေ့တီမောတို့လည်းပါဝင်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အများဆုံးမှာ အာဖရိကတွင် ၄၅ ရာခိုင်နှုန်းကျော် ဖြစ်ပြီး အရှေ့နှင့် အရှေ့တောင်အာရှတွင် ဒုတိယအများဆုံး ၄၀ ရာခိုင်နှုန်းကျော်ဖြစ်သည်။ သို့သော် အိမ်တွင်း အကြမ်းဖက်ရာတွင်မူ အရှေ့တောင်အာရှက ထိပ်ဆုံးက ပြေးနေသည်။ သူတို့သည် အခြားဒေသမှ အမျိုးသမီးများထက် မိမိ၏ ခင်ပွန်း၊ ကျွမ်းဝင်သော ယောကျ်ားဖော်များ၏ အကြမ်းဖက်မှုကို ရှစ်ဆပိုမိုတွေ့ကြုံကြရသည်ဟု WHO က ဆိုသည်။ ကမ္ဘာနှင့်အဝန်း အမျိုးသမီး ၃၅ ရာခိုင်နှုန်းကျော်က မိမိနှင့် အနီးကပ်ဆုံး အမျိုးသားများ၏ အကြမ်းဖက်ခံနေရချိန်တွင် မြန်မာအပါအဝင် အရှေ့နှင့် အရှေ့တောင်အာရှတွင် ၃၇ ရာခိုင်နှုန်းကျော် ရှိနေပါသည်။

ခန္ဓာကိုယ်အကြမ်းဖက်မှုဆိုသည့်အပေါ် WHO က အဓိပ္ပာယ်ဖွင့်ရာတွင် မျက်နှာကို ရိုက်နှက်ထိုးကြိတ်ခြင်း၊ တစ်စုံတစ်ခုဖြင့် နာကျင်ရန် ရည်ရွယ်ပစ်ပေါက်ခြင်း၊ တွန်းထိုးခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ကန်ကျောက်ခြင်း၊ ဒယဥ့်တိုက်ဆွဲခြင်းနှင့် ရိုက်နှက်ခြင်း၊ လည်မျိုကိုညှစ်ခြင်း၊ မီးဖြင့်လောင်မြိုက်စေခြင်း၊ (သို့မဟုတ်) ထိုသို့လုပ်မည်ဟု ခြိမ်းခြောက်ခြင်း၊ သေနတ်၊ ဓား (သို့မဟုတ်) လက်နက်တစ်ခုခုသုံးခြင်းဟုဆိုသည်။ အိမ်တွင်းအကြမ်းဖက်မှုတွင် အဆိုပါ ခန္ဓာကိုယ်အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ နှစ်မျိုးစလုံးပါဝင်သည်။

တိုင်းရင်းသားဒေသ တစ်လျှောက် သွားရောက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နှစ်ပေါင်းများစွာလုပ်ဆောင်နေခဲ့သူ အမျိုးသမီးရေးလှုပ်ရှားသူ နန်းလောဝ်လင်းဝမ်းက မြန်မာတိုင်းရင်းသားဒေသတွင် သူမြင်တွေ့ခဲ့ရသော အိမ်တွင်း အကြမ်းဖက်မှု မနည်းလှကြောင်း ပြောသည်။

"ရန်သူ (ဒါမှမဟုတ်) အပြင်က လူတစ်ယောက်က အကြမ်းဖက်တယ်ဆိုတာကို ပြောဖို့လွယ်ကူပေမယ့် ကိုယ်နဲ့အနီးဆုံး လူတစ်ယောက်က အကြမ်းဖက်တယ်ဆိုတာကို ပြောဖို့က အတော်ခက်တယ်လေ။ အဲဒီမှာ အမျိုးသမီးတွေ အိမ်တွင်း အကြမ်းဖက်ခံရတာ အများကြီးပဲ တွေ့ရတယ်။ တချို့တွေဆို ဖူးရောင်နေတာပဲ။ ဒါပေမဲ့ အမျိုးသမီးတွေက ပတ်ဝန်းကျင်က သူတို့ကိုပြန်ပြီး အပြစ်တင်မှာကိုလည်း စိုးရိမ်နေကြတယ်။ ထုတ်မပြောဘဲ ကြိတ်ခံကြတယ်။ ဒီအိမ်တွင်းအကြမ်းဖက်တဲ့လုပ်ရပ်က တိုင်းရင်းသားဒေသတွေမှာရော၊ မြန်မာပြည်မထဲမှာရော တစ်နိုင်ငံလုံးမှာ ကမ္ဘာ့နေရာတကာမှာပါ ပျံ့နှံ့နေတာပါ။ အမျိုးသမီး သုံးယောက်မှာ တစ်ယောက်နှုန်း အကြမ်းဖက်ခံရတယ်ဆိုတဲ့ ကိန်းဂဏန်းကတော့ ကြာပါပြီ။ အမျိုးသား ကြီးစိုးရေးဝါဒတွေ၊ အမျိုးသမီးတွေကို နှိမ့်ချတဲ့အမြင်တွေရှိနေတာက အကြောင်းရင်းခံတစ်ခုဖြစ်မယ်ထင်ပါတယ်"

အနောက်နိုင်ငံများတွင် အိမ်တွင်းလိင်ဆိုင်ရာအကြမ်းဖက်မှုများကို မိမိ၏အမျိုးသမီးအထူးကုဆရာဝန်၊ စိတ်ပိုင်းဆိုင်ရာဆရာဝန်များကို ထုတ်ဖော်ပြောသူများ ရှိသော်လည်း မြန်မာနိုင်ငံတွင် ထိုသို့ထုတ်ဖော်ပြောဆိုသူမတွေ့ခဲ့ရကြောင်း မြန်မာနိုင်ငံတွင် အမျိုးသမီးအထူးကုဆရာဝန်အဖြစ် ခြောက်နှစ်ကြာလုပ်ဆောင်ခဲ့သူ ဒေါက်တာစိန်ဝေလွင်က ပြောပြသည်။

ထိုသို့ ထုတ်ဖော်ပြောဆိုသည့်အပေါ် လူမှုအသိုင်းအဝိုင်းက နားလည်လက်ခံမှု နည်းပါးသည့်အတွက်လည်းဖြစ်သည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံတွင် လက်ရှိ အမျိုးသမီး အထူးကု ဆရာဝန်အဖြစ် လုပ်ကိုင်နေသူ ဒေါက်တာစိန်ဝေလွင်က မြန်မာနှင့်အနောက်နိုင်ငံသားဖခင်တို့အကြား ကွာခြားချက်များ တွေ့ရကြောင်း ဥပမာတစ်ခုနှင့် ပြောပြသည်။

"ကလေးမွေးခန်းထဲကို မြန်မာ ယောကျ်ားလေးတွေက ဘုန်းကံနိမ့်တယ်ဆိုတဲ့အမြင်နဲ့ သိပ်ဝင်လေ့မရှိကြဘူး။ ဒီအနောက်နိုင်ငံသားမှာကတော့ ယောကျ်ားတွေက သားဖွားခန်းကို ဝင်ပြီး တော့ကူတာတွေ အဲဒီအလေ့အထရှိတယ်။ ကွာခြားချက်ကတော့ အယူသည်းတာတွေပါသလို အမျိုးသမီးတွေအပေါ် နှိမ့်ချတဲ့အမြင်က အစဉ်အလာကို ဖြစ်တာလည်းပါတယ်"

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိလာသော မြန်မာနိုင်ငံသားမိသားစုများအကြားတွင်လည်း အိမ်တွင်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်ကိုတွေ့ရသည်။ အိမ်တွင်း အကြမ်းဖက်မှုကို ဥပဒေဖြင့် ကြပ်ကြပ်မတ်မတ် အကာအကွယ်ပေးနေသည့် ဝန်းကျင်သို့ရောက်ရှိနေသော်လည်း တိုင်ကြားကြသည့် အမျိုးသမီး နည်းပါးလှသည်။

ပြည်ပရောက်မြန်မာအသိုင်းအဝိုင်းက လက်ခံထားသမျှ ထိုကဲ့သို့ အိမ်တွင်းအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဟု အမေရိကန်နိုင်ငံရောက် ဒေါက်တာတင်တင်မူကပြောကြားသည်။ မြန်မာမိသားစုအတွင်း အကြမ်းဖက်မှုများကို ပြည်ပရောက်မြန်မာအသိုင်းအဝိုင်း ကိုယ်တိုင်က ဖြစ်လေ့ဖြစ်ထရှိသော အရာအဖြစ် လက်ခံထားရုံမက မြန်မာအမျိုးသမီး အသိုင်းအဝိုင်းကိုယ်တိုင်က စည်းစည်းလုံးလုံးနှင့် အကြမ်းဖက်မှုကို ဆန့်ကျင်တားဆီးမှုမရှိသည်ကိုတွေ့ရကြောင်းပြောဆိုသည်။

"အမေရိကမှာလို ဥပဒေအရအကာအကွယ်အပြည့်ပေးတဲ့ နေရာမှာတောင်မှ မတိုင်ရဲကြဘူး။ ဒီလို အိမ်တွင်းအကြမ်းဖက်မှုကို လက်မခံရဘူးဆိုတဲ့ အသိပညာနည်းပါးတယ်လို့ ပြောရမယ်ထင်တယ်။ မြန်မာကွန်မြူနတီမှာကိုက ဒီအပေါ်မှာအားနည်းတယ်။ ခံစားရသူ ကိုယ်တိုင်ကလည်း ဒါကို လက်မခံဘူးဆိုတဲ့အသိနဲ့ ခံယူဖို့လိုတယ်လေ။ စီးပွားရေးအရ မှီခိုရတာတွေရှိနေတော့ အကြောက်တရားက ရှိနေတာလည်း တွေ့ရတယ်။ သတ္တိနည်းတယ်ပဲပြောရမယ်ထင်တယ်။ မြန်မာအသိုင်းအဝိုင်းကြား ဒီကိစ္စနဲ့ပတ်သက်ပြီးအသိပညာပေးတာ၊ဖြန့်ဝေတာ နည်းပါးတယ်လို့မြင်တယ်"

အိမ်တွင်းအကြမ်းဖက်မှုကို ကာကွယ်နိုင်သည့်နည်းတစ်နည်းမှာ အမျိုးသမီးများကိုပညာပေးပြီး စီးပွားရေး အခွင့်အလမ်းရှာဖွေဖန်တီးပေးခြင်းပင် ဖြစ်သည်။ တောင်အာဖရိကတွင် ပြီးခဲ့သည့်နှစ်အနည်းငယ်က အမျိုးသမီးများကိုချေးငွေတချို့ထုတ်ပေးပြီး ဟင်းသီးဟင်းရွက်ရောင်းခြင်း၊ စက်ချုပ်ခြင်း၊ လက်လီရောင်းခြင်း စသည့်အခြေအနေများကို သုတေသီများက ဖန်တီးပေးခဲ့ပြီး အိမ်တွင်းအကြမ်းဖက်မှုများအကြောင်း၊ ကျား၊ မ တန်းတူ အခွင့်အရေးများအကြောင်း ပညာပေးခဲ့ရာ ၂ နှစ်အကြာတွင်ထိုအမျိုးသမီးများအကြား အိမ်တွင်းအကြမ်းဖက်ခံရမှု ထက်ဝက်ကျော် ကျဆင်းသွားကြောင်း တွေ့ခဲ့ရသည်။

WHO ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လေ့လာသုတေသနပြုရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် ဗြိတိန်နိုင်ငံ လန်ဒန် အပူပိုင်းဇုန် ဆေးဝါးသိပ္ပံမှ ကူးစက်ရောဂါဆိုင်ရာ ဆရာဝန် ဒေါက်တာကာရင်ဒေဗရီးကလည်း ၃၅ ရာခိုင်နှုန်းဆိုသည့် အရေအတွက်မှာ ကြောက်ခမန်း လိလိ မြင့်မားလှကြောင်းပြောဆိုသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှုန်းက နေရာတိုင်းတွင် မြင့်မားလွန်းနေသည်ဟုဆိုသည်။

ထိုသို့အိမ်တွင်းအကြမ်းဖက်မှု၏ ရိုက်ခတ်မှုသည် နောက်မျိုးဆက်အထိပြင်းထန်စွာသက်ရောက်မှုရှိသည်ကိုတွေ့ရကြောင်း WHO မှ ဆေးပညာရှင် ဒေါက်တာကလောင်ဒီယာဂါဆီယာမိုရေနိုက ပြောသည်။

အကြမ်းဖက်ခံရသူမိန်းကလေး (သို့မဟုတ်)မိမိကိုယ်တိုင်အကြမ်းဖက် မခံရသော်လည်း မိခင် (သို့မဟုတ်) အမျိုးသမီးများ အကြမ်းဖက်ခံရသည်ကို မျက်မြင်သက်သေဖြစ်ရသည့် သမီး၊ ညီမ စသည့် မိန်းကလေးငယ်များတွင် သေရာပါစိတ်ဒဏ်ရာများ ရရှိသွားသည်။ ထိုမိန်းကလေးငယ်များ အရွယ်ရောက်လာချိန်တွင် အတော်များများမှာ အလားတူမိမိကိုယ်တိုင်အကြမ်းဖက်ခံရသော ဆက်ဆံရေးမျိုးအတွင်း သက်ဆင်းရောက်ရှိသွားတတ်ကြသည်ဟုသုတေသနပြု လေ့လာချက်များအရ သိရသည်။

ကိုယ်တိုင် အကြမ်းဖက်ခံရသူမိခင်များသည်ကိုယ်အလေးချိန်မပြည့်သည့် ကလေးမွေးဖွားနိုင်ခြေပိုများသလို ကိုယ်ဝန်ဆောင်ချိန်တွင် ရှုပ်ထွေးခက်ခဲမှုများဖြစ်နိုင်သည်။ ၎င်းပြင် စိတ်ကျရောဂါဖြစ်ပွားခြင်း၊ အရက်စွဲခြင်းများလည်းဖြစ်နိုင်သည်။

"ဒီလိုပုံစံမျိုးနဲ့ အကြမ်းဖက်မှုတွေလျော့ကျသွားအောင် လုပ်တဲ့ နေရာမှာ ကလေးတွေကို အကြမ်းဖက်မှုကနေကာကွယ်ရေးက သိပ်အရေးကြီးပါတယ်"ဟု ဒေါက်တာဂါဆီယာမိုရေနိုကပြောသည်။ အိမ်တွင်းအကြမ်းဖက်မှုက ဤသို့ အကြမ်းဖက်မှုကိုယဉ်ပါးစေသည့် အန္တရာယ်ဖြစ်ပေါ်စေပြီး အကြမ်းဖက်သူ (သို့မဟုတ်) အကြမ်းဖက်ခံရမှုကို လက်ခံသူများဖြစ်လာစေသည်ဟုစိတ်ပညာရှင်များကလည်း ဆိုသည်။ ထိုမှတစ်ဆင့် အကြမ်းဖက်မှု သံသရာ ဆက်လက်လည်ပတ်နေနိုင်ခြင်းဖြစ်သည်။

"ဒီလိုမုဒိမ်းကျင့်တဲ့၊ အကြမ်းဖက် အနိုင်ကျင့်တတ်တဲ့ ရောဂါအတွက် ကုသဖို့ဆေးလည်း မရှိဘူး၊ ကာကွယ်ဆေးလည်းမရှိဘူး။ မန်းမှုတ်လို့လည်းမပျောက်ဘူး။ ဒါပေမဲ့ နားလည်မှုရှိသူတစ်ယောက်ယောက်က အကြမ်းဖက်ခံရသူကို လက်တွေ့ကူညီပေးတာ၊ တခြားနေရာက အကူအညီရအောင် ဆောင်ကြဉ်းပေးတာတွေက အရေးကြီးတဲ့၊ လက်တွေ့ကျတဲ့ လုပ်ရပ်တွေဖြစ်တယ်"ဟုဒေါက်တာဂါဆီယာမိုရေနိုက အိမ်တွင်းအကြမ်းဖက်ခံရသူများနှင့် မေးမြန်းလေ့လာချက်များကို ထောက်ပြပြောဆိုသွားသည်။ ။

# Technology

7 DAY NEWS JOURNAL

Vol.12, No.16 • JUNE 26 , 2013


## Windows 8 နှင့် Andriod OS ပေါင်းစပ်ထားသောသင်ပုန်းကွန်ပျူတာ နှစ်မျိုး ဆမ်ဆောင်းမိတ်ဆက်

**နယူးယောက်၊ ဇွန်-၂၂**

Andriod (Jelly Bean 4.2.2) OS အသုံးပြုနိုင်ပြီး ပါးလွှာပေါ့ပါးသော windows 8 သင်ပုန်းကွန်ပျူတာအသစ် Ativ Q နှင့် Tab 3 နှစ်မျိုးကို ဇွန်လ ၂၀ ရက်တွင် ဆမ်ဆောင်းကုမ္ပဏီက မိတ်ဆက်ပြသခဲ့သည်။

ကမ္ဘာ့အပါးလွှာဆုံး windows 8 သင်ပုန်းကွန်ပျူတာ ဖြစ်သော AtivTab3 သည် ၈ ဒသမ ၂ မီလီမီတာသာအထူရှိကာ ၅၅၀ ဂရမ်လေးပြီး ဘက်ထရီသက်တမ်း ၁၀ နာရီရှိသည်။ မျက်နှာပြင် ၁၀ ဒသမ ၁ လက်မအကျယ်ပါရှိကာ windows 8 နှင့် Andriod os များအကြား ပြောင်းလဲအသုံးပြုနိုင်ရန် ခလုတ်တစ်ခုပါရှိသည်။




ပုံစံပြောင်းလဲအသုံးပြုနိုင်သော Ativ Q သင်ပုန်းကွန်ပျူတာမှာ အလေးချိန် ၁ ဒသမ ၂၉ ကီလိုဂရမ်ရှိကာ ၁၃ ဒသမ၉ မီလီမီတာထူသည်။ ယင်းသင်ပုန်းကွန်ပျူတာနှစ်မျိုးလုံးတွင် အဆင့်မြှင့်ထားသော S-Pen လုပ်ဆောင်ချက်ပါဝင်ကာ windows 8 နှင့် Andriod (Jelly Bean 4.2.2.) နှစ်မျိုးလုံး အသုံးပြုနိုင်သည်။

Ativ Q တွင် touch screen အမျိုးအစား မျက်နှာပြင်အကျယ် ၁၃ ဒသမ ၃ လက်မပါရှိပြီး 3200 x 1800 pixels ရှိသောကြောင့် ကမ္ဘာပေါ်တွင်ရုပ်ထွက်အကောင်းဆုံးဖြစ်သည်။ ယင်းမျက်နှာပြင်သည် ဘေးပတ်ဝန်းကျင်အလင်းရောင်ကို အာရုံခံနိုင်ပြီး အဆောက်အအုံအတွင်းနှင့်အပြင် သုံးစွဲမှုများအတွက် အလင်းရောင်တောက်ပမှုကို အလိုအလျောက် ထိန်းညှိပေးနိုင်သည်။ မျက်နှာပြင်ကို မိမိကြည့်ရှုလိုရာဘက်သို့ ၁၇၈ ဒီဂရီလှည့်၍ ပြောင်းလဲကြည့်ရှုနိုင်ကာ ကီးဘုတ်ပါဝင်ခြင်းကြောင့် တက်ဘလက်သင်ပုန်းကွန်ပျူတာအဖြစ်မှ လက်တော့ပ်အဖြစ်လည်း ပုံစံပြောင်းလဲအသုံးပြုနိုင်သည်။

ယင်းသင်ပုန်းကွန်ပျူတာနှစ်မျိုးလုံးကို ကွန်ပျူတာအဖြစ်သော်လည်းကောင်း၊ စမတ်ဖုန်းအဖြစ်သော်လည်းကောင်း ရိုးရှင်းစွာအသုံးပြုနိုင်သည်။

-Tech Central

## လူငယ်များအတွက် နည်းပညာတီထွင် ဆန်းသစ်မှုပြိုင်ပွဲကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၂၂**

ပြည်တွင်းမှ နည်းပညာ အသုံးပြုမှုနှင့် ဆန်းသစ်တီထွင်မှုကိုစိတ်ဝင်စားသည့်လူငယ်များအတွက် ဆန်းသစ်တီထွင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Young Innovators Competition 2013 ပြိုင်ပွဲတွင် ဆုရရှိသူများကို ထိုင်းနိုင်ငံဘန်ကောက်မြို့၌လာမည့်နိုဝင်ဘာလ ၁၉ ရက်မှ ၂၂ရက်အထိကျင်းပပြုလုပ်မည့် ITU Telecom World 2013 ပြပွဲသို့တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ပြီး ရွေးချယ်ခံရပါက ဆုငွေချီးမြှင့်သွားမည်ဖြစ်သည်။

ပြည်တွင်းရှိ အသက် (၁၈) နှစ်မှ (၂၆) နှစ်အတွင်းရှိ နည်းပညာများ ဆန်းသစ်တီထွင်ရန် စိတ်ဝင်စားသည့် လူငယ်များကို ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက်လျှောက်လွှာခေါ်ယူထားပြီး ဇွန်လ ၃၀ ရက်တွင် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"အဓိကကလျှောက်လွှာလာတင်တဲ့သူတွေကို လိုအပ်တဲ့ အချက်အလက်နဲ့ ကိုက်ညီမှုရှိမရှိ ပြည့်စုံမှုရှိမရှိ အရင်စစ်ဆေးပေးမယ်။ အချက်အလက်ပြည့်စုံတဲ့သူတွေကို ရွေးချယ်ပြီး ပို့ပေးမှာပါ" ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၂ ခုနှစ်အတွင်း ကလည်း Young Innovators Competition ပြိုင်ပွဲကိုပြုလုပ်ကျင်းပခဲ့ပြီး ITU Telecom World ပြပွဲသို့ သွားရောက်ခဲ့ရာ ရွှေတံဆိပ်အဆင့်ရရှိခဲ့ကြောင်း ၎င်းကပြောသည်။

ထိုင်းနိုင်ငံဘန်ကောက်တွင် ကျင်းပမည့် ITU Telecom World 2013 ပြပွဲသည် ကမ္ဘာတစ်ဝန်း ICT Community နှင့် ပတ်သက်သည့် အသိပညာဖလှယ်ခြင်း၊ ICT Industry တိုးတက်မှုများနှင့် လူမှုစီးပွားရေး စိန်ခေါ်မှုများတွင် အရေးပါသည့် ICT ပြောင်းလဲမှုပုံစံများကိုဆွေးနွေးခန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြခန်းများ ပါဝင်ပြသလေ့ရှိကြောင်း သတင်းရရှိသည်။

## အာဆီယံအိုင်စီတီဆု ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဇွန်-၂၂**

အာဆီယံဒေသတွင်း အိုင်စီတီနည်းပညာဆိုင်ရာတီထွင်ဆန်းသစ်မှုများအတွက် ASEAN ICT Awards (AICTA)ပြိုင်ပွဲကိုမြန်မာနိုင်ငံမှ စိတ်ပါဝင်စားသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ သတင်းရရှိသည်။

"ပြိုင်ပွဲအမျိုးအစားခြောက်မျိုးရှိတယ်။ ကိုယ်ကြိုက်တဲ့ခေါင်းစဉ်နဲ့ဝင်ပြိုင်လို့ရတယ်။ အာဆီယံဒေသတွင်းနိုင်ငံတွေအိုင်စီတီနည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုတွေပေါ်ပေါက်လာစေဖို့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်တဲ့ အိုင်စီတီ ထုတ်ကုန်များထုတ်လုပ်နိုင်ဖို့ရည်ရွယ်ကျင်းပခြင်းဖြစ်တယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်မှ ပါမောက္ခဒေါက်တာဒေါ်နွယ်နွယ်ဝင်းက ပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ပုံစံဖြည့်စွက်ပြီး ကိုယ်တိုင်ဖန်တီးပြုလုပ်ထားသော ဗီဒီယိုဖိုင်တစ်ခုကိုပါ ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ပြိုင်ပွဲဝင်ပုံစံဖြည့်စွက်တာလည်းအရေးကြီးတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ဆုပေးချင်လောက်အောင် ရေးတတ်ရမယ်။ အိုင်စီတီကဏ္ဍနဲ့ပတ်သက်ပြီး လူမှုရေးတွေမှာ ဘယ်လောက်အကျိုးပြုနေသလဲဆိုတာဖော်ပြနိုင်ရမယ်။ ဗီဒီယိုဖိုင်လည်း ပို့ပေးလို့ရတယ်။

**စာမျက်နှာ (၂၂) သို့**







# ဖေ့စ်ဘွတ်ခ်မှ ကြော်ငြာသည့်လုပ်ငန်းပေါင်း တစ်သန်းအထိရှိလာ

**ဆန်ဖရန်စစ္စကို၊ဇွန် - ၂၂**

ပြီးခဲ့သည့် ၂၈ ရက်အတွင်း ဖေ့စ်ဘွတ်ခ် စာမျက်နှာများကို အသုံးပြု၍ ကမ္ဘာအနှံ့မှ ကြော်ငြာသူပေါင်း တစ်သန်းအထိရှိလာပြီဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ပြောသည်။


ယင်း ကြော်ငြာသူများအနက် အများစုမှာ အသေးစားလုပ်ငန်းပိုင်ရှင်များဖြစ်သည်။ ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ အမှုဆောင်အရာရှိများက ကျောက်မျက်ရတနာရောင်းချသူမှသည်အဝတ်အထည်ရောင်းချသူအထိ ကြော်ငြာကြရန် မျှော်လင့်ထားပြီး ဖေ့စ်ဘွတ်ခ်ကွန်ရက်တွင် အခမဲ့စာမျက်နှာများ စီစဉ်ထားသည်။

အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင်အများစုသည် ဖေ့စ်ဘွတ်ခ်သုံးစွဲသူများဖြစ်လာပြီး ဖေ့စ်ဘွတ်ခ်စာမျက်နှာပိုင်ရှင်များအဖြစ် ပြောင်းလဲကာ ကြော်ငြာသူများ ဖြစ်လာကြကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ လုပ်ငန်းသေးများ ညွှန်ကြားရေးမှူး ဒန်လီဗီကပြောသည်။ ယင်းစာမျက်နှာများတွင် ကြော်ငြာခြင်းအတွက် အခကြေးငွေကောက်ခံရန် အစီအစဉ်မရှိကြောင်း ၎င်းကပြောသည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီဘဏ္ဍာငွေ၏ ၈၅ ရာခိုင်နှုန်းမှာ ကြော်ငြာလုပ်ငန်းကို အားထားနေရပြီး ယင်းတွင် ကမ္ဘာ့အကြီးကျယ်ဆုံးကုန်အမှတ်တံဆိပ်များနှင့် ကြော်ငြာလုပ်ငန်းများ ပါဝင်သည်။ ၂၀၁၁ နှစ်ကုန်ကတည်းက ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ကြော်ငြာလုပ်ငန်းမှရသည့် ဘဏ္ဍာငွေသည် ၄၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

လုပ်ငန်းအသေးစားပိုင်ရှင်များ၏ ၅၀ ရာခိုင်နှုန်းကျော်သည် ၎င်းတို့၏ ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရန် ဖေ့စ်ဘွတ်ခ်စာမျက်နှာများကို အသုံးပြုနေကြသော်လည်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ကြော်ငြာလုပ်ငန်းကို ၎င်းတို့၏ ၁၆ ရာခိုင်နှုန်းကသာ အသုံးပြုကြကြောင်း ဒေသတွင်းကြော်ငြာလုပ်ငန်းအထူးပြု သုတေသန BIA Kelsey က ဖော်ပြသည်။

(Reuters)




# ဟားခါးနှင့် ဖလမ်းတွင် ဇူလိုင်လအတွက် ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်ငါးထောင် ရောင်းမည်

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်**

ချင်းပြည်နယ်၊ ဟားခါးနှင့် ဖလမ်းဒေသများတွင် ကျပ် ၁,၅၀၀ တန် 800 MHz ဆင်းမ်ကတ်များ ဇူလိုင်လအတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဟားခါးဒေသတွင် ယခင်က ကျပ် ၁,၅၀၀ တန် WCDMA (3G) ဆင်းမ်ကတ်များ ရောင်းချခဲ့ရာ ဖလမ်းဒေသတွင်မူ ပထမဦးဆုံး ရောင်းချပေးခြင်းဖြစ်သည်။

ချင်းပြည်နယ်၊ ဟားခါးနှင့် ဖလမ်းဒေသများတွင် CDMA 800 MHz မိုဘိုင်းဖုန်းဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမည့် ဇူလိုင် ၁၅ ရက်မှစတင်ကာ ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ် ငါးထောင်ခန့်ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန်ကြေညာထားသည်။

သို့သော် ဧပြီလမှစတင်၍ ချင်းပြည်နယ်၊ ဟားခါးနှင့် မင်းတပ်ဒေသများတွင် WCDMA (3G)ဆင်းမ်ကတ်များကို ရောင်းချပေးခဲ့ပြီး အဆိုပါဒေသများ၌ တစ်လလျှင် ဆင်းမ်ကတ်အလုံးရေ ၇၅၀ ဖြင့် ဧပြီ ၂၃ ရက်နှင့် မေ ၁၃ ရက်တို့တွင် ချထားပေးပြီးဖြစ်ကြောင်း ချင်းပြည်နယ် ဆက်သွယ်ရေးရုံးမှ သတင်းရရှိသည်။

"အရင်တုန်းက WDCMA ရောင်းဖို့ ပေးထားတဲ့ အလုံးရေက အကုန်ရောင်းပြီးသွားပြီ။ ခုနစ်လပိုင်း ကျမှသာ CDMA 800 က ရောင်း ပေးမှာ"ဟု ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးမှ အရာရှိတစ်ဦးက ပြော သည်။

မင်းတပ်ဒေသ၌ WCDMA (3G)ဆင်းမ်ကတ် ၁၅၀၀ခန့် ရောင်းချပေးခဲ့ပြီးဖြစ်သော်လည်း ဇူလိုင်တွင် CDMA 800 MHz ဖုန်းများ ချထားပေးရာ၌ထိုဒေသ မပါဝင်ခြင်းကြောင့် ထပ်မံချထားပေးရန် မရှိတော့ကြောင်း ချင်းပြည်နယ်ဆက်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခု ဇွန်အတွက်လည်း မရောင်းပေးတော့ဘူး။ ဧပြီနဲ့ မေကလည်း ရောင်းပေးပြီးပြီ။ ထပ်ရောင်းဖို့ ကြေညာထားတဲ့ ဇူလိုင်လကျမှပဲ ရောင်းပေးတော့မှာ။ ထုတ်ပြန်ထားတာက ဟားခါးနဲ့ ဖလမ်းပဲဆိုတော့ မင်းတပ်တော့ မပါတော့ဘူး"ဟု ၎င်းက ပြောသည်။

ဟားခါးနှင့် ဖလမ်းဒေသနှစ်ခုကို ဆင်းမ်ကတ်အလုံးရေ ငါးထောင်ခန့်ခွဲတမ်းရရှိမည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ချင်းပြည်နယ်သည် ကျပ် ၁,၅၀၀ တန် တန်ဖိုးနည်း WCD-MA (3G) ဆင်းမ်ကတ်များရောင်းချပေးခဲ့သည့် ပထမဦးဆုံးပြည်နယ်ဖြစ်သည်။

စာမျက်နှာ (၂၁) မှ


## အာဆီယံအိုင်စီတီဆု ဝင်ရောက်ယှဉ်ပြိုင်နိုင်

အာဆီယံ ၁၀နိုင်ငံကဒိုင်တွေ အမှတ်ပေးမှာဆိုတော့ သေသေချာချာစိတ်နှစ်ပြီး လုပ်မယ်ဆိုရင် အောင်မြင်မှာပါ"ဟု ၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့သော ဦးဇော်နိုင်ကပြောသည်။

နည်းပညာတီထွင်ဆန်းသစ်မှုများပြိုင်ပွဲကို ၂၀၁၂ခုနှစ်မှစတင်ကာ အာဆီယံဒေသတွင်းနိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံရှိစီးပွားရေးအဖွဲ့အစည်းများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုများနှင့် ဝတ္တရားများခေါင်းစဉ်အောက်တွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ပထမဆုရခဲ့ကြောင်း သတင်းရရှိသည်။

"စိတ်ဝင်စားတဲ့သူတွေအကုန်လုံးကို ဖိတ်ခေါ်ပါတယ်။ ကုမ္ပဏီတွေလည်း ဝင်ပြိုင်လို့ရတယ်။ မှတ်ပုံတင်ထားတာ သုံးနှစ်အထက်မပိုတဲ့ ကုမ္ပဏီဆိုရင် ရပါတယ်။ အဓိကတော့ သဘာဝဘေးအန္တရာယ်တွေကြိုတင်ကာကွယ်နိုင်တဲ့ ဆော့ဖ်ဝဲလိုဟာမျိုးတွေ ကိုယ်ဖန်တီးထားတဲ့ ဆော့ဖ်ဝဲက ဘယ်လောက်ထိ ကျယ်ပြန့်လဲဆိုတာတွေပေါ် မူတည်ပြီး အမှတ်ပေးကြမှာပါ"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဒေါက်တာမြင့်မြင့်သန်းကပြောသည်။

ပြိုင်ပွဲဝင်မည့် သူများသည် ပြိုင်ပွဲဝင်မည့် ဆော့ဖ်ဝဲထုတ်ကုန်များနှင့် ငါးမိနစ်စာခန့် ဗီဒီယိုဖိုင်တစ်ခုကို ဇွန် ၂၄ရက်တွင် မြန်မာနိုင်ငံကွန်ပျူတာ အသင်းရုံးချုပ်သို့ ပေးပို့ရမည်။ ပြိုင်ပွဲတွင် အမျိုးအစားတစ်ခုချင်းအလိုက် ဆုများချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲအားလုံးအတွက်ဆု ၁၈ခုကို အာဆီယံဒေသတွင်း ဝန်ကြီးများက ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



# သွင်းရေ ထုတ်ရေ မိုးလယ်မြေ

မယ်ဇွေဥ

**မိုးကာလချိန်**

လယ်ယာမြေမှာ ပျိုးပင်တွေ ထိုးထိုးထောင်ထောင်ဖြစ်လာချိန်။ မကြာမီ လယ်ယာမြေမှာ ပျိုးခင်းမှ စပါးပင်ပေါက်ကလေးများကို လယ်ကွင်းတွင်းသို့ ရွှေ့ပြောင်းစိုက်ကြရတော့မည်။

အချို့ကား ရွှေ့ပြောင်းစိုက်ပျိုးလို့ပင် နေချေပြီ။ ထိုအချိန်တွင် မိုးမှန်ဖို့လိုအပ်သည်။ လယ်ယာမြေမှာ စိုက်ပျိုးရေကောင်းမွန်စွာရရှိဖို့လိုအပ်သည်။ စိုက်ပျိုးရေကများလွန်းလျှင်လည်း မကောင်း၊ နည်းလွန်းလျှင်လည်း မကောင်း။ သင့်တင့်မျှတမှ လယ်ယာမြေအတွက် ကောင်းတတ်သည်။

အညာမြေမှာ ကောက်စိုက်ချိန်မှာ မိုးကတစ်ခါတစ်ရံ ရွာချင်မှ ရွာတတ်သည်။ မိုးခေါင်နေတတ်သေးသည်။ ဒီနှစ်တွင်လည်း မိုးဦး မိုးခေါင်နေ၍ အညာတောင်သူတွေညည်းနေရပြန်သည်။ အရင်နှစ်က မိုးလယ်မိုးခေါင်၍ အညာတောင်သူတွေ ဒုက္ခရောက်ခဲ့ရ၏။ လယ်ရေမရသေးလျှင် ပျိုးရင့်သွားတတ်သည်။ ပျိုးကြမ်းသွားတတ်သည်။ ထို့ကြောင့် စိုက်ရေလိုချိန် စိုက်ရေရရမည်။ မိုးနည်းလျှင်ဆည်ရေသွင်းရန်လိုမည်။

ထိုအချက်အတွက်ပုဂံခေတ်အနော်ရထာမင်းကြီးလက်ထက်ကပင်လယ်တွင်းကိုးခရိုင်၊ ကျောက်ဆည်နယ်မှာ ဆည်များ တည်ဆောက်လျက်ဖြည့်ဆည်းခဲ့သည်။ သူ့ခေတ်သူ့အခါနှင့်ဆိုပါက အနော်ရထာမင်းကြီး အမြော်အမြင်ကြီးလှသည်ဟု ထင်မိပါသည်။ မိုးမရွာ၍ လယ်တွေရေငတ်ချိန်မှာ ဆည်များမှ ရေကိုယူကာ မြန်မာပြည်ဆန်စပါးစိုက်ပျိုးရေးကို အကျိုးဖြစ်ထွန်းစေခဲ့သည်။

အောက်အရပ်အောက်ဒေသမှာ မိုးများလွန်းပြီး ရေလွှမ်းနေတတ်ပြန်သည်။ ရေလွှမ်းခြင်းကား တစ်ခါတစ်ရံမှာ အလွန်ဆိုးရွားသည်။ လယ်ကွင်းထဲမှာ ဒူးလောက်ရေဆို ပြဿနာမရှိ။ ပျိုးခင်းမှ ကောက်ပင်သစ်တို့ကို လယ်ကွင်းထဲသို့ ရွှေ့ပြောင်းစိုက်ကြရုံသာ။ ရင်ခေါင်းလောက်ထိ ရေလွှမ်းနေလျှင် စိုက်နိုင်ရန်ခက်ပြီ။ ရင်ခေါင်းလောက်ရေပြင်ကျယ်ကြီးမှာ သူ့လယ်၊ ကိုယ့်လယ်ပင် ခွဲခြားရခက်သည်။

သည်လိုအခြေအနေမျိုးမှာ ကောက်စိုက်သမများ မည်သို့လယ်ထဲဆင်းမည်နည်း။ ပျိုးနုတ်ယောကျ်ား လယ်သမားများ မည်သို့ ပျိုးနုတ်မည်နည်း။

ထိုအခါမျိုးတွင် အောက်ပြည်အောက်ရွာရှိ လယ်ကွင်းထဲက ရေကို အချိန်မီရေနုတ်ပေးရန် လိုသည်။ အောက်ပြည်အောက်ရွာမှာ ရေမြုပ်လျှင် လယ်ယာမြေ ကေထောင်ချီသောင်းချီမြုပ်တတ်သည်။

တစ်ခါတစ်ရံသိန်းဂဏန်းထိမြုပ်သွားတတ်သည်။ ထိုရေမြုပ်လယ်များကိုအမြန်ရေနုတ်ပေးရန်မှာ ဆည်မြောင်းဌာနမှာ တာဝန်ရှိသည်။ ဆည်မြောင်းဌာနမှ အလုပ်တာဝန်ယူတာ နောက်ကျပါက လယ်ယာမြေတွေ ပျက်စီးကုန်မည်။ ကန်သင်းရိုးတွေ ရေထဲပါသွားမည်။ ပက်ကြဲပြီးသား မြေဆီမြေသြဇာတွေ ဆုံးရှုံးကုန်မည်။ ပျိုးခင်းတွေ ရေမျောကုန်မည်။

လူအများက ဆည်မြောင်းဌာနလုပ်ငန်းဆိုပါလျှင် ဆည်ရေသွင်းခြင်းတစ်ခုသာ သိကြသည်။ အမှန်စင်စစ် ဆည်မြောင်းဌာန၏ တာဝန်မှာ ရေလိုလျှင် ရေသွင်းပေးပြီး ရေများလျှင် ရေလျှော့ချပေးရမည့်တာဝန်၊ ရေထုတ်ပေးရမည့် တာဝန်ဟူ၍ နှစ်မျိုးရှိသည်။

မြန်မာပြည်အတွက်မူအညာမှာ ရေသွင်း။ အောက်ပြည်မှာ ရေထုတ်၊ ရေနုတ်။

ကျွန်မတို့မိသားစုမှာ အစ်ကိုက ဆည်မြောင်းအင်ဂျင်နီယာအဖြစ် အမှုထမ်းခဲ့သည်။ အညာဒေသမှာတာဝန်ထမ်းဆောင်ဖူးသလို အောက်ပြည်အောက်ရွာမှာလည်း တာဝန်ကျဖူးသည်။ ထို့ကြောင့် ဆည်မြောင်းဌာနလုပ်ငန်းစဉ်နှင့် လယ်ယာလုပ်ငန်းခွင်ဆက်စပ်မှုကို ကြားဖူးနားဝရှိနေသည်။

အစ်ကိုတို့တာဝန်ယူရသောခေတ်ကာလတွေက မဆလခေတ် အစောပိုင်းကာလနှင့် ၁၉၈၈ ခုမတိုင်မီကာလများ။ ဆည်မြောင်းဌာန၏ လုပ်ငန်းစဉ်များမှာ အာဏာပိုင်လွှမ်းမိုးပတ်သက်မှု သိပ်မရှိလှသေး။ ဆည်မြောင်းဦးစီးဌာန၏တာဝန်ကို ဆည်မြောင်းဌာနကသာ လယ်သမားနှင့်ညှိနှိုင်းဆုံးဖြတ်သည်မျိုးဖြစ်သည်။ နောက်ပိုင်းမှာတော့ အုပ်ချုပ်ရေးအာဏာပိုင်အမိန့်စောင့်လုပ်ရသည်မျိုးများ ရှိလာသည်။

လုပ်ထုံးလုပ်နည်းတွေ သိပ်ရှုပ်ထွေးလာခြင်းကား မကောင်းလှပါ။ လယ်ယာမြေမှာ ရေလိုအပ်ချိန်ရေမြန်မြန်ရနိုင်ပြီး လယ်ယာမြေရေလွှမ်းချိန်မှာ ရေကျအောင် အမြန်လုပ်နိုင်ရန်လိုအပ်လှသည်။

ရေလိုချိန်မှာ ရေ အလုံအလောက်မရရှိပါက အပင်တွေသေနိုင်သည်။ ရေမြုပ်လယ်တွေမှာ ရေမြုပ်ချိန်မှာလည်း ရေနစ်မြုပ်ချိန်ကာလတာရှည်ပါက ပျက်စီးဆုံးရှုံးမှုကား အတိုင်းမသိဖြစ်ရတတ်သည်။

ကျွန်မ၏အစ်ကိုဆည်မြောင်းဌာနတွင် တာဝန်ထမ်းဆောင်ချိန် တွံတေးနယ်မှာတာဝန်ကျဖူးသည်။ မှော်ဘီနယ်မှာ တာဝန်ယူဖူးသည်။ လှည်းကူးနယ်မှာ တာဝန်ခံဖူးသည်။

တစ်ခုသောနွေရာသီမှာ တွံတေးနယ်ရွာတစ်ရွာမှလယ်သမားတွေ အိမ်ရောက်လာသည်။ ငါးခြောက်တွေပါလာသည်။ ဆရာ့ကိုလာကန်တော့တာတဲ့။ အစ်ကိုက လက်ခံရန်ဇွတ်ငြင်းသည်။ ကျွန်တော့်အလုပ် ကျွန်တော်လုပ်တာပါဟု ပြောသည်။ လယ်သမားများက "ဆရာရယ် ဆရာတို့အချိန်မီရေနုတ်ပေးတာ တစ်ရွာလုံးက လယ်ကေ နှစ်ထောင်ကျော် အချိန်မီစိုက်ရတယ်။ လယ်ယာမြေ မပျက်စီးတော့ဘူး။ ဒါကြောင့် ကျေးဇူးတင်လွန်းလို့ပါ။ ငါးခြောက်က လယ်နဲ့လည်း မဆိုင်ပါဘူး။ ဒါက လယ်ကွင်းထဲက ကျွန်တော်တို့လုပ်အားနဲ့ လှမ်းထားတဲ့ ငါးခြောက်လေးစားစေချင်လို့ပါ"ဟုဆိုသည်။

ဆည်မြောင်းဝန်ထမ်းများ အလုပ် တာဝန်ကျေခြင်း၊ လယ်သမားများအပေါ် စေတနာထားခြင်းက လယ်သမားအတွက်ကော၊ နိုင်ငံအတွက်ပါ ကောင်းကျိုးဖြစ်စေသည်။

အမှန်စင်စစ် အောက်ပြည်မှာ စပါးရိတ်သိမ်းချိန်မတိုင်မီ မိုးတွင်းကာလတစ်လျှောက်လုံး ရေနစ်မြုပ်နိုင်သည်။ အောက်ပြည်မှာ လယ်ကွင်းထဲသို့ ဝင်သောရေမှာ ရေငံများသည်။ ရေနံ့ဝင်ချိန်ရက်ကြာလျှင် စပါးပင်များပင်ခြေကပင်ပြတ်ထွက်ပြီးသေတတ်သည်။ ရိရော်သွားတတ်သည်။ ထိုအဖြစ်မျိုးကြုံတွေ့ရပါက လယ်သမားများမှာ ရေကျချိန်မှ ဒုတိယအကြိမ် ပြန်စိုက်ရသည်မျိုးဖြစ်တတ်သည်။ လွန်ခဲ့သော သုံးနှစ်က သုံးကြိမ်ပင်ပြန်စိုက်ရသည်အထိ ဖြစ်ဖူးသည်။ အထူးသတိချပ်ဖွယ်ဖြစ်သည်။

လယ်သမားများအဖို့ကား တစ်ကြိမ်စိုက်လျှင် စိုက်ပျိုးစရိတ်တစ်ကြိမ်စာကုန်ကျသည်။ နှစ်ကြိမ်စိုက်ပျိုးရလျှင် နှစ်ကြိမ်စာကုန်ကျသည်။ သုံးကြိမ်သာပြန်လည်စိုက်ပျိုးရပါက လယ်သမားပြာလေပြီ။ ထို့ကြောင့်ပင် အချိန်မီရေထုတ်၊ ရေနုတ်နိုင်ခြင်းသည် အရေးကြီးလှသည်။

အညာမှာတော့ မိုးနည်းပါးသဖြင့်သွင်းရေလိုတတ်သည်။ သွင်းရေလိုချိန် အပင်ခြောက်ပြီး မသေခင် ရေရမှဖြစ်မည်။ ရေလိုချိန် ဆည်မြောင်းတာဝန်ရှိသူက အထက် အာဏာပိုင်အမိန့်ကို စောင့်နေရ၍ အချိန်မီရေမပေးနိုင်သည်မျိုးလည်း ကြားရသည်။ ရေမနုတ်နိုင်သည်ကိုလည်း ကြားဖူးသည်။ ဆည်မြောင်းအလုပ်ကို ဆည်မြောင်းဌာနကသာ ဆုံးဖြတ်လုပ်ကိုင်နိုင်သင့်သည်။ "အထက်၊ အထက်၊ အထက်"တွေဆီကို အစီရင်ခံနေရင်း အချိန်မလွန်စေသင့်။

ဆည်မြောင်းဌာနတာဝန်ကို အလုံးစုံဆုံးဖြတ်ခွင့်မရှိသဖြင့် ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ်လောက်က ဆည်ရေပြည့်ချိန် ဝမ်းတွင်းဆည်ကြီးကျိုး၍ အောက်မှရွာများရေထဲမျောပါကာ ရွာသူရွာသားများ ရာနှင့်ချီ၍ သေခဲ့ဖူးသည်။ ဆည်မြောင်းဌာနပေါ်မှာ ဆည်မြောင်းလုပ်ငန်းနားမလည်သူက အာဏာပြနေခြင်းကား မဖြစ်သင့်ပါပေ။

ယခုအချိန်ကား လယ်ယာမြေမှာ လိုရေ၊ ပိုရေကိစ္စ အဆင်ပြေပြေဖြစ်စေရန် လယ်သမားနှင့် ဆည်မြောင်းဌာနပူးပေါင်းဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။ ဆည်မြောင်းဝန်ထမ်းများ၏ ရည်ရွယ်ချက်မှာလည်း လယ်သမားများ စိုက်ပျိုးရေးအဆင်ပြေစေရန် ရေကို လိုသလို ဖြည့်ဆည်းပေးဖို့သာဖြစ်သင့်သည်။ ဆည်ရေထုတ်ရန် အလျှင်မလိုဘဲ ဆည်အောက်ရှိ လယ်၊ ယာမြေအခြေအနေ မစူးစမ်းဘဲ ရေလွှတ်၍ သီးနှံများပျက်စီးဆုံးရှုံးမှုမျိုးလည်း ကြားဖူးသည်။ ထိုသို့ လုံးဝမဖြစ်သင့်။

အောက်ပြည်မှာ ရေငန်မဝင်ရန် တားဆီးထားသော တာရိုးကြီးတွေရှိသည်။ ရှေးယခင်က လယ်ပိုင်ရှင်များ ကေများစွာပိုင်သောခေတ်တွင် မိမိပိုင် ကေများစွာသော လယ်ယာမြေများကို ကာရံထားသော တာရိုးကြီးများပင်ရှိခဲ့သည်။ နောက်ပိုင်းမှာ ယင်းတာရိုးများကိုပင် အစိုးရဆည်မြောင်းဌာနကပင် တာဝန်ယူထားသည်။

ရေငန်မဝင်ရန်ကာထားသော တာရိုးကြီးများသည် မိုးများ၍ ကျိုးပြတ်လျှင် ချက်ချင်းပြုပြင်ရသည်။ ရံဖန်ရံခါ ရေလွှမ်းလယ်မြေများ ချက်ချင်းရေကျရန် နေ့မီးညမီးသုံး၍ပင် မိုးလင်းအောင် အရေးပေါ်ပြုပြင်ကြရသည်။ ရေနုတ်မြောင်းတွေ ရေစီးရေလာကောင်းရန်လိုသည်။

အစိုးရဘက်က ဆည်မြောင်းဝန်ထမ်းများအလုပ်တာဝန်ကိုလျင်မြန်ထက်မြက်စွာ ကူညီသင့်သည်။ ယခုပြည်သူ့ကိုယ်စားလှယ်အမတ်တွေရှိလာပြီ သူတို့များလည်း တာဝန် ရှိသည်။

လယ်သမားများလိုအပ်ချက်ရှိပါက သက်ဆိုင်ရာလွှတ်တော်အမတ်ကိုတင်ပြနိုင်ရမည်။ ပျက်စီးလယ်ယာကို အမြန်ပြင်နိုင်ရန် အစိုးရကူညီငွေများကို အုပ်ချုပ်ရေးမှူးများ ထင်သလိုဖြတ်စားလာဘ်စားမလုပ်နိုင်ရန် ပွင့်လင်းမြင်သာမှုလိုအပ်သည်။ မြို့နယ်တစ်ခုချင်းအလိုက် အမတ်တစ်ဦးချင်း သုံးစွဲနိုင်သော ဘတ်ဂျက်တွေရှိသည်။ မြို့နယ်တစ်ခုချင်း အထွေထွေ အသုံးစရိတ် ကျထားသော ဘတ်ဂျက်တွေရှိသည်။ အရေးပေါ်အသုံးစရိတ်တွေရှိသည်။

လယ်သမားများဘက်မှ ဆည်မြောင်းတာတမံပြုပြင်ရာတွင် လုပ်အားပါဝင်ပေးရန်လည်း တာဝန်ရှိပါသည်။ ထိုသို့ တာဝန်ယူရပါက လုပ်အားခရရှိရမည်။

ကျွန်မ၏အစ်ကိုဆည်မြောင်းအရာရှိသည် အသက် (၄၈)နှစ်တွင် မကျန်းမာဖြစ်ခဲ့သည်။ သူကျန်းမာစဉ်က တားကျိုးတာပြတ်ပြုပြင်ရာတွင် လယ်သမားများ၏ လုပ်အားကို အကူအညီတောင်းခံခဲ့ရသည်။ အစ်ကိုမကျန်းမာသောအခါ ဆေးရုံပေါ်တွင် တစ်နှစ်ကြာမျှတက်ရသဖြင့် လယ်သမားများ၏ လုပ်အားခကို ရှင်းမပေးနိုင်ဖြစ်ခဲ့သည်။ ထိုတာပြတ် ပြုပြင်စရိတ်မှာ ဟိုခေတ်က မ. ဝ. တ ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး မန်နေဂျာ၊ ဆည်မြောင်း အင်ဂျင်နီယာ သုံးယောက်ပေါင်း အမည်ပေါက်ဖြင့် ဘဏ်စာရင်း ဖွင့်ထားခြင်း ဖြစ်သည်။

လယ်သမားများကိုလုပ်အားသာပေးလိုက်ရသည်။ မိမိတို့ရပိုင်ခွင့် လုပ်အားခရမည်ကို မသိကြပါ။ သူတို့ကား သူတို့လယ်မြေရေကျလျှင် ကျေနပ်သွားကြသည်။ အစ်ကိုပြန်လည်ကျန်းမာလာချိန် နောက်ထပ် ၂နှစ်အကြာမှ ဤငွေစာရင်းကို ပြန်ဖော်၍ နောက်တာဝန်ယူသော မ. ဝ. တ ဥက္ကဋ္ဌကို လက်မှတ်ထိုးခိုင်းပြီး သက်ဆိုင်ရာရွာသားများကို ရှင်းပေးခဲ့ရဖူးသည်။ လယ်သမားများ ဝမ်းသာကြသည်ပေါ့။ ဆိုလိုသည်က တာကျိုးတာပြတ်ကိစ္စတွေမှာ လယ်သမားလုပ်အားစိုက်ထုတ်ရလျှင် လုပ်အားခရှိသည်။ ရကိုရရှိရမည်။ မိမိအခွင့်အရေးကို မိမိမသိဖြစ်နေမည်စိုး၍ ပြောပြခြင်း ဖြစ်ပါသည်။

ဒေသအလိုက် လုပ်အားလိုလျှင် ပါဝင်ရမည်မှာလည်း ဒေသခံများမှာ တာဝန်ရှိသလို သက်ဆိုင်ရာဌာနများကလည်း လုပ်အားခ ရှင်းပေးရန် တာဝန်ရှိပါသည်။ အမှန်စင်စစ် လမ်းခင်းသည်ဖြစ်စေ၊ ဆည်ပြုပြင်သည်ဖြစ်စေ၊ မြောင်းပြုပြင်သည်ဖြစ်စေ၊ တာပြုပြင်သည်ဖြစ်စေ၊ သူ့အသုံးစရိတ်နှင့်သူရှိသည်။ လုပ်အားခကို မပေးလျှင် ဖြတ်စားခြင်းသာဖြစ်သည်။ လယ်သမားများ အထူးသတိချပ်ဖွယ်။

မကြာမီက ကျောက်ပန်းတောင်းမြို့နယ်က ဆည်ငယ်တစ်ခုပြင်ဆင်ရန် ဘတ်ဂျက်ငွေ ကျပ်သိန်း ၃၀၀ ကျသည်။ စက်ဆီပီပါများရောက်လာသည်။ ဆီတစ်ပီပါလျှင် ဆီဂါလန် ငါးဆယ်ပါရမည့်အစား ဆီဂါလန်လေးဆယ်သာပါကြောင်း ရွာသူရွာသားတွေပြောဆိုသည်ကို ကြားရသည်။ ဆီခိုးလျှင် ဆည်ပြုပြင်မှုကို ထိခိုက်နိုင်သည်။ မည်သူမှာ တာဝန်ရှိသနည်း။

တိုင်းပြည်ကောင်းရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိသည်။ တာဝန်ကိုယူကြပါ။ တာဝန်ယူချိန်မှာ မိမိကိုယ်ကျိုးစီးပွားကို ကြည့်လိုက်ခြင်းဖြင့် နိုင်ငံကို မထိခိုက်ပါနှင့်။ နိုင်ငံသားတွေကို မထိခိုက်ပါစေနှင့်။

လယ်ယာ သားငါးကဏ္ဍသည် ယနေ့ထိတိုင် ပြည်သူလူထုအကျိုးစီးပွားမှာ အဓိကမဏ္ဍိုင်ဖြစ်နေဆဲ။ ထိုကဏ္ဍမှာ လိုအပ်သမျှကို နိုင်ငံသားတိုင်း စိတ်ဝင်တစားရှိသင့်သည်။

ယခုအချိန်မှစတင်၍ မိုးကာလတစ်လျှောက်လုံးကား လယ်ယာမြေမှာ ရေလိုလျှင် အချိန်မီရေသွင်းပေးနိုင်ပြီး ရေလွှမ်းမိုးချိန်မှာ အချိန်မီရေထုတ်ပေးနိုင်ရန် အရေးတကြီး လိုအပ်ချိန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# တံတားတည်ဆောက်ပြီးရင် ဒလဘက်မှာ စီးပွားရေးဇုန်တွေလည်း အကောင်အထည်ဖော်ဖို့ရှိတော့ ဒီနေရာတွေမှာလည်း လုပ်ချင်လုပ်လို့ရမှာပါ။

**ရန်ကုန်-ဒလ မြစ်ကူးတံတား တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းအကောင်အထည်ဖေါ်နိုင်စွမ်းလေ့လာမှုကိုမြန်မာနှင့်ကိုရီးယားသမ္မတနိုင်ငံပူးပေါင်း၍ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုစီမံကိန်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ဒေါ်သိန်းနုကို အင်တာဗျူးထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**မေး- ရန်ကုန်-ဒလတံတားစီမံကိန်းအတွက် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ဘာတွေသဘောတူထားပါလဲ။**

ဖြေ- သဘောတူညီမှုကလက်ရှိမှာတစ်ခုပဲရှိပါတယ်။ စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှုလုပ်ငန်း စတင်ဖို့အတွက်ပဲရှိပါတယ်။

**မေး- စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်း လေ့လာမှုလုပ်ငန်း ဘယ်တော့စမှာလဲ။**

ဖြေ- စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှုလုပ်ငန်းတွေက အခုစလုပ်နေပါပြီ။

**မေး- ကိုရီးယားနိုင်ငံဘက်က တံတားဆောက်ပေးတဲ့အတွက် မြေနေရာ တစ်ခုတောင်းထားတယ်လို့ သိရပါတယ်။ အဲဒါ ဟုတ်ပါသလား။ ဘယ်နေရာကို တောင်းဆိုထားတာပါလဲ။**

ဖြေ- မြေနေရာအတွက်ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘာမှမသိရသေးပါဘူး။ နောက်ဆုံး အစည်းအဝေးတုန်းကအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ ညှိနှိုင်းမှုလုပ်ထားတာတွေရှိပါတယ်။

**မေး- တံတားတည်ဆောက်ဖို့ နှစ်နိုင်ငံ ပူးပေါင်းတည်ဆောက်မယ်လို့ သိရပါတယ်။ ကိုရီးယားကထည့်ဝင်မယ့်ပမာဏနှင့်မြန်မာကထည့်ဝင်မယ့်ပမာဏကို သိလိုပါတယ်။**

ဖြေ-တံတားတည်ဆောက်မယ်ဆိုရင်စိုက်ထုတ်မယ့်ငွေကြေးပမာဏမသိရသေးတော့ ဘယ်လောက်စိုက်ထုတ်မယ်ဆိုတာလည်း မသိသေးပါဘူး။ စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှုလုပ်ငန်းဆောင်ရွက်ချက်ပြီးမှသိရပါမယ်။

**မေး- တံတားတည်ဆောက်မယ်ဆိုရင် ဘယ်လောက်ကုန်ကျနိုင်တယ်လို့ ထင်ပါသလဲ။**

ဖြေ- ကုန်ကျစရိတ်ကလည်း စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှုလုပ်ငန်းပြီးမှဒီတွက်ချက်မှုပေါ် မူတည်ပြီးမှသိရမယ်။

**မေး- တံတားအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှုဖြစ်မြောက်ရေးအတွက် ကိုးရီးယားနိုင်ငံဘက်မှဆောက်လုပ်ရေးကုမ္ပဏီက ရရှိလုပ်ဆောင်နေတယ်လို့ သိရပါတယ်။ တံတားတည်ဆောက်မယ့်ကုမ္ပဏီကိုဘယ်လိုရွေးချယ်သွားရန်စီစဉ်ထားပါသလဲ။**

ဖြေ- တည်ဆောက်မယ့် ကုမ္ပဏီကလည်း ကိုရီးယားနိုင်ငံထုံးစံအတိုင်း International Tender Building စနစ်နဲ့ ခေါ်ယူမှာဖြစ်တယ်။ နိုင်ငံတကာကုမ္ပဏီတွေကို တင်ဒါစနစ်နဲ့ ရွေးချယ်သွားမှာဖြစ်ပြီး နှစ်နိုင်ငံညှိနှိုင်းရွေးချယ်သွားမှာပါ။

**မေး- တံတားတည်ဆောက်ပြီးပါက ဒေသခံစက်လှေသမားများ အလုပ်လက်မဲ့အခြေအနေသို့ရောက်ရှိနိုင်တဲ့အတွက် ဒေသခံတွေ အတွက်ကြိုတင်စီစဉ်ထားတာရှိပါသလား။**



ဓာတ်ပုံ-ကျော်ဇင်သန်း

*တောင်ကိုရီးယား ဒုတိယဝန်ကြီးချုပ်ကို ရန်ကုန်-ဒလ မြစ်ကူးတံတားနှင့်ပတ်သက်၍ တာဝန်ရှိသူက ဇွန် ၂၀ရက်ကရှင်းပြစဉ်*

ဖြေ- အခုတံတားတည်ဆောက်တဲ့နေရာက စက်လှေကူးတဲ့နေရာလည်းမဟုတ်ဘူး။ အဲဒါဆိုတော့ စက်လှေနဲ့ ကူးတဲ့သူတွေလည်း ရှိနိုင်တော့ ဆက်လုပ်နိုင်သလို ကုန်တွေတင်ပြီး ဆက်လွှဲမယ်ဆိုလည်း ဆွဲနိုင်တယ်။ တံတားတည်ဆောက်ပြီးရင် ဒလဘက်မှာ စီးပွားရေးဇုန်တွေလည်း အကောင်အထည်ဖော်ဖို့ရှိတော့ ဒီနေရာတွေမှာလည်း လုပ်ချင် လုပ်လို့ရမှာပါ။

**မေး- တံတားကို ဘယ်အချိန်စဆောက်မှာပါလဲ။**

ဖြေ- တံတားတည်ဆောက်မယ့် စံချိန်စံညွှန်းက စီမံကိန်းအကောင်အထည် ဖော်နိုင်စွမ်းလေ့လာမှုလုပ်ငန်းပြီးမှ သိရပါမယ်။ လက်ရှိပုံစံအရကြိုးတံတားတည်ဆောက်မယ်လို့ သတ်မှတ်ထားပါတယ်။

**မေး- တံတားကိုဘယ်တော့အပြီးဆောက်ဖို့ ရည်မှန်းထားပါလဲ။**

ဖြေ-တံတားတည်ဆောက်မှုစတင်မှာက စီမံကိန်းအကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှုလုပ်ငန်းပြီးမှ သက်ဆိုင်ရာဌာနတွေ ညှိနှိုင်းပြီး လွှတ်တော်တင်ပြီးမှ ဆုံးဖြတ်လို့ရမှာပါ။ တည်ဆောက်မယ့်ကာလက တံတားတည်ဆောက်မယ့် ပုံစံတွေ၊အမျိုးအစားတွေပေါ်မှာ မူတည်ပြီးမှ ဘယ်လောက်ကြာမယ်။ ဘယ်တော့ပြီးမယ်ဆိုတာ သတ်မှတ်နိုင်မှာပါ။

**ကျေးဇူးတင်ပါတယ်။**

စာမျက်နှာ(၃)မှ

## ငွေစက္ကူအတုထိန်းချုပ်ရန် အထူးစစ်ဆင်ရေး တစ်ရပ်လိုအပ်နေ

တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်၊ ရင်ကျန်းမြို့တွင် ငါးထောင်ကျပ်တန်အတုအရွက် တစ်ရာကို ကျပ်ငါးသောင်းကျပ်နှင့်ရောင်းချမှုများရှိကြောင်း မူဆယ်မြို့မှ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ယင်းကြောင့် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့တွင် လုပ်ငန်းရှင်များမှာ ကားခရှင်းရာမှာပင် ငွေအတုအစစ် ခွဲခြားသည့်စက်များ အသုံးပြုနေရကြောင်း ၎င်းကဆိုသည်။


ပြည်သူနှင့်တိုက်ရိုက်ထိတွေ့နေသည့် အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေစက္ကူအတုအနည်းငယ်တွေ့ရှိပါက တစ်ဝက်ဖြဲ၍ ယူပြီးတစ်ဝက်ကိုပြန်ပေးခြင်း၊ ငွေစက္ကူကို သုံးမရအောင် အပေါက်များဖောက်ခြင်းတို့ပြုလုပ်ပြီး ပိုင်ရှင်အားပြန်ပေးသည်။ ထို့ကြောင့် မိမိထံတွင် ငါးထောင်တန်အတုရောက်နေပါက အစားထိုးပြန်ရနိုင်ရန်မရှိပေ။ ထို့ကြောင့် ကံဆိုးသူထံ ငါးထောင်တန်များများရောက်နေမည်ဖြစ်ပြီး လတ်တလောတွင်ပြည်သူများအတွက် ငွေစက္ကူအတုနှင့် ပတ်သက်၍ အကာအကွယ်မှမရှိသေးပေ။ မိမိဘာသာအတုပါမလာအောင် ခွဲခြားစိစစ်ဖို့သာရှိသည်။

"ငွေစက္ကူကို ဗဟိုဘဏ်ကထုတ်တာဆိုတော့ အတုတွေကိုထိန်းချုပ်ဖို့ကိုဗဟိုဘဏ်ကဆောင်ရွက်ပေးရမယ်။ ကျွန်တော်တို့ ငွေတုစစ်ဆေးတဲ့ဌာနကတော့ ငွေတုတွေ့တယ်ဆိုရင် ဟုတ်၊မဟုတ် စစ်ဆေးပြီး စနစ်တကျခွဲခြားဆုံးဖြတ်ပေးရတာ"ဟု နေပြည်တော်ငွေတုစစ်ဆေးရေးဌာနမှတာဝန်ရှိသူကပြောကြားသည်။

ငွေတုများနှင့် ပတ်သက်၍ ဘဏ်များမှဖြေရှင်းဆောင်ရွက်နေသည့် နည်းလမ်းများဖြစ်သည့် ဆုတ်ဖြဲပြီး ပြည်သူကို တန်ဖိုးထပ်မံပေးလျော်စေခြင်းမှာ နစ်နာမှုများစွာရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏ လူမှုရေးဝက်ဘ်ဆိုက်တွင် ပုံနှင့်တကွဖော်ပြထားသည်။

"ဒါက ဗဟိုဘဏ်ရော သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ ပေါင်းလုပ်ဖို့လိုတယ်။ စက်တွေရှိပေမယ့် အခြေခံလူထု နားလည်ဖို့မလွယ်ဘူး"ဟု ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကဆိုသည်။

ငွေသားများစွာနှင့် အရောင်းအဝယ်ပြုလုပ်နေသည့် ရွှေဆိုင်များတွင်လည်း ငွေစက္ကူတုများပါလာမည်ကိုစိုးရိမ်၍ ငွေစက္ကူအတုတစ်ရွက်၊ ငွေစက္ကူအစစ်တစ်ရွက်ကို ခွဲခြားဖော်ပြထားပြီး ရေတွက်စစ်ဆေးနေရကြောင်း အောင်သမာဓိရွှေဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မျက်နှာဖုံးမှ

## အစွန်းရောက် အမျိုးသားရေးဝါဒီများ ခေါင်းထောင်လျှင် ဒီမိုကရေစီပြိုလဲနိုင်ဟု ပညာရှင်သတိပေး

ထိုကဲ့သို့အစွန်းရောက်မှုဖြစ်စဉ်များကြောင့် ယူဂိုဆလားဗီးယားနိုင်ငံကဲ့သို့ ပျက်စီးသွားနိုင်ကြောင်း၊ ဘာသာရေးအခြေခံပြီး လူမျိုးရေး အစွန်းရောက်ဝါဒီများသည် အာဏာရအဝန်းအဝိုင်းနှင့် ပေါင်းစည်းမိသွားသောအခါပြင်းထန်သော အမျိုးသားရေးဝါဒီထောင်ခြောက်ထဲသို့ ရောက်ရှိသွားနိုင်ကြောင်း Mr. Igor Belazevic ကဆိုသည်။

"မြန်မာပြည်ကို ယူဂိုဆလားဗီးယားလို လမ်းကြောင်းကို လိုက်မယ်လို့ မမျှော်လင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကစားပွဲဟာ ဘယ်သူမှ မနိုင်ဘဲ အကုန်ရှုံးနိမ့်မယ့် ကစားပွဲဖြစ်လို့ပါ။ တောင်အာဖရိကနဲ့ အင်ဒိုနီးရှားလို အပြောင်းအလဲကသာလျှင် မြန်မာပြည်အတွက်အသင့်လျော်ဆုံးဖြစ်ပါလိမ့်မယ်"ဟု အဆိုပါပုဂ္ဂိုလ်ကပြောသည်။

အထက်ပါပညာရှင်ကထိုကဲ့သို့သုံးသပ်ပြောကြားသော်လည်း ပြည်တွင်းနိုင်ငံရေးအသိုင်းအဝိုင်းရှိပုဂ္ဂိုလ်အချို့ကမူ မကြာမီက ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များသည် ပြုပြင်ပြောင်းလဲရေးပြုလုပ်သည့် နိုင်ငံအများစုတွင် တွေ့ကြုံရသည့်ဖြစ်စဉ်များသာဖြစ်ပြီး ကြီးမားသည့်အန္တရာယ်မရှိနိုင်ကြောင်း ဆိုသည်။

"ဒီလို ဘာသာရေးအစွန်းရောက်တဲ့ကိစ္စတွေဟာ နိုင်ငံရေးစနစ် အကူးအပြောင်းကာလတွေမှာ ဖြစ်တတ်တဲ့သဘောရှိတယ်။ အချို့နိုင်ငံတွေကျတော့ စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျတဲ့အခါမှာ လူမျိုးရေးမုန်းတီးမှုတွေ ဖြစ်ခဲ့တဲ့ဖြစ်စဉ်တွေရှိတယ်။ လောလောဆယ် ဖြစ်တာကတော့ ဖြစ်ရိုးဖြစ်စဉ်သဘောပါပဲ"ဟု ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များကို လေ့လာမှုအထူးပြုဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သူ မြန်မာငြိမ်းချမ်းရေးစင်တာမှ ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးက ပြောသည်။

ယခုကဲ့သို့လူမျိုးရေး၊ဘာသာရေး အခြေခံပြဿနာများသည် နောက်ကြောင်းပြန်လှည့်ရန် ဦးတည်သည် မဟုတ်ဘဲ အစိုးရမှ ပဋိပက္ခများကို သေချာစွာ ထိန်းကွပ်နိုင်မှုမရှိ၍ သာဖြစ်ကြောင်း၊ သို့သော် ပြဿနာများသည် ဆက်လက်ဖြစ်ပွားမည်ဆိုပါက ယခုအနေအထားထက် ပိုမိုကြီးထွားလာနိုင်ပြီး တိုင်းပြည်၏ရှေ့ခရီးကိုခြိမ်းခြောက်သည့် အခြေအနေများ ရှိလာနိုင်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ဥက္ကဋ္ဌ ဦးခင်မောင်ဆွေကလည်း ပြောကြားသည်။

"အာဏာရှင်စနစ်အသစ်ကို ဖန်တီးဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါမျိုးလုပ်ဖို့ အစိုးရမှာ ဆန္ဒမရှိနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီလိုဖြစ်အောင် ဖန်တီးတဲ့ဘေးပယောဂတွေတော့ အများကြီးရှိပါတယ်။ အဲဒါကို သတိကြီးစွာထားရမယ်"ဟု ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။

နောက်ကြောင်းပြန်လှည့်မှု မဖြစ်ပေါ်စေရန် အစိုးရနှင့် နိုင်ငံသားများအပေါ်တွင်မူတည်နေပြီး မဖြစ်သင့်သည်များ မဖြစ်ပေါ်စေရန် အားလုံး ပူးပေါင်းပါဝင် ထိန်းသိမ်းကြရန်လိုကြောင်း ဦးသုဝေ ကဆိုသည်။

# သာသည့်မြေသို့နှင့် အိမ်ပြေးများ

မောင်သာချို



(တစ်)

"ရေကြည်ရာမြက်နုရာ"ဆိုသည့်မြန်မာစကားရှိပါသည်။ လူတစ်ယောက်ဘဝရှင်သန်နေထိုင် နိုင်ဖို့ရာအတွက် ပိုမို၍အဆင်ပြေပြီး လွယ်ကူချောမွေ့ရာအရပ်ဟု အနက်အဓိပ္ပာယ်ရပါသည်။မည်သူမ ဆို "ရေကြည်ရာမြက်နုရာ"အရပ်သို့ရွှေ့ပြောင်းသွားတတ်ကြစမြဲ။ ကျွန်တော့်မိတ်ဆွေ ကာတွန်းဆရာကိုအော်ပီကျယ်ကတော့စာပေဟောပြောပွဲစင်မြင့်တွေပေါ်ကနေသည်"ရေကြည်ရာမြက်နုရာ"ဆိုသောကိစ္စကိုမကြာခဏပြောတတ်ပါသည်။

ကိုယ်နေတဲ့အရပ်ကို ရေကြည်တဲ့အရပ်၊ မြက်နုတဲ့အရပ် ဖြစ်အောင်လုပ်လို့မရဘူးလားဆိုသည့်စကား။ ဟုတ်တာပေါ့။ ကိုအော်ပီကျယ်မေးသင့်တဲ့စကားပေါ့။ ကျွန်တော်တို့ချစ်မြတ်နိုးရာအမိမြန်မာပြည်ကြီးဟာရေကြည်သောအရပ် မြက်နုသောအရပ်ဖြစ်အောင်လုပ်လို့ ရရပေမှာပေါ့။ သို့သော်. . . နှစ်ပေါင်းများစွာရေမကြည်ခဲ့မြက်မနုခဲ့သည်မို့ကျွန်တော်တို့ဆီက လူငယ်တွေ လူရွယ်တွေ ပိတောက်နဲ့ဝေးရာ၊ ထနောင်းနဲ့ဝေးရာ ချယ်ရီနဲ့ဝေးရာ၊ တောင်ဇလပ်နဲ့ဝေးရာဆီကို ထွက်ထွက်သွားလိုက်ကြရတာ။

သူတို့ကို စောင့်ကြိုနေ သည်က 3D Job ဆိုလား။ D သုံးလုံးနှင့် ပြည့်စုံသည့်အလုပ်တဲ့။ ပထမ D က difficult ခက်ခဲတာတဲ့။ ဒုတိယ D က dirty ညစ်ပတ်တာတဲ့။ တတိယ D က danger အန္တရာယ်များတာတဲ့။

မြန်မာလူငယ်လူရွယ်တို့ ထို 3D Jobကလေးတစ်နေရာ ရရှိဖို့ရာ မလေးရှားသို့၊ စင်ကာပူသို့၊ ထိုင်းသို့၊ ဂျပန်သို့၊ ဘရူနိုင်းသို့၊ ယူအေအီးသို့၊ ဟောင်ကောင်သို့၊ အမေရိကန်သို့ မျက်ရည်စက်လက်ဖြင့် ထွက်ခွာသွားနေခဲ့ကြရခြင်းဖြစ်ပါသည်။

(နှစ်)

တစ်ခါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ထဲ၌ ကျွန်တော်ရှိနေခဲ့စဉ်မလေးရှားသို့အစုလိုက် အပြုံလိုက် လေယာဉ်တစ်စီးစာလောက်နီးနီး ထွက်ခွာသွားကြမည့် လူငယ်လူရွယ် အများအပြားနှင့် ဆုံခဲ့ဖူးပါသည်။ အားလုံး အညာက လူငယ်တွေ။ နတ်မောက်၊ တောင်တွင်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မကွေး၊ ရေနံချောင်းတစ်ဝိုက်က လူငယ်တွေချည်း။ ညိုညိုမည်းမည်း ကလေးတွေ။

ပြည်ပခရီးစဉ်သွားမှာမို့ရယ်လို့ပြုံးပြုံးရွှင်ရွှင် တောက်တောက်ပပမရှိ။ အကျီအဝတ်အစားကိုကျွတ်ကျွတ်အိတ်နှင့် ထည့်ထားသူများကပင်မနည်း။ ဖိနပ်ကလေးတွေချွတ်ချွတ်ပြီး လေဆိပ်ကြမ်းပြင်၌ ကျုံ့ကျုံ့ကလေးတွေထိုင် လျက်လိုက်ပါပို့ဆောင်သည့်မိဘ၊ ဘိုးဘွား၊ ဆွေမျိုးမိတ်သင်္ဂဟများအား ရှိခိုးနေလိုက်ကြတာ။

အကုန်လုံး မငိုသူမရှိ။ ဘေးကနေ ကြည့်နေရသူများပင် လျှင် မျက်ရည်ဝဲ၍လာရသည့်မြင်ကွင်းဖြစ်ပါသည်။ သွားချင်လွန်းလို့သွားရသည့်ခရီးမဟုတ်။ ရေကြည်ရာ မြက်နုရာဆိုသည့် မျှော်လင့်ချက်ဖြင့် ဘဝဝမ်းစာအတွက် စွန့်စားထွက်ခွာကြရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံက ဘာဖြစ်လို့ ရေမကြည်ရ မြက်မနုရတာတဲ့လဲ။

(သုံး)

နိုင်ငံသားတို့၏ ဝင်ငွေကိုပြန်ကြည့်တော့ ကမ္ဘာကြီးကို အသာထားလိုက် အာဆီယံ ၁၀ နိုင်ငံ၌ ကျွန်တော်တို့က အနည်းဆုံးဖြစ်ပါသည်။ နံပါတ်တစ်စွဲသူ ဘရူနိုင်းက အမျိုးသား တစ်ဦးချင်း တစ်နှစ် ဝင်ငွေ အမေရိကန် ဒေါ်လာ ၅၀,၇၉၀ တဲ့။ စင်ကာပူက ၄၉,၇၅၄၊ မလေးရှားက ၁၃,၃၈၅၊ ထိုင်းက ၇,၉၀၇၊ အင်ဒို နီးရှားက ၃,၇၂၈၊ ဖိလစ်ပိုင်က ၃,၃၈၃၊ လာအိုက ၂,၀၅၄၊ ကမ္ဘောဒီးယားက ၁,၈၁၈၊ ဗီယက်နမ်က ၁,၅၈၉၊ မြန်မာက ၁,၀၄၀ တဲ့။နောက်ဆုံးဘိတ်ပါ။ ကျွန်တော်တို့ကအဆင်းရဲဆုံး။

ကမ္ဘာ့ရာသီဥတု ဆိုးရွားမှုဒဏ် အခံရဆုံး နိုင်ငံ ၁၀ ခုတွင် မြန်မာကနံပါတ် ၂။ ကမ္ဘာ့ကင်ဆာရောဂါအဖြစ်ဆုံးနိုင်ငံ ၁၀ ခုတွင် မြန်မာက နံပါတ် ၂။

ယာဉ်အန္တရာယ်အဖြစ်ဆုံး နိုင်ငံများကိုတန်းစီလိုက်တော့အာဆီယံ ၁၀ နိုင်ငံမှာမြန်မာက အဆိုးဆုံး။ အကောင်းဆုံး ဘရူနိုင်းက မော်တော်ကားအစီးတစ်သိန်းရှိလျှင် လူ ၁၉ ဒသမ ၈ ယောက်သာ သေသတဲ့။ နံပါတ် ၁၀ ချိတ်သူ မြန်မာက ၃,၃၄၂ ဒသမ ၉ ယောက်သေဆုံးနေပါသတဲ့။

အခြေခံပညာရေး၌ သူငယ်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၀ သိန်းတက်လျှင် တက္ကသိုလ်ဝင်တန်းရောက်သောအခါ ၄ သိန်းခန့်သာ ကျန်တော့သဖြင့် အခြေခံပညာမပြီးဘဲ နှစ်စဉ်ကျောင်းထွက်သွားသူကလည်း ၆ သိန်းဆိုသည့် သဘော။

ကမ္ဘာပေါ်၌ဒုက္ခသည်အရေအတွက် အများဆုံးနိုင်ငံ ၁၀ နိုင်ငံကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ၂၀၁၃ ခုနှစ်အတွက် ထုတ်ပြန်ခဲ့ရာကျွန်တော်တို့ မြန်မာနိုင်ငံ ပါဝင်နေပြန်ပါသည်။ အမှတ်စဉ်ကတော့ ၇ ။

Transparency international က ကမ္ဘာ့အကျင့်ပျက်ခြစားမှုအညွှန်းကိန်း (corruption perceptions index)ကို ပြုစုထားခဲ့ရာအသန့်ရှင်းဆုံးနိုင်ငံကိုအမှတ်စဉ် ၁ သတ်မှတ်ပြီးဆိုးသည်ထက်ဆိုးသောနိုင်ငံများအား အမှတ်စဉ်တိုးတိုးပြီး သွားခဲ့ရာနိုင်ငံ ၁၇၆ နိုင်ငံတွင် မြန်မာက ၁၇၂ တဲ့။ ကိုယ့်နောက်မှာ သိပ်မရှိတော့။

၂၀၁၃ ခုနှစ် ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသား ၄ ယောက်ရှိလျှင် ၃ ယောက်က လျှပ်စစ်မီးမရပါတဲ့။ မြန်မာပြည်၌လူ ၁,၀၀၀ မှာကတ္တရာလမ်း ၂ ကီလိုမီတာပဲ ရှိသည်ဟု ဆိုရာ လူ ၁,၀၀၀ တွင် ၁ မိုင်သာသာကလေးပဲလမ်းရှိသည့် သဘော။ လျှောက်လှမ်းဖို့ လမ်းကို တောင်ပြည့်စုံအောင် မဖန်တီးနိုင်သည့်ဘဝ။

အကြွေးတွေကဆိုကြောက်ခမန်းလိလိ။ ၁၉၈၈ မတိုင်မီက ဒေါ်လာ သန်းပေါင်း ၈,၄၀၀၊ ၁၉၈၈ ပြီးတော့ ဒေါ်လာသန်းပေါင်း ၂,၆၀၀ တဲ့။ ဒါက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးလှထွန်းပြောဖူးသည့်စကား။ ဒေါက်တာမောင်မောင်သိမ်းကတော့ အကြွေး ဒေါ်လာသန်းပေါင်း ၁၅,၀၈၉ ဒသမ ၄၃၄ တဲ့။ မည်သည့်ကိန်းဂဏန်းက မှန်သည်ဆိုတာ အသာထား တစ်တိုင်းပြည်လုံးကြွေးတွေနှင့်ဆိုတာကတော့ အသေအချာပဲ ဖြစ်ပါသည်။

သည်လို ဘက်ပေါင်းစုံက နိမ့်ဆင်းသွားသည့်အခင်းအကျင်းကြီးကိုကြည့်လျှင် တစ်ပါတီစစ်အာဏာရှင်စနစ်ဖြင့် ကိုယ့်တိုင်းပြည်ကို ရေကြည်ရာ မြက်နုရာအရပ်ဖြစ်အောင် လုပ်ဆောင်မရဆိုသောအဖြေက ထွက်ပေါ်လာပါသည်။

သည်တော့ ဘာဖြစ်သလဲ။ လူငယ် လူရွယ်တို့ ရေကြည်ရာမြက်နုရာ ရှာဖွေကြပြီပေါ့။ အိမ်ကနေပြေးကြပြီပေါ့။

၂၀၁၃ ခုနှစ် မက်ကင် ဆေးတက္ကသိုလ်၏ သုတေသနပြုချက်အရမြန်မာနိုင်ငံတွင်အသက်(၁၅)နှစ်ကနေ (၄၅) နှစ်ကြားရှိအလုပ်လုပ်နိုင်သောသူ ၄၆ သန်းရှိရာ သုံးသန်းနှင့် လေးသန်းကြားကပြည်ပသို့ ရောက်နေကြပါသည်တဲ့။ ဩော်. . မြန်မာနိုင်ငံသားတွေသိန်း ၄၀ ဝန်းကျင်လောက်အလုပ်ထွက် လုပ်နေကြရသည်ဆိုတဲ့ သဘောပဲပေါ့။

နယ်စပ်ဖြတ်ကျော် မှုခင်းဌာနတွင် ဒုရဲမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ ရာလျှန်မုန်းကတော့ ထိုင်းတစ်နိုင်ငံတည်းမှာပင်လျှင် မြန်မာနိုင်ငံက လူတွေ ၂ ဒသမ ၄ သန်း၊ တစ်နည်းအားဖြင့် လူ ၂၅ သိန်းလောက်ရောက်နေသည်ဟု ဆိုပါသည်။

ကျွန်တော်ပြောခဲ့သလို 3D Job အတွက်။ difficult, dirty နှင့် danger အတွက်။

(လေး)

ကျွန်တော်တို့ခပ်ငယ်ငယ်အလယ်တန်းကျောင်းသားဘဝတုန်းကကဗျာဆရာမငွေတာရီ၏ကဗျာတစ်ပုဒ်ကိုသင်ကြားခဲ့ရဖူးပါသည်။ ကဗျာအမည်က "သာသည့် မြေသို့" တဲ့။

ခြံနှစ်ခြံကို နှိုင်းယှဉ်ကာ သူ့ခြံမှာက ပန်းပေါင်းစုံပွင့်လို့၊ ရနံ့ပေါင်းစုံ သင်းလို့၊ မြက်ခင်းတွေကလည်း လှဲအိပ်ချင်စရာကောင်းလောက်အောင် စိမ်းစိုလို့ဟုဖော်ပြပြီး ကိုယ့်ခြံကတော့ ဘာပန်းမှ မပွင့်ရုံသာမက ချုံတွေ၊ နွယ်တွေ အထွေးထွေးအရှုပ်ရှုပ်နှင့်မို့ စိတ်ပျက်စရာကောင်းလှကြောင်းဆိုကာကိုယ့်ခြံတွင်း၌သူ့ခြံလိုပဲရောင်စုံ ပွင့်လန်းရလေအောင် ပေါင်းမြက်တို့ကို နုတ်ပစ်ဖို့ အားခဲထားပါကြောင်း ရေးဖွဲ့ထားသည့်ကဗျာဖြစ်ပါသည်။ ဖော်ပြပါရစေ။

**သာသည့်မြေသို့**

*အလှထူးပါဘိ*
*မြဖူးပြာအငုံနှင့်*
*လွှာရုံမှာ ညှာစုံကျင်းရော့ထင့်*
*ဖြူဝင်းငွေမှုန်လွှာတို့*
*လေယူရာ ရနံ့ညင်း*
*သင်းပျံ့ခဲ့သူ့ခြံမှာ။*
*ငါ့ခြံကြည့်ပြန်တော့*
*မချိုပူပွေဖြာခဲ့*
*မြေပြာမှာ နေစာမတင့်နိုင်ဘု*
*ကြည်စရာနီဝါတွေလဲ*
*မပွင့်လေတော့*
*စိမ်းရင့်ရောင် နွယ်ချုံဖုတ်တွေက*
*ရှုပ်ထွေးကာ လိမ်ခွေရှက်*
*အားပျက်စရာ။*
*သူ့စခန်း*
*သာဆန်းရုံသွင်မို့*
*ငါလှမ်းကာခိုဝင်လို့*
*ပြာငွေစင် ကြိုင်ပျံ့ရှားပါတဲ့*
*ပွင့်ငုံဆင်ပင်တွေကြားမှာလ*
*လျှောက်သွားကာ*
*ပျော်လိုလှပါဘိ*
*မြရောင်စိုသည်မြက်ခင်းရယ်နဲ့*
*ညင်းလေခို သစ်ညိုရိပ်မှာဖြင့်*
*လျောင်းအိပ်လို့တစ်ကိုယ်သာ*
*ရွှင်ပါချင့်စိတ်ထဲ။*
*သို့လဲလေ*
*မသင့်လျော်ပေဘု*
*ငါ့ခြံမြေဉယျာဉ်နန်းဟာလဲ*
*လှလေသည် သာစခန်းပေပေါ့*
*စိတ်ပန်းကို သည်လိုဖြေလို့*
*ကျက်သရေ*
*တက်နေဝင့်အောင်လ*
*ငါ့ခြံမြေ အခြေမြင့်ချင်ငဲ့*
*သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်*
*ငါ့မြေမှာ နီဝါတင့်ရမပေါ့*
*အခွင့်အခါမျှော်လို့*
*ဉယျာဉ်တော် သာယာရေးကိုလ*
*ရှုမြင်မြော်ခါခါတွေးပါလို့*
*မနှေးပင်အားအင်ထုတ်လို့ရယ်*
*ပေါင်းနုတ်ဖို့ခဲ။*

ကဗျာဆရာမ ငွေတာရီ၏ ကဗျာထဲကလို "သူ့မြေမှာ ဖြူပြာဝင့်" သလို ကျွန်တော်တို့ "ငါ့မြေမှာနီဝါတင့်"အောင် လုပ်နိုင်ခဲ့ကြပါပြီလား။

၁၉၆၂ ကနေ သည်ကနေ့အထိ။ ထွက်လာသည့်အဖြေက ဝင်ငွေချွတ်ခြုံကျ၊ ရာသီဥတု ဆိုးရွား၊ ရောဂါဘယ ထူပြော၊ ယာဉ်အန္တရာယ်ထူထပ်၊ ပညာရေးစုတ်ပြတ်၊ ဒုက္ခသည်များပြား၊ အကျင့်ပျက်ခြစားမှုကမ်းကုန်၊ လျှပ်စစ်မီးရောင်မှောင်မည်း၊ သွားစရာလမ်းက တိုတိုတောင်းတောင်း၊ အကြွေးကလည်ပင်းရောက်စသည်စသည်တို့သာ။

ဤသို့ဖြင့် ကျွန်တော်တို့ဆီမှာ အိမ်ပြေးတွေ များပြားကုန်ရခြင်းဖြစ်ပါသည်။ သူတစ်ပါးတို့၏အရပ်မှာ အနိုင်ကျင့်ခံ၊ အညှဉ်းဆဲခံ၊ အစော်ကားခံ၊ အသတ်ခံကာ အိမ်ကိုငါးသောင်းတစ်သိန်းပြန်ပို့နိုင်ဖို့ထွက်ပြေးကြရရှာသူများဖြစ်ပါသည်။

အခု ပုစ္ဆာကလည်းရှိ အဖြေကလည်း သိထားသော ကာလကြီးထဲတွင် အိမ်ပြေးတွေ ကိုယ့်အိမ်ကိုမြန်မြန်ပြန်လာနိုင်ဖို့နှင့်နောက်ထပ် ကိုယ့်အိမ်က ထပ်ပြီးထွက်မပြေးကြရလေအောင် သည်ခြံကို "သာသည့် မြေသို့" ဖြစ်အောင် ခပ်မြန်မြန် စီမံခန့်ခွဲဖို့ လိုအပ်ပါသည်။

ဓားမိုး၊ သေနတ်မိုးကာ အမိန့်အာဏာနှင့် နိုင်ငံကိုစီမံခန့်ခွဲခြင်းဖြင့် "သာသည့် မြေသို့"မဖြစ်နိုင်ကြောင်း အဖြေက ထွက်ရှိပြီးသားဖြစ်ပေသည်။ ။

ဂျ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံ့ချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒါနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဒွေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006



# ရွှေရောင်အိပ်မက်များဆီသို့

**မဟာအင်ဂျင်နီယာဘွဲ့ရတစ်ဦး**

ကျွန်တော်သည် နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး မဟာအင်ဂျင်နီယာဘွဲ့ရကျောင်းသားတစ်ယောက် ဖြစ်ပါသည်။

ပြောင်းလဲလာသော ကျွန်တော်တို့နိုင်ငံမှာ အဆင့်မြင့်ပညာရေးဟူသောဆောင်ပုဒ်ကြီးဟာ နည်းပညာတက္ကသိုလ် ကျောင်းသာမက ကွန်ပျူတာ တက္ကသိုလ်ကျောင်းပါ အဆင့်မြင့် ခံခဲ့ရပါသည်။ ကျွန်တော်သည် ပညာကို ခုံမင်သူတစ်ယောက်ဖြစ်သကဲ့သို့ ပြီးမြောက်အောင် သင်ကြားချင်သောစိတ်သည်ငယ်ငယ်ကတည်းက ဝါသနာပါခဲ့သည်။

သတင်းစာတွင်ပါရဂူ ဘွဲ့သင်တန်းများခေါ်ယူမည်ဟူသော သတင်းနှင့် မဟာအင်ဂျင်နီယာ သင်တန်းသားများခေါ်ယူမည်ဆိုသောသတင်းပါလာခဲ့သောကြောင့် ပါရဂူဘွဲ့ကိုယူ၍ အမိနိုင်ငံတော်တွင် တိုင်းကျိုးပြည်ပြုလူငယ် တစ်ဦး ဖြစ်ချင်သည်။ ဒီနှစ်သည်ယခင်ကထက် သတင်းစာတွင် ကြေညာသောအချို့အချက်များသည် စိတ်ဝင်စားမှု ပို၍ကောင်းခဲ့ပါသည်။

အဘယ်ကြောင့် ဆိုသော် ကျန်းမာရေး ထောက်ခံစာယူ ခိုင်းခြင်း၊ မိဘ မှတ်ပုံတင်မူရင်းများ တစ်ပါတည်းယူဆောင်လာပြီးမှ လာရောက်လျှောက်ထားရန်စေခိုင်းခြင်းတို့ပင်။ ကျန်းမာလို့စာမေးပွဲဖြေတာပေါ့နော်။ မကျန်းမာရင် စာမေးပွဲဖြေကြမှာမဟုတ်ဟု တွေးမိသည်။ လွှတ်တော်မှာ အမတ်လုပ်ချင်ရင်ရောကျန်းမာရေး ထောက်ခံစာလိုလား မေးချင်မိသည်။

ဒီမိုကရေစီဖြစ်နေပြီထောက်ခံစာတွေ၊ စာရွက်စာတမ်း အထောက်အထားတွေ ပြရသောခေတ်သည် ဘယ်ခေတ်ရောက်မှကုန်မလဲဟုတွေးမိသည်။

စာမေးပွဲမဖြေခင်လေ့လာရမည့်ဘာသာရပ်တွေသည်လည်း အရင်နှစ်ထက် နှစ်ဘာသာပို၍ ကြည့်ရမည်ဟု ကျောင်းတွင်ကပ်ထားသောလေ့လာရမည့်ဘာသာရပ်စာရွက် (Scope) ကိုကြည့်၍ သေချာစွာ ကျက်မှတ်ခဲ့သည်။ ပါရဂူဝင်ခွင့်မေးခွန်းဟောင်းများကိုလည်း လေ့လာခဲ့ပါသည်။ အင်္ဂလိပ်မေးခွန်းသည် မဟာဝင်ခွင့်နှင့် ပါရဂူဝင်ခွင့်တို့တွင် အနည်းငယ်သာပြောင်းလဲခဲ့ပြီး တူသယောင်ယောင်ရှိသည်ဟု ထင်မိသည်။ ဒါပေမဲ့ မေးခွန်းသည် အဆင့်မီတယ်ပဲ သဘောထားပါသည်။ မိမိဘာသာရပ်နှင့် ဆိုင်သော မေဂျာမေးခွန်းတွင်လည်း တချို့တစ်ဝက်သည်သာ ကျွန်တော်တို့ မဟာတန်းတက်ခဲ့ တုန်းက သင်ကြားခဲ့ရသောစာများဖြစ်ပြီး ကျန်မေးခွန်းများမှာ Scope ညွှန်ကြားချက်တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသော မေးခွန်းဟောင်းများတွင်လည်းတစ်ခါမှ မတွေ့မမြင်ဖူးသော စာများသာ။ ခြင်းချက်တော့ရှိပါသည်။ ပါရဂူဝင်ခွင့်ပဲဒီလောက်တော့မေးရမှာပေါ့ဟု ပြောလာစရာရှိလာနိုင်ပါသည်။ ဒါဆိုလည်းဗျာ Scope ဆိုတဲ့ညွှန်ကြားချက်တွေထုတ်မနေကြပါနဲ့တော့ဟုဆက်တွေးမိသည်။ ကျွန်တော်တို့မဟာဘွဲ့ဝင်ခွင့်ဖြေစဉ်က ကြိုးစားပြီး စာကြည့်ခဲ့ရ ကျိုးနပ်ခဲ့ပါသည်။ သို့သော် ယခုနှစ်ပါရဂူ ဝင်ခွင့်တွင်မူ အားတက်သရော လေ့လာကြိုးပမ်းအားထုတ်ခဲ့ရသော အချိန်များ ကြို့ကုန်း ကျောင်းတော်ကြီးမှာ သင်ကြားချင်ခဲ့သော မျှော်လင့်ချက်များသည် အောင်စာရင်းကပ်ခဲ့သောနေ့တွင်လည်းမျှော်လင့်ထားသလိုအားလုံးပျက်ပြယ်သွားခဲ့ရပါသည်။ ကိုယ့်မေဂျာတွင်အောင်မြင်သူတစ်ဦးတလေမှမရှိခဲ့သလို။ အဖော်တော့ရှိပါသေး အခြားအချို့ မေဂျာတွေကိုကြည့်ပြန်တော့လည်းအောင်မြင်သူမရှိပြန်။ မေဂျာအနည်းငယ်လောက်သာအောင်မြင်သူရှိခဲ့သည်။ အရည်အချင်းပြည့်ဝသောသူများကိုသာ ခေါ်ယူမည်ဆိုသော ဆောင်ပုဒ်နှင့်အညီ ထုတ်လိုက်သောမေးခွန်းသည် အစွမ်းပြလိုက်လေသလားမသိ။ ဝင်ခွင့်မပါရသည်မှာ ကျွန်တော်တို့အရည်အချင်း မပြည့်ဝ၍သာဖြစ်မည်။ ထို့မပြည့်ဝသောကျောင်းသားများကို မည်သည့်တက္ကသိုလ်က ဘွဲ့လက်မှတ်ပေးခဲ့သနည်းဟု မေးချင်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် နှစ်စဉ်မွေးထုတ်ပေးလိုက်သော အင်ဂျင်နီယာဘွဲ့ရများ၊ ဆရာဝန်ဘွဲ့ရများ၊ ကွန်ပျူတာဘွဲ့ရများ စသည့် ဘွဲ့ရလူငယ်ပေါင်းမြောက်မြားစွာသည် ဘွဲ့ရခဲ့သော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊ လစာငွေနည်းပါးခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်နေရပါသည်။ ဘွဲ့ရလူငယ်များစွာကို မွေးထုတ်ပေးလိုက်သော ပညာရေးဆိုင်ရာအကြီးအကဲနှင့် ပညာရေးစနစ်ကြီးသည် ဘွဲ့ရလူငယ်များအား ရသင့်ရထိုက်သော အခွင့်အလမ်းများ၊ အရည်အချင်းရှိကြောင်းထောက်ခံချက်မပေးနိုင်၍ ဖြစ်သည်။ အလားတူစွာပင် စီးပွားရေးလုပ်ငန်းရှင်တို့စိတ်တွင် ဘွဲ့ရ လူငယ်များကိုအထင်မကြီးခြင်း၊ တန်ဖိုးမထားခြင်း စသည့်အချက်များကြောင့်ထင်သည်။ ထိုအကြောင်းများက နှစ်ပေါင်းကြာမြင့်စွာပညာသင်ကြားခဲ့ရသော်လည်း အမိနိုင်ငံတွင် ရသင့်ရထိုက်သောငွေကြေးလုံလောက်စွာမရရှိခြင်းတို့ကြောင့် တိုင်းတစ်ပါးသို့သွား၍ လုပ်ကိုင်လိုစိတ်များပေါ်ပေါက် နေကြရခြင်းဖြစ်သည်။ မိမိတိုင်းပြည်တွင် ပညာသင်ကြားခဲ့ပြီး မိမိတိုင်းပြည်အတွက်သာ အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ချင်သည့်စိတ်မှာ လူငယ်တိုင်းတွင် ရှိမည်ဟု ထင်မိပါသည်။ကျွန်တော်တို့ အင်ဂျင်နီယာ ကျောင်းသားများသာမက အခြား ကျောင်းသားများသည်လည်း ဘွဲ့ရပြီးလျှင် အခြားတိုင်းပြည်များတွင် သွားရောက်လုပ်ကိုင်လိုစိတ်သည် တဖြည်းဖြည်း ပို၍များပြားလာနေပါသည်။ ထို့အပြင် ဘွဲ့ရပြီး အလုပ်တစ်ခုရဖို့ဆိုရင် အတွေ့အကြုံရှိသောသူများကိုသာ ခေါ်ချင်သော အလုပ်ကြော်ငြာတို့သည် အားတက်ဖွယ်ရာမကောင်းလောက်အောင်စိတ်ပျက်ဖို့ကောင်းလှသည်သာ။ အတွေ့အကြုံမရှိသောဘွဲ့ရမှာမိမိနိုင်ငံတွင်အလုပ်အကိုင်ရှားပါး၍အခြားသောတိုင်းပြည်တို့သို့ သွားရောက်အတွေ့အကြုံရှာအလုပ်သွားလုပ်ရသည်။ ဤတွင် ဘွဲ့ရများကို မွေးထုတ်လိုက်သော နိုင်ငံသည် ကိုယ့်နိုင်ငံအတွက် မဟုတ်ဘဲ အခြားတိုင်းပြည်အတွက် ဖြစ်သွားရတော့သည်ဟု ကျွန်တော်ထင်မိသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် လူငယ်တို့၏ အခန်းကဏ္ဍသည်လည်း အရေးကြီးလှပါသည်။ ဘွဲ့ရပညာတတ်လူငယ်များကိုမိမိနိုင်ငံအတွက် အသုံးမချနိုင်ရခြင်းသည် အဘယ်ကြောင့်နည်း။ အဆင့်မြင့်ပညာရေးများကို ဖန်တီးသကဲ့သို့ ဘွဲ့ရလူငယ်တို့၏ အနာဂတ်များကို လှပအောင် ဖန်တီးနိုင်ရန်လည်း စဉ်းစားပေးကြဖို့သင့်နေပါပြီ။

ထိုကဲ့သို့သာ ဆက်၍ဖြစ်နေမည်ဆိုလျှင်လူငယ်တို့၏စိတ်တွင် ပညာကိုတန်ဖိုးထားတတ်သော စိတ်ဓာတ်များ နည်းပါးလာ၍ အခြားလမ်းမှားများစွာကိုရောက်ရှိသွားနိုင်ပါသည်။ ပညာရေးသည် လူတို့၏ဘဝနှင့်များစွာပတ်သက်မှုရှိသည်။ ယခုခေတ်လူငယ်တို့သည် ပညာထက်ငွေကြေးနောက်သို့လိုက်၍ ပညာကိုအလေးမထားသောလူငယ်များအဖြစ်သို့ ဦးတည်သွားနိုင်ပေသည်။

ဘွဲ့ရပြီးသော်လည်း ဘွဲ့လက်မှတ်ကိုင်၍ မည်သည့်လုပ်ငန်းနှင့်အဆင်ပြေမည်ကို အတိအကျမသိဘဲ ဦးတည်ချက်မရှိဘဲ လမ်းလျှောက်နေကြရသည်။ အဆင်ပြေသူများလည်း ပြေသကဲ့သို့မပြေသူများလည်း ရှိနေဦးမည်သာ။

မိမိတို့သင်ကြားခဲ့ရသော ပညာရပ်တို့သည် အချိန်ကုန်၊ ငွေကုန်ခံ၍ သင်ကြားခဲ့သော်လည်း မိမိတို့ကျောင်းတက်ခဲ့စဉ်က မျှော်မှန်းထားခဲ့သော အနာဂတ်များသည် ရွှေရောင်လွှမ်းသောအိပ်မက်များ အမှန်တကယ် ဖြစ်လာစေရန် ဆန္ဒများစွာဖြင့်တင်ပြလိုက်ရပါတော့သည်။ ။

# Business

7DAY NEWS JOURNAL

Vol.12, No.16 • JUNE 26 , 2013


# ဆင်းရဲမွဲတေမှုလျှော့ချရေးကို စိန်ခေါ်နေသော တရားမဝင် ငွေတိုးလုပ်ငန်းများ



*ကျေးလက်ဒေသတစ်ခုတွင် လုပ်ငန်းခွင်ဝင်နေသော တောင်သူလယ်သမားများကိုတွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ထူးသန့်**

“အခုမှပဲ စိတ်အေးရတယ်ဗျာ။ ကျွန်တော့်လုပ်ငန်းက ကိုယ့်လက်ထဲငွေရောက်လာမှ ပျော်နိုင်တာဗျ”

လွန်ခဲ့သည့် သုံးနှစ်ခန့်ကတည်းက အတိုး ၂၀ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့သူထံမှ အတိုးရော၊ အရင်းပါ ရလိုက်သဖြင့် ဝမ်းသာအားရဖြင့် အသက်(၃၀) အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

အတိုးနှင့် အရင်းငွေကို သူပြန်ရဖို့အတွက် မလွယ်ကူခဲ့ပါ။ ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင် ရပ်မိရပ်ဖဆိုသော ပုဂ္ဂိုလ်များကဝင်ရောက်အကျပ်ကိုင်ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ပြီးမှသာ ပြန်ရခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း တစ်ဖက်ပုဂ္ဂိုလ်ကတော့ သုံးနှစ်ခန့်က ယူထားသောငွေသုံးသိန်းအတွက် ဝိုင်းရောင်းကာ သိန်း ၂၀ ခန့် ပြန်ဆပ်ခဲ့ရခြင်း ဖြစ်သည်။

၎င်း၏ အိမ်ဝိုင်းသည် ဒေသပေါက်ဈေးအရ ကျပ်သိန်း ၅၀ ခန့် တန်ဖိုးရှိသော်လည်း အထက်ပါ ရပ်မိရပ်ဖကြီးက သိန်း ၄၀ ဖြင့် ဖြတ်ကာ ဝယ်ယူလိုက်ခြင်း ဖြစ်သည်။ “ရှိပါစေတော့ဗျာ။ ကျန်တဲ့ ငွေလေးနဲ့ တစ်နေရာမှာ နေစရာ ပြန်ဝယ်ပါ့မယ်” ဟု ချေးငွေသုံးသိန်းအတွက် နေအိမ်ပါရင်းလိုက်ရသူက ဆိုသည်။ အတိုးနှုန်းများသည်ကို သိသော်လည်း လတ်တလောအရေး ပြေလည်အောင် ငွေသုံးသိန်းချေးခဲ့သောသူ့အတွက် သုံးနှစ်အကြာ ပေးဆပ်ရသည့် တန်ဖိုးက ကြီးလွန်းလှသည်။ ပျဉ်းမနားမြို့၏ မြို့စွန်ရပ်ကွက်တစ်ခုတွင် ပြီးခဲ့သည့် ဧပြီလက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ထိုကဲ့သို့သော အတိုးများများဖြင့် တရားမဝင်ငွေချေးသူများ နေရာအနှံ့၊ မြို့ပြ၊ ကျေးလက်များအထိ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်။ အများဆုံး ၂၀ တိုးမှ ၁၅ ကျပ်တိုး၊ ရင်းနီးလျှင် ၁၀ ကျပ်တိုးစသဖြင့်။ ထို့ထက်ပိုဆိုးသည်က စာချုပ်တွင် စာသားမပါဘဲ လက်မှတ်ထိုး၊ လက်ဗွေနှိပ်ခိုင်းကာ ငွေထုတ်ချေးခြင်းပင်။ ပြီးလျှင် ရပ်မိရပ်ဖ၊ ရပ်ကွက်အုပ်/မှူး၊ ရှေ့နေ၊ တရားရုံးအားကိုးများဖြင့် အနိုင်ပိုင်းလေတော့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် သာစည်ကျေးရွာတွင် တစ်ရွာတည်းနေထိုင်သူထံမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက ငွေကျပ်ခြောက်သိန်းကို ရှစ်ကျပ်တိုးဖြင့် ချေးယူခဲ့သော အမျိုးသမီးမှာလည်း ၂၀၁၀ ပြည့်နှစ် ဩဂုတ်လတွင်မူ အတိုးရောအရင်းပါ ၂၂ သိန်းကျော်ပြန်ဆပ်ရန် ဖြစ်လာသည်။ မပေးနိုင်လျှင် အိမ်နှင့်ဝိုင်း ရောင်းကြောင်း စာချုပ်တွင် လက်

**စာမျက်နှာ(၃၂)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၅၁ | ၉၆၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၄၂ | ၇၅၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၅၂ | ၁၂၇၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၅ | ၃၀. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၁ | ၁၅၃ | ကျပ် |

၂၀၁၃ ဇွန် ၂၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၈၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၂၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၇. ၈၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၂၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉. ၂၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၆၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၅. ၆၉ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၀၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၁၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၉၂၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၃၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၇၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၄၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၈၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၅၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၇၇၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ထရိုင်အောင်စ | ၁,၂၉၂. ၈၀ |
| ရေနံစိမ်း | စည် | ၁၀၀. ၉၈ |
| ငွေ | ထရိုအောင်စ | ၂၀. ၀၀ |
| ကြေးနီ | ပေါင် | ၃. ၁၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇွန် ၂၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




# ကားအရောင်းအဝယ်ပြန်သွက်

မိုးညို

**ရန်ကုန်၊ ဇွန်-၂၃**

ဂျပန်လေလံ ဈေးမြင့်တက်လာခြင်းနှင့် ပြည်တွင်းဒေါ်လာဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် လုပ်ငန်းရှင်အချို့ကားများ လိုက်ဝယ်ယူနေကြောင်း ကားတင်သွင်းသူလုပ်ငန်းရှင်များက ပြောသည်။

"ဈေးကထပ်ပြီးတက်လာမှာစိုးရိမ်ပြီး လိုက်ဝယ်စုနေကြတယ်။ ဈေးတက်လာရင် ပြန်ရောင်းမယ့်သူတွေ လိုက်ဝယ်စုနေကြတာလည်းရှိတယ်" ဟု စမ်းချောင်းမြို့နယ်မှ ကားတင်သွင်းသူ ကိုစိုးနိုင်အောင်က ပြောသည်။

လက်ရှိတွင် မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းများတွင်လည်း အဓိကအရောင်းအဝယ်ပြန်သွက်လာပြီး ပြည်တွင်းကားဈေးနှုန်းမှာမူ အရောင်းအဝယ်ပေါ်မူတည်ပြီး မြင့်တက်လာခြင်းမရှိသေးကြောင်း ကားဝယ်ရောင်းများက ပြောသည်။

"ဂျပန်ကိုငွေလွှဲတဲ့ နှုန်းထားရယ်၊ ဂျပန်လေလံဈေးရယ်၊ ဒေါ်လာဈေးတက်တဲ့အချိန် စလစ်ဈေးကလည်း ပြန်မကျသေးတာကြောင့် ကားအရောင်းအဝယ်က ပြန်သွက်လာတယ်။ ဒီထက် ဈေးပိုတက်ဖို့ ရှိနိုင်သေးလို့ လိုက်ဝယ်စုနေကြတာလို့ ထင်တယ်" ဟု မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုမင်းဦးက ပြောသည်။

အထူးသဖြင့် ရန်ကုန်မြို့၏ လမ်းမများနှင့် ကိုက်ညီသည့် ၁၃၀၀ စီစီအင်ဂျင်ပါဝါရှိသော ဂျပန်တစ်ပတ်ရစ်လေလံကားများမှာ အဓိက အရောင်းအဝယ်ဖြစ်နေကြောင်း ကားဝယ်ရောင်းများက ပြောသည်။

"ဒီတစ်ခေါက် အရောင်းအဝယ်ဖြစ်ပြီး ဈေးမတက်တာ တော်တော်ထူးဆန်းတယ်" ဟု သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုသန့်ဇင်ဦးက ပြောသည်။

ထို့အတူ နယ်ဒေသများရှိ ဝယ်လက်များကလည်း အမြင့်ကားအချို့ဖြစ်သော ဆာ့ဖ်၊ လန်ခရူဇာ၊ ပါဂျဲရိုးယာဉ်များမှာ ကျပ်သိန်း ၆၀၀ မှ ၇၀၀ အတွင်း ပြန်လည် အဝယ်လိုက်နေကြောင်း ကားအရောင်းပြခန်းဈေးကွက်မှ စုံစမ်းသိရှိရသည်။

လက်ရှိတွင် အစိုးရ၏ ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှု အစီအစဉ်အရ(လ)အက္ခရာအပြီး(သ) အက္ခရာကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စတင်လက်ခံနေပြီဖြစ်ရာ လပေါင်း ၂၀ အတွင်း ယာဉ်အိုယာဉ်ဟောင်းအစီးရေ တစ်သိန်းကျော်အပ်နှံခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။






7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013





# အာကာသတွင် အမြင့်ပျံနေသော တရုတ်နဂါး

ကြည်နေဝင်းမင်း

တရုတ်နိုင်ငံ၏ နောက်ဆုံးအာကာသခရီးစဉ်တွင် လိုက်ပါသွားသော အာကာသယာဉ်မှူး သုံးဦးသည် ၎င်းတို့၏ အာကာသယာဉ်နှင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းလည်ပတ်နေသော အာကာသစခန်းနှင့် ယခုသီတင်းပတ်အတွင်း ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်သည်။ အာကာသယာဉ်နှင့် ချိတ်ဆက်ရန် ကြိုးစားချိန်နှင့် ချိတ်ဆက်ပြီးချိန်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးအာကာသယာဉ်မှူးတို့သည် တီယန်ဂေါင်းအာကာသသုတေသန ဓာတ်ခွဲခန်းအတွင်း ဆေးဘက်ဆိုင်ရာနှင့် သိပ္ပံပညာဆိုင်ရာ စမ်းသပ်မှုများ လုပ်ဆောင်မည်ဖြစ်ရာ အာကာသအတွင်း အောင်မြင်မှုများ ရရှိရန်တရုတ်နိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်ကြီးမားမှုကို သရုပ်ပြနေပါသည်။ တီယန်ဂေါင်းဆိုသော အမည်မှာလည်း နိဗ္ဗာန်ဘုံဟု အဓိပ္ပာယ်ရပါသည်။

တရုတ်နိုင်ငံမှာ အာကာသလုပ်ငန်းတွင် ရည်မှန်းချက်ကြီးသော အစီအစဉ်များရှိပါသည်။ ၂၀၂၀ပြည့်နှစ်အရောက်တွင်အာကာသခရီးသွားလာမှုအတွက်တာဝန်ယူထားသော တရုတ်စစ်ဘက်က အာကာသထဲတွင် ဆိုဗီယက်ယူနီယံ၏ မီယာအာကာသ စခန်းမျှကြီးမားသော အာကာသစခန်းတစ်ခုတည်ဆောက်လိုပြီး အာကာသ ပညာရှင်များကိုလည်း အမြဲထားရှိလိုသည်။


ယခုနောက်ဆုံးရှန့်ကျိုး-၁၀ အာကာသယာဉ်၏ ခရီးစဉ်မှာ တရုတ်နိုင်ငံမှ အာကာသထဲသို့ ယာဉ်မှူး တစ်ဦးစတင်စေလွှတ်ပြီး ဆယ်နှစ်အကြာတွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ငါးကြိမ်မြောက် လူလိုက်ပါသော အာကာသခရီးစဉ်လည်း ဖြစ်သည်။ လတ်တလောတွင် မူ တရုတ်နိုင်ငံ၏ အာကာသခရီးသွားလာမှု အစီအစဉ်မှာ အင်တိုက်အားတိုက်ရှိပြီး နည်းပညာအရလည်း ခိုင်မာပုံရပါသည်။

"ရှန့်ကျိုး-၁၀အာကာသယာဉ်ဟာ အာကာသစခန်းနဲ့ ဆယ်ကြိမ်တိတိချိတ်ဆက်ပါမယ်"ဟုတရုတ်အာကာသအစီအစဉ်ပြန်ကြားရေးအရာရှိ မစ္စတာရှုပင်းကရှင်းပြပါသည်။ "တစ်ကြိမ်ကို အလိုအလျောက်စနစ်နဲ့ ချိတ်ဆက်မယ်။ ဒုတိယတစ်ကြိမ်ကို အာကာသယာဉ်မှူးတွေရဲ့ ထိန်းချုပ်မှုနဲ့ ချိတ်ဆက်မယ်"ဟု ၎င်းကပြောသည်။ အာကာသဆေးပညာနှင့် နည်းပညာနယ်ပယ်များနှင့် ပတ်သက်၍ လည်းတစ်နာရီခန့်ကြာမြင့်သော လက်တွေ့စမ်းသပ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ကျောင်းသားများအတွက် သင်ခန်းစာများကိုလည်း ယခုခရီးစဉ်တွင်လိုက်ပါသွားသော တရုတ်နိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီး အာကာသယာဉ်မှူး မစ္စစ်ဝမ်ရပ်ပင်းက ပို့ချခဲ့ပါသည်။ မစ္စစ်ဝမ်က တိုက်ရိုက် ထုတ်လွှင့်သော ဗီဒီယိုမှတစ်ဆင့် ဘောလုံးတစ်လုံး၊ ရေနှင့် ကလေးကစားစရာ ဘီးလည်ကိရိယာလေးများကို အသုံးပြု၍ ကမ္ဘာမြေဆွဲအားသုညနေရာမှ ရူပဗေဒသဘောတရားများကို ရှင်းပြခဲ့ပါသည်။ တရုတ် ပြည်သူလူထုကြားတွင်လည်း အာကာသခရီးသွား လာမှုအပေါ် စိတ်ဝင်စားမှုမြင့်တက်လာပါသည်။

သို့သော်လည်း ကမ္ဘာမြေဆွဲအား သုညအမှတ်ရှိနေသော သိပ္ပံပညာစမ်းသပ်မှုများမှာ ယခု ခရီးစဉ်တွင် အဓိက အခန်းကဏ္ဍက ပါဝင်မည်မဟုတ်ပါ။ ၎င်းတို့၏ လူလိုက်ပါခြင်းမရှိသော ၂၀၁၁ခုနှစ် အာကာသခရီးစဉ် ရှန့်ကျိုး-၈ ခရီးစဉ်အတွင်း တရုတ်နိုင်ငံက ဂျာမနီသိပ္ပံပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ကြပါသည်။

ဂျာမနီလေကြောင်းပညာနှင့် အာကာသလေ့လာရေးစင်တာ (DLR)က အာကာသစမ်းသပ်မှုများအတွက် SIM သေတ္တာကို ထောက်ပံ့ပေးခဲ့သည်။ ယင်းမှာ ကမ္ဘာပတ်လမ်းကြောင်းယာဉ်ပေါ်တွင် ကမ္ဘာမြေဆွဲငင်အား အနည်းဆုံးအချိန် သိပ္ပံစမ်းသပ်ရေးအတွက်ဖြစ်သည်။ ထိုခရီးစဉ်အတွင်း ဇီဝဗေဒနှင့် ဆေးပညာလက်တွေ့စမ်းသပ်မှုပေါင်း ၁၇ ခုကို လုပ်ဆောင်ခဲ့သည်။ ထိုစဉ်က ဂျာမနီအာကာသခရီးစဉ်လုပ်ငန်းအမှုဆောင်အရာရှိဖြစ်သူ ဂတ်ဂရပ်က တရုတ်နိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်မှုအကြောင်း အားတက်သရော ပြောဆိုပါသည်။ "ကျွန်တော်တို့ တရုတ်မဟာတံတိုင်းကြီးကို ခုန်ကျော်နိုင်ခဲ့ပြီ။ လူသားတွေ အာကာသပျံသန်းမှုမှာ ဂျာမနီနိုင်ငံက ပူးပေါင်းဆောင်ရွက်မှု အသစ်တစ်ရပ် ရရှိခဲ့ပြီ"ဟူ၍. . . ။

ထိုအတောအတွင်းမှာပင် တရုတ်နိုင်ငံက အာကာသခရီးသွားလာမှုတွင် ဥရောပကို ကျော်တက်သွားခဲ့ပြီး အာကာသအတွင်းသို့ လူသားများ ပို့ဆောင်ရာတွင် အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ နောက် တတိယနေရာသို့ ရောက်ရှိလာခဲ့ပါသည်။



အမေရိကန်အာကာသအေဂျင်စီ NASA က ရှေ့လာမည့် လူလိုက်ပါသောခရီးစဉ် ပြီးဆုံးချိန်၌ လူလိုက်ပါသော အာကာသခရီးသွားလာမှုကို ရပ်နားထားပါမည်။ ယင်းမှာ အနည်းဆုံးသုံးနှစ်ကြာမြင့်ပါလိမ့်မည်။ ဥရောပမှာ ၎င်းတို့ကိုယ်ပိုင် လူလိုက်ပါနိုင်သော အာကာသယာဉ်ကိုတည်ဆောက်ရန် လုံလောက်သော နည်းပညာရှိသော်ငြားလည်း ထိုကဲ့သို့သော စီမံကိန်းအတွက် နိုင်ငံရေးစိတ်ဓာတ်အင်အား နည်းပါးပါသည်။ ထို့အတွက်ကြောင့်လည်း ဥရောပ၏ အာကာသယာဉ်မှူးများမှာ အခြားနိုင်ငံများ၏ အာကာသယာဉ်များနှင့် လိုက်ပါနေရသည်။ အမေရိကန်နှင့် ရုရှားအပြင် တရုတ်နိုင်ငံက ဥရောပအာကာသယာဉ်မှူးများအတွက် အာကာသခရီးသွားရေး ရွေးချယ်စရာအသစ် ကမ်းလှမ်းနိုင်ပါသည်။

"ကျွန်တော်တို့ဟာ တရုတ်နိုင်ငံရဲ့ အာကာသစခန်းကို အသုံးပြုခွင့်ရဖို့ အခွင့်အရေး စောင့်နေပါတယ်"ဟု ဥရောပအာကာသအေဂျင်စီ (ESA)၏ လူလိုက်ပါသော အာကာသပျံသန်းရေးဌာနအကြီးအကဲ သောမတ်စ်ရိုက်တနာက ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့ပါသည်။ "ESA ရဲ့ အာကာသယာဉ်မှူးတချို့ တရုတ်စာသင်နေပါပြီ"ဟု ၎င်းကဆက်လက်ပြောသည်။

ဥရောပအာကာသအေဂျင်စီ (ESA)မှ အာကာသယာဉ်မှူးများမှာ နိုင်ငံတကာအာကာသစခန်းဆီသို့သာ ပျံသန်းရောက်ရှိခဲ့ဖူးကြသည်။ နိုင်ငံတကာအာကာသစခန်း (ISS)ကို အမေရိကန်၊ ရုရှား၊ ဂျပန်၊ ကနေဒါ၊ ESA နှင့် အခြားဥရောပနိုင်ငံများက စီမံခန့်ခွဲနေပါသည်။ တရုတ်နိုင်ငံကလည်း အရိပ်အမြွက် ပြောကြားမှုများ ရှိခဲ့ပါသည်။ သို့သော် ယင်းကို အမေရိကန်နိုင်ငံက နှုတ်လှန်စကားနာထိုးခဲ့ပါသည်။ ပြီးခဲ့သည့်နှစ် အတွင်း ISS ကွန်ဖရင့်တစ်ရပ်တွင် နာဆာ၏ အကြီးအကဲ ချားလ်စ်ဘိုဒန်က တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မလုပ်ရန် ပြောဆိုထားကြောင်း ပြောကြားပါသည်။

တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်၏ နောက်ကွယ်မှ တွန်းအားမှာ သိပ္ပံပညာထက် နိုင်ငံတကာအသိအမှတ်ပြုမှု ရရှိရေးမှလာခြင်းဖြစ်ပါသည်။ အသိအမှတ်ပြုမှုမှာ ၎င်းကိုယ်ပိုင်အာကာသစခန်းငယ်ထားရှိခြင်းမှ မရရှိနိုင်ဘဲ အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ ခြေရာနင်းနိုင်မှသာ အသိအမှတ်ပြုခြင်းရရှိမည်ဟု တရုတ်နိုင်ငံက ယုံကြည်နေပုံရပါသည်။


တရုတ်တို့၏ တရားဝင်ထုတ်ပြန်ချက်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါပုံကို အသားပေးပြောကြားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိသော ငြိမ်းချမ်းစွာ အာကာသအသုံးချမှုနှင့် အတူတကွ ဖွံ့ဖြိုးရေးလုပ်ဆောင်သော စီမံကိန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ရေး တရုတ်နိုင်ငံ၏ စိတ်အားထက်သန်မှုကို ပြောကြားခဲ့ပါသည်။

နိုင်ငံတကာ အာကာသစခန်း (ISS)ကိုလက်တွဲလုပ်ဆောင်နေသော နိုင်ငံများအနေဖြင့် အခြားအကြောင်းပြချက်များထက် ငွေကုန်ကျသက်သာရန် အကြောင်းပြချက်တစ်ခုတည်းဖြင့် တရုတ်တို့၏ အာကာသသယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်များကို စတင်အသုံးပြုရမည့်အချိန်ရောက်လာရန် အချိန်ကြာမြင့်တော့မည်မဟုတ်ပါ။ ထိုသို့လုပ်ဆောင်လာပါက ISS အား အမှန်တကယ်စစ်မှန်သော နိုင်ငံတကာ အာကာသစခန်း ဖြစ်လာစေပါလိမ့်မည်။

*—Ref: China Lifts off past Europe in space travel*

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# 7DAY BOOK REVIEW




## ဖွင့်ထားတဲ့ ကကြိုး (ကလောင်စုံ)

ဖွင့်ထားသောကကြိုး အက်ဆေးအစုအဖွဲ့ အမည်ဖြင့် စာအုပ် ထွက်ရှိလာသည်။ စာရေးဆရာ ၂၉ ဦးက အက်ဆေး ၃၃ ပုဒ် ရေးသားထားခြင်းဖြစ်ပြီး ပါဝင်ရေးသားသူများတွင် သစ္စာနီ၊ နေမျိုး၊ ဇေယျာလင်းကဲ့သို့သော ရေးသက်ရင့် စာရေးဆရာများ၊ မိုးဝေး၊ လူဆန်း၊ မိုးဦးဆွေညိန်းစသော လူလတ်ပိုင်း စာရေးဆရာများနှင့် လူငယ်စာရေးဆရာလေးများ၏ လက်ရာများကို စုပေါင်းထားခြင်းဖြစ်ရာ ရသ အမျိုးမျိုး၊ အတွေးရှုထောင့်အမျိုးမျိုးကို ပေးနိုင်သော စာအုပ်ဖြစ်သည်။

"အမှောင်ထဲတွင် ကြောင်များသည် တစ်ရောင်တည်းသာ ဖြစ်သည်ဆိုသော စကားကို ကြားဖူး၏။ သို့သော် ဒီလိုညီညွတ်ခြင်းမျိုးကို သဘောမကျ၊ ဒီအယူအဆနှင့် ခပ်ဆင်ဆင်တူသော စကားကို ဗြိတိသျှလူမျိုး ဖရန်စစ်ဘေကွန်ကပြောခဲ့ဖူးသည်။ All COLOURS WILL AGREE IN THE DARK တဲ့၊ အမှောင်ထဲမှာတော့ အရောင်အားလုံးဟာ လိုက်ဖက်ညီကြသတဲ့၊ ဒီလိုညီညွတ်ရေးကိုလည်း ကျွန်တော်မလိုချင်၊ ညီညွတ်ခြင်းသည် အဂတိတရားလေးပါးနှင့်တော့ လွတ်လွတ်ကင်းကင်း ရှိသင့်လေသည်"ဟု သစ္စာနီက ရေးသားထားသည်။ နှစ်ကာလများစာပေက တန်ဖိုး ၁,၅၀၀ကျပ်ဖြင့်ထုတ်ဝေဖြန့်ချိသည်။



## မော်ကွန်းမဂ္ဂဇင်း အမှတ်(၅)

"ပြီးခဲ့သည့်လများအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များကြောင့် မြန်မာ့လူ့အဖွဲ့အစည်း သည် လှုပ်ခါခဲ့၏။ ဒေါသမျက်ရည်နှင့် သွေးစက်တို့ပြွမ်းတီးနေသည့် ရက်များလည်း ဖြစ်ခဲ့သည်။ မြန်မာပြည်၏ နေရာအချို့တွင်ဖြစ်ပေါ်ခဲ့သည့် အဆိုပါ ဘာသာရေးအသွင်ဆောင်သော ပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာတင်ပြနိုင်ရန် ကျွန်ုပ်တို့မော်ကွန်းက ကြိုးစားခဲ့ပါသည်။ ပြဿနာများ၏ အဖြေကို ထုတ်နိုင်စွမ်းမရှိသော်လည်း ပဋိပက္ခတို့၏ ဇာစ်မြစ်နှင့် ထိန်းချုပ်နိုင်တန်ရာသော အကြောင်းရင်းများကိုသက်ဆိုင်ရာအသိုင်းအဝိုင်းမှ လူပုဂ္ဂိုလ်များနှင့်တွေ့ဆုံမေးမြန်း၍ လည်းကောင်း၊ ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာ၍ လည်းကောင်း၊ ရှုထောင့်စုံ ချဉ်းကပ်၍ သတင်းဆောင်းပါးများရေးသားထားပါသည်"ဟု အယ်ဒီတာအဖွဲ့ကအမှာ စကားပါးကာ မော်ကွန်းမဂ္ဂဇင်း ထွက်ရှိလာပါသည်။ မော်ကွန်းသည် သတင်း ဦးစားပေးမဂ္ဂဇင်းဖြစ်သော်လည်း ကဏ္ဍစုံလင်စွာဖြင့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ အက်ဆေး၊ ဖိုတိုအက်ဆေး၊ သရော်စာနှင့် အင်တာဗျူးများကို ထည့်သွင်းဖော်ပြထားရာ စာဖတ်သူများ လေ့လာဖတ်ရှုသင့်သော သတင်းမဂ္ဂဇင်းတစ်စောင် ဖြစ်သည်။ စာအုပ်ကို Myanmar Observer Media Grop က ထုတ်ဝေပြီး တန်ဖိုး ၂၅၀၀ကျပ်ဖြင့် ရောင်းချသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့ကြီး(၁၀)မြို့

လေထုညစ်ညမ်းမှုများမှာ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ပါတီကူလိတ်ခေါ် အမှုန်အမွှားများ၊ အစအနများတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။လေထုညစ်ညမ်းမှုများကို လူ့ကျန်းမာရေးထိခိုက်နိုင်မှုအတိုင်းအတာများကိုလိုက်၍ အဆင့်သတ်မှတ်ချက်များဖြင့် တိုင်းတာလေ့ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာ့နိုင်ငံများ၊ မြို့တော်ကြီးများ၏ လေထုညစ်ညမ်းမှုများကို ပုံမှန်တိုင်းတာရယူကာ အချက်အလက်များ ထုတ်ပြန်ပေးလေ့ရှိသည်။ ပြီးခဲ့သော မေ ၁၃ ရက်က ထုတ်ပြန်ခဲ့ သည့် 247 wallst ဝက်ဘ်ဆိုက်တွင် ကမ္ဘာ့လေထုအညစ်ညမ်းဆုံး မြို့များကို အစိုးရများမှ ထုတ်ပြန်သော ကိန်းဂဏန်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ထုတ်ပြန်သော အချက်အလက်များတို့ကို ပေါင်းစပ်လေ့လာခဲ့ရာ တရုတ်နိုင်ငံမြို့တော်ဘေဂျင်းမှာ ကမ္ဘာ့လေထုညစ်ညမ်းမှုအများဆုံးဖြစ်နေခဲ့သည်။ ထို့အပြင် လေထုညစ်ညမ်းမှုအများဆုံး မြို့ကြီးဆယ်ခုစာရင်းတွင် အာရှမြို့ကြီးများ ရှစ်မြို့ ပါဝင်နေပြီး တရုတ်မြို့ကြီး လေးခုမှာ အာရှတွင် လေထုညစ်ညမ်းမှု အများဆုံးဖြစ်နေသည်ကိုလည်း တွေ့ရှိရသည်။ အဆိုပါ လေထု အညစ်ညမ်းဆုံး ကမ္ဘာ့မြို့ကြီး များမှာ အစဉ်လိုက်အတိုင်းဆိုရလျှင် (၁)ဘေဂျင်း(တရုတ်)၊(၂)နယူးဒေလီ(အိန္ဒိယ)၊(၃)စန်တီယာဂို(ချီလီ)၊(၄)မက္ကဆီကိုစီးတီး(မက္ကဆီကို)၊(၅)အူလန်ဘတ် တာ(မွန်ဂိုလီးယား)၊(၆) ကိုင်ရို(အီဂျစ်)၊(၇)ချုံကင်း(တရုတ်)၊(၈) ကွမ်ကျိုး(တရုတ်)၊(၉) ဟောင်ကောင်(တရုတ်)၊(၁၀)ကဘူးလ်(အာဖဂန်နစ္စတန်) တို့ဖြစ်ကြသည်။

Ref;Top 10 Cities With the World's Worst Air. From http://urbanpeek.com

# တစ်ပတ်တာကံကြမ္မာ

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက် အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြောင်းလဲမှုနှင့် တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်လာမည်။ အကြီးအကဲအထောက်အကူရမည်။ ရန်အတိုက်အခံများကို ကျော်လွှား၍ အလိုပြည့်စုံမည်။ ကာလရှည်ကြာဆောင်ရွက်ထားသောကိစ္စမှ အကျိုးဖြစ်ထွန်းမည်။ ရသင့်ရထိုက်သော အခွင့်အလမ်းဟောင်းများကို လက်ဝယ်ပြန်လည်ရရှိမည်။ မိသားစုလိုက် အလုပ်စီးပွားတိုးတက်မည်။ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ပိတ်ဆို့နေသောလမ်းကိုရွေး၍ ဇွတ်ရှေ့တိုးနေသည်။ တစ်ပါးသူက စေတနာနှင့် သတိပေးသည်ကိုပင် အလေးမထား။ ကိုယ်ကိုယ်တိုင်ကလည်း ဖြစ်နိုင်စွမ်းမရှိဟုသိလျက် ဇွတ်တိုးနေမည်။ လိမ်ညာသူများနှင့်တွေ့တတ်သည်။ပြဿနာများပုံချ၍ ကိုယ်လွတ်ရုန်းသူများနှင့်ကြုံမည်။ အမြင့်မှ လဲပြိုတတ်သည်။ အကျိုးမရှိသော ခရီးများသွားရမည်။ မည်မျှအဆင်ပြေစေ ရှိရင်းစွဲအနေအထားမှ ကူးပြောင်းလိုစိတ်များ လွှမ်းမိုးနေမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

တစ်ပြိုင်နက်တည်း အလုပ် ၂မျိုးဆောင်ရွက်နေရမည်။ အလျင်လိုကာမှ ရှေ့တိုး၍ မရအောင် ဖြစ်တတ်သည်။ တာဝန်မဲ့သူများ၊ ပညာပြဒုက္ခပေးသောသူများကြောင့် အရာရာနှောင့်နှေး မည်။ အပျော်အပါးဘက်ဦးတည်ကာ အလုပ်ကိုအလုပ်နှင့်တူအောင် မလုပ်သောသူများကြောင့် အလုပ်ကိစ္စများ ရှေ့တိုးဆောင်ရွက်၍ မရလောက်အောင်ဖြစ်မည်။ ကိုယ်ကလေးလေးနက်နက်ဆောင်ရွက်လေ စိတ်ပင်ပန်းရလေ ဖြစ်ကိန်းကြုံမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စိတ်သောကရောက်ရမည်။ အန္တရာယ်များမည်။ အညံ့အဆိုးများ တစ်မျိုးပြီးတစ်မျိုး တွေ့တတ်သည်။ ပြဿနာဖြစ်နိုင်သောအကြောင်းအရာများကိုမှ တစ်မျိုးပြီးတစ်မျိုး ဦးတည်ဆောင်ရွက်တတ်သည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားမည်။ အပျော်ကျူးသောသူများနှင့်ပတ်သက်ပြီး ပြဿနာဖြစ်တတ်သည်။ လိုလားသောကိစ္စမှန်သမျှဆောင်ရွက်ရန် ခက်ခဲမည်။ ယာဉ်ကားနှင့်ပတ်သက်သော မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

နေအိမ်ကိစ္စ၊ အလုပ်နေရာကိစ္စများအတွက် ဆောင်ရွက်အကျိုးပေးမည်။ ရည်မှန်းချက်များအောင်မြင်မည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများတွင် မိမိဆောင်ရွက်သမျှ အောင်မြင်မည်။ ကာလ အတန်ကြာဆိုင်းငံ့ထားသော ကိစ္စများ ပြန်လည်ဆောင်ရွက်နိုင်မည်။ မိဘအကြီးအကဲကျန်းမာရေးညံ့မည်။ အကြောင်းအမျိုးမျိုးနှင့် ငွေကုန်မည်။ စိတ်ကူးသစ်နှင့် ဆောင်ရွက်မှုများမှကောင်းသော အကျိုးဆက်ဖြစ်ထွန်းမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလှူမင်္ဂလာကိစ္စများကြုံမည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စများ အဆင်ပြေမည်။ အတိုက်အခံများအောင်မြင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သောကိစ္စများကို ထိုးထွင်းဆောင်ရွက်ရင်း အလိုဆန္ဒများပြည့်စုံမည်။ အချစ်ရေး၊ မေတ္တာရေးကိစ္စများအဆင်ပြေမည်။ ချစ်သူရှိပြီးသူများပင်လျှင် ထပ်မံစန်းပွင့်မည်။ သားသမီးလိုလားသောသူများ သားသမီးရရှိမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကောင်းမယောင်နှင့်ဆိုးသည်။ ပေ့ါပေ့ါတန်တန်လုပ်သောကြောင့် နှောင့်နှေးကြန့်ကြာစရာများရှိမည်။ အချိန်နှင့်တစ်ပြေးညီ ပြီးရမည့်ကိစ္စအား အချိန်ဆွဲသောကြောင့် လွန်စွာနှောင့်နှေး၍ နစ်နာစရာများဖြစ်မည်။ ပေ့ါပေ့ါတန်တန်သဘောထား၍ ဆောင်ရွက်လိုက်သောကိစ္စမှ ပြဿနာအကြီးစားများဖြစ်လာမည်။ ကိုယ်ပိုင်အစွမ်းအစများကို ထက်မြက်စွာအသုံးချ၍ ရည်ရွယ်ချက်များလက်တွေ့အကောင်အထည်ဖော်နိုင်မည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အခက်အခဲများ၊ ကြန့်ကြာမှုများကြားမှ ထိုးဖောက်၍ အဆင့်မြင့်တိုးတက်မှုများရရှိမည်။ ကိုယ်စွမ်းကိုယ်စထက်မြက်မည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သော အတွေးအခေါ် များ၊စိတ်ဆန္ဒများကို အသုံးချ၍ တိုးတက်မှုများကို ဖန်တီးဆောင်ရွက်အဆင်ပြေမည်။ ငွေကြေးအပေးအယူသတိရှိပါ။ တစ်ပါးသူရှုပ်ထွေးထားသောကိစ္စများကို လက်လွှဲတာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလုပ်ပိုကိစ္စများကြုံမည်။ အခက်အခဲများဖြေရှင်းရမည်။ လူမျိုးကွဲအကျိုးပေးမည်။ စိတ်ကူးသစ်များအကောင်အထည်ဖော်နိုင်မည်။ ဉာဏ်ကွန့်၍ဆောင်ရွက်မှုများ အဆင်ပြေမည်။ ယှဉ်လာသူအားလုံးအပေါ် အနိုင်ယူ၍ဆန္ဒရှိသလောက် ထွန်းပေါက်မည်။ တစ်ခုထက်မကသော လုပ်ငန်းများကို တစ်ပြိုင်နက်တည်းလုပ်၍ အောင်မြင်မှုကောင်းများ ဖန်တီးနိုင်လိမ့်မည်။ မတော်တဆထိခိုက်ဒဏ်ရာရခြင်းဖြစ်တတ်သည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

မိတ်ကောင်း၊ ဆွေကောင်းအကူအညီရမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အတိုက်အခံကြားမှ တိုးတက်မည်။ ဆုံးဖြတ်ချက်ချပြီး ရှေ့တိုးဆောင်ရွက်သောကိစ္စများမှ ထူးခြားသောအဆင်ပြေမှုကြုံမည်။ မေတ္တာရေးကံကောင်းသည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းတိုးတက်မှုသတင်းများ ကြားသိရမည်။ ကျန်းမာရေးအညံ့အတွက် ဆေးကုသခံယူရမည်။ ကိုယ့်အပေါ် ကူညီသောသူများနှင့် တွေ့မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)


ဆောင်ရွက်သမျှ အစီအစဉ်မကျ၊ လုပ်လိုသည်က တစ်မျိုး၊ လက်တွေ့ဆောင်ရွက်နေရသည်ကတစ်မျိုးကြုံမည်။ အကုန်အကျအပျောက်အရှများမည်။ အနှောင့်အယှက်ပြုသူများ၊ ဝေဖန်တားဆီးသူများကြားမှ လိုရာဆောင်ရွက်ရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ စကားများစရာများ၊ အနှောင့်အယှက်များနှင့် ကြုံမည်။ ငွေကြေးအပေးအယူကိစ္စ အငြင်းပွားရတတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အနှောင့်အယှက်အားလုံးကို ကျော်လွှားပြီး အဆင့်ဆင့်တိုးတက်မည်။ မိတ်ကောင်း၊ ဆွေကောင်းအကူအညီရမည်။ ရန်အားလုံးကို ကျော်လွှားနိုင်မည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ ပညာအတတ်နှင့် ထူးခြားစွာအောင်မြင်ခြင်းရှိမည်။ ရေရှည်ပြဿနာအဖြစ် ရင်ဆိုင်နေရသောကိစ္စများ၊ အညံ့အဆိုးများငြိမ်းအေးသွားမည်။ မိသားစုအလုပ်စီးပွားတိုးတက်မည်။ ဥစ္စာဓနတိုးပွားမည်။

# 7DAY PUZZLE

ပဟေဋ္ဌိ အမှတ်စဉ်(၂၃၉)



**အလျားလိုက်**

၂။ မြန်မာနိုင်ငံတွင် ရှားပါးနေသူများ
၆။ မြန်မာအစားအစာများ နယ်ချဲ့ရာနေရာ
၇။ ဂျာနယ်တွင် မေတ္တာလက်ဆောင်ပါသောအရာ
၉။ ကုလ MDG ရည်မှန်းချက်များကို အကောင်းဆုံး လုပ်နိုင်ခဲ့သော နိုင်ငံတစ်ခု
၁၁။ ဆင်းရဲမွဲတေမှုလျှော့ချရေး မြန်မာက သွားရောက်လေ့လာသော နိုင်ငံ
၁၂။ ကျောင်းသားမိဘများ၏ အမှုဖွင့် တိုင်ကြားခံရသောကျောင်း

**ဒေါင်လိုက်**

၁။ ရွှေဘုံရတနာမင်္ဂလာနန်းတော်တည်ရှိရာမြို့
၃။ ထားဝယ်အနောက်ဖက်ကမ်းတွင်ဖြစ်နေသော ပြဿနာ
၄။ အာကာသသို့ သွားသောယာဉ်
၅။ မြန်မာတွင်ဆက်သွယ်ရေးလိုင်စင်ရရန် ကြိုးပမ်းနေသော ကုမ္ပဏီတစ်ခု
၈။ ကျန်းမာရေးစောင့်ရှောက်မှု အနည်းဆုံးရရှိသော မြို့နယ်တစ်ခု
၁၀။ မြန်မာနှင့်ထိုင်း ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်တစ်ခု

**Smart Dictionary ကံထူးသူ**

၁။ မဝါဝါနေခြည်၊ ၁၂/ဒဂမ(နိုင်)၀၃၇၅၇၉ တိုက် (၄၄)၊ D-1 ၊ မဟာမြိုင်အိမ်ရာ

**ကျန်အဖြေမှန်သူများ**

၂။ အောင်ကျော်ဇင်၊ ၁၄/အမန(နိုင်)၁၄၂၅၅၉
၃။ မင်းထက်ကျော်၊ ၁၂/ရပသ(နိုင်)၀၆၇၀၉၅

**ပဟေဋ္ဌိ အမှတ်စဉ်(၂၃၈)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၈-၆-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဆုထူးသူ

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**

တာမွေမြို့နယ်အတွင်း Digital လိုင်းဖုန်းရောင်းရန်ရှိသည်။ (ရောင်းဈေး-ကျပ်ခြောက်သိန်း)

ဖုန်း-၀၉-၅၄၁၇၆၅၈

**ရောင်းမည်**

အသုံးမပြုရသေးသော အသစ်စက်စက်ပရိဘောဂပစ္စည်းများ မှန်တင်ခုံ၊ ကြောင်အိမ်၊ ဗီရို၊ ထိုင်ခုံ၊ ပက်လက်ကုလားထိုင် အားလုံးတို့ကို ဆိုင်ဖြတ်ဈေး ဖြင့် ရောင်းမည်။

ဖုန်း-၀၉-၄၀၁၅၃၆၁၈၀

**ဝယ်လိုသည်**

Used or Brand New Macbook Pro, Macbook Air, iMac, Mac Mini iPad 4 Wifi Only & Wifi + 4G iPhone5, iPod5, Samsung S4, HTC One များ ဝယ်လိုသည်။

ဖုန်း-၀၉-၅၀၁၆၆၉၄

**ရောင်းရန်ရှိသည်**

Nikon D 90 camera ရောင်းရန်ရှိ သည်။ 18 lens, 50mm lens, Wide Convider, UV Filter, Polarizer, Battery 2pcs (750,000).

Ph: 09-420047093

**ဝယ်ယူနိုင်ပါသည်**

CDMA 800MHz (1500 တန်ဆင်းမ်ကတ်) အတွက် ဟန်းဆက်များကို ၁၂,၀၀၀ ကျပ်ဝန်းကျင်မှ ၁၂၀,၀၀၀ ကျပ် ဝန်းကျင်အထိနှင့် GSM ဆင်းမ်ကတ် အတွက်ဟန်းဆက်များကို ၁၀,၀၀၀ ကျပ်ဝန်းကျင်မှစ၍ ဝယ်ယူနိုင်ပါသည်။

ဖုန်း-၀၉-၄၄၄၄၀၁၄၃၂၈

**ရောင်းမည်**

99% New Lenovo G470, Intel Core i5 Ram 8GB, HDD 500GB Graphic 1GB, Black Color Like New. Price: 440000 ks.

Ph: 09-5016694

**ရောင်းမည်**

Samsung Galaxy Note 1 GT-N7000 Andriod Version 4.1.2 Price-280000 Apple iPhone 3Gs 32GB (White) Price-130000.

ဖုန်း-၀၉-၇၃၀၄၈၁၀၆

**ရောင်းမည်**

ASUS A42J, Intel Core i7, RAM 4GB, HDD 500GB Graphic 2GB, Price: 499000.

ဖုန်း-၀၁-၂၄၈၀၇၆

**ဈေးကောင်းပေးဝယ်သည်**

Samsung, Huawei, HTC, iPhone ဖုန်းအားလုံး ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၄၅၀၀၁၂၈၀၁

**ဆရာမခင်အေးအေးခိုင်**

၉၊၁၀ English Text and Grammer ၊၁၀ တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရ၊ လုပ်ငန်းခွင်ဝင်သူများအတွက် English 4 Skills ကို Home Tution သင်ကြားပေး သည်။

ဖုန်း-၀၉-၄၂၀၀၄၆၉၅၂

**သင်ကြားသည်**

အိမ်အရောက်သင်သည်။ မူလတန်း၊ အလယ်တန်း၊ All International School (P1 to P6) သချာ်သီးသန့် သင်သည်။

ဖုန်း-၀၉-၄၂၅၂၈၅၅၂၈

**ဒေါ်မိုးသီတာထွန်း**

၉၊ ၁၀ တန်း သင်္ချာ၊ ရူပ (Teaching) နှင့် ဘာသာစုံ Study Guide အိမ်အရောက်သင်သည်။

ဖုန်း-၀၉-၅၀၇၅၆၄၉

**ဦးအောင်နိုင်ဦး B.E(Mech)**

၉၊၁၀ တန်း သင်္ချာ၊ ဓာတု၊ ရူပ ဂုဏ်ထူးရရန် အာမခံဖြင့် အိမ်လိုက်သင်သည်။

ဘာသာစုံ Guide သီးသန့်သင်သည်။

ဖုန်း-၀၉-၇၃၁၃၄၀၃၀

**Sa Yar Htunn Linn Aung**

Repeater သီးသန့်၁၀တန်းဘာသာစုံ အိမ်လိုက်သင်သည်။

ဖုန်း-၀၉-၄၃၀၂၆၈၂၉

**အိမ်အရောက်သင်သည်**

မူကြို၊ သင်တန်း၊ အလယ်တန်း၊ ကလေးများအတွက် ဘာသာစုံ(သို့)တစ်ဘာသာချင်းစီ အထူးသင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၀၀၅၀၃၀၁

**ဆရာဦးထွန်းဝင်း**

New Method တရုတ်စကားပြောသင်တန်းကို အခြေခံမှစ၍သင်ကြားပေးပါသည်။

ဖုန်း-၀၉-၄၂၁၃၇၅၃၃

**တိုက်ခန်းရောင်းမည်**

ကျိုက္ကဆံလမ်းမကြီးပေါ်၊ ကျောက်မြောင်းဈေး ကားမှတ်တိုင်အနီး၊ ဈေးနှင့်နီး၍ အချက်အချာကျသော သွားရလာရ အဆင်ပြေသောနေရာ၌ ပေ (၂၅×၆၀) အကျယ်၊ ၅ လွှာ၊ ပွဲစားမလိုပါ။ ဆက်သွယ်ရန်-

ဖုန်း-၀၉-၅၄၁၇၆၅၈၁

**အိမ်၊ ခြံရောင်းမည်**

ဂေါက်ကွင်းလမ်းမျက်နှာစာ၊ 2RC၊ ရွှေပြည်သာနဲ့ ဒညင်းကုန်းလမ်းဆုံ၊ ဂေါက်ကွင်းလမ်း၊ အင်းစိန်၊ ဂရန်၊ AC2၊ အပေါ်ထပ်အခန်းခြောက်ခန်း၊ အောက်ထပ် လေးခန်း။ (950ls) (ညှိနှိုင်း)

ဖုန်း-၀၉-၄၀၁၆၃၅၂၇၉

**ဆိုင်ခန်းငှားမည်**

သဃ်န်းကျွန်းဈေးသစ်ရှေ့ မျက်နှာစာပေ ၂၅(317)Sqft ရှိ တစ်ထပ်ဆိုင်ခန်း၊ (Mobile Phone) ဆိုင်ဖွင့်ရန် နေရာကောင်း အလွန်စည်ကား၊ (ဇဝန ကားမှတ်တိုင်အနီး) ခေါ်ဈေး တစ်လ (၆ သိန်း) အလျှော့ရှိ။

ဖုန်း-၀၉-၄၂၅၀၂၂၆၃၃

**ငှားမည်**

လက်ရှိဖွင့်လှစ်လုပ်ကိုင်နေသော FL-17 လိုင်စင်နှင့် Tiger စည်ပါ စားသောက်ဆိုင်အား ငှားမည်။ ပရိဘောဂအပြည့်အစုံပါသည်။

ဖုန်း-၀၉-၅၁၀၀၃၆၁

**တိုက်ခန်းငှားရန်ရှိသည်**

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မဂ္ဂင်လမ်း၊ (အမှတ်-၄၉)၊ မြေညီထပ်နှင့် ပထမထပ်ငှားရန်ရှိသည်။ မြေညီထပ် (၃ သိန်း)၊ ပထမထပ်(၂သိန်း)။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉-၇၃၀၇၈၁၁၂

**ရောင်းမည်**

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြ၊ အမှတ် (၈၈၁)၊ စကားဝါလမ်းနှင့် (၂၈) လမ်းထောင့်၊ ပေ(၆၅×၈၀)၊ နှစ် ၆၀ ဂရန်။

ဖုန်း-၀၉-၄၃၀၅၀၁၂၉

**မြေနှင့်အိမ် ဦးရာလူကို ရောင်းမည်**

နှစ် ၆၀ ဂရန်အမည်ပေါက်၊ ပေ (၆၀×၂၀)၊ ရေမီးပြည့်စုံ၊ အသင့်နေနိုင်၊ အမှတ်-၁၁၉/ခ၊ သုဒ္ဓသန(၂)လမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ (ရောင်းဈေးကျပ်- ၉၉၅ သိန်း)

ဖုန်း-၀၉-၅၁၁၀၉၉၅

**Sky Top Star Advertisment**

ပန်းဖလက်ကြော်ငြာအတွက် စိတ်ညစ်နေပါသလား။ သင်တန်း၊ ကျောင်း၊ လုပ်ငန်းများကို လူအများသိစေရန် ကြော်ငြာများ ကမ်းပေးခြင်း၊ ချိတ်ဆွဲပေးခြင်း ပြုလုပ်ပေးပါသည်။ သင်တန်းများအထိ ဝန်ဆောင်မှုပေးနေပါသည်။

ဖုန်း-၀၉-၄၀၁၆၃၅၂၇၉

**Computer Services**

Myanmar Computer Network Group (MCNG)မှ လူကြီးမင်းတို့ Computer များ၏ Hardware and Network Services အမျိုးမျိုးကို ရုံး/ အိမ်အရောက် အကောင်းဆုံး ဝန် ဆောင်မှုပေးပါသည်။

ဖုန်း-၀၉-၄၂၀၀၃၃၆၉၅

**Web Site ရေးဆွဲပေးသည်**

MWP, Web Development Services မှ လူကြီးမင်းတို့၏ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအတွက် Web Site များကို အစအဆုံး တာဝန်ယူ ရေးဆွဲပေးလျက်ရှိပါသည်။

ဖုန်း-၀၁-၃၈၇၅၄၉

**Greatest First Car Rental**

မြို့တွင်း၊ မြို့ပြင် ခရီးစဉ်အမျိုးမျိုးအတွက် ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၁-၂၂၄၄၁၈

**Only for Grade 11**

အင်ဂျင်နီယာတက္ကသိုလ် ကျောင်းသား အများစုမှ ၁၀ တန်းသီးသန့် (သင်္ချာ၊ ရူပ) နှင့် ဘာသာစုံ Subjects များကို အိမ် လိုက်သင်ကြားပေးမည်။ ဂုဏ်ထူးထွက် ရှိရန်အတွက် အာမခံ ဖြင့် အထူးသင် ကြားပေးသည်။

ဖုန်း-၀၉-၃၁၀၅၈၈၂၂

**Study Guide**

သူငယ်တန်းမှ ဒသမတန်းအထိ စနစ်တကျ Guide အိမ်တိုင်ရာရောက် သင် ကြားပေးသည်။

ဖုန်း-၀၉-၇၃၁၂၃၂၉၄

**သင်ကြားပေးပါသည်**

၅ တန်းမှ ၁၀ တန်းအထိ ဘာသာစုံ အိမ်တိုင်ရာရောက် သင်ကြားပေးပါသည်။

ဖုန်း-၀၉-၃၁၀၃၄၅၉၆

**သင်ကြားမည်**

၉၊ ၁၀ တန်း ဇီဝဗေဒဘာသာသီးသန့် ဆရာကိုယ်တိုင် စနစ်တကျသင်မည်။ တစ်ဦးချင်းနှင့် အိမ်ဝိုင်းများ။

ဖုန်း-၀၉-၄၅၀၀၂၂၉၆၉

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်း (ဗိုလ်ချုပ်လမ်းနှင့် လယ်သ မားလမ်းထောင့်)၊ အပြင်ပဒံ၊ လှိုင်သာ ယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ (၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**ငှားရန်အလိုရှိသည်**

Colliers မှ သီလဝါ၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် အတွင်းရှိ မြေကွက်များနှင့် Downtown Area တွင် International Brand ဆိုင်ဖွင့်ရန်အတွက် မြေညီထပ်/မြေညီနှင့်ပထမထပ်တွဲလျက်/ မြေညီ ဘေးတိုက် လေးခန်းတွဲအခန်းများကို ငှားရန် အလိုရှိနေပါသည်။

ဖုန်း-၀၉-၅၀၂၆၇၂၂

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှု မှတ်တမ်းစာအုပ် ထုတ်မည်

နိုင်နိုင်စိုး

**ရန်ကုန်-ဇွန်-၂၂**

ယခုနှစ် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားလှုပ်ရှားမှုများကို မှတ်တမ်းစာအုပ်အဖြစ် ပြန်လည်ထုတ်ဝေသွားမည်ဟု သတင်းရရှိသည်။




ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို မြန်မာနိုင်ငံဒေသ (၆၇) နေရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ဆောင်နေသူ လူငယ်များက စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ သစ်ပင်စိုက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထိုလှုပ်ရှားမှု မှတ်တမ်းများကို စုစည်း၍ မှတ်တမ်းစာအုပ် ထုတ်ဝေကာ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ မီဒီယာများသို့ အခမဲ့ဖြန့်ဝေသွားမည်ဟု ဂေဟဟိတမှ ကာတွန်းဆလိုင်းစွမ်းပီးက ပြောသည်။

"မြန်မာနိုင်ငံနေရာဒေသတိုင်းမှာ ပတ်ဝန်းကျင်ထိခိုက်မှုတွေ ဖြစ်နေတာ။ အဲဒါတွေကို သက်ဆိုင်ရာတွေက သိအောင်လို့ ပညာပေးအနေနဲ့ စာအုပ်ထုတ်ပြီး ဖြန့်ဝေပေးသွားမှာ"ဟု ကာတွန်းဆလိုင်းစွမ်းပီးက ပြောသည်။

၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကလည်း မြန်မာနိုင်ငံရှိဒေသ ၁၆ ခု၌ လုပ်ဆောင်ခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှု မှတ်တမ်းများကို Rio 20+ ကမ္ဘာ့ဖွံ့ဖြိုးရေးဆိုင်ရာခေါင်းဆောင်များ ဆွေးနွေးပွဲ၌ ပေးပို့ပြသခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

ဇွန် ၅ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုကို ရန်ကုန်နှင့် နယ်မြို့ရှိ အဖွဲ့အစည်းအသီးသီးက လုပ်ဆောင်ခဲ့ကြသည်။

စာမျက်နှာ ( ၂၈)မှ

## ဆင်းရဲမွဲတေလျှော့ချရေးကို စိန်ခေါ် နေသော တရားမဝင်ငွေတိုးလုပ်ငန်းများ

မှတ်ထိုးစေခိုင်းသည်။ ဆယ်သိန်းသာယူပါရန် ဈေးဆစ်ခဲ့သော်လည်း လက်မခံဘဲ ကလေးမြို့နယ်တရားရုံးကို လျှောက်ထားတောင်းဆိုခဲ့ရာ ၂၀၁၂ခုနှစ်ဇွန်၅ရက်တွင် တရားရုံးက နှစ်ဆယ့်နှစ်သိန်းလေးသောင်းပေးရန် အမိန့်ချခဲ့သည်။

ယင်းဖြစ်စဉ်ကဲ့သို့ပင် ရောဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် နေထိုင်သော အမျိုးသမီးတစ်ဦး အခြားရွာရှိ အမျိုးသမီးထံမှ ၂၀၀၆ ခုနှစ်က ငွေတစ်သိန်းကျော်ကို ရှစ်ကျပ်တိုးဖြင့်ပင် ချေးယူခဲ့သည်။ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင်မူ နှစ်ဦး သဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်တွင် ၂၂ သိန်းဖြင့် ချုပ်ဆိုခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်တွင် နစ်နာကြေးအပါအဝင် ၄၃ သိန်းရလိုကြောင်း တရားစွဲခြင်းခံရတော့သည်။ ယင်းနောက် နေအိမ်၊ ဥယျာဉ်ခြံနှင့် လှေကိုပါ သိမ်းယူသွားခြင်း ခံရခဲ့ရသည်။

ဝင်ငွေနည်းပါးခြင်း၊ သီးနှံပေါ်ချိန်တွင် ဈေးမကောင်းခြင်း၊ နှစ်လုံး၊ သုံးလုံးလောင်း၊ ပြည်ပသွား အလုပ်လုပ်၍ ငွေချေးခြင်း၊ လောင်းကစားများ စွဲလမ်းခြင်း၊ ငွေသုံးလက်ဖွာခြင်းစသည်တို့မှာ ကျေးလက်ဒေသမှ ပြည်သူများ အတိုးနှုန်းကြီးသော ချေးငွေများကို အားကိုးနေရခြင်း ဖြစ်သည်။ ထို့ကြောင့်အတိုးကြီးစေကာမူ ရပ်ထဲ၊ ရွာထဲမှ ငွေချေးသူများကသူတို့အတွက် မရှိမဖြစ် လိုအပ်နေပြန်သည်။

ယနေ့ နိုင်ငံတော်သမ္မတကိုယ်တိုင် ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ထားသော သမဝါယမအသင်းအချို့သည်လည်း သတ်မှတ်အတိုးနှုန်းထက်ပိုယူခြင်း၊အိမ်ဝိုင်းခြံမြေများ ဆုံးရှုံးစေရန် ဖိအားပေး ဆောင်ရွက်ခြင်းမျိုးရှိနေကြောင်း အမျိုးသားလွှတ်တော်သို့ တိုင်ကြားလာသော စာများအရ သတင်းရရှိသည်။ တမူးမြို့မှ ဖြိုးသမဝါယမအသင်းသည် အတိုးနှုန်း ၇ ရာခိုင်နှုန်းဖြင့် ငွေချေးခြင်း၊ မူလချေးငွေ ၃၃ သိန်းမှ သိန်း ၈၀ ဖြစ်သွား၍ ၄၇ သိန်းသည် အတိုးဖြစ်နေခြင်း၊ ထိုငွေကို ပြန်မဆပ်နိုင်၍ အပေါင်ခံအိမ်နှင့် ဝိုင်းကို သိမ်းယူခြင်းများကြောင့် ငွေချေးယူသူ သုံးဦးတို့က တိုင်ကြားလာကြောင်း ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးမှတ်ကြီးက ပြောကြားသည်။

သမဝါယမ အသင်းများအတွက် ပြည်သူတို့၏ ငွေကြေးအခက်အခဲကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနက ၂ ရာခိုင်နှုန်းခန့်သာ အတိုးယူစေရန် သတ်မှတ်ပေးထားသော်လည်း အဆိုပါ ဖြိုးသမဝါယမအသင်းကမူ ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်တောင်းယူခြင်းဖြစ်ကြောင်း ဦးမှတ်ကြီး၏ ပြောကြားချက်များအရ သိရသည်။

သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကမူ သတ်မှတ်ထားသော ၂ ကျပ်ပြား ၅၀ သည် အတိုးဟု မဆိုနိုင်ကြောင်း၊ အသင်းသားများစု၏ စုငွေ၊ ဝန်ဆောင်စရိတ်နှင့် ရုံးစရိတ်များသာဖြစ်ကြောင်း ဇွန် ၂၀ ရက်က နေပြည်တော်တွင် ပြောကြားသည်။

၎င်းအပြင် သီးနှံပေါ်ပေးစနစ်ဖြင့် ငွေချေးခြင်း၊ လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း၊မြေသြဇာပိုးသတ်ဆေးကဲ့သို့ သွင်းအားစုပစ္စည်းများ ရောင်းချခြင်းသည်လည်း အတိုးနှုန်းတစ်ဆယ်ရာခိုင်နှုန်း အနည်းဆုံးထားပြီး တွက်ချက်ထားခြင်းဖြစ်ကြောင်း ရမည်းသင်းမြို့နယ်မှ တောင်သူကိုအောင်လှက ဆိုသည်။ "ပွဲရုံအချို့က ဆန်၊ ဆီ၊ မီးဖိုချောင်းသုံးပစ္စည်းနဲ့ မြေသြဇာတွေ ကြိုထုတ်ပေးကြတယ်။ အဲဒါတစ်ဆယ်တိုးထက်တောင် ပိုပါသေးတယ်"ဟု ၎င်းက ပြောဆိုသည်။

အစိုးရသစ် စတင်တာဝန်ယူစဉ်က ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာ ခိုင်နှုန်းကို နှစ်စဉ် ၂ ရာခိုင်နှုန်း လျှော့ချကာ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသာရှိ စေရမည်ဟု တရားဝင်ကြေညာထားခဲ့ရာ သက်တမ်း သုံးနှစ်အတွင်း ရောက်ရှိလာသော ယခု ၂၀၁၃ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းသာ ရှိတော့မည့် အခြေအနေဖြစ်သည်။ သို့သော် သာမန်ပြည်သူများ၏ စီးပွားရေး ယခု ၂ နှစ်အတွင်း ထူးထူးခြားခြား တိုးတက်မလာပါ။

ကျေးလက်ဒေသနေပြည်သူများ၏ ၂၉ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေမှုသတ်မှတ်ချက်(လူတစ်ဦး တစ်ရက်ဝင်ငွေတစ်ဒေါ်လာအောက်သာရှိသောသူများ) အောက်ရှိနေကြောင်း မကြာသေးမီက ထုတ်ပြန်သော မဟာဗျူဟာမြောက် ရွေးချယ်စရာများစာတမ်းတွင် ဖော်ပြထားသည်။

"ပြောသလောက်လည်း မလွယ်ပါဘူး" ဟု ပျဉ်းမနားမြို့မှ နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပေးသည်။

တရားရုံးများသည် တရားမဝင်သော ငွေတိုးချေးသူများအတွက် ဒီဂရီချမှတ်ပေးခွင့် မရှိသော်လည်း ဆောင်ရွက်ပေးနေခြင်း၊နှစ်ထပ်တိုးများ၊ဖန်တီးစာချုပ်များ၊ အလွတ်စာချုပ်များတွင် လက်မှတ်ရေးထိုး ပေးနေရခြင်းများကြောင့် ငွေချေးယူသူများမှာ တည်ဆဲဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးနေရကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးက ဆိုသည်။

အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဥပဒေကို ၂၀၁၂ ခုနှစ်က တရားဝင် ထုတ်ပြန်ထားသော်လည်း တရားဝင်လုပ်ကိုင်သော လုပ်ငန်းမှာ ၁၄၂ ခုခန့်ကျော်သာရှိသေးပြီး အတိုးကြီး၊ အလွတ်စာချုပ်၊ သီးနှံပေး၊နေ့ပြန်တိုး စသည့်ဖြင့် တရားမဝင်လုပ်ကိုင်ဆောင်ရွက်နေသူများမှာမူ ဒေသအနှံ့တွင် ရှိနေဆဲ ဖြစ်သည်။

ထို့ကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းကွပ်ထားသော ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်းများက သတ်မှတ် အတိုးနှုန်းများဖြင့် ချေးပေးလျှင် အတိုးနှုန်းကြီးသော တရားမဝင်ငွေ ချေးသူများ၏ အခန်းကဏ္ဍလျော့နည်းသွားနိုင်သည်။ သို့သော် ပုဂ္ဂလိက အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ကိုယ်တိုင် အဂတိမလိုက်စားဘဲ သတ်မှတ်မှုဘောင်များအတိုင်း ငွေချေးပေးရန်လိုသည်။

တိုင်းပြည်ချမ်းသာရေးထက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကသာ ပဓာနကျသည်ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ရန်ကုန်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းအတိုင်း အစိုးရက ဆောင်ရွက်မည်လား ဆိုသည်ကို စောင့်ကြည့်ကြည်ရမည် ဖြစ်သည်။

## JOKE

### ကြီးမားသောတိုက်ဆိုင်မှု

ဘော့စနီးယားစစ်ပွဲပြီးဆုံးချိန်တွင် ကျွန်တော်တို့တပ်ဖွဲ့များမှာ ကုလသမဂ္ဂကိုကိုယ်စားပြု၍ ဘော့စနီးယားနိုင်ငံတွင် ချထားခံရသည်။ ကျွန်တော်တို့တာဝန်မှာ အရပ်သားများ၏ လက်ထဲရောက်ရှိနေသော လက်နက်များကိုပြန်လည်သိမ်းဆည်းရေးဖြစ်သည်။ သို့ဖြင့် တစ်နေ့တွင် နေအိမ်တစ်အိမ်မှလက်နက်အမြောက်အမြားသိမ်းဆည်းရမိခဲ့ပြီးနောက် ကျွန်တော်တို့တပ်ဖွဲ့မှတပ်ကြပ်တစ်ဦးက လက်နက်များကိုကြည့်၍ "နောက်တစ်ကြိမ်ကျရင်ဒီအိမ်မှာ ကျွန်တော်တို့ သံချပ်ကာကား လာသိမ်းရဦးမယ်" ဟု မပြုံးမရယ်နောက်ပြောင်လိုက်ပါသည်။ မကြာမီမှာပင် အိမ်ရှင်ဖြစ်သူက ၎င်း၏ အိမ်နောက်ဖေးဘက်သို့ ကျွန်တော်တို့ကို ခေါ်သွားပြီး လုံးဝအကောင်းအတိုင်းရှိနေသေးသော ချုံပုတ်များနှင့်ကွယ်ထားသည့် သံချပ်ကာယာဉ်တစ်စီးကိုပြသပါတော့သည်။

### ကျောင်းပိတ်ရက်အစီအစဉ်

အက်ဒဝပ်သည် ကျောင်းကားမောင်းသူတစ်ဦးဖြစ်ပြီး ကလေးငယ်များနှင့် စကားစမြည်ပြောခြင်းကို နှစ်သက်သူဖြစ်သည်။ သို့ဖြင့် နွေရာသီကျောင်း ပိတ်ရက်၊ အားလပ်ရက်များမတိုင်မီ နောက်ဆုံးကျောင်းတက်သောနေ့တွင် ခုနစ်နှစ်သားအရွယ် ဒုတိယတန်းကျောင်းသားလေးဘော်ဘီကို ကျောင်းပိတ်ရက်အတွင်း မည်သည့်နေရာများသို့ သွားရောက်လည်ပတ်မည်နည်းဟု မေးမြန်းသည်။ ဤတွင် ဘော်ဘီက "ကျွန်တော်ဘယ်မှသွားဘူး။ အိမ်မှာနေပြီး နေ့တိုင်းတစ်နေကုန်တီဗီပဲထိုင်ကြည့်မယ်"ဟု ပြောပါသည်။

စာမျက်နှာ (၇) မှ

## မင်္ဂလာရှိသော ဝတ္ထုလေးများ

"သတ္တိခဲ"တဲ့။ မည်မျှလှပသော အရေးအဖွဲ့ပေလဲ။ ရိုးသားပြီး အခြေခံကျသော လူတန်းစား နှစ်ဦးကြားမှ ပေါက်ဖွားလာသော အချစ်ကို သတ္တိဟု ရဲဝင့်စွာကြွေးကြော်ရင်း ဘဝတွင်ကြုံလာသမျှ အခက်အခဲများကို ရင်ဆိုင်ကြမည့် စိတ်ကူးလေးသည် အလွန်ပင် သန့်ရှင်း၊လှပ၊ရဲရင့်လှပေသည်။ တွက်ချက်မှုမပါ။ စာရင်းဇယားမပါ။ အပေးအယူမပါသော အချစ်သက်သက်ဖြစ်သည်ဟုသာ ဆိုချင်နေမိသည်။

ဖော်ပြခဲ့ပြီးသော ဝတ္ထုတိုလေးနှစ်ပုဒ်မှပေးသော ခံစားမှုရသသည် အချစ်နှင့်ပတ်သက်၍ ဖွဲ့ဆိုခဲ့သော၊ဖွဲ့ဆိုကြဦးမည်ဖြစ်သော စာပေအမျိုးအစားထဲတွင် ရှေ့ဆုံးမှ မဟုတ်ရင်တောင် ရှေ့နားမှာ ရှိနေမည့်ဝတ္ထုလေးများဖြစ်သည်ဟု ခံစားမိပါသည်။ အချစ်ကို ရိုးစင်းစွာဖြင့် အပြန်အလှန်ညှာတာမှု၊ စာနာထောက်ထားမှု၊ အချစ်အတွက် ကြုံလာမည့်အခက်အခဲများကို ရိုးသားစွာ ရင်ဆိုင်လိုမှု စသည်တို့သည် စံနှုန်းတန်ဖိုးများမတည်ငြိမ်သော၊ သတင်းအချက်အလက် ဦးစားပေးသော၊ ရုပ်ပိုင်းဆိုင်ရာ ဦးစားပေးသော ယနေ့ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် မွန်းကျပ်နေသော ကျွန်ုပ်တို့အဖို့ လတ်ဆတ်သောလေပြည်လေညင်းများပင် ဖြစ်သည်။ ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တွင် စိတ်ခံစားမှုတန်ဖိုးများကို မြင့်တက်စေနိုင်သော၊ နူးညံ့သော နှလုံးသားများကို ဖြစ်ပေါ်စေသော အချင်းချင်းညှာတာ ထောက်ထားမှု၊ တစ်ဦးအတွက်တစ်ဦး အနစ်နာခံလိုမှုများကိုဖြစ်ပေါ်စေသော၊ ထိုဝတ္ထုလေးများကို မင်္ဂလာရှိသောဝတ္ထုလေးများဟုသာတင်စားလိုမိသည်။

**(ရည်ညွှန်း-ရဲသျှမ်း-"အိပ်စက်ရင်ခုန်"၊ အသည်းကွဲရှုန်တိန်နှင့် အခြားဝတ္ထုတိုများ၊ ရန်ကုန်၊ စံရှားစာပေထုတ်ဝေရေး၊ ၁၉၉၄ -မင်းလူ-"လမ်းဖြတ်ကူးသော နှလုံးသား"လမ်းဖြတ်ကူးသောဝတ္ထုတိုများ၊ ရန်ကုန်၊ စိတ်ကူးချိုချိုအနုပညာ၊ ၂၀၀၃)**

Environment
7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# တစ်နှစ်အတွင်း တရားမဝင် သစ်ခိုးခုတ်မှု တန်ချိန်သုံးသောင်းကျော် ဖမ်းမိ

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၂၂**

တစ်နိုင်ငံလုံးရှိ တရားမဝင် သစ်ခိုးခုတ်မှုများကို ဖမ်းဆီးရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း တန်ချိန်သုံးသောင်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခင် ဘဏ္ဍာရေးနှစ်ထက် တန်ချိန် တစ်ထောင်ကျော် တိုးလာပြီး သစ်ခိုးခုတ်မှုများကို စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့၌ အများဆုံး ဖမ်းဆီးရမိကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။



*ကချင်ပြည်နယ်အတွင်းရှိ သစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်ခု* ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ယခုနှစ်များ နောက်ပိုင်းတွင် တရားမဝင် သစ်ခိုးထုတ်မှုများ ပြားလာရခြင်းမှာ လုံခြုံရေးအရ ကန့်သတ်ချက်ရှိသော နယ်စပ်ဒေသနေရာများသို့ သွားရောက်ဖမ်းဆီးရန်နှင့် ထိန်းသိမ်းကာကွယ်ရန် ခက်ခဲခြင်း၊ တရားမဝင်သစ်တင်ပို့မှုသည် အကျိုးအမြတ်အလွန်များသောကြောင့် သစ်ခိုးခုတ်မှုများ ယခင်ထက် များပြားလာကြောင်းသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကချင်ပြည်နယ်ကျတော့ လုံခြုံရေးအခြေအနေကြောင့် ဝန်ထမ်းတွေ သွားလာရတာ ခက်ခဲတော့ နေရာအားလုံး မရောက်နိုင်ဘူး။ အဲဒီနေရာတွေမှာ သစ်ခိုးခုတ်မှုတွေများတယ်။ အခု ဖမ်းမိတယ်ဆိုတဲ့ နေရာတွေက ကချင်ပြည်နယ်ဆိုပေမယ့် သိပ်မဝေးတဲ့ နေရာတွေ၊ သူနဲ့ဆက်စပ်နေတဲ့ စစ်ကိုင်းတိုင်း ဒေသကြီးမှာတော့ ဖမ်းမိတာ ပိုအများဆုံး ဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

နိုင်ငံတကာအဖွဲ့ အီးအိုင်အေ၏ ထုတ်ပြန်ချက်တွင် ကချင်ပြည်နယ်နယ်စပ်မှတစ်ဆင့်တရုတ်နိုင်ငံသို့ တရားမဝင် သစ်တင်ပို့မှုသည် တန်ချိန်တစ်သိန်းကျော်ရှိသည်ဟု ဖော်ပြထားသည်။

နိုင်ငံတကာအဖွဲ့ အီးအိုင်အေ ထုတ်ပြန်ချက်သည် ဝန်ကြီးဌာန ထုတ်ပြန်ထားသည့် တရားမဝင် သစ်ခိုးခုတ်မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်ကိုးသောင်းကျော်ကွာဟနေသည်။

မြန်မာနိုင်ငံ၏ တရားမဝင် သစ်များကို အဓိက ဝယ်ယူသောဈေးကွက်မှာ တရုတ်နိုင်ငံ ဖြစ်သည်။ ထို့ကြောင့် တရားမဝင် သစ်ခိုးထုတ်မှုများကို တားဆီးရန်အတွက် တရုတ်ပြည်သို့ သွားရောက်စဉ်အတွင်း ယူနန်အစိုးရကို အတူတကွ ပူးပေါင်းတားဆီးရန် ပြောဆိုခဲ့သည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ဆိုသည်။

ကချင်ပြည်နယ်တွင် ယခုဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်ခိုးထုတ်မှုမှတန်ချိန် ၂,၇၇၇ တန် ဖမ်းဆီးရမိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင်တန်ချိန်၆,၉၃၈ဖမ်းဆီးရမိသည်။

## ရခိုင်ပြည်နယ်ရှိ မူလတန်းကျောင်းများတွင် ဒီရေတောစိုက်ခင်းများစတင်စိုက်ပျိုး

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇွန်-၂၂**

ရခိုင်ပြည်နယ် မူလတန်းကျောင်းများတွင် ပညာရေးရန်ပုံငွေနှင့် ဗဟုသုတရရှိစေရန် မူလတန်းကျောင်းပိုင် ဒီရေတောစိုက်ခင်းများကို ဇွန်လအတွင်း စတင်စိုက်ပျိုးနေကြောင်း သတင်းရရှိသည်။ ဂွ၊ ကျိန္တလီ မြို့နယ်ရှိ ကျေးရွာ ၄၁ ရွာတွင် မူလတန်းကျောင်းပိုင် ဒီရေတောစိုက်ခင်းများ တည်ထောင်ပြီး ယင်းအပင်များ ကြီးထွားလာပါက ရရှိသည့် ငွေများကို ကျောင်းများတွင် ရန်ပုံငွေအဖြစ် အသုံးပြုစေမည်ဟု Clear Project မန်နေဂျာ ဦးဝင်းမောင်က ပြောသည်။ ဒီရေတောစိုက်ခင်းများတွင် ရှားပါးစာရင်းဝင် မြိုင်ကြီးပင်နှင့် တန်ဖိုးရှိ အခြား သစ်နှစ်မျိုးကို စိုက်ပျိုးမည်ဖြစ်သည်။

မူလတန်းကျောင်းပိုင် ဒီရေတော စိုက်ခင်းများကို ကျောင်းသားများကိုယ်တိုင် စိုက်ပျိုးလျက်ရှိသည်။

# တနင်္သာရီသဘာဝကြိုးဝိုင်း စာရင်းအတိအကျ ကောက်ယူနိုင်ရေး SMART နည်းပညာ သုံးမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၂၂**

သစ်တောသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများတွင် စာရင်းအတိအကျကောက်ယူနိုင်ရန်အတွက် ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး အုပ်စုများ အသုံးပြုနေသော (SMART) Spatial Monitoring and Reporting Tool နည်းပညာကို တနင်္သာရီသဘာဝကြိုးဝိုင်းထိန်းသိမ်းရေးလုပ်ငန်းတွင် စတင်အသုံးပြုမည်ဟု တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းဦးစီမှူးဦးစိန်မိုးကပြောသည်။

အဆိုပါနည်းပညာကိုမြန်မာနိုင်ငံရှိ ဟူးကောင်းချိုင့်ဝှမ်း၊ ထမံသီဘေးမဲ့တောနှင့် ခါကာဘိုရာဇီဘေးမဲ့တော ဥယျာဉ်များ ထိန်းသိမ်းရာတွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS) ၏ပံ့ပိုးမှုဖြင့် အသုံးပြုနေပြီး တနင်္သာရီသဘာဝ ကြိုးဝိုင်းကို ယခုနှစ်မှ စတင်အသုံးပြုမည်ဖြစ်သည်။

SMART နည်းပညာမှာ သစ်တောများအတွင်း ဇီဝမျိုးစုံမျိုးကွဲများ၏ စားကျက်မြေများဧရိယာအနှံ့တွင် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားနေထိုင်မှု၊ သစ်ခိုးထုတ်မှုများ၊ တရားမဝင် အမဲလိုက်မှုများကို ဂျီပီအက်စ် 62cs မော်ဒယ်နှင့် လိုက်လံအချက်အလက် ကောက်ယူစုဆောင်းပေးသည့်နည်းပညာ တစ်ရပ်ဖြစ်သည်။

"ဒီနည်းပညာကို အာဖရိကနဲ့ လက်တင်အမေရိကမှာသုံးပါတယ်။ အရင်သုံးနေတဲ့နည်းပညာက အမှားများတယ်။ အချက်အလက်က တစ်စုတစ်စည်းတည်း မရဘူး။ အခုဟာ ပိုတိကျတယ်။ ရလာတဲ့အချက်အလက်ကို စိစစ်ရာမှာလည်း စနစ်ကျလို့ပိုကောင်းတယ်"ဟု ဦးစိန်မိုးကပြောကြားခဲ့သည်။

ယင်းနည်းပညာအသုံးပြုနိုင်ရန်အတွက် အမေရိကန်အခြေစိုက် WCS အဖွဲ့က ဌာနအတွင်းရှိ အသုံးပြုမည့်ဝန်ထမ်းများကို သင်တန်းတစ်လ သင်ကြားပေးခဲ့ပြီး အဆိုပါနည်းပညာသုံးကောက်ယူထားသော အချက်အလက်များကို နှစ်အလိုက် လေ့လာသုံးသပ်ကာ မည်သို့ဆောင်ရွက်မည်ကို ဆုံးဖြတ်ချက်ချမည့်သူများကိုတင်ပြမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်ကပြောသည်။

ယင်းနည်းပညာကို CITES, Frankfurt Zoological Society, North Carolina Zoo, Wildlife Conservation Society, World Wildlife Fund, Zoological Society of London အဖွဲ့တို့က ယင်းနည်းပညာရရှိရေးအတွက် ငွေကြေး ပံ့ပိုးပေးနေသည့်အဖွဲ့များဖြစ်ပြီး ကမ္ဘာအနှံ့သို့လည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဧရိယာအားဖြင့် ၆၅၆ ဒသမ ၃၇ စတုရန်းမိုင်ကျယ်ဝန်းသည့် သဘာဝကြိုးဝိုင်းဖြစ်ကာ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင်တည်ရှိသည်။



Tourism
7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ပန်းပုကျေးရွာဥယျာဉ်အခမဲ့ ကြည့်ရှုနိုင်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇွန်**

ပဲခူး၊ ဆယ်မိုင်ကုန်းတွင် တည်ဆောက်လျက်ရှိသည့် ပန်းပုကျေးရွာဥယျာဉ်ကို ဝင်ကြေးအခမဲ့ဖြင့် လာရောက် ကြည့်ရှုနိုင်ကြောင်း ယင်းဥယျာဉ်မှတာဝန်ရှိသူကပြောကြားသည်။

ပန်းပုကျေးရွာဥယျာဉ်ကို အပန်းဖြေ ဥယျာဉ်ကဲ့သို့ တည်ဆောက်လျက်ရှိရာ ပန်းပုရုပ်တုမျိုးစုံကို ပြသထားပြီး ယင်းပန်းပုရုပ်ထုများကိုပါဝယ်ယူနိုင်ကြောင်း ၎င်းကဆိုသည်။

"အခုတောင်လာအပန်းဖြေကြတယ်။ ဝင်ကြေးပေးစရာ မလိုဘူး။ နောင်အားလုံးပြီးစီးသွားရင်လည်း ဝင်ကြေးကောက်ဖို့မရှိဘူး" ဟု ၎င်းက ဆိုသည်။

အဆိုပါပန်းပုကျေးရွာဥယျာဉ်ရှိပန်းပုရုပ်တုများမှာ ယခင်ဆရာစံပလာဇာတွင်ထားရှိသည့် ရုပ်တုများကိုပြသ ထားခြင်းဖြစ်ပြီး မြန်မာပန်းပု လက်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူကြည့်ရှုနိုင်ရန် ရည်ရွယ်ကြောင်း ၎င်းကဆက်လက် ပြောသည်။

ပန်းပုကျေးရွာ ဥယျာဉ်ကို ယခုနှစ် အစောပိုင်းကတည်းက ဆောက်လုပ်လျက်ရှိပြီးအပန်းဖြေရန်နေရာများ၊ဘန်ဂလိုများပါထည့်သွင်း ဆောက်လုပ်သွားမည်ဟု သတင်းရရှိသည်။

# ကုသိုလ်တော်ဘုရား ကျောက်စာများ ယူနက်စကိုစာရင်းဝင်ခြင်းမှာ ခရီးသွားလုပ်ငန်း အတွက်အကျိုးရှိ

**ခိုင်ချို**

**ရန်ကုန်၊ ဇွန်-၂၂**

မန္တလေး တောင်ခြေရှိ ကုသိုလ်တော်ဘုရားမှ ၁၅၃ နှစ် သက်တမ်းရှိ ပိဋကတ် ကျောက်စာများကို ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းသွင်းအသိအမှတ်ပြုလိုက်ခြင်းအပေါ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအနေဖြင့်ကြိုဆိုပါကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။



**ကုသိုလ်တော်ဘုရားတော် ဖူးတွေ့ရစဉ်** Photo-dhammaweb.net

"ယူနက်စကိုက အသိအမှတ်ပြုလိုက်တာ ခရီးသွားလုပ်ငန်းကို အများကြီး အထောက်အကူပြုတယ်။ခရီးသွားလုပ်ငန်းတွေအနေနဲ့ ခရီးစဉ်တွေ ရောင်းချမှုမှာ ဒါကိုအကျိုးရှိရှိအသုံးချတတ်ရင် အများကြီးအောင်မြင်မှာပါ။ မြန်မာနိုင်ငံမှာ ယဉ်ကျေးမှု ထိန်းသိမ်းရမယ့် နေရာတွေ အများကြီးရှိတယ်။ နိုင်ငံခြားသားဧည့်သည်ကို ဆွဲဆောင်ရာမှာ ဒီအချက်တွေက အဓိကပဲ"ဟုဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၃ ခုနှစ် ကမ္ဘာ့မှတ်ပုံတင်စာရင်းတွင် မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် ယူနက်စကို အသိအမှတ်ပြုခြင်းခံရပြီး အစိုးရကလည်း ပျူမြို့သုံးမြို့ကို ယူနက်စကိုစာရင်းဝင်ရန် ကြိုးပမ်းလျက်ရှိသည်။"ရှေးဟောင်းအဆောက်အအုံတွေ၊ နေရာတွေမပျက်စီးဖို့က ခရီးသွားလုပ်ငန်းတွေမှာလည်း တာဝန်ရှိတယ်။ ဒါမှ နိုင်ငံခြားသားဧည့်သည်တွေကိုခရီးစဉ်တွေ ရောင်းရာမှာ ဆွဲဆောင်နိုင်မှာ။ အခုဆိုရင် မန္တလေးတင်မကဘူး တခြား ဒေသတွေကိုပါ ခရီးစဉ် ရောင်းရာမှာ ပိုအဆင်ပြေလာမယ်"ဟုမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးတစ်ဦးကပြောသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ၂၀၁၂ ဇန်နဝါရီမှ မေလအထိ ခရီးသွားဧည့်သည်အဝင်ထက် ၃၂ ရာခိုင်နှုန်း ခန့်မြင့်တက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။

# ဖီလာနှင့် ငါးမန်းကျွန်းတွင်အပန်းဖြေဟိုတယ်များသာ ဖွင့်စေလိုကြောင်း ခရီးသွားလုပ်ငန်းရှင်များပြော

**ခိုင်ချို**

**ရန်ကုန်၊ဇွန်-၂၂**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်း ခရိုင်ရှိ ဖီလာကျွန်းနှင့် ငါးမန်းကျွန်းများတွင်ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခွင့် ရသူများအနေဖြင့် အပန်းဖြေမှုကိုသာ အဓိကဦးစားပေးသည့် ဟိုတယ်များသာတည်ဆောက်စေလိုကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက အကြံပြုပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (MIC) မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အဆိုပါကျွန်းနှစ်ကျွန်းတွင် ဟိုတယ်လုပ်ငန်းဖက်စပ်လုပ်ကိုင်ရန် ၂၀၁၃ခုနှစ် ဇွန် ၁၂ ရက်က ကျော်ဝင်းဖြိုးမောက် ကုမ္ပဏီနှင့် Mokan International Co.Ltd တို့ကို BOT စနစ်ဖြင့် နှစ် ၅၀ ငှားရမ်းလုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

"တနင်္သာရီကမ်းရိုးတန်းကို နိုင်ငံခြားသား ဧည့်သည်တွေအရမ်းစိတ်ဝင်စားတယ် အဲဒီကျွန်းတွေမှာ Resort တွေရှိဖို့လိုတယ်။ ဒါပေမဲ့ သူဌေးကျွန်းလို လောင်းကစားဝိုင်းကို အဓိကထားတဲ့ ဟိုတယ်တွေ မလုပ်စေချင်ဘူး။ အပန်းဖြေမှုသာ အဓိက ထားတဲ့ Resort တွေဖွင့်သင့်တယ်။ ခရီးသွား ဧည့်သည် စစ်စစ်တွေက ကာစီနိုတွေရှိတဲ့ နေရာကိုမလာချင်ကြဘူး" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းမှ အထွေထွေအတွင်းရေးမှူး ဦးနောင်းနောင်းဟန်က ပြောသည်။

တနင်္သာရီ ကမ်းရိုးတန်းရှိ ကျွန်းများသို့ နှစ်စဉ် ဝင်ရောက်လည်ပတ်သော ဧည့်သည်ဦးရေမှာ ရာဂဏန်းခန့်သာရှိပြီး အဆိုပါ ခရီးစဉ်မှာ စရိတ်ကြီးမြင့်မှုနှင့် ကော့ သောင်းမြို့နယ်စပ်မှ ဝင်ရောက်လာသော ခရီးသွား ဧည့်သည်မှာ ယင်းနယ်စပ်ဂိတ်မှသာ ပြန်လည်ထွက်ခွာရခြင်း စသည့် အဆင်မပြေမှုများကိုပါ ဖြေရှင်းပေးစေလိုကြောင်း ခရီးသွား လုပ်ငန်းရှင်အချို့ကပြောသည်။

ကော့သောင်းခရိုင်အတွင်း ကျွန်းပေါင်း ၁၇၃ကျွန်းရှိပြီး ကျွန်းဖီလာကျွန်းမှာ လန်ပိကျွန်းအ မျိုးသား အဏ္ဏဝါဥယျာဉ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး လန်ပိအမျိုးသားအဏ္ဏဝါဥယျာဉ်အဖြစ် ကျွန်းငါးကျွန်းကို ၁၉၉၆ ခုနှစ်က စတင်သတ်မှတ်ခဲ့သည်။



7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# Cartoon



























7 DAY NEWS JOURNAL
Vol.12, No.16 ▪ JUNE 26 , 2013

# ‘ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ပြန်စဉ်းစားဖို့ အချိန်ကျပါပြီ’

## ပေါ်တူဂီသမ္မတနှင့် စီးပွားရေးအကျပ်အတည်းအကြောင်း ဆွေးနွေးခြင်း

ကျော်မျိုး

ပေါ်တူဂီဟာ ဆိုးရွားတဲ့ စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရပြီး ယခုဘဏ္ဍာရေးနှစ်ရဲ့ ပထမသုံးလပတ်မှာ စီးပွားရေးကျဆင်းမှုနှုန်းဟာ လေးရာခိုင်နှုန်းရှိခဲ့ပြီး ယမန်နှစ်က နှုန်းအတိုင်းဖြစ်နေခဲ့ကာ စီးပွားရေးအကျပ်အတည်း ရင်ဆိုင်ရမှု ၂ နှစ်ပြည့်တဲ့သဘောလည်း ဖြစ်လာခဲ့ပါတယ်။ ဒါဟာ ယူရိုငွေအကျပ်အတည်းကို ရင်ဆိုင်နေရတဲ့ အီးယူရဲ့ အကျပ်အတည်း နမူနာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ ပေါ်တူဂီသမ္မတ အန်နီဘယ်လ်ကာဗာကို ဆေးလ်ဗားနဲ့ ယူရိုသတင်းတို့ရဲ့ အမေးအဖြေကောက်နုတ်ချက်များကိုတင်ဆက်လိုက်ပါတယ်။



**သမ္မတကြီးခင်ဗျား ဥရောပရဲ့ဖြစ်စဉ်တွေနဲ့ နီးနီးကပ်ကပ် ရှိနေရင်းနဲ့ လူကြီးမင်းဟာ ဝန်ကြီးချုပ်အဖြစ် ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သလို အခုဆိုရင် သမ္မတအဖြစ်လည်း ဒုတိယသက်တမ်းကို ထမ်းဆောင်နေပြီနော်။ ပေါ်တူဂီဟာ အခုဆိုရင် ဒီအခြေအနေထဲမှာ ဘယ်လိုဖြစ်နေပြီလဲ ခင်ဗျ။**

ကျွန်တော်တို့ ခုဆိုရင် နိုင်ငံတွေ၊ ဘဏ်တွေနဲ့ ကုမ္ပဏီတွေက ယူရိုဇုန်ထဲကနေ ငွေချေးနိုင်တဲ့ အနေအထားကို ရောက်ပြီးတဲ့နောက် နိုင်ငံတွေရဲ့ပြည်ပကြွေးမြီတိုးမြင့်လာတဲ့ အနေအထားကို ရောက်ရှိခဲ့ပါပြီ။ ဒါက ယူရိုမိသားစုဝင်နိုင်ငံတွေကြားမှာ ကြွေးမြီပိုများလာစေတဲ့သဘောပါ။ အကျပ်အတည်းက အမေရိကန်မှာ ၂၀၀၈ ကစခဲ့ပြီး အီးယူရဲ့ တုံ့ပြန်မှုကလည်း သိပ်ပြီးလက်တွေ့မကျခဲ့ပါဘူး။ အစတုန်းကတော့ အီးယူနိုင်ငံတွေကို တိုးချဲ့လုပ်ဆောင်ရေးမူဝါဒတွေ ပြဋ္ဌာန်းဖို့ အကြံပေးခံခဲ့ရတယ်။ တစ်နည်းပြောရရင် အကြွေးတွေ ထပ်ယူခိုင်းတာပါ။ အဲဒီနောက်မှ ကျွန်တော်တို့လည်း သဘောပေါက်လာကြတယ်။ အချို့နိုင်ငံတွေကတော့ ငွေချေးတာကို ကန့်သတ်ဖို့ လိုအပ်တယ်ဆိုတာကိုပေါ့လေ။

**ဒါဆို အီးယူရဲ့ အကျပ်အတည်းစီမံခန့်ခွဲမှုက ဆုံးရှုံးခဲ့တဲ့သဘောပေါ့။**

အဲဒီလိုဖြစ်ခဲ့တယ်လို့ပဲ ကျွန်တော်လည်း ပြောရမယ်။ ရှင်းလည်းရှင်းနေတာပါပဲ။ အီးယူဟာ စီးပွားရေးတိုးတက်မှုနဲ့ အလုပ်အကိုင်ဖန်တီးရေးတွေကို မြှင့်တင်ပေးဖို့ ပျက်ကွက်ခဲ့တယ်။ အဖွဲ့ကြီးတစ်ခုလုံးအနေနဲ့ ဥရောပရဲ့ စီးပွားရေးမူဝါဒမှာ တစ်ခုခုတော့ ဆုံးရှုံးပျက်ကွက်ခဲ့တယ်။ ဒါပေမဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ စီးပွားရေးမူဝါဒတွေထဲမှာလည်း ဆုံးရှုံးခဲ့တာပါပဲ။

**မကြာမီက ထုတ်ပြန်တဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အစီရင်ခံစာထဲမှာလည်း ဂရိအတွက် အီးယူက လုပ်ခဲ့တဲ့ ဘဏ္ဍာရေးကယ်ဆယ်မှု အစီအစဉ်တွေမှာ အမှားအယွင်းတွေ ရှိခဲ့တယ်လို့ ပြောထားတယ်နော်။**

အခုအချိန်က ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ပြန်စဉ်းစားဖို့ အချိန်ကျပါပြီ။ အစီအစဉ်ကို ရေးဆွဲရာမှာ ဘဏ္ဍာရေးကယ်ဆယ်မှုတွေ လုပ်ဆောင်သွားရာမှာ ပြန်ပြင်သင့်ပါတယ်။ ကျွန်တော့် ပုဂ္ဂလိကအမြင်အရလည်း ဒီတာဝန်ကို အီးယူရဲ့အဖွဲ့အစည်းတွေလက်ထဲ လွှဲပေးသင့်ပါတယ်။ စောင့်ကြည့်အကဲဖြတ်ရေး၊ ဒီဇိုင်းရေးဆွဲရေး၊ ထိန်းညှိမှုတွေ လုပ်ရေးမှာပေါ့လေ။ ဘာကြောင့်လဲဆိုတော့ အီးယူရဲ့ ရည်ရွယ်ချက်တွေက အိုင်အမ်အက်ဖ်ရဲ့ ရည်မှန်းချက်တွေနဲ့ အလွန်ကွာခြားနေလို့ပါ။

**ဥရောပရဲ့ စီမံကိန်းထဲ ယုံကြည်အားထားရမှု ပြန်ရဖို့ အရေးမှာ ဘယ်လိုလုပ်ဆောင်မှုမျိုး လိုအပ်နေပါသလဲ။**

အရင်ဆုံး ကျွန်တော်တို့လိုနေတာ အဓိကပြဿနာဖြစ်တဲ့ အလုပ်လက်မဲ့ကိစ္စဖြေရှင်းရေးပါ။ လူငယ်အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးအစီအစဉ်ကိုတော့ ချမှတ်ပြီးသွားပါပြီ။ အဲဒါအပြင် အီးယူဟာ နောက်ထပ်လုပ်ဆောင်မှုတွေ လိုနေပါတယ်။ အတိတ်က ကြုံခဲ့တာတွေဟာ လက်ရှိနဲ့ အနာဂတ်ပြဿနာတွေကို ဖြေရှင်းဖို့ မလုံလောက်တော့ပါဘူး။ ဒါကြောင့် အဓိကကျတဲ့ စီးပွားရေးနဲ့ ငွေကြေးဆိုင်ရာသမဂ္ဂတစ်ခု လိုအပ်ပါတယ်။ ကျွန်တော့်အတွက်ဆို အရေးအကြီးဆုံးက (ဘဏ်တွေပါဝင်တဲ့) ဘဏ်သမဂ္ဂတစ်ခုပါ။ ဘာကြောင့်လဲဆိုရင် အဲဒါက ဥရောပတစ်လျှောက်မှာ အထူးသဖြင့် ယူရိုငွေသုံးနေတဲ့ ယူရိုဇုန်ထဲမှာ စီးပွားရေးလုပ်ငန်းတွေကို ဘဏ္ဍာရေးထောက်ပံ့ဖို့ပါ။

**အီးယူထဲမှာ ဘဏ္ဍာရေးကယ်ဆယ်မှု အစီအစဉ်တွေကို နိုင်ငံတွေအတွက် လုပ်ဆောင်ရာမှာ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ပြည်သူတွေကို လေးစားခြင်းမရှိဘဲ ဖြစ်လာမယ့် အကျိုးဆက်တွေကို လုံးဝမကြည့်ဘဲ လုပ်ဆောင်သွားသင့်ပါသလား။**

ဟုတ်ကဲ့။ အပြောင်းအလဲတော့ ရှိလာပါတယ်။ ဘဏ္ဍာရေးအစီအစဉ်တွေထဲမှာ ထိန်းညှိမှုတွေ စတင်လုပ်ရင်းနဲ့ ဖြစ်လာနေပါတယ်။ ပေါ်တူဂီနဲ့ အခြားနိုင်ငံတွေဖြစ်တဲ့ ပြင်သစ်၊ စပိန်တို့လို နိုင်ငံတွေရဲ့နမူနာမှာဆိုရင် ကြွေးမြီယူရမှု ထပ်တိုးလာနေတဲ့ပြဿနာကို ကိုင်တွယ်သွားဖို့ အချိန်တွေ ပိုရခဲ့ပြီးပါပြီ။ ဒါကြောင့် ဥရောပအဖွဲ့အစည်းတွေနဲ့ အဖွဲ့ဝင်နိုင်ငံတွေကြားမှာ အပြောင်းအလဲတွေ ဖြစ်လာနေတာကို ကျွန်တော်တို့ သိနားလည်ရပါမယ်။ ကျွန်တော်ထင်တာတော့ ဘဏ္ဍာရေးကယ်ဆယ်မှုအစီအစဉ်တွေဟာ စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးကို ရည်ရွယ်တဲ့ အထူးဦးစားပေးလုပ်ဆောင်ရမှု ရှိရပါမယ်။ ဒီလိုမှမဟုတ်ရင် ဥရောပနိုင်ငံတွေရဲ့ နိုင်ငံသားတွေနဲ့ ခေါင်းဆောင်တွေကြားထဲမှာ ပိုပြီးကွာဟမှုတွေရှိလာပြီး ၂၀၁၄ မှာ ရွေးကောက်ပွဲတွေလည်း ကျင်းပတော့မှာကြောင့် စိုးရိမ်မှုတွေလည်း ရှိလာနေပါတယ်။

**ပေါ်တူဂီမှာ လူ့အဖွဲ့အစည်းရဲ့ ကဏ္ဍအားလုံးက အစိုးရကို နုတ်ထွက်ပေးဖို့ တောင်းဆိုနေပါတယ်။ သမ္မတကြီးကလည်း အလွန်ခက်ခဲတဲ့ ကိစ္စဖြစ်တဲ့ တည်ငြိမ်မှုရှိရေးကို ဦးစားပေးနေတယ်။ သမ္မတကြီးတို့မှာ နိုင်ငံရေးအရ ထောက်ခံမှု ရနေတုန်းပဲလား။**

ပေါ်တူဂီသမ္မတဟာ နိုင်ငံကို အုပ်ချုပ်တာမဟုတ်သလို အစိုးရမူဝါဒတွေအတွက်လည်း တာဝန်မရှိပါဘူး။ အစိုးရက ပါလီမန်ကို တာဝန်ခံရပါတယ်။ ပေါ်တူဂီသမ္မတကို ယုံကြည်မှုမရှိတာဟာ အစိုးရနုတ်ထွက်ရဖို့ အကြောင်းရင်း မဟုတ်ပါဘူး။ သမ္မတဟာ အမျိုးသားညီလာခံကို ဖျက်သိမ်းပိုင်ခွင့် အာဏာပဲရှိပါတယ်။ ဒါကို အဏုမြူဗုံးလို့ လူသိများပါတယ်။ ဒီဗုံးကို မဆင်မခြင်သုံးရမှာ မဟုတ်ပါဘူး။ ပေါ်တူဂီရဲ့အခြေအနေကို ကျွန်တော် သေချာလေ့လာထားခဲ့ပြီးရှိ ထားသမျှ သတင်းအချက်အလက်တွေဆီက ထွက်လာတဲ့ရလဒ်ပိုင်းအရ ကျွန်တော်ယုံတာကတော့ ပေါ်တူဂီသာ နိုင်ငံရေးအကျပ်အတည်းထဲ ရောက်သွားခဲ့ရင် အခု ကျွန်တော်တို့ ရှိနေတဲ့ အခြေအနေထက် ပိုဆိုးသွားလိမ့်မယ်။

**ဒါပေမဲ့ တချို့ပြည်သူတွေကတော့ အစိုးရရဲ့ တာဝန်ယူမှုအပိုင်းတွေနဲ့ ပတ်သက်လို့ မကျေနပ်တဲ့ ခံစားချက်မျိုး ရှိနေကြတုန်းပဲနော်။**

ကျွန်တော့်ကို ပြဿနာတစ်ခုလောက်ပြပါ။ ပေါ်တူဂီမှာ အုပ်ချုပ်နေတဲ့သူတွေဟာ ကံကောင်းထောက်မစွာပဲ မီဒီယာတွေနဲ့ပြည်သူလူထု ထင်မြင်ချက်သဘောထားတွေအောက်မှာ အပြည့်အဝရောက်ရှိပြီး အုပ်ချုပ်နေတာပါ။ ပေါ်တူဂီမှာထက်ပိုပြီး အစိုးရကို ဝေဖန်ဆန်းစစ်နိုင်တဲ့ အခြားနိုင်ငံတွေရှိမယ်ဆိုတာကို ကျွန်တော် သံသယရှိပါတယ်။

**ဝန်ကြီးချုပ်အဖြစ် လုပ်ခဲ့ရတဲ့ အချိန်ကို ပြန်သွားရမယ်ဆိုရင် သမ္မတကြီးရဲ့ မူဝါဒတွေကိုရော တစ်ခုခု ပြောင်းလဲနိုင်မလား။**

အီးယူထဲကို ပေါ်တူဂီဝင်ခဲ့တဲ့ ဆယ်နှစ်တာကာလဟာ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီစနစ်ကို ခိုင်မာစေလာရုံသာမက နိုင်ငံဖွံ့ဖြိုးရေးအတွက် မှတ်သားလောက်တဲ့ အကျိုးပြုချက်ကိုလည်း ပေးစွမ်းပါတယ်။ ခင်ဗျားတို့ သိတဲ့အတိုင်း ပေါ်တူဂီဟာ အီးယူထဲကို တစ်ဦးချင်းဝင်ငွေ ပျမ်းမျှအဆင့်နဲ့ ဝင်လာခဲ့တာပါ။ အဖွဲ့ဝင်သက်တမ်း ဆယ်နှစ်ကနေ ဆယ့်ငါးနှစ်အတွင်းမှာတော့ ကျွန်တော်တို့မှာ ဝင်ငွေ ၇၅ ရာခိုင်နှုန်းမြင့်လာခဲ့ပါပြီ။ သမိုင်းမှာ ဒီလိုအချိန်တိုအတွင်း စီးပွားရေးတိုးတက်လာမှုအရာမှာ ကြီးကြီးမားမား နာလန်ထလာနိုင်တာ မရှိဖူးပါဘူး။

**စိုက်ပျိုးရေးကဏ္ဍမှာရော သမ္မတကြီးအနေနဲ့ မူဝါဒတွေကို ဆက်လုပ်သွားဦးမှာလား။**

ဒါကတော့ ကျွန်တော် ဂုဏ်အယူရဆုံးအလုပ်တစ်ခုလို့ ပြောပါရစေ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ပြုပြင်ပြောင်းလဲရေးတွေ လုပ်နိုင်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးကဏ္ဍက ထုတ်လုပ်မှုနိမ့်ပြီး လယ်သမားတွေကလည်း ဝင်ငွေနိမ့်ကျကြတယ်။ အခုတော့ ပေါ်တူဂီရဲ့ လယ်သမား ၈၅ ရာခိုင်နှုန်းဟာ သူတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ခေတ်မီတိုးတက်အောင် လုပ်နိုင်ခဲ့ပြီး ပေါ်တူဂီစီးပွားရေးမှာ ဒီစိုက်ပျိုးရေးကဏ္ဍဟာ အခုဆိုရင်တိုးတက်မှုကို ပြသနေပါပြီ။

*—Ref: Growth the key in Europe says Portuguese president, 14th June: Euronews.*

7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013





# Leader's Profile

## ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြီးအကဲ

# မစ္စစ်အာသာရင်းကာဆင်

ရဲမင်း

မစ္စစ်အာသာရင်းသည် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ၁၂ ဦးမြောက်အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သည်။

မစ္စစ်ကာဆင်သည် ၁၉၅၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ အီလီနွိုက်ပြည်နယ်၊ ချီကာဂိုမြို့ လောင်းဒေးလ်ဒေသ၌ မွေးဖွားခဲ့ပြီး ညီအစ်မသုံးဦးနှင့်အတူ ဆင်းဆင်းရဲရဲကြီးပြင်းခဲ့သည်။ မိခင်မှာ လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ပြီး ဖခင်မှာ လုပ်အားပေးအဖွဲ့နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သူဖြစ်သည်။

မစ္စစ်ကာဆင်သည် ၁၉၇၉ ခုနှစ်တွင် အီလီနွိုက်တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဂျော်ဂျီယာတက္ကသိုလ်ဥပဒေကျောင်းမှ ဘွဲ့ရရှိခဲ့သည်။ အဆိုပါကျောင်းတွင် နိုင်ငံတကာဥပဒေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒင်ရပ်စ်၏ လက်အောက်တွင် သင်ယူခဲ့သည်။

မစ္စစ်ကာဆင်သည် အီလီနွိုက်ပြည်နယ်မှာပင် လက်ထောက်ရှေ့နေချုပ်အဖြစ် အလုပ်ဝင်ခဲ့သည်။ ပုဂ္ဂလိကလုပ်ငန်းခွင်တွင် ATXT ကုမ္ပဏီ၏ အစိုးရလုပ်ငန်းရေးရာညွှန်ကြားရေးမှူးတာဝန်ယူခဲ့သည်။ ယင်းနောက်တွင် မစ္စစ်ကာဆင်သည် ဝါရှင်တန်ဒီစီသို့ ပြောင်းရွှေ့လာခဲ့ပြီး ဒီမိုကရက်တစ်ပါတီအမျိုးသားကော်မတီ၏ လက်ထောက်အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့ကာ ၁၉၉၄ ခုနှစ် သမ္မတ ကလင်တန်လက်ထက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အိမ်ဖြူတော်ပူးတွဲအရာရှိဖြစ်လာသည်။ ၁၉၉၆ ခုနှစ် အတ္တလန်တာအိုလံပစ်ကာလ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် အကြီးတန်းအကြံပေးအဖြစ် လုပ်ကိုင်ခဲ့သည်။ ယင်းနှစ်မှာပင် သမ္မတကလင်တန်နှင့် အယ်လ်ဂိုးတို့၏ သမ္မတမဲဆွယ်ပွဲအတွက် အီလီနွိုက်ပြည်နယ်စည်းရုံးရေးလုပ်ငန်းများတွင် ဦးဆောင်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် မစ္စစ်ကာဆင်သည် နိုင်ငံတကာစားနပ်ရိက္ခာနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့လေးနှစ်သက်တမ်းအတွက် အိမ်ဖြူတော်၏ ခန့်အပ်ရာထူးကို ရရှိခဲ့သည်။ ယင်းနေရာတွင် အမေရိကန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက အကောင်အထည်ဖော်သော စီမံကိန်းများကို တာဝန်ယူအကောင်အထည်ဖော်ရသည်။ တစ်ချိန်တည်းမှာပင် မစ္စစ်ကာဆင်သည် ဂျူဝဲလ်စားနပ်ရိက္ခာဆိုင်များအဖွဲ့ ဒုဥက္ကဋ္ဌရာထူးတစ်နေရာကိုလည်း ရယူခဲ့သည်။

ထို့နောက် မစ္စစ်ကာဆင်သည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအဖွဲ့ America's Second Harvest အဖွဲ့ ဒုတိယအမှုဆောင်ဥက္ကဋ္ဌနှင့် စီအီးအိုတာဝန်များကို ရယူခဲ့သည်။ ၂၀၀၅ ခုနှစ် ကက်ထရီနာမုန်တိုင်း စားနပ်ရိက္ခာဖြန့်ဝေရေးကိုလည်း ဦးဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် The Polk Street Group ဟုခေါ်သော ပြည်သူ့ဆက်ဆံရေးအတိုင်ပင်ခံကုမ္ပဏီကို ထူထောင်ဦးဆောင်ခဲ့သည်။

၂၀၀၉ ခုနှစ် ဇွန်လ ၁၉ ရက်တွင်မူ အမေရိကန်သမ္မတအိုဘားမားက ရောမတွင်အခြေစိုက်သော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအေဂျင်စီများဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းရာထူးအတွက် အထက်လွှတ်တော်က ဩဂုတ် ၇ ရက်တွင် အတည်ပြုခဲ့သည်။ ရောမမြို့၌ရှိစဉ် အီတလီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ယူခဲ့ရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင်မူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မစ္စစ်ကာဆင်ကို ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာ အကြီးအကဲအဖြစ် လျာထားကြောင်း ကြေညာခဲ့ပြီး ၂၀၁၂ ဧပြီလ ၅ ရက်တွင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ဒါရိုက်တာအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။

မစ္စစ်ကာဆင်သည် အိမ်ထောင်ရေးကွာရှင်းပြတ်စဲထားသူဖြစ်ကာ သားတစ်ဦးထွန်းကားခဲ့သည်။

—*Wikipedia*

## နယ်နှင်ခံထားရသည့် အီရန်အတိုက်အခံအဖွဲ့သားများ ပါရီမြို့တွင် တွေ့ဆုံ

**ပါရီ၊ ဇွန်-၂၂**

အီရန်အတိုက်အခံညွန့်ပေါင်း အဖွဲ့များတွင် တစ်ဖွဲ့အပါအဝင်ဖြစ်သော နယ်နှင်ဒဏ်ခံထားရသည့် အီရန်တော်လှန်ရေး အမျိုးသားကောင်စီ (NCR) သည် ပြင်သစ်နိုင်ငံပါရီမြို့တွင် တွေ့ဆုံမည်ဖြစ်သည်။

ယင်းတွေ့ဆုံပွဲတွင် နယူးယောက်မြို့တော်ဝန်ဟောင်း ရူဒီဂီလိုင်နီ၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း ဂျွန်ဘိုတန်နှင့် လွှတ်တော်အမတ် မစ္စတာနယူးဂင်းရစ်ချ်တို့ တက်ရောက်မည်ဖြစ်ကြောင်း ကတိပြုထားသည်။ NCRI အဖွဲ့သည် တရားဝင်အတိုက်အခံအဖွဲ့အစည်းဖြစ်ကြောင်း ကြေညာခဲ့ပြီး နယ်နှင်ဒဏ်ခံထားရသည်မှာ ဆယ်စုနှစ်သုံးခုကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်းဆွေးနွေးပွဲမတိုင်မီ စည်းရုံးသူများသည် NCRI အဖွဲ့ခေါင်းဆောင် မာယမ်း ရာဂျာဗီနှင့် ၎င်း၏ အမျိုးသား ဓာတ်ပုံများရိုက်နှိပ်ထားသည့် တီရှပ်များ ဝတ်ဆင်ထားကြသည်။

လက်ရှိအစိုးရကို ဖြုတ်ချရန် အီရန်နိုင်ငံတွင် ပြောင်းလဲမှုကို ထောက်ခံရန် ကမ္ဘာတစ်ဝန်းမှ အီရန်နိုင်ငံသားများ အားလုံး၌နေရာသို့ ရောက်ရှိလာမည်ဟု NCRI အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် အက်ဖ်ချိန်း အလာဗီက ဖရင့်စ် 24 သတင်းဌာနအား ပြောသည်။ မစ္စစ်မာယမ်းသည် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အနောက်နိုင်ငံများသို့ ပေးအပ်ခဲ့ပြီး နှစ်ပေါင်းအတော်ကြာ ရင်းနှီးမှုရယူခဲ့သူဖြစ်သည်။

အီရန်နိုင်ငံတွင် တော်လှန်ရေးလုပ်ဆောင်ရန်အတွက် ခေတ်သစ်ရောက်ပြီဟု မစ္စစ်မာယမ်း ရာဂျာဗီက ပြောကြားခဲ့သည်။

—*Ref: France.24*

## ရှဲလ်နိုင်ဂျီးရီးယားကုမ္ပဏီ၏ ရေနံပိုက်လိုင်းမီးလောင်ပေါက်ကွဲ

**လာဂို့စ်၊ ဇွန်-၂၂**

တစ်နေ့လျှင်ရေနံစည်ပေါင်း တစ်သိန်းငါးသောင်း သယ်ပို့နေသည့် ထရန့်နိုင်ဂျာပိုက်လိုင်းသည် ရေနံခိုးယူသူများကြောင့် မီးလောင်ပေါက်ကွဲ၍ ပိတ်ထားလိုက်ရကြောင်း ရှဲလ်နိုင်ဂျီးရီးယားကုမ္ပဏီကပြောသည်။

နိုင်ဂျီးရီးယားနိုင်ငံရေနံထွက်ရှိရာနေရာဖြစ်သည့် ဘိုဒိုဝက်စ်ရှိ ရှဲလ်နိုင်ဂျီးရီးယားကုမ္ပဏီ၏ ရေနံသယ်ပို့ရာပိုက်လိုင်းသည် ရေနံခိုးယူသူများကြောင့် မီးလောင်ပေါက်ကွဲခဲ့ကြောင်း ဇွန် ၂၀ရက် ကြေညာချက်တွင် ဖော်ပြသည်။ နိုင်ဂျီးရီးယား တောင်ပိုင်းဒေသများသည် ရေနံယိုဖိတ်မှုဒဏ်ကို ခံစားနေရသည်မှာ ဆယ်စုနှစ်များစွာကြာပြီဖြစ်သည်။

ယင်းရေနံပိုက်လိုင်းမီးလောင်ပေါက်ကွဲမှုကို ရှဲလ်နိုင်ဂျီးရီးယားကုမ္ပဏီ ညွှန်ကြားရေးမှူး မူတီယုဆန်မွန်နူက ရေနံခိုးယူသူများကြောင့်ဖြစ်ရသည့်နောက်ထပ်ဝမ်းနည်းစရာ အဖြစ်အပျက်တစ်ခုဖြစ်ကြောင်းဖော်ပြခဲ့သည်။ အခြားသော မတော်တဆရေနံဖိတ်စင်မှုများကို ဖုံးကွယ်နိုင်ရန်အတွက် ရေနံခိုးယူသူများကို ရှဲလ်နိုင်ဂျီးရီးယားကုမ္ပဏီက အကြောင်းပြနေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက စွပ်စွဲထားသည်။

ရေနံယိုဖိတ်မှု ကာကွယ်ရန် ပျက်ကွက်ခဲ့ခြင်းအတွက် ဝေဖန်မှုများကို ရှောင်ရှားနိုင်ရန် ယခုကိစ္စကို ရှဲလ်ကုမ္ပဏီက ပုံကြီးချဲ့ပြောကြားနေခြင်းဖြစ်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းမှ အော်ဒရီဂေါ်ဟရမ်ကလည်း ပြောသည်။

—*Ref: AP*

## ဆီးရီးယားပဋိပက္ခများနှင့် ဆက်နွှယ်သည့် ဆန္ဒပြမှုများ စစ်တပ်ဖြင့် ဖြိုခွင်းမည်ဟု လက်ဘနွန်သတိပေး

**ဘေရွတ်၊ ဇွန်-၂၂**

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် ဆက်နွှယ်နေသည့် ဆန္ဒပြမှုများ လက်ဘနွန်နိုင်ငံတွင် အဆက်မပြတ်ပေါ်ပေါက်ခဲ့ပြီးနောက် ဆန္ဒပြမှုများကို ဖြိုခွင်းသွားမည်ဟု လက်ဘနွန်စစ်ဘက်က ပြောကြားသည်။

ဇွန်လ ၂၁ ရက်တွင် ကျည်ထိုးထားသော လောင်ချာတစ်လက်ကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့များက သတင်းဌာနများအား ပြောသည်။ ဇွန်လ ၂၀ ရက် ညပိုင်းတွင် ယခုလအတွင်း ကျင်းပရန် စီစဉ်ထားသည့် ပါလီမန်ရွေးကောက်ပွဲကို အစိုးရက ၁၇ လကြာ ရွှေ့ဆိုင်းမှုအပေါ် ဒေါသထွက်နေသူများသည် ဘေရွတ်မြို့ ပါလီမန်အဆောက်အအုံအနီး ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူ ၁၀၀ ခန့်သည် ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူ ၂၀ ခန့်မှာ ဆက်လက်ဆန္ဒပြသွားမည်ဟု ကြွေးကြော်ကာ သံဆူးကြိုးများ ကာရံထားရာ ပြင်ပတွင် ယာယီတဲများထိုး၍ ညလုံးပေါက် ဆန္ဒပြခဲ့ကြသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့လယ်တွင် လူပေါင်းများစွာသည် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြပြီး နိုင်ငံအရှေ့ပိုင်း ဘီကာဘေလီဒေသရှိ မြို့ငယ်များနှင့် မြို့တော်အချို့နေရာများတွင် ဆန္ဒပြသူများက လမ်းများ ပိတ်ဆို့ကာ ကားတာယာများမီးရှို့ခဲ့ကြသည်။ ဆီးရီးယား-လက်ဘနွန်နယ်စပ်ရှိ မက်ဆနာမြို့တွင်လည်း ဆန္ဒပြမှုပေါ်ပေါက်ခဲ့ပြီး အနည်းဆုံးဆန္ဒပြသူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းဌာနများအား ပြောသည်။ မက်ဆနာမြို့နှင့် အနီးတစ်ဝိုက်ရှိမြို့သုံးမြို့တွင် စစ်ဘက်ဆိုင်ရာတပ်စခန်းများကို သေနတ်သမားများ ပစ်ခတ်တိုက်ခိုက်သောကြောင့် စစ်တပ်မှ ပြန်လည်ပစ်ခတ်ပြီး မသင်္ကာသူ ၂၂ ဦးကို ဖမ်းဆီးခဲ့သည်။ ဇွန်လ ၂၁ ရက် နံနက်တွင်လည်း ဆီးရီးယား-လက်ဘနွန်နယ်စပ်ကို နာရီအတော်ကြာ ပိတ်ထားခဲ့ရသည်။



နိုင်ငံပြိုကွဲသွားနိုင်ဖွယ်ရှိကြောင်း လက်ဘနွန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မိုအက်ဆီနီအိုရာက ယခုသီတင်းပတ်အတွင်း သတိပေးထားသည်။

—*Ref: Reuters/AFP*

7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ဖူဂျီတောင်ကို ယူနက်စကိုက ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်စာရင်း ထည့်သွင်း


JIJI PRES/AFP

**တိုကျိုဇွန်-၂၂**

ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သည် ဂျပန်နိုင်ငံမှ နာမည်ကျော် ဖူဂျီတောင်ကို ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ပေးလိုက်သည်။


ဖူဂျီတောင်သည် ဂျပန်နိုင်ငံတွင် အမြင့်ဆုံးတောင်ဖြစ်ပြီး မီတာ ၃,၇၇၆ ရှိကာ နိုင်ငံတွင် အဝေးကပင် မြင်နိုင်သော သဘာဝအမှတ်အသားတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် ယူနက်စကိုက ၎င်းတို့၏ကြေညာချက်ထဲတွင် "ဖူဂျီတောင်ကြီးဟာ အနုပညာရှင်တွေနဲ့ ကဗျာဆရာတွေအတွက် ဈာန်ဝင်စားစပ်ဆိုဖွဲ့နွဲ့ရာ တစ်ခုဖြစ်ခဲ့သလို ရာစုနှစ်ပေါင်းများစွာကြာအောင် ဘုရားဖူးထွက်သူတွေရဲ့ ပန်းတိုင်လည်းဖြစ်ခဲ့ပါတယ်"ဟု အသိအမှတ်ပြုဖော်ပြထားသည်။ ယူနက်စကိုသည် လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ (၃၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာတွင် ထိုသို့ ကြေညာပေးခဲ့ခြင်းဖြစ်သည်။ အဖွဲ့သည် ဖူဂျီတောင်၏ အရေးပါမှုနှင့် သမိုင်းဝင်အနေအထားတို့ကြောင့် သဘာဝအမွေအနှစ်တစ်ခုထက် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယူနက်စကို၏ ယခုသတ်မှတ်ချက်တွင် ဖူဂျီတောင်၏ ထိပ်ပိုင်းဇုန်နေရာသာမက တောင်စောင်းများရှိ နေရာစခန်းများ၊ တောင်ခြေရှိ ဘုရားကျောင်းဆောင်များ၊ တည်းခိုရာနေအိမ်များ၊ ကျောက်သားသစ်ပင်များ၊ ရေတံခွန်တစ်ခုနှင့် သဘာဝအလှအပများရှိရာ နေရာများကို ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်လိုက်ခြင်းဖြစ်သည်။

ယူနက်စကိုသည် လက်ရှိတွင် ဖနွမ်းပင်၌ ၁၀ ရက်ကြာ အစည်းအဝေးကို ကျင်းပလျက်ရှိပြီး အဆိုပြုထားသော နေရာပေါင်း ၃၁ ခုကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ရန် စဉ်းစားမှုများပြုလုပ်နေသည်။

*—Ref: AFP*

# ထိုင်ပေတွင် ကမ္ဘာ့ပထမဆုံး H6N1 ဗိုင်းရပ်စ် ကူးစက်ခံရသည့်လူနာတွေ့


Photo: Interne

**ထိုင်ပေ၊ ဇွန်-၂၂**


ထိုင်ပေအစိုးရသည် နိုင်ငံ တွင်း၌ ကမ္ဘာ့ပထမဆုံးသော$H_6N_1$ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသည့် လူနာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန်လ ၂၂ရက်က ကြေညာလိုက်သည်။

အဆိုပါငှက်များတွင်အတွေ့ရများသည့် ငှက်တုပ်ကွေးရောဂါကိုတိုင်ပေကျွန်းအလယ်ဒေသနေ အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦး၌ မေလ ၅ ရက်ကပင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းမှာယခုအခါ အပြည့်အဝ နေပြန်ကောင်းသွားပြီဖြစ်ကြောင်း ထိုင်ပေရောဂါထိန်းချုပ်ရေး ဗဟိုဌာနက ပြောသည်။ ရောဂါကူးစက်ခံရသူ အမျိုးသမီးကို စစ်ဆေးခဲ့ရာတွင် H6N1 ငှက်တုပ်ကွေးရောဂါ လက္ခဏာများတွေ့ခဲ့ရပြီး ဆေးရုံတင် ကုသခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီးမှာ နံနက်စာရောင်းသူ စျေးသည်တစ်ဦးဖြစ်ပြီး ထိုင်ပေကျွန်းပြင်ပသို့ တစ်ခါမှသွားရောက်ဖူးသူ မဟုတ်ပေ။ ၎င်းနှင့်နီးစပ်သည့် ထိတွေ့ဆက်ဆံဖူးသူ ၃၆ ဦးကို ဆေးစစ်ကြည့်ရာတွင် တုပ်ကွေးလက္ခဏာများ တွေ့ခဲ့ရသော်လည်း ရောဂါဖြစ်ပွားသည်ကို မတွေ့ရှိရဟု သိရသည်။

ထိုင်ပေတွင် ပြီးခဲ့သည့် ဧပြီမှစ၍ သေစေလောက်သည့် ငှက်တုပ်ကွေးရောဂါပိုး H7N9 ကို အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးတွင် ပထမဆုံးတွေ့ရှိခဲ့သည်။ အဆိုပါပုဂ္ဂိုလ်မှာ တရုတ်ပြည်မကြီး အပြင်ဘက်တွင် ပထမဆုံးသော ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်H7N9တွေ့ရှိသည့် ပုဂ္ဂိုလ်လည်းဖြစ်သည်။

*—Ref: AFP*



7DAY NEWS
# Entertainment
Vol.12, No.16 • JUNE 26 , 2013

## ဆီးရီးယားဒုက္ခသည်တွေအတွက် အကူအညီတောင်းတဲ့ အန်ဂျလီနာဂျိုလီ

**လော့စ်အန်ဂျလိစ်၊ ဇွန်-၂၁**

ဟောလိဝုဒ်စူပါစတား အန်ဂျလီနာဂျိုလီသည် ပြီးခဲ့သောလက ကျန်းမာရေးအခြေအနေ သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ယခုသီတင်းပတ်တွင် ၎င်း၏ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေပြီ ဖြစ်သည်။



ဂျိုလီသည် ဇွန်လ ၂၀ ရက်တွင် ကျရောက်သော ကမ္ဘာ့ဒုက္ခသည်များနေ့၌ ဂျော်ဒန်နိုင်ငံ၏ အကြီးဆုံး ဆီးရီးယား ဒုက္ခ သည်စခန်းသို့ ရောက်ရှိခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုအပေါ် ပိုမိုအာရုံစိုက်ရန် ကမ္ဘာ့ခေါင်းဆောင်များအား တောင်းဆိုခဲ့သည်။

"ကျေးဇူးပြုပြီး တစ်ဦးနဲ့တစ်ဦး ကွဲပြားခြားနားချက်တွေကို ဘေးဖယ်ထားပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ အလုပ်ဘဲ သံတမန်နည်းအရဖြေရှင်းကြပါလို့ကမ္ဘာ့ခေါင်းဆောင်တွေကို တောင်းဆိုချင်ပါတယ်" ဟု အော်စကာဆုရှင် ဂျိုလီက သတင်းထောက်များအား ပြောကြားသည်။ အဆိုပါ ကမ္ဘာ့ ဒုက္ခ သည် များနေ့တွင် အခြားကျော်ကြားသူများစွာက လည်း ဒုက္ခသည်များကို အားပေးစကား ပြောကြားခဲ့သည်။

ဂျိုလီသည် ၎င်း၏ရင်သားနှစ်ဖက်ကို ခွဲစိတ်မှုများပြီးနောက် ကုလသမဂ္ဂအဖွဲ့နှင့်အတူ ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကို ပထမအကြိမ် ပြန်လည်လုပ်ကိုင်ခြင်းဖြစ်သည်။

"ယခုနှစ်ကုန်ပိုင်းလောက်မှာ ဆီးရီးယားလူဦးရေရဲ့ ထက်ဝက်ခန့်၊ လူ ၁၀ သန်းခန့်ဟာ အစာရေစာ၊ အမိုးအကာနဲ့အထောက်အပံ့တွေ ပိုမိုလိုအပ်လာပါတော့မယ်။ လူသန်းပေါင်းများစွာရဲ့ အသက်ဟာ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ လက်ထဲမှာပဲ ရှိနေပါတယ်" ဟု ဂျိုလီက ပြောကြားသည်။ ဂျိုလီသည် ဇွန်လ ၂၀ ရက်တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အဖွဲ့ဝင်များနှင့်အတူ ဂျော်ဒန်နိုင်ငံရှိ အကြီးဆုံး ဆီးရီးယားဒုက္ခသည် စခန်းသို့သွားရောက်ကာ ဒုက္ခသည်များကို အားပေးစကား ပြောကြားခဲ့သည်။

—Ref: USA Today

## မွေးနေ့ကိုပရိသတ်နှစ်ဆယ်နဲ့ဆင်နွှဲမယ့်စန္ဒီမြင့်လွင်

**ကြူကြူဟာန်**

**ရန်ကုန်၊ ဇွန်-၂၃**

အခွေအသစ်အတွက်အသံသွင်းနေသော အဆိုတော် စန္ဒီမြင့်လွင်က လာမည့် ဩဂုတ် ၁၂ရက်တွင် ကျရောက်မည့် မွေးနေ့ပွဲကို ပရိသတ်များနှင့် ကျင်းပလိုသည့်အတွက် ပရိသတ်နှစ်ဆယ်အား ဖိတ်ခေါ်လိုက်ကြောင်း သတင်းရရှိသည်။

"မနှစ်ကတည်းက စဉ်းစားထားတာပါ။ ဒါပေမဲ့'ရှော့ခ်'ဗီစီဒီကလည်း မထွက်သေးဘူးဆိုတော့ ဒီနှစ်ကဘာပဲပြောပြော'ရှော့ခ်'ကလည်းပရိသတ်အားပေးတယ်။ တစ်ခုခုလေးတုံ့ပြန်ပြီး လုပ်ပေးချင်တယ်။ ဒါပေမဲ့ ပရိသတ်အများကြီးလည်း ခေါ်ပြီး မလုပ်နိုင်တော့လေ။ အယောက်နှစ်ဆယ်လောက်ဆိုရင် ကိုယ်လည်း သူတို့တွေနဲ့ ကောင်းကောင်းစကားပြောနိုင်မယ်။ လူများပြီး ပွဲအကြီးကြီးဆို နွေးနွေးထွေးထွေး ပြောနိုင်မှာမဟုတ်ဘူးလေ။သူငယ်ချင်းလိုပေါင်းပြီး သူတို့နဲ့စကားတွေ ဖလှယ်ကြမယ်။ သူတို့ကြိုက်တဲ့ သီချင်းလေးကို ဂစ်တာလေးနဲ့ ဆိုပြရင်လည်း ဆိုပြမယ်။ ဒီအယောက်နှစ်ဆယ်ကို သမီးဘာလုပ်လုပ် သူတို့ကို အသိပေးမယ်ပေါ့" ဟု စန္ဒီမြင့်လွင်က ပြောသည်။

စန္ဒီမြင့်လွင်မွေးနေ့ပွဲတွင် ပါဝင်လိုသော ပရိသတ်များက ၎င်း၏ တစ်ကိုယ်တော်ခွေများဖြစ်သော 'ဆေးရောင်လှလှခြယ်ရအောင်'၊ 'ရှော့ခ်' စီဒီ၊ ဗီစီဒီ မူရင်းခွေ ကာဗာများထဲမှ နှစ်သက်ရာတစ်ခုနှင့်ဆက် သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာတို့ကို ဇူလိုင်လနောက်ဆုံးထားကာ အိမ်အမှတ် ၅၄၅၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ယခုလို မူရင်းခွေဖြင့် ဖိတ်ခေါ်ရခြင်းက စန္ဒီမြင့်လွင်ကို သိရုံနှင့်လာခြင်းမျိုးမဖြစ်စေလိုဘဲ ၎င်း၏ အနုပညာလှုပ်ရှားမှုတိုင်းကို သိကာ အမှန်တကယ်ကြိုက်နှစ်သက်သူ ပရိသတ်အစစ်များဖြစ်စေလို၍ဖြစ်ကြောင်း စန္ဒီမြင့်လွင်ကပြောသည်။ "ဒီးဒီ မွေးနေ့ကျရင် ကိုယ့်ပရိသတ်အစစ်တွေနဲ့ တွေ့ရမယ်လို့ မျှော်လင့်ပါတယ်"ဟုစန္ဒီမြင့်လွင်ကပြောသည်။

ယခုရက်ပိုင်းအတွင်း ပြုလုပ်မည့် အမျိုးသမီးရေးရာပွဲနှင့် ပခုက္ကူမြို့စသည့် အခြားနယ်မြို့များသို့ သွားရောက်ဖျော်ဖြေရန်ရှိပြီး ဇူလိုင်လတွင် မင်းသားနေမျိုးအောင်နှင့် ပုပ္ပါး၌ ဇာတ်ကားရိုက်ကူးမည် ဖြစ်သည်။



## "ပရိသတ်အမြင် ပြန်ကြည်လင်အောင် ငါပြင်ဆင်ရမယ်ဆိုတဲ့စိတ်နဲ့ ပိုကြိုးစားထားတယ်"

**နေမင်းနှင့်တွေ့ဆုံခြင်း**

**အေးသူစံ၊ ဖွဲ့ညက်**

လတ်တလောဗီဒီယိုလောကအတွင်းချစ်ခန်းကြိုက်ခန်းသရုပ်ဆောင်မှုနဲ့ပတ်သက်လို့ ဝေဖန်ပြောဆိုခံနေရပြီး ပရိသတ်ကို ဖြေရှင်းနေရတဲ့ မင်းသားတွေထဲမှာ နေမင်းလည်းပါဝင်ပါတယ်။ ရွှေစင်ဦးဆိုတဲ့ ကိုယ်ပိုင်ထုတ်လုပ်ရေးတိုက်နဲ့ ဇာတ်ကားများစွာ ရိုက်ကူးထားနိုင်ခဲ့တဲ့ နေမင်းဟာသူ့ရဲ့ သဘာဝကျပြီး ယောက်ျားပီသတဲ့ ရုပ်ရည်ကြောင့် ဈေးကွက်ဝင်သရုပ်ဆောင် မင်းသားအဖြစ် တဖြည်းဖြည်းနဲ့ ရပ်တည်လာနိုင်ပြီဖြစ်ပါတယ်။ လက်ရှိသူပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားအပါအဝင် မြန်မာဗီဒီယိုဇာတ်ကားအချို့ ချစ်ခန်းကြိုက်ခန်းဇာတ်ဝင်ခန်းတွေကြောင့်အသက်အရွယ်ကန့်သတ်ချက်အလိုက်ကြည့်ရှုခွင့်ပေးတဲ့ ဇာတ်ကားအဆင့်သတ်မှတ်ချက်စနစ်ကို ပြုလုပ်သင့်၊ မလုပ်သင့် ဆွေးနွေးငြင်းခုံမှုတွေဖြစ်တဲ့ အထိပါ။ သူ့ရဲ့ ကိုယ်ပိုင်ထုတ်လုပ်ရေးက "အုတ်ကြားမြက်ပေါက်" ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးနေပြီး အခုလည်း ပြင်ဦးလွင်က ရုပ်ရှင်ရိုက်ပြီးပြန်လာတဲ့ နေမင်းကို တွေ့ဆုံမေးမြန်းခဲ့တာတွေကို ပြန်လည်တင်ပြလိုက်ပါတယ်။

**စာ(၄၁)သို့**



# Healing Camp အစီအစဉ်မှ အနားယူတော့မည့် ဟန်ဟီဂျင်း



**ဆိုးလ်၊ ဇွန် - ၂၂**

တောင်ကိုရီးယားသရုပ်ဆောင် မင်းသမီး ဟန်ဟီဂျင်းသည် ဩဂုတ်လ ၁ရက် မင်္ဂလာပွဲအတွက် ပြင်ဆင်ရမည်ဖြစ်သောကြောင့် SBS ရုပ်သံလိုင်း၏ 'Healing Camp' တော့ခ်ရှိုးအစီအစဉ်မှ အနားယူရန်ဆုံးဖြတ်ခဲ့သည်။ ဟန်ဟီဂျင်းသည် ၂၀၁၁ ခုနှစ် ဇူလိုင်လကတည်းက အဆိုပါ အစီအစဉ်၏ အစီအစဉ်မှူးအဖြစ် ပါဝင်တင်ဆက်ခဲ့သည်မှာ ၂ နှစ်ကြာပြီဖြစ်သည်။

အစီအစဉ်မှူး ဟန်ဟီဂျင်းသည် ပရိသတ်များမေးမြန်းသော ခက်ခဲသည့်မေးခွန်းများကို ကြောက်ရွံ့တုံ့ဆိုင်းခြင်းမရှိဘဲ ၎င်း၏ ချစ်စဖွယ် ကိုယ်ပိုင်ဟန်ပန်ဖြင့် ပြန်လည်ဖြေကြားလေ့ရှိသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ဖြေကြားချက်များသည် ပရိသတ်ဝေဖန်မှုထက် ချီးမွမ်းခံရမှုကိုသာ ရရှိခဲ့သည်။ ဟန်ဟီဂျင်းသည် တီဗီကြည့်ပရိသတ်များကြား သိလိုသည့် ကျော်ကြားသူများအကြောင်း သိနေသည့် အစီအစဉ်မှူးဟု ပရိသတ်များက ချီးကျူးကြသည်။

ဟန်ဟီဂျင်းသည် ဇူလိုင်လ မကုန်မီအထိသာ ရုပ်ရှင်ရိုက်ကူးသွားမည်ဖြစ်ပြီး လက်ထပ်ပြီးနောက် ခင်ပွန်းဖြစ်သူ ဘောလုံးသမား ကီဆန်ယန်းနှင့်အတူ ဗြိတိန်နိုင်ငံသို့ လိုက်ပါသွားမည်ဖြစ်သည်။ 'Healing Camp' အစီအစဉ်မှ မထွက်ခွာမီ ယင်းအစီအစဉ်၏ ၂နှစ်ပြည့် အထူးကဏ္ဍတစ်ရပ်အနေဖြင့် ဟန်ဟီဂျင်းသည် အထူးဧည့်သည်အဖြစ် တက်ရောက်ကာ ၎င်းနှင့် ကီဆန်ယန်း ဆုံစည်းခဲ့ပုံများအကြောင်း အသေးစိတ် ထုတ်ဖော်ပြောကြားမည်ဖြစ်သည်။

—Ref: XinMSN












7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# မလေးရှားရောက်မြန်မာများအကြောင်း ရုပ်ရှင် ဩဂုတ်တွင် စတင်ရိုက်ကူးမည်

**ကြူကြူဟာန်**
**ရန်ကုန်၊ ဇွန်-၂၂**

မလေးရှားရောက် မြန်မာအလုပ်သမားများအကြောင်းကို ရိုက်ကူးမည့် “မဟာဆန်တဲ့ မာယာမျက်နှာဖုံး” ရုပ်ရှင်ကားကို ဩဂုတ်လတွင် မလေးရှားနိုင်ငံ ကွာလာလန်ပူမြို့တွင် သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပြည်တွင်း အလုပ်ပွဲစားများ ပြောစကားများကိုယုံကာ မလေးရှားသို့ အလုပ်သွားလုပ်ပြီးမှ ထိုက်သင့်သည့် လစာမရဘဲ လုပ်ခလစာခေါင်းပုံဖြတ်ခံရမှု အခက်အခဲများကို အခြေခံရိုက်ကူးမည့် ပညာပေးဇာတ်ကားဖြစ်သည်။

ထိုဇာတ်ကားကို စတီးလ်ရေးသားထားပြီး ဇာတ်လမ်းကို မလေးရှားနိုင်ငံမှ ဒါရိုက်တာ R. Perakas Pajaram က ရိုက်ကူးမည်ဖြစ်သည်။ မလေးတွင် ရိုက်ကူးခွင့် ရရှိထားပြီးဖြစ်ပြီး တရားဝင်သွားရောက်ရိုက်ကူးမည်ဖြစ်သည်။

“မြန်မာနိုင်ငံမှာရှိတဲ့ လက်ငုတ်လက်ရင်းကို ထုခွဲရောင်းချပြီးတော့ နိုင်ငံခြားကို အထင်ကြီးပြီး သွားလုပ်တဲ့ သူတွေ ဒုက္ခရောက်တယ်။ စားဝတ်နေရေး အခက်အခဲရှိတယ်။ ငွေရလာတော့လည်း ဘာမှမဟုတ်ဘူး။ ပြန်လာတော့ ဗလာနတ္ထိပဲဆိုတဲ့ဟာကို message ပေးချင်တာ။ နိုင်ငံရေး၊ လူမျိုးရေး ပဋိပက္ခတွေ မပါဘူး” ဟု စီစဉ်သူကိုစတီးလ်က ပြောသည်။

မင်းသားနေရာတွင် ရွေးချယ်ထားသော ပြေတီဦးက ဇာတ်ကားရိုက်ရန် ငြင်းပယ်ခဲ့သည့်အတွက် နောက်မင်းသားရှာရန် အချိန်အနည်းငယ်ကြန့်ကြာသွားရန်ရှိပြီး မင်းသားသစ်ရွေးချယ်နေဆဲဖြစ်သည်။

မြန်မာပရိသတ်အတွက် အတွေ့အကြုံ သင်ခန်းစာတွေ ပေးနိုင်မည့် ယခုလိုကားမျိုးကို မတည်မငြိမ်ဖြစ်နေတဲ့အချိန်မှာ စွန့်စားပြီး ပရိသတ်အတွက် ဇာတ်ကားပြီးသည်အထိ တာဝန်ကျေအောင်ကြိုးစားရိုက်ကူးမည်ဖြစ်ကြောင်း ပါဝင်သရုပ်ဆောင်မည့် နဝရတ်က ပြောသည်။

မလေးရှားရှိ ရာဘာလက်အိတ်စက်ရုံနှင့် ကွာလာလမ်ပူမြို့များတွင် ၂၅ ရက်ကြာ ရိုက်ကူးမည်ဖြစ်ပြီး နဝရတ်၊ ဝါဝါအောင်၊ ဇော်ဇော်အောင်၊ မလေးရောက် အိန္ဒိယသရုပ်ဆောင်များအပြင် စက်ရုံတွင်း လုပ်ကိုင်နေသော လုပ်သားများဖြင့် လူအင်အား ၁၀၀ ကျော်ပါဝင်မည်ဖြစ်ကြောင်း စီစဉ်သူကိုစတီးလ်က ပြောသည်။ မြန်မာနိုင်ငံရှိ နယ်မြို့များတွင် ငါးရက်ကြာ ရိုက်ကူးမည်ဖြစ်သည်။

နဝရတ်၏ ငွေလမင်းထုတ်လုပ်ရေးနှင့် မလေးရှားနိုင်ငံရှိ Shin Entertainment ကုမ္ပဏီတို့ ပူးပေါင်းရိုက်ကူးခြင်းဖြစ်ပြီး ဇာတ်ကားကို မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ အိန္ဒိယ၊ အင်ဒိုနီးရှား စသည့် နိုင်ငံငါးနိုင်ငံတွင် ပြသမည်ဖြစ်သည်။

---

စာ(၃၉)မှ

# နေမင်းနှင့်တွေ့ဆုံခြင်း

**အစ်ကိုပြင်ဦးလွင်မှာရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလေးအကြောင်းပြောပြပေးပါလား။**

ဖြေ-အဲဒါက“လူးရတနာသိုက်”ဆိုတဲ့ကားပါ။ မြန်မာပြည်မှာ အရင်တုန်းကရှိခဲ့ဖူးတဲ့ လူမျိုးစုတစ်ခုရဲ့ ခေါင်းဆောင်ရာထူးကိုဆက်ခံဖို့ မျိုးနွယ်စုထဲက မိန်းကလေးကို ယူလို့မဖြစ်ဘူးပေ့ါ။ လူတွေနေတဲ့ဘက်က မိန်းကလေးတစ်ယောက်ကိုဖမ်းခေါ်ပြီး ခေါင်းဆောင်ကြီးကလက်ထပ်ပြီးရလာတဲ့ကလေးကို အရိုက်အရာဆက်ခံခိုင်းမယ်ပေ့ါ။ အဲဒီမှာကျွန်တော်က ခေါင်းဆောင်ကြီးရဲ့ ညာလက်ရုံးအနေနဲ့ မြန်မာမိန်းကလေးကို ဖမ်းဖို့တာဝန်ပေးခံရတော့ သွားဖမ်းရတယ်။ အဲဒီဒေသမှာပဲ ခေါင်းဆောင်ကြီးနဲ့ လက်ထပ်ဖို့လျာထားတဲ့ကောင်မလေးကို ကျွန်တော်က ကြိုက်တယ်။ သူ ကခေါင်းဆောင်ကြီးကို ကြိုက်တယ်။ အဲဒါက ဖူးဖူးပေ့ါ။ သွားဖမ်းတဲ့ မိန်းကလေးကတော့ သက်မွန်မြင့်၊ ခေါင်းဆောင်ကြီးက ကိုနိုင်(ကျော်ရဲအောင်) နောက်ဆုံးတော့ ကိုယ်ချင်းစာတရားနဲ့ အချစ်စိတ်ကိုနားလည်ပြီး ဖမ်းခေါ်လာတဲ့ ကောင်မလေးကို ပြန်ပို့ပေးတဲ့ ဇာတ်လမ်းလေးပါ။

**အစ်ကိုရိုက်ခဲ့တဲ့ဂျက်မ၊ တက်တူး၊ မာယာများတဲ့ အလင်္ကာ အဲဒီဇာတ်ကားတွေက ပရိသတ်ကြားထဲမှာလည်း နာမည်ကြီးခဲ့တော့ ရိုက်ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကိုပြောပြပေးပါလား**

ဖြေ- သုံးကားလုံးကတော့ ကျွန်တော်ကြိုက်လို့ရိုက်ခဲ့တာပါ။ ဂျက်မကတော့ အရင်က ဦးကျော်ရိုက်ခဲ့တဲ့ ဇာတ်ကို ကျွန်တော့်အကိုကြီးလက်ခံထားလို့ ရိုက်ဖြစ်တာ။ ဒီကားက ကာယပိုင်းအနေနဲ့တော့ ပိုပင်ပန်းခဲ့တယ်။ တက်တူးကတော့ကိုသားကြီး ဟိုအရင်က ရိုက်ခဲ့တဲ့ “ရွှေပင်ကိုင်းဖျား ကျီးမနား” ကို ပြန်ရိုက်တာ မမီဘူးဖြစ်နေလို့ တက်တူးနဲ့ ပတ်သက်ပြီး လုပ်ချင်တာလည်းရှိတော့ ရိုက်ဖြစ်ခဲ့တာပါ။ မာယာများတဲ့အလင်္ကာကို ကိုသီဟက ကျွန်တော့်ကိုပြောတော့ ကြိုက်တယ်၊ မကြိုက်တယ်ဆိုတာထက် ကျွန်တော်တို့ သွားခဲ့တဲ့ Trand တောက်လျှောက်က သာမန်ပုံစံထဲမှာပဲရှိခဲ့ပြီးသားဖြစ်နေတယ်။ မင်းသားကို ကောင်းတယ်ဆိုတဲ့ ထုံးစံလည်းရှိခဲ့တော့ မင်းသားသည် မကောင်းတဲ့ လူတစ်ယောက် ကိုယ့်မိန်းမကိုတောင် မထားဘဲပြန်ပေးဆွဲပြီးတော့ ငွေရဖို့အတွက် ဖန်တီးတဲ့လူတစ်ယောက်ဇာတ်ကို ရိုက်ခဲ့တယ်။

**အဲဒီဇာတ်ကားတွေထဲက ပရိသတ်တွေသတိထားမိခဲ့တဲ့ ချစ်ခန်းကြိုက်ခန်းတွေနဲ့ ပတ်သက်ပြီးပြောပြပေးပါ။**

ဖြေ- ထွေထွေထူးထူးတော့ ပြောစရာမရှိပါဘူး။ ဂျက်မဆိုရင် အဲဒီကားထဲက ဇာတ်ကောင်ရဲ့ စိတ်ကူးယဉ်မှုနဲ့ အဲဒီဒါရိုက်တာကပေးတဲ့ ထုံးစံအရ ရိုက်ပြလိုက်တယ်။ ကင်မရာလှည့်စားမှုနဲ့ ရိုက်ပြခဲ့တယ်။ တက်တူးမှာတော့ ထွေထွေထူးထူး မရှိခဲ့ပါဘူး။ မာယာများတဲ့ အလင်္ကာမှာတော့ အမှန်အတိုင်းပြောရရင် သဉ္ဇာနွယ်ဝင်းနဲ့ ကျွန်တော် လူချင်းထိတွေ့မှုလုံးဝမရှိခဲ့ပါဘူး။ ဒါပေမယ့်တစ်ခုရှိတာက စကားအသုံးအနှုန်းလေး နည်းနည်းကြမ်းသွားတယ်။ ရိုက်တုန်းကတော့ ဒီလောက်ကြီး ဆိုးရွားသွားမယ်လို့မထင်ခဲ့ဘူး။ ကျွန်တော်က အဲဒီကားမှာ ဆိုးတဲ့လူ အဲဒီဒါရိုက်တာအတိုင်းကြည့်မယ်ဆိုရင်တော့ ဒီအတိုင်းပဲဖြစ်လိမ့်မယ်ထင်တယ်။ ဟို အရင်က ကျွန်တော်ရိုက်ခဲ့တဲ့ “မမေ့မယ့်မိုး” အပါအဝင်နှစ်ကားကို မန္တလေးမှာ တစ်လခွဲလောက်ကြာအောင် အသေးစိတ်ကအစ ရိုက်ပြပြီးတော့ သေသေချာချာ ကြိုးစားလုပ်ခဲ့တယ်။ အန်ကယ်ဦးညွန့်ဝင်းနဲ့ ကျွန်တော် ဘုရားသောက်တော်ရေကပ်တာဆိုရင် မနက် သုံးနာရီကတည်းက ဆရာတော်ကြီးကြွလာကိုစောင့်ပြီး ကတ်တစ်ကတ်ခြင်းကို အသေးစိတ်ရိုက်ပြခဲ့တယ်။ ဦးပိန်တံတားမှာဆိုရင်လည်း နေထွက်လာတာကို ရဖို့ နံနက်အစောကြီးစောင့်ပြီးရိုက်ခဲ့တယ်။ အဲလိုကြိုးကြိုးစားစားပြင်ပြင်ဆင်ဆင်လုပ်ခဲ့တုန်းကကြတော့ အသံတွေဒီလောက်မထွက်ဘူး။ ဒါပေမဲ့ အခုကားမှာကျတော့ အသံထွက်လာတယ်။ တစ်ချို့ပရိသတ်တွေက တစ်ကားလုံးမကြည့်ရသေးဘူး။ ပိုင်းထားတဲ့ ဇာတ်ဝင်ခန်းအချို့ကိုပဲကြည့်ပြီး ဝေဖန်တဲ့သဘောပါ။ ဝေဖန်တယ်ဆိုတာ တစ်ကားလုံးကိုသေသေချာချာလေးကြည့်ပြီးတော့ ဝေဖန်မယ်ဆိုရင် ပိုပြီးသင့်တော်မယ်။ ဒါပေမဲ့တစ်ခုရှိတာက ကျွန်တော့်ကို ချစ်တဲ့ ပရိသတ်ကျတော့ ကျွန်တော်ဒီလိုမျိုးလုပ်တာကို သူတို့ချစ်တဲ့ မင်းသားတစ်ယောက်ဖြစ်တဲ့အတွက် အဲဒီလိုမျိုးကြီးမကြည့်ချင်တာလည်းရှိနိုင်တယ်။ တချို့ခြေလှမ်းမှာကြတော့ အင်နဲ့အားနဲ့ လှမ်းလိုက်တာပဲ။ ဒါပေမယ့် အောက်ကဆူးဆူးတယ်။ တစ်ခါတလေကြတော့လည်း မစင်တို့ခွေးချီးတို့ နင်းမိတဲ့အခါမျိုးကြရင် အနံ့ထွက်သွားတာပေ့ါ။ ပရိသတ်က နံတယ်ဆိုတော့ အဲလိုခြေလှမ်းမျိုး မလှမ်းမိအောင် သတိထားရမှာပေ့ါ။

**အခုလိုပရိသတ်တွေမကြိုက်ရင် မရိုက်ဘူးဆိုတော့ နောက်ပိုင်းမှာ အစ်ကိုတို့ ဖန်တီးလိုက်တဲ့ အနုပညာအပေါ် ပရိသတ်အကြိုက်နဲ့ ကွာဟမှုရှိရင် ဘယ်လိုညှိနှိုင်းဖို့ စဉ်းစားထားလဲ။**

ဖြေ- ကျွန်တော်တို့ ဒီမှာက တိတိကျကျ သင်ကြားလေ့လာမှုမရခဲ့ဘူး။ ဒီဟာရဲ့ Trand သည် ပရိသတ်လက်ခံနိုင်တယ်၊ လက်မခံနိုင်ဘူးဆိုတာကိုလည်း ကျွန်တော်တို့ သေချာမသိဘူး။ အခုကျွန်တော်တို့ တိုင်းပြည်တောင်မှ ကြိုးစားပြီးတည်ဆောက်ဆဲဖြစ်နေတော့ အဲဒီအထဲမှာမှ အနုပညာဆိုတာက တစ်စွန်းတစ်စ တစ်စိတ်တစ်ပိုင်းပဲရှိတယ်။ အဲဒီအတွက် ကျွန်တော်တို့လည်း ကြိုးစားနေရမှာပဲ။ အဲဒီအခါ စည်းတွေဘောင်တွေထဲက ကျော်ချင်လည်းကျော်သွားမယ်။ လိုချင်လည်းလိုသွားမယ်။ အမျိုးမျိုးသော ထိုးထွင်းတွေးဆမှုတွေဖန်တီးမှုတွေရှိမယ်။ အဲဒီဖန်တီးမှုတွေမှာ တချို့ကလိုတယ်။ တချို့ကပိုတယ်။ ပြောရရင်တော့ ဒီမိုကရေစီဆန်တယ်လို့ပဲ ပြောရမလားမသိဘူး။ ကျွန်တော်တို့ တင်ပြလိုက်တဲ့ အပေါ် မကောင်းဘူးဆိုပြီး ထောက်ပြတာရှိမယ်။ ဘာကြောင့်မကောင်းဘူးဆိုတာကိုတစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းဆွေးနွေးမှ ပရိသတ်နဲ့နားလည်မှုရပြီးကောင်းတာတွေကို တည်ဆောက်လို့ရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဆန်းသစ်မှုဆိုကတည်းက သေသေချာချာတိတိကျကျ ကျွမ်းကျင်တဲ့ ကိစ္စမဟုတ်တော့ အမှားလည်းရှိမယ် အကောင်းလည်းရှိမယ်။ အစွန်းတွေထွက်နေမှာပဲလေ။

**“ရွှေအမြုတေစာပေဆု” ချီးမြှင့်ပွဲမှာလည်း စာပေဆုရတဲ့ လူတွေကို ဆုချီးမြှင့်ခဲ့တော့ စာပေဘက်မှာရော ဘယ်လောက်အတိုင်းအတာအထိစိတ်ဝင်စားမှုရှိလဲ။**

ဖြေ- အမှန်အတိုင်းပြောရရင် ကျွန်တော့်စိတ်ရင်းအတိုင်းပါ။ ကျွန်တော်တို့ငယ်ငယ်ကတည်းက စာဖတ်ရမှန်းမသိဘူး။ စာဆိုရင် လူကြီးတွေနဲ့ပဲဆိုင်တယ် ကျွန်တော်တို့နဲ့ မဆိုင်ဘူးပေ့ါ။ ကျွန်တော် ဒုတိယနှစ်ရောက်မှ စာကိုစဖတ်ဖြစ်တယ်။ စာရေးတယ်ဆိုတာက ကျွန်တော်တို့အလုပ်ထက် ပိုပြီးခက်တယ်။ ကျွန်တော်တို့ အနုပညာအလုပ်ဆိုတာက Team Work နဲ့လုပ်တာဆိုတော့ ကိုယ့်ကညံ့နေရင်တောင် ဘေးကပံ့ပိုးပေးလို့ရတယ်။ ဒါရိုက်တာ ကင်မရာမန်းတွေကလည်း ပြောပေးတယ်။ နောက်ဆုံးတည်းဖြတ်တဲ့အပိုင်းအထိ ပြင်လို့ရတယ်။ စာရေးတာကြတော့ တစ်ယောက်တည်းကလုပ်ဆောင်ရတဲ့ ကိစ္စ၊ တာဝန်လည်း ပိုကြီးပြီးတော့ ပိုပြီးတန်ဖိုးလည်းရှိတယ်။ စာပေသမားတွေက ကျွန်တော်တို့နဲ့ ယှဉ်ရင် ရရှိတဲ့ ငွေကြေးပမာဏက အရမ်းနည်းတယ်။ ကျွန်တော်ဆိုရင် အခုအချိန်မှ စာကို အသည်းအသန်လိုက်ဖတ်နေရတယ်။ အဲဒါကြောင့် ကိုယ်တတ်နိုင်သလောက်စုပြီး ချီးမြှင့်တဲ့သဘောပါ။ နှစ်တိုင်းလည်း ချီးမြှင့်ဖြစ်ပါတယ်။

**အခုဆိုရင်မြန်မာနိုင်ငံမှာရုပ်ရှင်ပြသတဲ့ စနစ်တွေကို ဒစ်ဂျစ်တယ်စနစ်ပြောင်းဖို့လုပ်နေတယ်။ အစ်ကိုကလည်း ရုပ်ရှင်နဲ့နည်းပညာကို ပြည်ပမှာ လေ့လာထားဖူးတော့ ဒီစနစ်က မြန်မာ့ရုပ်ရှင်လောက ဘယ်လိုအပြောင်းအလဲဖြစ်လာနိုင်မယ်ထင်လဲ။**

ဖြေ- ကျွန်တော် ဇာတ်ကားတွေရိုက်တော့ ဆန်းသစ်မှုတွေလုပ်သလိုပဲပေ့ါ။ ဆန်းသစ်တာကတော့ ကောင်းပါတယ်။ ဘယ်လိုပဲပြောင်းပြောင်း ပြောင်းတဲ့အရာအားလုံးက အသစ်ဖြစ်တာပဲလေ။ အသစ်ဖြစ်တဲ့အတွက် မြင်ကွင်းအသစ်ဖြစ်မယ်။ ကြည့်ရတဲ့ လူတွေရဲ့ စိတ်မှာ အစဦးဆုံး စပြောင်းမယ်။ အဲဒီအပေါ်မှာ ကောင်းခြင်း၊ ဆိုးခြင်းကို ဆုံးဖြတ်ကြမှာပေ့ါ။ ဘာပဲဖြစ်ဖြစ် အသစ်ကိုပြောင်းလဲဖို့ အကောင်အထည်ဖော်တဲ့ လူတွေရဲ့ စိတ်ဓာတ်နဲ့တင်လေးစားနေပါပြီ။

**အစ်ကို စင်ကာပူမှာ ရုပ်ရှင်သင်တန်းတက်ဖူးတယ်ဆိုတော့ အဲဒီသင်တန်းက အစ်ကို့အနုပညာဝမ်းစာအတွက် ဘယ်လို အထောက်အပံ့ဖြစ်ခဲ့သလဲ။ ဒီသင်တန်းက ရလာတဲ့ အချက်တွေကို ပြန်ပြီးအသုံးချတာမျိုးရောရှိပါသလား။**

ဖြေ- ဦးမျိုးတို့က စင်ကာပူကို တစ်လသင်တန်းသွားတက်ကြမယ်ဆိုတော့ငယ်ငယ်ကတည်းက စင်ကာပူကိုရောက်ဖူးချင်တယ်။ မရောက်ဖြစ်ဘူး။ မင်းသားမလုပ်ခင်တောက်လျှောက်က Oversea သွားဖြစ်တယ်။ မင်းသားလုပ်ကတည်းက ဘယ်မှမသွားဖြစ်တာ။ စင်ကာပူကို တစ်လသွားမယ်ဆိုတော့ ပျော်ပြီးလိုက်သွားတာ။ ဟိုရောက်တော့ Animation, Special Effect တို့ကို သိပ်ပြီးတော့ အဓိကမကြည့်ဖြစ်ဘူး။ ကျွန်တော်ကြည့်ဖြစ်တာက Lighting ပိုင်းကို ကြည့်ဖြစ်တယ်။ အဲဒါကြောင့် Deto Light ဆိုရင်အဲဒီမှာ ကြည့်ပြီး ကြိုက်လို့ဝယ်လာတာ အခုချိန်ထိ ကားရိုက်အတွက်အသုံးဝင်တယ်။

**ပြည်ပမှာ သွားရောက်လုပ်ကိုင်ဖူးတဲ့သူရဲ့ ဘဝနဲ့ ယနေ့ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်တည်ရတဲ့ ဘဝမှာဘယ်လိုစိတ်ဖိစီးမှုတွေ ပျော်ရွှင်မှုတွေရရှိလာပါသလဲ။**

ဖြေ- ဟိုမှာနေရတာပိုပျော်တယ်။ ပိုပြီးတော့ လွတ်လပ်တယ်။ ပွင့်ပွင့်လင်းလင်းရှိတယ်။ ချုပ်ချယ်မှုရောစည်းဘောင်ရော ဟိုမှာကလွတ်တယ်။ မြန်မာပြည်မှာကျတော့ အလုပ်သမားကအလုပ်ရှင်ရဲ့ ဆက်ဆံရေးအနေနဲ့ အချိန်ကိုလည်း တန်ဖိုးမထားကြဘူး။ အလုပ်ချိန်ထက်ပိုပြီး ခိုင်းချင်ကြတယ်။ ဟိုမှာကျတော့ အလုပ်ချိန်ပြီးသွားရင် ကျွန်တော်သည် ကျွန်တော်။ သူသည်သူပဲ။ အချိန်ပိုဆင်းရမယ်ဆိုရင်တောင် အဲဒီအချိန်မှာ ကျွန်တော်တို့အားလားဆိုတဲ့ တောင်းဆိုမှုသဘောမျိုးနဲ့ဆက်ဆံတယ်။ ဒါပေမဲ့ မြန်မာပြည်မှာကြတော့ အုပ်ထိန်းမှု၊ ယဉ်ကျေးမှု၊ အရိုအသေပေးမှုတွေက ပိုကောင်းတယ်။ မင်းသားဘဝမှာကြတော့ သွားချင်တဲ့နေရာ မသွားရတော့ဘူး။ မင်းသားပုံစံ၊ နေထိုင်မှုတွေရှိပေမယ့် ကျွန်တော့်မှာ ဘာမှမရှိဘူး။ အဲလိုမရှိတဲ့အတွက် လူတွေကြားထဲကို သိမ်မသွားဖြစ်ဘူး။ မသွားဖြစ်တောလည်း လူဝင်ဆံ့မှုက အဆင်မပြေဘူး။ အဲနှစ်ခုက အမြဲတန်းတိုင်ပတ်နေတယ်။

**အရင်က ပရိသတ်တွေအရမ်းစိတ်ဝင်စားခဲ့တဲ့ အချစ်ရေးအကြောင်းပြောပြပေးပါဦး။**

ဖြေ- ဘာမှ ထွေထွေထူးထူးလည်း မရှိခဲ့ပါဘူး။ အဲဒီအရာအပေါ်မှာလည်း တသီးတသန့်ကြီးမရှိဘူး။ အခုလောလောဆယ်ရှိနေတဲ့ အချစ်က တယုတယဖွဲ့နွဲ့လောက်တဲ့ အထိမရှိတော့ဘူး။ သာမန်ပါပဲ။ နေ့စဉ်ဖြတ်သန်းမှုထဲမှာပါဝင်နေတဲ့ အရာလေးပေ့ါ။ အခုစိတ်ထဲမှာ ဦးတည်နေတာကတော့ ဇာတ်ကားဘယ်လိုမျိုးရိုက်မယ်၊ ဘယ်လိုဆန်းသစ်မယ် အဲဒါပဲအမြဲတမ်းရှိနေပါတယ်။

**မြန်မာဇာတ်ကားတွေကို အသက်အရွယ်ကန့်သတ်ချက် အလိုက်ကြည့်ရှုခွင့်ပေးမယ်ဆိုရင် မြန်မာ့ရုပ်ရှင်နဲ့ ပရိသတ်တွေအတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိမယ်ထင်လဲ။**

ဖြေ- အဲဒီအကြောင်းကို မျှော်လင့်နေတဲ့တိမ်၊ တက်တူးတို့တုန်းကတည်းက ပြောဖူးတယ်ဗျ။ တက်တူးဆိုရင် ၁၈နှစ်အောက်မကြည့်သင့်ဘူးထင်တယ်။ ကြည့်ရင်တောင်မိဘနဲ့တူတူကြည့်စေချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ပေးထားတဲ့ မက်ဆေ့ချ်ကတစ်မျိုးသူတို့ အတုခိုးသွားတာက တစ်မျိုးဖြစ်သွားရင်အဆင်မပြေဘူး။ မဖြစ်စေချင်ဘူး။ လူကြီးတွေက အကောင်းဆုံးတစ်ခုတော့ ဖန်တီးကြမှာပါ။ ဒါပေမဲ့ လူတွေက မလုပ်နဲ့ဆို ပိုလုပ်ချင်တဲ့ သဘောရှိတယ်။ သတ်မှတ်တာကတော့ကောင်းပါတယ်။ သတ်မှတ်တဲ့အကြောင်းအရာကိုလူငယ်တွေကိုယ်တိုင်သိပြီး ကြည့်သင့်မကြည့်သင့်ဆုံးဖြတ်တာပိုကောင်းမယ်။

**အစ်ကို့ကို ဝေဖန်ခဲ့တာနဲ့ ပတ်သက်ပြီးပရိသတ်တွေ စကားလေးပြောပေးပါဦး။**

ဖြေ- ကောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အသံထွက်လာတယ်ဆိုကတည်းက အာရုံစိုက်မိလို့ အသံထွက်တာပေ့ါ။ အဲဒီအထဲမှာမှ ကောင်း၊မကောင်းကို ခွဲခြားပေးတဲ့အတွက်ထပ်ပြီးကျေးဇူးတင်တယ်။ ဒီအချိန်မှာတစ်ခုကောင်းတာက အခုရိုက်ခဲ့တဲ့ ရုပ်ရှင်ကားကြီးမှာ ပရိသတ် အမြင်ပြန်ကြည်လင်အောင် ငါပြင်ဆင်ရမယ်ဆိုတဲ့ စိတ်နဲ့ပိုကြိုးစားထားတယ်။

Sports
7DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ၂၀၁၃ မြန်မာလိဂ် – ၂ ဗိုလ်လုပွဲတွင် ချင်းယူနိုက်တက်နှင့် GFA တွေ့ဆုံ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၂၄**

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်-၂ ဖလားဗိုလ်လုပွဲတွင် ချင်းယူနိုက်တက်နှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာလိဂ်-၂ပြိုင်ပွဲနောက်ဆုံးပွဲစဉ်(၁၈) ကို ဇွန် ၂၃ ရက်က ကျင်းပပြီးစီးခဲ့ရာ အမှတ်ပေးဇယားထိပ်ဆုံးနှစ်သင်းဖြစ်သည့် ချင်းယူနိုက်တက်နှင့် GFA အသင်းတို့သည် ၂၀၁၄ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါနှစ်သင်းသည် တန်းတက်ခွင့်ရရှိခဲ့ပြီး ဖြစ်သော်လည်း ပြိုင်ပွဲချန်ပီယံဆုအတွက် ဇွန် ၂၈ ရက်ညနေ၄နာရီတွင်အောင်ဆန်းကွင်း၌ ဗိုလ်လုပွဲအဖြစ် ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာလိဂ်-၂ အမှတ်ပေးဇယားရပ်တည်မှုတွင် ချင်းယူနိုက်တက်အသင်းက ရမှတ် ၃၄ မှတ်ဖြင့် ပထမနေရာမှလည်းကောင်း၊ GFA အသင်းက ရမှတ် ၃၁ မှတ်ဖြင့် ဒုတိယနေရာမှလည်းကောင်း ရပ်တည်ကာ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ချင်းယူနိုက်တက်အသင်မှာ ပွဲစဉ်(၁၇) အပြီးလက်ကျန်တစ်ပွဲအလိုတွင် တန်းတက်ခွင့်ရရှိထားခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးပွဲစဉ် ၁၈ အမတိုင်မီ GFA အသင်းက ရမှတ် ၂၈ မှတ်နှင့်မြဝတီအသင်းက ရမှတ် ၂၇ မှတ်ရရှိကာ လက်ကျန်တန်းတက် တစ်သင်းနေရာအတွက်အပြိုင်ဖြစ်နေခဲ့သည်။

ပွဲစဉ် (၁၈) တွင် မြဝတီအသင်းသည် ချင်းယူနိုက်တက်အသင်းနှင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး GFA အသင်းက ဒဂုံအသင်းကို အနိုင် (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် GFA အသင်းက တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောမြန်မာယူ-၁၉ အသင်းသည် ပွဲစဉ် (၁၇) အထိ ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေခဲ့သော်လည်း နောက်ဆုံးပွဲစဉ်တွင် Best Utd အသင်းနှင့် သုံးဂိုးစီသရေကျခဲ့သည့်အတွက် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည့် အခွင့်အရေးလက်လွတ်ခဲ့ရသည်။ မြန်မာယူ-၁၉ အသင်းသည် ၎င်းပြိုင်ပွဲသို့ အတွေ့အကြုံရရှိရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး တန်းတက်မည် မဟုတ်သော်လည်း အမှတ်ပေးဇယားတွင် ရမှတ် ၂၉ မှတ်ရရှိကာ တတိယနေရာတွင် ရပ်တည်ခဲ့သောကြောင့် ချန်ပီယံဖလားဗိုလ်လုပွဲနှင့်လည်း ဝေးကွာခဲ့ရသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအမှတ်ပေးဇယားတွင် အမှတ်အနည်းဆုံးနှစ်သင်းဖြစ်ခဲ့သည့် ချင်းယူနိုက်တက်နှင့် မောရဝတီအသင်းတို့နှစ်သင်းတန်းဆင်းခဲ့ရပြီး ၂၀၁၃ မြန်မာလိဂ်-၂ ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့ရသည်။ ၂၀၁၃ မြန်မာလိဂ်-၂ တွင်ချင်းယူနိုက်တက်အသင်းကအမှတ်ပေးဇယား ပထမနေရာမှ မြန်မာနေရှင်နယ်လိဂ်သို့ တန်းတက်ခွင့်ပြန်လည်ရရှိခဲ့သော်လည်း မောရဝတီအသင်းမှာမူ အဆင့် ၆ နေရာတွင် ရပ်တည်ကာ တန်းတက်ခွင့် ပြန်လည်မရရှိခဲ့ပေ။

၂၀၁၃ မြန်မာလိဂ်-၂ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထူးခြားချက်အနေဖြင့် နိုင်ငံခြားသားကစားသမားပါဝင်ကစားနေသည့် ချင်းယူနိုက်တက်နှင့်GFA နှစ်သင်းသာမြန်မာနေရှင်နယ်လိဂ်သို့တန်းတက်ခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။

၂၀၁၃ မြန်မာလိဂ်-၂ တွင် ဗိုလ်စွဲမည့်အသင်းအား ဆုကြေးငွေ ကျပ်သိန်း ၁၅၀၊ ဒုတိယဆုကျပ်သိန်း ၁၀၀ နှင့် တတိယဆု ကျပ်သိန်း ၅၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အာရှအမျိုးသမီးယူ-၁၉ အဖွင့်ပွဲစဉ်တွင်မြန်မာနှင့် လက်ရှိချန်ပီယံ ဂျပန်တွေ့



*မြန်မာယူ-၁၉ အမျိုးသမီးဘောလုံးအသင်း* ဓာတ်ပုံ - MFF

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၂၂**

၂၀၁၃ ခု အာရှအမျိုးသမီးယူ-၁၉ ချန်ပီယံရှစ် (2013 AFC Women's Championship)ပွဲစဉ်ဇယားများထွက်ပေါ်လာခဲ့ရာ မြန်မာယူ-၁၉ အမျိုးသမီးဘောလုံးအသင်းသည် ပွဲဦးထွက်ပွဲစဉ်တွင် လက်ရှိချန်ပီယံဂျပန်ယူ-၁၉ အမျိုးသမီးဘောလုံးအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တရုတ်နိုင်ငံ နန်ကျင်းမြို့တွင် လာမည့် အောက်တိုဘာလ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် အာရှအမျိုးသမီးယူ-၁၉ ချန်ပီယံရှစ်နောက်ဆုံး အဆင့်ပွဲစဉ်များတွင် မြန်မာအမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား၊ ဩစတြေးလျအသင်းတို့နှင့် အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် အဆင့်(၁) မှ (၃) အထိ ရပ်တည်နိုင်သောအသင်းသည် ၂၀၁၄ ဖီဖာကမ္ဘာ့ဖလားယူ-၂၀ ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်သည်။ မြန်မာအသင်းသည် အဆိုပါနောက်ဆုံးအဆင့်သို့ ရောက်ရှိရန် ခြေစစ်ပွဲအဆင့်နှစ်ဆင့်ကို ကျော်ဖြတ်ခဲ့ရသည်။

ခြေစစ်ပွဲပထမအဆင့်တွင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်၊ ဟောင်ကောင် အသင်းများကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယအဆင့်တွင် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယအသင်းများကို ကျော်ဖြတ်ကာ ခြေစစ်ပွဲနောက်ဆုံး အဆင့်ရှုံးထွက်ပွဲစဉ်တွင် ထိုင်းအသင်းကို ၁-၀ ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲနှစ်ဆင့်တွင် ရဂိုး ၂၇ ဂိုး၊ ပေးဂိုး ၃ ဂိုးသာရှိခဲ့သည်။ အသက် ၁၃ သင်းယှဉ်ပြိုင်ခဲ့ရသည့် ခြေစစ်ပွဲအဆင့်တွင် တစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း မြန်မာအသင်းသည်ဒေသတွင်းအဓိကပြိုင်ဘက်များဖြစ်သည့် ထိုင်း၊ ဗီယက်နမ်အသင်းများကိုကျော်ဖြတ်ကာ အာရှနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၃ ခု အာရှယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲနောက်ဆုံးအဆင့် ပြိုင်ပွဲတွင် မြန်မာအသင်းသည် ဂျပန်အသင်းနှင့် ပထမပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်အသင်းများနှင့် အစဉ်လိုက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။








Golden
Golden Myanmar Airlines
People Oriented Carrier.
MANDALAY YANGON SINGAPORE BANGKOK
Flight Schedule Effective From 10th May 2013 to Until Further Notice!!!
FLIGHT-NO. SECTOR ETD-ETA
Y5-234 YANGON - MANDALAY 06:15 - 07:30
Y5-233 MANDALAY - YANGON 08:10 - 09:25
Y5-233 YANGON - SINGAPORE 10:10 - 14:40
Y5-234 SINGAPORE - YANGON 15:35 - 17:05
Y5-237 YANGON - BANGKOK 18:05 - 19:50
Y5-238 BANGKOK - YANGON 21:10 - 21:55
Daily flight
လေဆိပ်တွင် တိုက်ရိုက်ဝယ်ယူ စီးနင်းနိုင်ပါသည်။
Remark: All timings are LOCAL TIME.
Golden Myanmar Airlines Public Company Limited.
Yangon Office + 95 1 8604035 - 38, +95 9 73256067
Yangon International Airport + 95 1 533272, + 95 9 73256919
Mandalay Office + 95 2 30720, + 95 9 1043607
Mandalay International Airport + 95 2 27073
Singapore Office +65 65425197
Bangkok Office +66 2-1347938-9
www.gmairlines.com
www.facebook.com/GMAirlines
info@gmairliens.com / callcentre@gmairlines.com




NEW
Good Day
A Flavor for every mood.
3IN1 Coffee
START A GOOD DAY!
DRINK GOOD DAY
Try all Our Flavors
CappuccinO
Mocacinno
Vanilla Latte
Chococinno
Carebian Nut
Original
CooLin'
Distributed by: Sein Wut Hmon Co., Ltd.
Yangon: Tel : 01-684842,684862, 09-73126116,
Fax : 01- 684715
Mandalay: Tel : 02-36042,34767, 34861
Fax : 02- 39446

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ကျော်ကိုကို အပေါ့စားလေ့ကျင့်ခန်းများပြန်လည်ပြုလုပ်




ဓာတ်ပုံ - YUFC




**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၂၂**

ပခုံးညှပ်ရိုးကျိုး ဒဏ်ရာကြောင့် အနားယူနေရသော ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်မှူး ကျော်ကိုကိုသည် အပေါ့စားလေ့ကျင့်ခန်းများကို ဇွန်လ ၂၁ ရက်မှ စတင်ပြုလုပ်နေပြီဖြစ်သော်လည်း ပုံမှန်ပွဲထွက် ကစားနိုင်မည့် အချိန်ကိုမူ ခန့်မှန်း၍ မရသေးကြောင်း သတင်းရရှိသည်။

"ကျော်ကိုကိုအနေနဲ့ ဇွန်လ ၂၁ ရက်မနက်ပိုင်းကစပြီး အသင်းနဲ့အတူ အပေါ့စားလေ့ကျင့်ခန်းလေးတွေ စလုပ်နေပါပြီ။ သူ့အနေနဲ့ ခန္ဓာကိုယ်အပေါ်ပိုင်း လှုပ်ရှားတဲ့ လေ့ကျင့်ခန်းတွေကိုတော့ လုပ်လို့ မရသေးပါဘူး"ဟု ရန်ကုန်ယူနိုက်တက်အသင်း တာဝန်ရှိသူတစ်ဦးက ဇွန်လ ၂၂ရက်တွင် ပြောသည်။

ကျော်ကိုကိုသည် ပြီးခဲ့သည့် မေလဆန်းပိုင်းက ဟံသာဝတီယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာလိဂ်ပွဲစဉ်တစ်ခုတွင် ညှပ်ရိုးကျိုးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး အနားယူနေရခြင်းဖြစ်သည်။

"ဒဏ်ရာက အရှင်းတော့ မပျောက်သေးပေမယ့် အပေါ့စားလေ့ကျင့်ခန်းလေးတွေတော့ စလုပ်နေပါပြီ။ ဆရာဝန်ကတော့ နှစ်ပတ်လောက် အပေါ့စားလေ့ကျင့်ခန်းလေးတွေ လုပ်ပြီးရင် ဓာတ်မှန်ရိုက်ကြည့်ဖို့ လိုမယ်လို့ ပြောပါတယ်။ ဓာတ်မှန်ရိုက်ကြည့်လို့ရတဲ့ ရလဒ်ပေါ်မူတည်ပြီးတော့ အခြေအနေသိရမှာပါ။ ကျွန်တော်ကိုယ်တိုင်ကတော့ ဒဏ်ရာအခြေအနေကိုအားမရသေးပါဘူး။ နည်းနည်းကြာဦးမယ်လို့ ထင်ပါတယ်" ဟု ကျော်ကိုကိုက ပြောသည်။

၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၁၄ အာရှယူ-၂၂ ခြေစစ်ပွဲစဉ်များတွင် မြန်မာအသင်းအတွက် ခြေစွမ်းပြခဲ့သော တိုက်စစ်မှူးကျော်ကိုကိုသည် နောက်ပိုင်းတွင် ဒဏ်ရာပြဿနာများနှင့် ဆက်တိုက်ရင်ဆိုင်နေခဲ့ရပြီး လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ပါဝင်ခွင့်မရသည်မှာ တစ်နှစ်ခန့်ရှိနေပြီ ဖြစ်သည်။

ကျော်ကိုကိုသည် အာရှယူ-၂၂ ခြေစစ်ပွဲတွင် ရရှိခဲ့သည့် ဒူးကောက်ကြောဒဏ်ရာ အခြေအနေကြောင့် ၂၀၁၂ ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲကိုလည်း လွဲချော်ခဲ့ရသည်။ အဆိုပါ ဒဏ်ရာပျောက်ကင်းချိန်တွင် ၂၀၁၃ အေအက်ဖ်စီဖလား ခြေစစ်ပွဲစဉ်များအတွက် လက်ရွေးစင်အသင်း၌ ကျော်ကိုကို ပြန်လည်ရွေးချယ်ခံခဲ့ရသော်လည်း စခန်းသွင်းလေ့ကျင့်ချိန်တွင် နည်းပြအဖွဲ့ကို စော်ကားသည့် အပြုအမူများကြောင့် လက်ရွေးစင်အသင်းမှ ထုတ်ပယ်ခြင်း ခံခဲ့ရပြန်သည်။

ထို့နောက်တွင် ရန်ကုန်အသင်း၏ အေအက်ဖ်စီဖလား ပွဲစဉ်တစ်ခုတွင် ခါးဒဏ်ရာထပ်မံရရှိခဲ့ကာ ယင်းဒဏ်ရာပျောက်ကင်းချိန်တွင် ပြန်လည်ကစားသည့် မြန်မာလိဂ်ပွဲစဉ်တွင် ပခုံးညှပ်ရိုးကျိုးဒဏ်ရာ ထပ်မံရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဒဏ်ရာပြဿနာများ ဆက်တိုက်ဖြစ်ပေါ်နေသော ယခုအချိန်ကာလသည်ဂင်း၏ကစားသမားသက်တမ်းတစ်လျှောက် အဆိုးဆုံးအချိန်ဖြစ်သည်ဟု လက်ရွေးစင်အသင်းနှင့် ရန်ကုန်အသင်းတိုက်စစ်မှူးကျော်ကိုကိုက ပြီးခဲ့သည့် ဧပြီလအတွင်း ဖွင့်ဟခဲ့ဖူးသည်။

"အိမ်ရှင်လုပ်မယ့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာတော့ ကျွန်တော်လည်း လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့်ရချင်ပါတယ်။ လာမယ့်ဆီးဂိမ်းအမီတော့ ဒဏ်ရာပြဿနာတွေ ကောင်းသွားမယ်လို့ မျှော်လင့်ထားပါတယ်" ဟု ကျော်ကိုကိုက ပြောသည်။ အားကစားသမားကောင်းရှားပါးနေသေးသော မြန်မာနိုင်ငံတွင် ကျော်ကိုကို၏ ဒဏ်ရာရရှိမှုသည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ခု ဖြစ်နေသည်။

7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

# ပါရီလေကြောင်းပြပွဲတွင် နောက်ဆုံးပေါ် ရုရှားတိုက်လေယာဉ် ပျံသန်းအစွမ်းပြ



*နိုင်ငံတကာ ပါရီလေကြောင်းပြပွဲ ဖွင့်ပွဲနေ့အဖြစ် ဇွန် ၁၇ ရက်က Le Bourget လေဆိပ်အထက် ပျံသန်းပြနေသော ရုရှားလုပ် ဆူခွိုင်း-၃၅ တိုက်လေယာဉ်တစ်စီး* ERIC FEFERBERG/AFP

**လီဘူဂေး၊ဇွန်-၂၂**

ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် လေကြောင်းပြပွဲ၌ နောက်ဆုံးပေါ် တိုက်လေယာဉ် ဆူခွိုင်း-၃၅ ကို ရုရှားနိုင်ငံက ပထမဆုံးအကြိမ် မောင်းနှင်ပြသခဲ့သည်။

ယင်းနောက်ဆုံးပေါ် တိုက်လေယာဉ် ဆူခွိုင်း-၃၅ ကို ရုရှားနိုင်ငံလေတပ်မှ အသက်(၅၁)နှစ်အရွယ် ဗိုလ်မှူးကြီးဆာဂျီဘော်ဒန်က ၂၀၀၈ ဖေဖော်ဝါရီ၁၉ ရက်တွင် ပထမဆုံးအကြိမ် ပျံသန်းမောင်းနှင်ခဲ့သည်။ ဆူခွိုင်း-၃၅ တိုက်လေယာဉ်တွင် အင်ဂျင်နှစ်လုံးပါရှိကာ နောက်မြီးနှစ်ခုပါရှိသည်။ ကဏ္ဍများစွာတွင် တိုက်ခိုက်နိုင်သည့် ဆူခွိုင်း-၃၅ တိုက်လေယာဉ်သည် အလေးချိန် ၁၇ တန်ရှိပြီး တစ်နာရီလျှင် ၂,၅၀၀ ကီလိုမီတာနှုန်းအထိ ပျံသန်းနိုင်သည်။

တစ်မိနစ်လျှင်မီတာ ၁၈,၀၀၀ နှုန်း အမြင့်သို့ ပျံတက်နိုင်ပြီး ဝေဟင်၌ လောင်စာဆီဖြည့်တင်းမှုရရှိပါက ကီလိုမီတာ ၆,၅၀၀ အကွာအဝေးထိ ပျံသန်းနိုင်သည်။ ဆူခွိုင်းတိုက်လေယာဉ်သည် စွမ်းအားမြင့်လက်နက်များ တပ်ဆင်နိုင်ပြီး မတူညီသောနေရာ ၁၄ ခုတွင် အလေးချိန်ရှစ်တန်ရှိသောလက်နက်များ ချိတ်ဆက်ထားနိုင်သည်။

ရုရှားနိုင်ငံသည် ယင်းလေယာဉ်အမျိုးအစား ၄၈ စီးအတွက် အမှာစာရရှိထားပြီဖြစ်သော်လည်း ဘရာဇီး၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ ရောင်းချရန် အစိုးရက ကြိုးပမ်းနေသည်။

လေယာဉ်သည် မြေပြင်မှ ထွက်ခွာသည်နှင့် ကောင်းကင်သို့ ၉၀ ဒီဂရီနီးပါး ဒေါင်လိုက်ပျံတက်နိုင်ပြီး ဝေ့ဝိုက်ပျံသန်းခြင်း၊ ဦးစိုက်ထိုးဆင်းခြင်းများ ပြုလုပ်နိုင်၍ လေယာဉ်ပတ်ချာလည် ပျံသန်းခြင်းများ ပြုလုပ်နိုင်သည်။

ပါရီလေကြောင်းပြပွဲတွင် စမ်းသပ်လေယာဉ်မှူး ဆာဂျီဘော်ဒန်က လေယာဉ်ကို ဒေါင်လိုက်ပျံတက်ခြင်း၊ ဇောက်ထိုးဆင်းပြခြင်း၊ လေယာဉ်ကို ရုတ်တရက် အောက်သို့ ကျဆင်းအောင် ပြုလုပ်ခြင်းများ လုပ်ဆောင်ခဲ့ရာ ကြည့်ရှုသူပရိသတ်များ မှင်တက်အံ့သြခဲ့ကြသည်။

*—Ref:AFP*

# ပရုတ်ပါဝင်သော ဆေးလိပ်များ တားမြစ်ရေး အီးယူဝန်ကြီးများ ထောက်ခံ

**လူဇင်ဘတ်၊ဇွန်-၂၂**

ပရုတ်ပါဝင်သောဆေးလိပ်များနှင့် အခြားအနံ့အရသာ ထည့်သွင်းထားသည့် ဆေးလိပ်များ တားမြစ်ပိတ်ပင်ရန် အစီအစဉ်များကို အီးယူကျန်းမာရေးဝန်ကြီးများက ဇွန်လ ၂၁ ရက်တွင် သဘောတူခွင့်ပြုလိုက်ပြီဖြစ်သည်။

သို့သော် ရောဂါကူးစက်ခံရသည့် အင်္ဂါအစိတ်အပိုင်းများကို စီးကရက်ဘူးများတွင် ဖော်ပြမှုအပါအဝင် ကျန်းမာရေးသတိပေးတားမြစ်ချက် ပြဋ္ဌာန်းမှုကို လျှော့ချလိုက်ပြီး လုံးပတ်သေးငယ်သည့် စီးကရက်များ ကာလတိုတားမြစ်ထားခြင်းကို ရပ်တန့်လိုက်သည်။

ယင်းဥပဒေပြဋ္ဌာန်းရန် အဆိုတင်သွင်းမှုကို ယခုအခါ အီးယူလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရမည်ဖြစ်သည်။ အကယ်၍ ယင်းဥပဒေကို ၎င်းတို့သဘောတူခွင့်ပြုခဲ့ပါက သုံးနှစ်အတွင်း ၂၇ နိုင်ငံတွင် တားဆီးပိတ်ပင်မှုများ ပြုလုပ်သွားဖွယ်ရှိသည်။ ဆေးရွက်ကြီးထုတ်လုပ်သည့် ကုမ္ပဏီများက ဥပဒေကို ထောက်ခံသော နိုင်ငံအများစု၏ စီးပွားရေး ဆုတ်ယုတ်မှုများရှိမည်ဟု ပြောကြားကာ ကန့်ကွက်ခြင်းများရှိသော်လည်း အီးယူကျန်းမာရေး ဝန်ကြီးများက တားမြစ်ခြင်းဥပဒေကို ပြန်လည်ပြဋ္ဌာန်းရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် လူငယ်များကို ပစ်မှတ်ထား ထုတ်လုပ်သည့် အနံ့အရသာပါဆေးလိပ်များနှင့်ပရုတ်ပါ ဆေးရွက်ကြီးထုတ်ကုန်များကို တားမြစ်ရန် အီးယူကျန်းမာရေးဝန်ကြီးများက ဇွန်လ ၂၁ ရက်တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခု၌ သဘောတူညီလိုက်ခြင်းဖြစ်သည်။

စီးကရက်ဘူးများတွင် ကျန်းမာရေးသတိပေးချက်များနှင့် ရောဂါကူးစက်ခံရသည့် အင်္ဂါအစိတ်အပိုင်းများ ဖော်ပြခြင်းကိုလည်း ဆေးရွက်ကြီး ထုတ်လုပ်သည့် ကုမ္ပဏီများ၏ ထုတ်ကုန် ၆၅ ရာခိုင်နှုန်းတွင် ဖော်ပြစေရန် ၎င်းတို့က သဘောတူခဲ့ကြသည်။ ယင်းမှာ ဆေးရွက်ကြီးထုတ်ကုန်များ၏ ၇၅ ရာခိုင်နှုန်းတွင် ယင်းသတိပေးချက်များ ထည့်သွင်းဖော်ပြရန် ၂၀၁၂ ဒီဇင်ဘာလအတွင်း အဆိုပြုချက်ကို လျှော့ချပေးလိုက်ခြင်းဖြစ်သည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.12, No.16 • JUNE 26 , 2013

## နယူးယောက်မြို့ တိုင်းစကွဲယားရင်ပြင်တွင် ယောဂလေ့ကျင့်ပွဲတော် ကျင်းပ

**နယူးယောက်၊ ဇွန်-၂၂**

နယူးယောက်မြို့သူမြို့သား ထောင်ပေါင်းများစွာတို့သည် မြို့လယ်ခေါင် တိုင်းစကွဲယားလမ်းဆုံလမ်းခွ၌ လူစုလူဝေးဖြင့် ယောဂလေ့ကျင့်ခန်းများ ပြုလုပ်၍ နွေရာသီ၏ ပထမဆုံးနေ့ ကြိုဆိုပွဲကို ဇွန်လ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ယောဂလေ့ကျင့်ခန်းစလုပ်သူများမှ အတွေ့အကြုံအရှိဆုံး လေ့ကျင့်သူများအထိ ပါဝင်သည့် နွေရာသီနွေယဉ်စွန်းချိန် ယောဂလေ့ကျင့်ပွဲတော်ကို ဇွန်လ ၂၁ ရက် နံနက်စောပိုင်းက စတင်ခဲ့ပြီး နေဝင်ချိန်အထိ ကျင်းပခဲ့သည်။

အဖွဲ့တစ်ဖွဲ့စီရှိ ရှေ့ဆုံးမှ လူ ၁၂၀၀ ကို အခင်းများအခမဲ့ ဝေငှပေးခဲ့ကြောင်း၊ တိုင်းစကွဲယားလမ်းဆုံရှိ လူသွားလူလာနေရာများတွင် ရောင်စုံအခင်းများ၊ အားကစားအကျႌဝတ် ယောဂဝါသနာအိုးအမျိုးသမီးများနှင့် ပြည့်နေခဲ့သည်။

လေ့ကျင့်ခန်းလုပ်သူများသည် အသံချဲ့စက်များမှတစ်ဆင့် ညွှန်ကြားပြသပေးနေသော ယောဂ ဆရာများ၏ ညွှန်ကြားချက်ကို လိုက်နာ၍ ယောဂလေ့ကျင့်ခန်းများကို လေ့ကျင့်ကြသည်။ အသက်အကြီးဆုံး ယောဂဆရာမှာ ၉၄ နှစ် ရှိပြီဖြစ်သည်။

နိုင်ငံခြားသားများနှင့် ဓာတ်ပုံဆရာများကို ဆွဲဆောင်နိုင်သော အဆိုပါ ယောဂလေ့ကျင့်ပွဲသည် ဇွန်လ ၂၁ ရက်တွင်ကျရောက်သော နွေရာသီနွေယဉ်စွန်းချိန်ကို အမှတ်အသားပြု၍ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။

—*Ref:AFP*

## သမ္မတအိုဘားမားနှင့် သမ္မတဟောင်းဂျော့ချ်ဘုရှ် တစ်ချိန်တည်းတွင် အာဖရိကသို့ ရောက်ရှိမည်

**ဝါရှင်တန်၊ ဇွန်-၂၄**

ရှေ့လာမည့် ရက်သတ္တပတ်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမား အာဖရိကတိုက်သို့ ရောက် ရှိနေစဉ် သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်လည်း အာဖရိကတွင် ရှိနေမည်ဖြစ်ကြောင်း သိရသည်။

သမ္မတအိုဘားမားသည် ဇွန်လ ၂၇ ရက်တွင် စတင်ထွက်ခွာကာ ဆီနီဂေါ၊ တောင်အာဖရိကနှင့် တန်ဇန်းနီးယားနိုင်ငံတို့တွင် လည်ပတ်မည်ဖြစ်သည်။ ယင်းမှာ ပထမသမ္မတသက်တမ်းအတွင်း ဂါနာနိုင်ငံသို့ လည်ပတ်ခဲ့ပြီးနောက် အိုဘားမား၏ ဒုတိယအာဖရိက ခရီးစဉ်ဖြစ်သည်။ သို့သော် ဖခင်ဖြစ်သူ၏ မွေးရပ်မြေ ကင်ညာနိုင်ငံမှာမူ ၎င်း၏ခရီးစဉ်ထဲတွင် မပါဝင်ပေ။

အိုဘားမား၏ ဦးလေးဖြစ်သူကမူ ၎င်းတို့မိသားစုအနေဖြင့် အိုဘားမားအား အမြဲတမ်းကြိုဆိုနေသော်လည်း သမ္မတအနေဖြင့် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို ကိုယ်စားပြုရသည်ကို နားလည်ပါကြောင်း ဗီအိုအေသတင်းဌာနအား ပြောကြားသည်။ အိုဘားမားသည် ၂၀၀၆ ခုနှစ်က အထက်လွှတ်တော်အမတ် ဘဝဖြင့် ကင်ညာနိုင်ငံသို့ နောက်ဆုံးလည်ပတ်ခဲ့ ကြောင်း သိရသည်။

သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်သည် ၎င်းသမ္မတလက်ထက်ကတည်းကပင် အာဖရိကတိုက်အတွက် အကူအညီများစွာ ပေးအပ်ခဲ့ပြီး သမ္မတရာထူးမှ ဆင်းခဲ့ပြီးနောက်ပိုင်းတွင်လည်း အကြိမ်ပေါင်းများစွာ အာဖရိကသို့ သွားရောက်ခဲ့သည်။

အမေရိကန်လက်ရှိ သမ္မတနှင့် သမ္မတဟောင်းတို့ နှစ်ဦး အာဖရိကတွင် တွေ့ဆုံမည်လားဆိုသည်မှာ မသေချာသော်လည်း သမ္မတကတော်ဟောင်း လော်ရာဘုရှ် ကမကထပြုသည့် အခမ်းအနားတစ်ခုသို့ အိုဘားမား၏ ဇနီး မစ်ရှဲလ်အိုဘားမား တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

—*Ref: CNN/Reuters*

နောက်ကျောဖုံးမှ

## စီအိုင်အေဝန်ထမ်းဟောင်း စနိုးဒန် ဟော်စကိုမြို့မှ ထွက်ခွာပြီး အီကွေဒေါတွင် ခိုလှုံခွင့်တောင်းခံမည်ဟုဆို

အမေရိကန်နိုင်ငံကိုယ်စား မစ္စတာစနိုးဒန်ကို ဖမ်းဆီးပေးမည့် နိုင်ငံများကို ရှောင်ရှားရန် ကြိုးစားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းထောက်က ပြောသည်။ မစ္စတာ စနိုးဒန်၏ နိုင်ငံရေးခိုလှုံခွင့်တောင်းခံလွှာကို စိစစ်နေကြောင်း အီကွေဒေါနိုင်ငံခြားရေးဝန်ကြီး ရီကာဒိုပါတီနိုက ဇွန်လ ၂၄ ရက်တွင် ပြောကြားသည်။ အီကွေဒေါနိုင်ငံသည် ဝီကီလိခ်စတင်တည်ထောင်သူ ဂျူလီယန်အက်ဆန်းကို နိုင်ငံရေးခိုလှုံခွင့်ပေးထားပြီး ဖြစ်သည်။

အီကွေဒေါနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အကျဉ်းသား လဲလှယ်ရန် သဘောတူညီချက် ရယူထားသော်လည်း ယင်းမှာ ရာဇဝတ်မှုများ (သို့မဟုတ်) နိုင်ငံရေးချိုးဖောက်သူများနှင့် မသက်ဆိုင်ကြောင်း သိရသည်။ မစ္စတာစနိုးဒန်သည် ဟာဝိုင်ယီမှ ဟောင်ကောင်သို့ ထွက်ပြေးခဲ့ပြီး မော်စကိုမြို့မှတစ်ဆင့် ကျူးဘားနိုင်ငံ ဟာဗားနားသို့ သွားရောက်ကာ ဗင်နီဇွဲလားနိုင်ငံမှတစ်ဆင့် အီကွေဒေါနိုင်ငံသို့ သွားရောက်ဖွယ်ရှိသည်။

—*Ref: BBC*

နောက်ကျောဖုံးမှ

## ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ရဲအရာရှိကြီးတစ်ဦး ပစ်သတ်ခံရ

ပက်ရှဝါမြို့ရှိ ၎င်း၏နေအိမ်မှ ထွက်ခွာစဉ် ပစ်သတ်ခံခဲ့ရခြင်း ဖြစ်သည်။ "ဘယ်သူသတ်တယ် ဆိုတာကိုတော့ အခုထိ အတိအကျမပြောနိုင်သေးပါဘူး။ ဒါပေမဲ့ ရဲတွေဟာ စစ်သွေးကြွတွေရဲ့ ပစ်မှတ်ဖြစ်နေပါတယ်" ဟု အကြီးတန်းအရဲအရာရှိ ဟမ်ဒန်နီက ပြောကြားသည်။

ပက်ရှဝါမြို့သည် ခုနစ်နှစ်ကြာ တာလီဘန်သူပုန်များ၏ ရှေ့တန်းစစ်မျက်နှာနေရာဖြစ်နေပြီး အမေရိကန်မောင်းသူမဲ့လေယာဉ်များက တာလီဘန်နှင့် အယ်လ်ကိုင်ဒါအကြမ်းဖက်သမားများကို အဓိကပစ်မှတ်ထားတိုက်ခိုက်



ရာ နေရာဖြစ်သော ဟိုင်ဘာပက်တွန်ဟွာခရိုင်၏ မြို့တော်လည်း ဖြစ်သည်။

—*Ref: AFP*


နောက်ကျောဖုံးမှ

## ဘရူနိုင်း ခရိုင်လေးခု လေထုဆိုးရွားမှု ပုံမှန်ထက်မြင့်မား

စင်ကာပူနိုင်ငံတွင် ရက်အနည်းငယ်ကြာအောင် ဖုံးလွှမ်းခဲ့သော မီးခိုးမြူများမှာ ဇွန်လ ၂၃ ရက်မှစ၍ ရှင်းလင်းသွားခဲ့ပြီး မလေးရှားနိုင်ငံ တောင်ပိုင်းတွင်မူ ထိုနေ့က မီးခိုးမြူများ ထူထပ်စွာ အုံ့ဆိုင်းမှုကြောင့် အချို့နေရာများတွင် အရေးပေါ် အခြေအနေ ကြေညာခဲ့ရသည်။

—*Ref: ANN/The Brunei Times*



# အီဂျစ်သမ္မတ မိုဟာမက်မော်စီကို လူထောင်ပေါင်းများစွာ ထောက်ခံဆန္ဒပြ

**ကိုင်ရိုဇွန်-၂၂**

အီဂျစ်သမ္မတ မိုဟာမက်မော်စီကို ထောက်ခံသူထောင်ပေါင်းများစွာသည် ကြွေးကြော်သံများ အော်ဟစ်ကာ ဇွန်လ ၂၁ ရက်တွင် ထောက်ခံဆန္ဒပြခဲ့ကြသည်။

အီဂျစ်သမ္မတမော်စီကို ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုထားသူများ၏ လက်မှတ်ပေါင်း ၁၃ သန်းရရှိထားကြောင်း ဘာသာရေးနှင့် နိုင်ငံရေးခွဲခြားထားသော အုပ်စုများက ပြောသည်။ သမ္မတမော်စီ အာဏာရပြီး တစ်နှစ်တင်းတင်းပြည့်မြောက်သည့် ဇွန်လ ၃၀ ရက်တွင် ၎င်းတို့စုဝေးဆန္ဒပြရန် စီစဉ်ထားသည်။



GIANLUIGI GUERCIA/AFP

*ကိုင်ရိုတွင် အီဂျစ်သမ္မတ မော်စီ ရွေးကောက်တင်မြှောက်ခံရသည့် တစ်နှစ်ပြည့် နှစ်ပတ်လည်အတွက် ဂုဏ်ပြုချီတက်ပွဲတွင် လက်ရှိအာဏာရပါတီ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့က ဦးဆောင်သော အီဂျစ်အစ္စလာမ်မစ်အဖွဲ့များ ပါဝင်ဆင်နွှဲနေစဉ်*

ထို့အတွက် ဇွန်လ ၂၁ ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သမ္မတမော်စီကို ထောက်ခံသူများသည် သမ္မတအိမ်တော်အနီးတွင် ၎င်း၏ဓာတ်ပုံများ ကိုင်ဆောင်ပြီး 'ပြည်သူ့ဆန္ဒကို လေးစားပါ'ဟု ကြွေးကြော်ကာ ထောက်ခံဆန္ဒပြခဲ့ကြသည်။ သမ္မတမော်စီမှာ လွတ်လပ်မျှတသော ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း ထောက်ခံဆန္ဒပြသူများက ပြောသည်။

နိုင်ငံရေးမတည်ငြိမ်မှုများနှင့် အကြမ်းဖက် ခြိမ်းခြောက်ခြင်းများ အဆက်မပြတ်ပေါ်ပေါက်နေခြင်းကြောင့် အီဂျစ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ကမ္ဘာလှည့် ခရီးသွားများကို ကြောက်လန့်စေကြောင်း လေ့လာသူများက ပြောသည်။

အီဂျစ်နိုင်ငံတွင် အထူးသဖြင့် လူငယ်ထုကြား အလုပ်လက်မဲ့နှုန်းမြင့်တက်လာပြီး လောင်စာဆီပြတ်လပ်မှုများဖြစ်ပေါ်ကာ နိုင်ငံခြားငွေ အရန်ထားရှိမှု လျော့ပါးခြင်းများ ကြုံတွေ့နေရသည်။

ဇွန်လ ၂၁ ရက်က ကိုင်ရိုမြို့ သမ္မတမော်စီ ထောက်ခံဆန္ဒပြပွဲတွင် ပဋိပက္ခဖြစ်ပွားခြင်း သတင်းပေးပို့မှု မရှိခဲ့သော်လည်း အလာဇန်းဒြီးယားမြို့တွင် သမ္မတမော်စီ ထောက်ခံသူများနှင့် ဆန့်ကျင်သူများကြား အကြမ်းဖက်မှုအချို့ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာ အယ်လ်အဟာရမ်တွင် ဖော်ပြသည်။ —*Ref: BBC*

# ချူကလီးယားစွန့်ပစ်ပစ္စည်း သိုလှောင်ကန်ယိုစိမ့်မှု အမေရိကန်အာဏာပိုင်များ သတိပေး

**လော့စ်အန်ဂျလိစ်၊ဇွန်-၂၂**

စစ်အေးခေတ်ပုံးများ ထုတ်လုပ်ရာနေရာဖြစ်သည့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ဟန်းဖို့ဒ်ရှိ ချူကလီးယားစွန့်ပစ်ပစ္စည်း သိုလှောင်ကန်တစ်ခု၏ အပြင်ဘက်တွင် ရေဒီယိုသတ္တိကြွမှု အဆင့်မြင့်မားနေကြောင်း တိုင်းတာတွေ့ရှိရသည်ဟု အမေရိကန်အာဏာပိုင်များက ဇွန်လ ၂၁ ရက်တွင်ပြောသည်။

သို့ရာတွင် ကျန်းမာရေးကို ချက်ချင်းထိခိုက်စေမှုမျိုး မရှိသေး၍ ချူကလီးယားစွန့်ပစ္စည်း သိုလှောင်ကန်၏ ယိုစိမ့်မှုများကို ဖြေရှင်းရေး တိုးမြှင့်လုပ်ဆောင်ကြရန် အုပ်ချုပ်ရေးမှူး ဂျေးအင်ဆလီက အမေရိကန်အာဏာပိုင်များကို တိုက်တွန်းထားသည်။

ရေဒီယိုသတ္တိကြွ ချူကလီးယားစွန့်ပစ်ပစ္စည်းများ ပါဝင်သည့် အနည်းဆုံးသိုလှောင်ကန်ခြောက်ခုတွင် ယိုစိမ့်မှုရှိကြောင်း မစ္စတာအင်ဆလီက ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း ပြောကြားခဲ့သည်။ ဟန်းဖို့ဒ်ရှိ နှစ်ထပ်သိုလှောင်ကန် AY 102 ၏ အပြင်ဘက်တွင် ရေဒီယိုသတ္တိကြွမှုအဆင့် ပိုမြင့်မားနေကြောင်း ၎င်းကပြောသည်။

ဟန်းဖို့ဒ်ချူကလီးယားစက်ရုံသည် ဆီယက်တဲလ်မြို့ အရှေ့တောင်ဘက် ၁၈၅ မိုင် အကွာတွင် တည်ရှိပြီး ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်စေခဲ့သည့် ဗုံးအတွက်လိုအပ်သည့် ပလူတိုနီယမ်ဒြပ်စင်များ ထုတ်လုပ်ခဲ့သည့်နေရာဖြစ်သည်။

ယင်းနေရာတွင် ချူကလီးယားစွန့်ပစ်ပစ္စည်း ဂါလန်သန်းပေါင်းများစွာ သိုလှောင်ထားသော စွန့်ပစ်ပစ္စည်း သိုလှောင်ကန်ပေါင်း ၁၇၇ ကန်ရှိကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။ ဇွန်လ ၂၀ ရက် ညအထိ ယင်းသိုလှောင်ကန်၏ အပြင်ဘက်နံရံထဲတွင် ယိုစိမ့်နေသည့် စွန့်ပစ်ပစ္စည်းများရှိခဲ့ကြောင်း၊ သို့သော် ယိုစိမ့်မှု တိုင်းတာရာတွင် ရေဒီယိုသတ္တိကြွမှုအဆင့် မြင့်တက်နေသည်ကို အလုပ်သမားများက တွေ့ရှိခဲ့ရကြောင်း အမေရိကန်နိုင်ငံ ဂေဟစနစ်ဌာန၏ ပြောခွင့်ရအမျိုးသမီး အက်ရီကာဟုမ်းစ်က အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။ —*Ref: AFP*




7DAY NEWS JOURNAL

# International

Vol.12, No.16 • JUNE 26 , 2013



*ဇွန် ၂၃ရက် Super Moon ဖြစ်စဉ်တွင် အေသင်မြို့တော်မှ တောင်ဘက် ၆၅ ကီလိုမီတာအကွာ ကိပ်ဆော်နီယွန်အငူတွင်ရှိသော ရှေးဟောင်းဂရိဘုရားကျောင်း ပိုဆိုက်ဒွန်၏အနောက်ဘက်မှ လပြည့်ဝန်းပေါ်ထွက်နေစဉ်* GIANLUIGI GUERCIA/AFP

## ဘရူနိုင်းတွင် ခရိုင်လေးခု လေထုဆိုးရွားမှု ပုံမှန်ထက်မြင့်မား

**ဘန်ဒါဆရီဘာဂါဝမ်၊ဇွန်-၂၄**

အင်ဒိုနီးရှားနိုင်ငံမှ ပျံ့နှံ့လာသော မီးခိုးများကြောင့် ဘရူနိုင်းနိုင်ငံတွင် လေထုအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်မှာ နိုင်ငံတွင်းခရိုင်လေးခု၌ သာမန်ထက်မြင့်မားနေပြီး ယမန်နေ့ကထက် ပိုမိုဆိုးရွားနေကြောင်း ဘရူနိုင်းသဘာဝပတ်ဝန်းကျင်ဌာနက ပြောကြားသည်။

ဘရူနိုင်းနိုင်ငံတွင် လေထုအရည်အသွေးမှာ ဇွန် ၂၃ ရက်တွင် သင့်လျော်ကောင်းမွန်သည့် သာမန်အခြေအနေရှိခဲ့ပြီး ညနေပိုင်းအချိန်တိုင်းတာချက်များအရ ဘရူနိုင်းမော်ရာခရိုင်၌ အဆင့်(၄၆) အထိသာရှိခဲ့ကာ အခြားခရိုင်များဖြစ်သော ဘယ်လိတ်(၈၀)၊ တမ်ဘူရောင်(၆၆)နှင့် တူတောင်(၇၄)တို့ဖြင့် ပုံမှန်အနေအထားသာ ရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ တောမီးများကြောင့် မီးခိုးမြူများ ဖုံးလွှမ်းခံရမှုတွင် ဘရူနိုင်းနိုင်ငံမှာ အိမ်နီးချင်းများဖြစ်သော စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ပြီးနောက် တတိယမြောက်နိုင်ငံ ဖြစ်လာသည်။ ဘရူနိုင်းနိုင်ငံတွင် ဇွန်လ ၂၁ ရက်မှစ၍ မီးခိုးမြူများ ဖုံးလွှမ်းခဲ့ပြီး ယင်းသို့ဖြစ်ရခြင်းမှာ ဘော်နီယိုကျွန်းအလယ်ပိုင်းနှင့် အနောက်ပိုင်း၌ ဖြစ်ပေါ်နေသော မီးခိုးများ လွင့်ပျံ့မှုကြောင့်ဖြစ်ကြောင်း နိုင်ငံပိုင်မိုးလေဝသဌာနက ပြောသည်။ မိုးလေဝသဌာနက သတင်းထုတ်ပြန်ပြီးနောက် ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများကို အိမ်ပြင်ထွက်လုပ်ဆောင်ရသည့် အလုပ်များလျှော့ချသွားရန်၊ ကလေးငယ်များ ချောင်းဆိုးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်းများမှ ကာကွယ်နိုင်ရန် နှိုးဆော်ခဲ့သည်။

စာမျက်နှာ ၄၆ ››

## ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ရဲအရာရှိကြီးတစ်ဦး ပစ်သတ်ခံရ

**ပက်ရှဝါ၊ ဇွန်-၂၄**

မော်တော်ဆိုင်ကယ် တစ်စီးပေါ်မှ သေနတ်သမားများသည် ပါကစ္စတန်အနောက်မြောက်ပိုင်း ပက်ရှဝါမြို့ တစ်နေရာ၌ ရဲအရာရှိကြီး တစ်ဦးနှင့် ၎င်း၏ ကားမောင်းသမားတို့ကို ဇွန်လ ၂၄ ရက်တွင် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်ဟု ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယာဉ်ထိန်းရဲဌာနအမှုထမ်းဖြစ်သူ အဆိုပါ ရဲအရာရှိသည်

စာမျက်နှာ ၄၆ ››

## စီအိုင်အေဝန်ထမ်းဟောင်း စနိုးဒန် မော်စကိုမြို့မှ ထွက်ခွာပြီး အီကွေဒေါတွင် ခိုလှုံခွင့်တောင်းခံမည်ဟုဆို

**မော်စကို၊ ဇွန်-၂၄**




အမေရိကန်နိုင်ငံ၏ စီအိုင်အေဝန်ထမ်းဟောင်း စနိုးဒန်သည် ရုရှားနိုင်ငံက ထွက်ခွာပြီး အီကွေဒေါနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံမည်ဖြစ်သည်။ စနိုးဒန်သည် ပထမဆုံး ကျူးဘားနိုင်ငံ၊ ဟာဗားနားမြို့သို့ထွက်ခွာပြီးယင်းမှတစ်ဆင့် ဗင်နီဇွဲလား နိုင်ငံသို့ ထွက်ခွာကာ အီကွေဒေါ နိုင်ငံသို့ သွားရောက်ဖွယ်ရှိကြောင်း မော်စကိုမြို့ရှိ ဘီဘီစီသတင်းထောက် ဒန်နီယယ်လ်ဆန့်ဖို့က ပြောသည်။

စနိုးဒန်အား လက်မခံရန် အနောက်နိုင်ငံများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ရုရှားနယ်နိမိတ်အတွင်း မစ္စတာစနိုးဒန်သည် မည်သည့်ရာဇဝတ်မှုမျှ ကျူးလွန်ခဲ့ခြင်း မရှိကြောင်း အင်တာဖက်စ်သတင်းဌာနက အမည်မဖော်ပြသည့် အစိုးရသတင်းရင်းမြစ်တစ်ခု၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။ ရုရှားရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတကာရဲတပ်ဖွဲ့ထံမှ စနိုးဒန်ကို ဖမ်းဆီးရန် ညွှန်ကြားချက်များ မရရှိခဲ့ကြောင်း ပြောကြားသည်။

စာမျက်နှာ ၄၆ ››

